BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဇွန်လ | အမှတ် (၄၀)

# အဆုံးစွန် ကြေပြုန်းပျက်သုဉ်းရေးလမ်းကြောင်းကို စစ်အုပ်စုက ရွေးချယ်လိုက်ကြောင်း ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကြီးက သက်သေထူနေ



နအဖ စစ်အုပ်စုက အစီအစဉ်ရှိရှိ စနစ်တကျကြိုတင်ကြံစည်၍ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီး ပြုလုပ်ခဲ့ပြီး မြန်မာပြည်သူတရပ်လုံးနှင့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက လိုလိုလားလား တောင်းဆိုနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တခုလုံးအား အဆုံးစွန်ဆုံး ဖျက်ဆီးချေမှုန်းလိုက်ကာ စစ်အာဏာရှင်တည်မြဲရေးလမ်းကြောင်းကို ရွေးချယ်လိုက်ကြောင်း ၎င်းတို့၏ သဘောထားအမှန်ကို ရှင်းရှင်းကြီး ထုတ်ဖော်ပြသလိုက်ပေပြီ။ ထိုလုပ်ကြံမှုကြီးကြောင့် ကမ္ဘာနှင့်အဝှမ်း ခြောက်ခြားတုန်လှုပ်သွားခဲ့ပြီး နအဖစစ်အုပ်စုအပေါ် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာက မကြုံစဖူး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ကာ တုံ့ပြန်ခဲ့ကြသည်။ ထို့အတူ မြန်မာပြည်သူတရပ်လုံးကလည်း နအဖစစ်အုပ်စု၏လူမဆန်သော ယုတ်မာမှုကြီးအပေါ် ဒေါသ အမျက်ခြောင်းခြောင်းထွက်ခဲ့ကြပြီး စစ်အာဏာရှင်စနစ် အပြီးတိုင်ပျက်သုဉ်းစေရေးအတွက် ပိုမိုနိုးကြားတက်ကြွလာလျက်ရှိနေသည်။

ဒီပဲယင်းလုပ်ကြံမှုကြီးကို ကိုယ်တိုင်ကျူးလွန်ခဲ့ပြီး ဖုံးဖိနိုင်ရန် ကြိုးစားသည့်အနေဖြင့် နအဖက လုပ်ကြံသတင်းများ ထုတ်ပြန်ခဲ့ကြပြန်သည်။ မြန်မာ့သမိုင်းတွင် အမဲစက်အဖြစ် မှတ်တမ်းတွင်ရစ်မည့် အစုလိုက်အပြုံလိုက် လူသတ်မှုဖြစ်သော ဒီပဲယင်းရာဇဝတ်မှုကြီးကို မြန်မာပြည်သူများ အမှန်အတိုင်း သိမြင်နိုင်စေရေးအတွက် အဖြစ်အပျက်အတွင်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူများ၏ ထုတ်ဖော်ပြောဆိုချက်များကိုစုစည်း၍ တလုံးတဝတည်း ဖတ်ရှုနိုင်ရန် မိုးကြိုးသတင်းစဉ်က တင်ပြလိုက်ပါသည်။

## နအဖအပေါ် ပေးနေသည့် အကူအညီများ ဂျပန်အစိုးရ ရပ်ဆိုင်းလိုက်ပြီ

ဇွန်၊ (၂၅)ရက်။

ဂျပန်အစိုးရက မြန်မာနိုင်ငံအပေါ် ပေးနေသည့် အကူအညီများအား ရပ်ဆိုင်းပစ်လိုက်ပြီဖြစ်ကြောင်း ဇွန်လ(၂၅)ရက်နေ့က တရားဝင် အတိအလင်း ကြေညာလိုက်ပြီဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာဂျူရိုအိုကူယာမာက ဂျပန်အစိုးရအနေဖြင့် မြန်မာအစိုးရကို ပေးနေသည့် ငွေကြေးအကူအညီများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီး ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအား ပေးနေသည့် လတ်တလော စီမံကိန်းများမှလွဲ၍ နောက်ထပ်ပြုလုပ်မည့် စီမံကိန်းအသစ်များအပေါ် အကူအညီပေးတော့မည်မဟုတ်ဟု ဆိုသည်။ မစ္စတာအိုကူယာမာက ဆက်လက်ပြောကြားရာတွင် ယခုလိုအရေးယူဆောင်ရွက်ချက်သည် ဟန်ပြမဟုတ်ဘဲ လက်တွေ့ကျသည့် အရေးယူမှုဖြစ်သည်ဟု ပြောကြားခဲ့သည်။ အရေးယူမှုမပြုမီ ဂျပန်အစိုးရက မြန်မာနိုင်ငံသို့ အကူအညီအဖြစ် ပေးမည့် စီမံကိန်းအနည်းငယ်ရှိနေသော်လည်း ယခု ထိုစီမံကိန်းများအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းက ဆက်လက်ပြောကြားရာတွင် ယခုလို အရေးယူဆောင်ရွက်မှု မပြုမီ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ ဂျပန်-မြန်မာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်မပေးပါက ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ပေးနေသည့် အကူအညီများအပေါ် ပြန်လည်သုံးသပ်ရလိမ့်မည်ဟု သတိပေးပြောကြားခဲ့ကြောင်း၊ အလားတူ ဇွန်(၂၃)ရက်နေ့တွင်လည်း ဂျပန် ဒု နိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံသို့ စေလွှတ်၍ ဂျပန်အစိုးရ၏သဘောထားကို ဆက်လက်ပြောကြား အသိပေးခဲ့ကြောင်း မစ္စတာအိုကူယာမာက ပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံအပေါ် ပေးနေသည့် အကူအညီများကို ရပ်ဆိုင်းပစ်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် ပြန်လည်ပေးအပ်ခဲ့ရာ ၂၀၀၃ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ သန်း (၁၄၀)နီးပါးပေးခဲ့ပြီး လွန်ခဲ့သော (၅)နှစ်အတွင်း မြန်မာနိုင်ငံတွင် တင်ရှိနေသည့်ကြွေးမြီ ဂျပန်ယန်းငွေ(၁၁)ဘီလျံကို လျှော်ပေးခဲ့သည်။ ဂျပန်နိုင်ငံက အကူအညီများသည် စစ်အုပ်စုအာဏာ တည်မြဲရေးအတွက် တဘက်တလမ်းက ကျားကန်ပေးရာရောက်သည်ဟု ဒီမိုကရေစီလိုလားသူများ၏ ဝေဖန်ခြင်းကို ခံခဲ့ရသည်။

ဂျပန်နိုင်ငံသည် မြန်မာစစ်အုပ်စုအပေါ် ဩဇာသက်ရောက်နိုင်သော အာရှအင်အားကြီး နိုင်ငံတခုဖြစ်သည်။ ❖



ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စ ယိုရီကို ဂူဝါကာချီ
မြန်မာပြည်သို့ လာရောက်ချိန်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ်

## အလောင်း(၁၇)လောင်းကို ကိုယ်တိုင်ထမ်းတင်ခဲ့ရသူ (မျက်မြင်သက်သေ ကားစပယ်ယာ ကိုကျော်လွင်၏ ပြောဆိုချက်)

ဒီပဲယင်းမြို့ မေ(၃၀) အကြမ်းဖက်တိုက်ခိုက်မှုကြီးတွင် လူသေအလောင်း(၁၇)လောင်းကို ကိုယ်တိုင်ထမ်းတင်ထမ်းချ လုပ်ခဲ့ရသူဖြစ်သည်။

သူသည် နစ်ဆန်းယူဒီ ကားအမှတ် ၂-ခ/၁၉၆၂ တွင် ယာဉ်နောက်လိုက်အဖြစ် လုပ်ကိုင်သူဖြစ်သည်။ ကားပိုင်ရှင်မှာ ဦးစံမြင့်၊ ဒေါ်မာလာရီဟု အမည်ခံထားသော်လည်း ပိုင်ရှင်အစစ်မှာ ရေစကြို ထောက်လှမ်းရေးမှ ဖြစ်သည်ဟု ဆိုသည်။ ကားကို ရန်ကုန် ဘုရင့်နောင်-ခရေလမ်းရှိ မောင်မြင့် ဂိတ်၌ထိုးပြီး ဂိတ်ဖုန်းနံပါတ်မှာ ၆၀၁၂၂၉ ဖြစ်သည်။ အဓိကအားဖြင့် ရန်ကုန်-မုံရွာ ကုန်စည်ပို့ဆောင်ရေးလုပ်သည့် ကားဖြစ်သည်။

၎င်းတို့ကား မုံရွာသို့ ကုန်ပို့သွားစဉ် မေ(၂၈)ရက်နေ့လောက်က၍ မုံရွာရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ်(နမခ)က ချောဆွဲခဲ့သည်။ စုစုပေါင်း(၁၀)ဘီးကား (၁၀)စီးကို ချောဆွဲခဲ့ခြင်းဖြစ်ပြီး နမခ ဌာနချုပ်ဝင်းအတွင်းတွင် နေရသည်ဟု သိရသည်။

မေလ(၃၀)ရက်နေ့ည (၇း၀၀)နာရီခန့်တွင် နမခမှ အရပ်ဝတ် ဝတ်ထားသည့် ဗိုလ်ကြီးတဦး ဦးစီးသည့် သင်္ကန်းဝတ်ထားသူများအပါအဝင် လူ(၅၀)ခန့်ကို တင်ဆောင်ကာ နမခဝင်းထဲမှ ဒီပဲယင်း-ရေဦးဘက်သို့ ထွက်ခွာခဲ့ကြသည်။ ထို့နောက် ည (၈)နာရီခွဲ (၉)နာရီခန့်အချိန် ဒီပဲယင်းမရောက်မီ နှစ်မိုင် သုံးမိုင်ခန့်အလိုတွင် ရှန်းရင်းဆန်ခတ်ဖြစ်နေသည့် ရိုက်ပွဲကြီးတခုကို တွေ့ရကြောင်း၊ ရှေ့ခန်းမှ လိုက်ပါလာသူ ဗိုလ်ကြီးဆိုသူက ယာဉ်မောင်းအား အခင်းဖြစ်ပွားနေသည့်နေရာသို့ ကားမီးနှင့် ထိုး

နောက်ကျောဖုံးသို့ ○


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

မင်းဆိုးကို “မိုးကြိုး” ပစ်ပြီ

## အာဏာရှင်ကျအာဏာ

# စစ်အုပ်စုကို ဖြုတ်ချစို့

မေ(၃၀) ဒီပဲယင်းအရေးအခင်းသည် စစ်အုပ်စုက တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်းကို လုံးလုံးလျားလျား ပယ်ချလိုက်ပြီး အဆုံးစွန်သော ကြေပြုန်းပျက်သုဉ်းမှုလမ်းကြောင်းကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။ တနည်းအားဖြင့် မြန်မာ့ဒီမိုကရေစီရေးဖြစ်ထွန်းမှုကို အကြမ်းဖက် ရပ်တန့်စေလိုက်ပြီး စစ်အာဏာရှင်စနစ် တည်မြဲရေးဖြစ်စဉ်ကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်ပြီဟူသော စစ်အုပ်စု၏ ပြည်သူတို့အပေါ် စစ်ကြေညာလိုက်သည့် စစ်ပွဲကြီးလည်း ဖြစ်ပေသည်။ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုကို အစဉ်တစိုက် တောင်းဆိုခဲ့သည့် ကုလသမဂ္ဂအာဏာပိုင်တို့နှင့် အရှေ့တောင်အာရှဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်နေသော အာဆီယံခေါင်းဆောင်မှုကို ခြိမ်းခြောက်စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်သည်။

မေ(၃၀) ဒီပဲယင်းအရေးအခင်းသည် ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်များကို ဆောင်ရွက်နေသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးသံတမန် မစ္စတာရာဇာလီအစ္စမေးလ်၏ ကြိုးပမ်းမှုများ မအောင်မြင်ကြောင်း သက်သေခံလျက်ရှိသည်။ နအဖ စစ်အစိုးရအား အထီးကျန် ဝိုင်းပယ်ထား၍ အကျိုးမရှိဟူသော နိုင်ငံအချို့၏ အယူအဆများ မှားယွင်းကြောင်း ဖော်ပြလျက်ရှိသည်။ အာဆီယံနိုင်ငံများက ကျင့်သုံးလျက်ရှိသည့် အပြုသဘော ဆက်ဆံရေးမူဝါဒ ကျဆုံးမှု၏ နိဒါန်းပိုင်းလည်း ဖြစ်ပေသည်။ သို့ပါ၍ မြန်မာနိုင်ငံရေးပြဿနာအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြ၍ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး စသည့် နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတကာမှ ဝိုင်းဝန်းဒဏ်ခတ်ခြင်းသည်သာ နိုင်ငံတကာမိသားစုအဖို့ မှန်ကန်သော မြန်မာပြည်ပြဿနာဖြေရှင်းမှုဖြစ်သည်။

နိုင်ငံတကာဖိအားသည် မြန်မာပြည်တွင် ဒီမိုကရေစီ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေသည်မှန်သော်လည်း ပြည်သူလူထု၏ စွမ်းပကားသည်သာ အဓိက အခရာဖြစ်သည်။ မည်သည့်အခက်အခဲကို ကြုံတွေ့ရသည်ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးစုံ ပြည်သူအပေါင်းသည် မိမိပြဿနာကို မိမိကိုယ်တိုင် ဖြေရှင်းကိုင်တွယ်နိုင်ခဲ့သည်ဟူသာအချက်ကို နှစ်ပေါင်း ထောင်ကျော်ကြာ မြန်မာ့သမိုင်းဖြစ်စဉ်က အထင်အရှားသက်သေခံလျက်ရှိသည်။ ပြည်သူတို့၏ လွတ်မြောက်ရေးတိုက်ပွဲသည် တောင်းယူ၍မရ၊ တိုက်ယူမှ ရမည်။ **‘ရရင်ရ မရရင် ချ’**မည်။ မြန်မာပြည် အပြောင်းအလဲဖြစ်ဖို့ ကိုယ်တိုင်လုပ်ယူမှ ရမည်ဟူသော စိတ်ဓာတ်ခွန်အားများ ပြည်သူလူထုအတွင်း ရှင်သန်နေရေးသည် ယနေ့ကာလတွင် အဖွဲ့အစည်းအားလုံးမှ ထားရှိလုပ်ဆောင်ရမည့် အဓိက အတွေးအခေါ်လုပ်ငန်းဖြစ်ပေသည်။

ဒီပဲယင်းအရေးအခင်းက တွေ့ဝေနေသော၊ နအဖ က တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်လာလိမ့်မည်ဟု မလွဲမသွေ ယူဆနေသော အင်အားစုအချို့အား နိုးတဝက်အိပ်မက်မှ လှုပ်နှိုးလိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။ ရန်သူက မိမိတို့ အင်အားစုများ၏ ညီညွတ်ရေးလုပ်ငန်းစဉ်တို့ကို ပြဋ္ဌာန်းပေးလိုက်လေပြီ။ စစ်အုပ်စုဖြုတ်ချရေးမှတပါး အခြားမရှိပြီ။ ယင်းသို့ ဖြုတ်ချရာတွင် ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံကို အစွမ်းကုန် ကျင့်သုံးရမည်။ စစ်အုပ်စုထိပ်သီး ဗိုလ်ချုပ်လက်တဆုပ်စာကို အထီးကျန်ဖြစ်စေလျက် စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုအားလုံး ပါဝင်နိုင်သော ဘုံလုပ်ငန်းစဉ်တရပ်ကို တူညီတာမှန်သမျှ အကုန်တွဲလုပ်ဟူသော ဥပဒေသအောက်တွင် ချမှတ်အကောင်အထည်ဖော်ရေးသည် ဒီမိုကရေစီအင်အားစုများ၏ ခေါင်းဆောင်မှုကို စိန်ခေါ်နေသော ပဓာနလုပ်ငန်းတာဝန်တရပ်ဖြစ်လာပေသည်။ ထို ဘုံလုပ်ငန်းစဉ်ကို လက်တွေ့ကျကျ ချမှတ်အကောင်အထည်ဖော်လျက် မကုန်မခန်းနိုင်သော ပြည်သူလူထုကြီးတရပ်လုံး၏ စွမ်းပကားကို ဖော်ထုတ်၍ စစ်အာဏာရှင်တို့အား ဖြုတ်ချပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးသည် ယနေ့ကာလ အရေးကြီးဆုံး သမိုင်းပေးတာဝန် ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။

❖

# ဒေါ်အောင်ဆန်းစုကြည်ကို အကာအကွယ်ပေးထားခြင်း မဟုတ် ပုဒ်မ–၁၀(က)ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်



ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်

**ဇွန်၊ (၁၇)ရက်။**

ဒေါ်အောင်ဆန်းစုကြည်အား နအဖမှ အကာအကွယ်ပေးထားခြင်း မဟုတ်ဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေ ၁၉၇၅ ခုနှစ် ပုဒ်မ ၁၀(က)ဖြင့် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ၎င်းအားပြောဆိုခဲ့သည်ဟု ကုလသမဂ္ဂ အထူးသံကြီး မစ္စတာရာဇာလီက ထုတ်ဖော်ပြောဆိုလိုက်သည်။

မေလ(၃၀)ရက်နေ့က ဖြစ်ပွားခဲ့သော ဒီပဲယင်းအရေးအခင်းကတည်းက ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံသူများ၏ ရန်မှ အကာအကွယ်ပေးရန်ဟူသော အကြောင်းပြချက်ဖြင့် နအဖက ထိန်းသိမ်းထားခြင်းဖြစ်ပြီး ယနေ့အချိန်ထိ ပြင်ပမှ မစ္စတာရာဇာလီတဦးတည်းသာ တွေ့ဆုံခွင့်ရခဲ့သည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့စဉ် ဒေါ်အောင်ဆန်းစုကြည်က သူမအား ၁၉၇၅ ခုနှစ် နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ရန်မှ ကာကွယ်သည့်ဥပဒေ ပုဒ်မ ၁၀(က)ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း မစ္စတာရာဇာလီက ဘီဘီစီသတင်းထောက် လယ်ရီရောဂင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

စစ်အစိုးရက ထုတ်ပြန်သည့် ထိန်းသိမ်းရခြင်းအကြောင်းပြချက်နှင့် အမှန်တကယ် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားသည့် အခြေအနေမှာ ကွဲလွဲနေကြောင်း မစ္စတာရာဇာလီက ထိုတွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

မစ္စတာရာဇာလီက စစ်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မဖြင့် ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း တရားဝင် တိတိကျကျ ရှင်းရှင်းလင်းလင်း ပြောပြရန် စစ်အစိုးရကို တောင်းဆိုလိုက်ပြီး ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားရခြင်းကိစ္စတွင် ရှင်းရှင်းလင်းလင်း ဖြစ်သွားရန် သူမကို လွှတ်ပေးလိုက်ခြင်းသည်သာ စစ်အစိုးရအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အန္တရာယ်ရှိသူဟု မယူဆဘဲ နိုင်ငံတော်အတွက် သိသာထင်ရှားသည့် အထောက်အကူပြုနိုင်သူဟု ယုံကြည်ကြောင်း ပြောဆိုခဲ့သည်။

❖

# နအဖ စစ်အုပ်စု ဖြုတ်ချရေး နည်းလမ်းပေါင်းစုံကို အသုံးပြုမည် အမျိုးသားကောင်စီ အရေးပေါ်အစည်းအဝေးမှ ဆုံးဖြတ်



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အရေးပေါ်အစည်းအဝေး ကျင်းပနေစဉ်

ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးစောဘိုမြ ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ ခေါင်းဆောင်များ၏ အရေးပေါ် အစည်းအဝေးတရပ်ကို ၂၀၀၃ ခုနှစ် ဇွန်လ (၃)ရက်နှင့် (၉)ရက်နေ့များတွင် ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ကျင်းပခဲ့ရာ ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ကြပြီး နအဖ စစ်အုပ်စု ဖြုတ်ချရေးအတွက် နည်းလမ်းပေါင်းစုံ ကျင့်သုံးသွားရေး မဟာဗျူဟာကို ချမှတ်ခဲ့ကြသည်။ ယင်းမဟာဗျူဟာကို အောင်မြင်စေရေးအတွက် အတွင်းရေးမှူးအဖွဲ့မှ တာဝန်ခံ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ❖



# ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထားသူများအား အမြန်ဆုံးပြန်လွှတ် မေ ၃၀ အကြမ်းဖက်မှုကြီးဖော်ထုတ်ရေး အထူးစုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းပေးရန် ဝါရင့်နိုင်ငံရေးသမားကြီးများက တောင်းဆို

**ဇွန်၊ (၁၇)ရက်။**

မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က မေ–၃၀ အကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ဇွန်လ(၁၄)ရက် စနေနေ့ နေ့စွဲဖြင့် ပန်ကြားလွှာတစောင် ပေးပို့ခဲ့ပြီး ထိုအကြမ်းဖက်မှုကြီးကို မှန်ကန်စွာ ဖော်ထုတ်၍ အထူးစုံစမ်းရေးကော်မရှင် ဖွဲ့စည်းပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ထိုပန်ကြားလွှာတွင် မေ–၃၀ အကြမ်းဖက်မှုကြီးဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များက လူ(၄)ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ငါးဆယ်ခန့်ရှိသည်ဟု ဖော်ပြခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံတကာ သတင်းဌာနများက သေဆုံးသူများသည် အစိုးရထုတ်ပြန်သည်ထက် ပိုမိုများပြားသည်ဟု ဖော်ပြနေကြကြောင်း၊ ထိုသို့ကွာဟနေမှုကြောင့် ကြားရသူများမှာ သို့လော သို့လောနှင့် စိုးရိမ်မကင်း ဖြစ်နေကြရကြောင်း၊ အစိုးရထုတ်ပြန်ချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား လုံခြုံရေးအတွက် ထိန်းသိမ်းထားသည်ဆိုသော်လည်း ကျန်ပုဂ္ဂိုလ်များ၏သတင်းများ လုံးဝ အစအန မသိရသည့်အတွက် ကာယကံရှင်မိသားစုများမှာ စိုးရိမ်ပူပန်မှုများရှိနေကြကြောင်း၊ ထို့ကြောင့် ကွယ်လွန်သည့်သူ၊ ဒဏ်ရာရသည့်သူ ဖမ်းဆီးထားသူများအား လူဦးရေ အရေအတွက်၊ အမည်စာရင်းနှင့်တကွ ထုတ်ပြန်ကြေညာပေးရန်၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် မိမိတို့၏ မိသားစုတဦး ကွယ်လွန်လျှင် ပြုဖွယ်ရှိသည့် ဘာသာရေး ထုံးစံအတိုင်း ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်လိုသည့်အတွက် သေဆုံးသူများရှိပါက မိသားစုများထံ အလောင်းများအပ်နှံရန်၊ ဒဏ်ရာရရှိသူများအတွက်လည်း ကာယကံရှင် မိသားစုများကိုယ်တိုင် ဆေးဝါးကုသပေးရန်အတွက် ပြန်လည်အပ်နှံရန်နှင့် ထိန်းသိမ်းထားသူများကိုလည်း မိသားစုနှင့် တွေ့ဆုံခွင့်ပေးပါရန် အဆိုပါပန်ကြားချက်တွင် ရေးသားထားသည်။

ထို့ပြင် ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့သည့်ကိစ္စသည် မည်သည့်အဖွဲ့အစည်းက ဖန်တီးဆောင်ရွက်ခဲ့သည်ဖြစ်စေ၊ အလွန်စက်ဆုပ် ရွံရှာဖွယ်ကောင်းသောလုပ်ရပ်ဖြစ်ကြောင်း၊ တိုင်းပြည်အကျိုးလိုလားသူတိုင်း ကန့်ကွက်ရှုတ်ချကြမည်ဖြစ်သည့်အတွက် တဘက်နှင့်တဘက် အပြစ်ပုံချနေမည့်အစား နောင်အလားတူအဖြစ်မျိုး မဖြစ်ပွားစေရန် ဖန်တီးသူများ၊ လက်တွေ့အကြမ်းဖက်သူများအား တရားဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးသွားရန်၊ ဘက်လိုက်မှုမရှိသည့် သမာသမတ်ကျသည့် ပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များ ပါဝင်သည့် အထူးစုံစမ်းရေးကော်မရှင်တရပ်ကို အမြန်ဆုံး ဖွဲ့စည်း၍ စုံစမ်းစစ်ဆေး အရေးယူပေးရန် မေတ္တာရပ်ခံချက်များ ပါဝင်သည်။

ထို့နောက် အဲန်အယ်လ်ဒီခေါင်းဆောင်များအား ဖမ်းဆီးထားခြင်း၊ ရန်ကုန်ရှိ အဖွဲ့ချုပ် ဌာနချုပ်ရုံးနှင့် တနိုင်ငံလုံးရှိ ရုံးများအား ပိတ်ပင်ထားခြင်းကို နားမလည်အောင်ဖြစ်ရကြောင်း၊ အဲန်အယ်လ်ဒီသည် အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် တနိုင်ငံလုံးက ရွေးချယ်တင်မြှောက်ထားသည့် ပါတီဖြစ်သည့်အတွက် နအဖ အနေဖြင့် အဓိက တွေ့ဆုံဆွေးနွေး အကောင်အထည်ဖော်ရမည့်အဖွဲ့ဖြစ်သည့်အားလျော်စွာ ဖမ်းဆီးထားသည့် အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးပြီး အဖွဲ့ချုပ်ရုံးများအားလုံးကိုလည်း ပြန်ဖွင့်ပေးရန် တောင်းဆိုထားသည်။

ပန်ကြားလွှာတွင် အရေးအခင်းဖြစ်ပွားခဲ့မှုကြောင့် တွေ့ဆုံဆွေးနွေး အဖြေရှာရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး လမ်းကြောင်း မှေးမှိန်ပျောက်ကွယ်သွားမည်ကိုလည်း ဖော်ပြထားပြီး နအဖ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမှတဆင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းပါရန် မေတ္တာရပ်ခံထားသည်။ ❖

# မုံရွာ–ဒီပဲယင်းအရေးအခင်းအပေါ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ ရှုမြင်သုံးသပ်ချက်

**ဒီမိုကရက်တစ်မြန်မာ့အသံနှင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်**

**ဇွန်၊ (၁၀)ရက်။**

ကျနော်တို့ ကြားရတဲ့သတင်းရော၊ ကျနော်တို့တွက်ချက်မှုအရရော ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုတင်စီစဉ်ပြီး လုပ်ကြံမှုလို့ ယူဆပါတယ်။ စစ်တပ်က ဒေါ်အောင်ဆန်းစုကြည်မရှိရင် သူတို့ကို ဘယ်သူမှ အာမခံရဲတော့ဘူးလို့ ယူဆကြပုံရတယ်။

ဒီလုပ်ကြံမှုဟာ အလွန်အရုပ်ဆိုး ယုတ်ညံ့ပါတယ်။ ဒါကို ကျနော် ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမအချက်က အဲန်အယ်လ်ဒီဟာ အကြမ်းမဖက်တဲ့ ငြိမ်းချမ်းစွာနဲ့ ဒီမိုကရေစီရေးကို လုပ်ဆောင်နေတဲ့ပါတီဖြစ်တယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာလည်း အပြတ်အသတ်အနိုင်ရထားတဲ့ ပါတီဖြစ်တယ်။

ဒုတိယအချက်က ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားခေါင်းဆောင်နဲ့ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်ပြီး သူကိုယ်တိုင်လည်း မယိမ်းမယိုင် ရှပ်ရှပ်ချွံချွံ ဇွဲမာပြည် ဒီမိုကရေစီရရေးအတွက် ရှေ့ဆောင်နေတဲ့ အမျိုးသားခေါင်းဆောင်ဖြစ်တယ်။ နောက်…. ဦးတင်ဦးဟာလည်း သူရဘွဲ့ရထားတဲ့ တပ်မတော် ခေါင်းဆောင်တဦးဖြစ်တယ်။ အမျိုး



**ရဲဘော်သုံးကျိပ်ဝင်**
**ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော**

သားကာကွယ်ရေးစစ်ပွဲ ကေအမ်ဒီတိုက်ပွဲမှာ ကျနော်နဲ့အတူ တိုက်ခဲ့စဉ် ရခဲ့တာဖြစ်တယ်။ ဒါကြောင့် အမျိုးသားသူရဲကောင်းတဦးလည်းဖြစ်တယ်။ အခု ဒီမိုကရေစီတိုက်ပွဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ လက်တွဲတိုက်ပွဲဝင်နေတဲ့ အမျိုးသားခေါင်းဆောင်တယောက်ဖြစ်တယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်တွေနဲ့ ဒီလိုပါတီမျိုးကို အပြုတ်တိုက်ချေမှုန်းဖို့ လုပ်တာဖြစ်လို့ ကျနော် ပြင်းပြင်းထန်ထန်ကန့်ကွက်ရခြင်း ဖြစ်တယ်။ ကျနော့်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက်ရော ဦးတင်ဦးအတွက်ရော အလွန်စိုးရိမ်ပူပန်မိတယ်။ ဒါ ကျနော့်အမြင်ပါပဲ။

**နအဖ က ယခုလို ကျူးလွန်ခဲ့သည့် အရေးအခင်းအပေါ် ယူဆချက်**

ဗမာ့တပ်မတော်ကို ၁၉၄၁ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ကျနော်တို့ ပါဝင်တည်ထောင်ခဲ့စဉ်က ကျနော်တို့ရဲ့ ရည်ရွယ်ချက်ဟာ ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက်လည်းကောင်း၊ ပြည်သူ့အကျိုးဆောင်ရွက်ဖို့လည်းကောင်း ရည်ရွယ်ပြီး တည်ထောင်ခဲ့ကြတာပါ။ ဒါပေမယ့် ကျနော်တို့ တောက်လျှောက် ဒီရည်ရွယ်ချက်အတိုင်း လုပ်ဆောင်ခဲ့ကြတယ်။ ဒါပေမယ့်လို့လည်း ယခု နောက်ဆုံးအခြေအနေကတော့ ပြည်သူကို တောက်လျှောက် ဖိနှိပ်ညှဉ်းပန်းရုံမက အလွန်ယုတ်ညံ့တဲ့ နည်းလမ်းများတောင် သုံးပြီး ပြည်သူ့ဆန့်ကျင်ရေးတွေလုပ်၊ ပြည်သူ့ခေါင်းဆောင်တွေ ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်လာကြပြီ။ ဒီအတိုင်း ဆက်သွားရင်တော့ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေ ဥပဒေပြင်ပကနေပြီး ပြည်သူကို ဖိနှိပ်ဖို့မွေးထားတဲ့ လမ်းမတော် ဖိုးတုတ် လူမိုက်ဂိုဏ်းလိုဖြစ်တော့မယ်။ တိုင်းပြည် ချောက်ထဲကျတော့မယ်။ အခုလက်ရှိ စစ်တပ်ထဲရှိ မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်များ ဒီအတိုင်းကြည့်မနေကြပါနဲ့။ စေ့စပ်ဆွေးနွေးရေးလမ်းပေါ် ပြန်ရောက်အောင် ဝိုင်းဝန်းကြိုးစားကြပါ။ ကျနော် ဒီဟာပဲ တိုက်တွန်းချင်ပါတယ်။

❖

# ‘အမျိုးသားပြန်လည်သင့်မြတ်ရေး အလှမ်းဝေးသွားပြီ’ ဟု ရှမ်းတိုင်းရင်းသား ခေါင်းဆောင်ပြောဆို



**ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး**
**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်**

**ဇွန်၊ (၁၉)ရက်။**

နအဖ စစ်အုပ်စုက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ‘၁၉၇၅ ခု၊ အရေးပေါ်အက်ဥပဒေပုဒ်မ ၁၀(က)’ဖြင့် အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးထားကြောင်း ဗြိတိသျှအစိုးရ အရာရှိတဦးက ဇွန်(၂၀)ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်ရာ တိုင်းရင်းသား ခေါင်းဆောင်တဦးက အဆိုပါ သတင်းထွက်ပေါ်လာမှုကြောင့် နအဖစစ်အုပ်စုနှင့် အဲန်အယ်လ်ဒီအပါအဝင် အတိုက်အခံအင်အားစုများအကြား ကြိုးပမ်းနေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအခြေအနေမှာ အလှမ်းဝေးသွားပြီဟု ယူဆကြောင်း ထုတ်ဖော် ပြောဆိုလိုက်သည်။

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် ဒုတိယမဲအများဆုံးရရှိခဲ့သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးခွန်ထွန်းဦးက ဒီဗွီဘီသို့ပြောကြားခဲ့ရာတွင် “ကျနော်တို့ကတော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်။ ဒါပဲလေ၊ ကျနော်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေးကို လိုလားတဲ့ပုဂ္ဂိုလ်တွေပဲ၊ အဲဒီတော့ ဒီလို ထောင်ထဲပို့တာတို့၊ ဘာတို့ဆိုရင်တော့ ကျနော် ထင်တယ်၊ ဒီအမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ ဟို….အလှမ်းဝေးသွားပြီလို့ ကျနော်ထင်တယ်”ဟု ပြောကြားခဲ့ပြီး “အကယ်၍ အင်းစိန်ထောင်ကို ပို့ရိုးမှန်ရင်တော့ ဒါ အခြေအနေ မကောင်းဘူးပေါ့ဗျာ”ဟု ပြောဆိုခဲ့သည်။

လွန်ခဲ့သည့် ဇွန်(၁၂)ရက်ကလည်း ဦးခွန်ထွန်းဦးက နအဖ က အမျိုးသားညီလာခံကို ပြန်လည်အသက်သွင်းလျှင် မဖြစ်နိုင်တော့ကြောင်း၊ မည်သူမျှတက်ရောက်တော့မည် မဟုတ်ကြောင်း၊ ကုလသမဂ္ဂက ဦးစီးကျင်းပပေးမည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲသည်သာ ဖြစ်သင့်တော့ကြောင်း ဒီဗွီဘီသို့ ပြောကြားသွားခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထောင်ချထားသည့်အပေါ် လူထုခံစားမှု ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်ဟောင်း ဦးထိန်လင်းပြောပြ

**ဇွန်၊ (၁၉)ရက်။**

အခုကတော့ အားလုံးက နောက်ကြောင်းပြန်တော့၊ နောက်ပြန်ဆုတ်သွားတော့ လူတွေအားလုံး စိတ်ပျက်ကြတာပေါ့၊ စိတ်ပျက်တယ်၊ နောက်ပြီးတော့ အခု ဒေါ်အောင်ဆန်းစုကြည်လဲ ဖမ်းထားတယ်ဆိုတော့ လူတွေက တော်တော်လေး၊ ဟို…. စိတ်ပျက်ကုန်ကြတာပေါ့။ စိတ်ပျက်တယ်၊ တချို့လဲ ဒေါသထွက်တယ်ပေါ့ဗျာ၊ မခံမရပ် မခံချင်တဲ့ စိတ်တွေပေါ်လာတယ်။ အဲဒီလိုပေါ့၊ လူတွေ တအုံနွေးနွေး ဖြစ်နေတယ်။ အဲဒီတော့ ဟို နည်းနည်းလူတွေက စိတ်ထိခိုက်တာကတော့ ဒီလိုပါ။

(၁) ဒေါ်အောင်ဆန်းစုကြည်ဆိုတာ အမျိုးသမီးဖြစ်တယ်၊ အမျိုးသမီးတယောက်ကို ခုနပြောသလို ဒီပဲယင်းအရေးအခင်းလိုဟာမျိုးမှာ၊ အဲ…. ဒီလို သူနဲ့သူ့အဖွဲ့သားတွေ ခုလိုတိုက်ခိုက်ခံရတယ်။

(၂) ဗိုလ်ချုပ်အောင်ဆန်းသမီး ဖြစ်တယ်။

(၃) သူက ဟုတ်လား၊ ဒီ ၉၀ ခုနှစ် ရွေးကောက်ပွဲမှာ သူ အဖွဲ့အစည်းက သူ ခေါင်းဆောင်ပေါ့။ အဲဒီမှာ သူက ရွေးကောက်တင်မြှောက်၊ အများရဲ့ အဲဒီ ဆန္ဒပေးပြီးတော့ ထောက်ခံထားတဲ့ခေါင်းဆောင်ဖြစ်တယ်။

နောက်တခါ နိုဘယ်လ်ဆုရှင်ဖြစ်တယ်။ နိုင်ငံတကာက အာရုံစိုက်တာဖြစ်တဲ့အတွက် အဲဒီလိုခေါင်းဆောင်တယောက်တောင်မှ ဒီလို….၊ လူတွေက နားလည်ကြတာက ဒါ အကျဉ်းချထားတယ်လို့ပဲ နားလည်တာ။ ဟို ၁၀(က)ဆိုတာ ဒါ အကျဉ်းချထားတာပဲ။ ထောင်ထဲမှာ ထားတာ၊ အားလုံးကလဲ ဒီသဘောပဲ ပြောနေတယ်။ နည်းနည်းစိတ်ထဲမှာ တော်တော်ကြီး ဒါဟာ ထိခိုက်ဝမ်းနည်းကြတာပေါ့ဗျာ။ စိတ်မကောင်းကြတာပေါ့။ တချို့လဲ မခံချင်တဲ့စိတ် ဖြစ်လာကြတာပေါ့။ မကျေမနပ်ဖြစ်တာပေါ့လေ မခံချင်ဘူးဆိုတာထက် နားစွင့်နေကြတာပေါ့။ ဘာဖြစ်မလဲ၊ ဘယ်လို ဟိုဟာဖြစ် ဖြေရှင်းမလဲဆိုတာ ဒါပဲ နားစွင့်နေကြတာ။ စိတ်ထဲကတော့ အဲဒီလို တအုံနွေးနွေးကို ဖြစ်နေတာပေါ့။

❖

# ထိုင်း–အမေရိကန် ဆက်ဆံရေး နှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းနိုင်ပါ့မလား

[ဇွန်လ ၁၆ ရက်နေ့ထုတ် သည်နေးရှင်းသတင်းစာပါ Kavi Chaongkittavorn ၏ Are Thai-US relations: a win-win deal? ဆောင်းပါးအား ဘာသာပြန်ဖော်ပြခြင်း ဖြစ်ပါသည်။]



ထိုင်းဝန်ကြီးချုပ် ထပ်စင်နှင့်
ဂျော့ဒဗလျူဘုရှ်တို့ သမတအိမ်ဖြူတော်တွင် တွေ့ဆုံစဉ်

အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်နဲ့ တွေ့အပြီးမှာ ထွက်လာတဲ့ ဆူဆူညံညံအသံတွေကို အကဲဖြတ်ကြည့်ရရင် ပြီးခဲ့တဲ့အပတ်က ဝန်ကြီးချုပ်ထပ်စင်ရဲ့ခရီးစဉ်ဟာ သူမျှော်လင့်ထားသလို ဖြစ်ခဲ့ပုံရတယ်။ တကယ်တော့ ဒီခရီးက ထုံးတမ်းစဉ်လာ ဖိတ်ခေါ်မှုလောက်ပဲ။ ဒါပေမယ့် ထပ်စင်က ကုန်သွယ်ရေးဆိုင်ရာ အလျှော့ပေးမှုတွေလုပ်ပြီး သူလုပ်ချင်တာတွေဖြစ်အောင် ထိထိရောက်ရောက် အသုံးချလိုက်တာပဲ။ ထူးခြားတာက ဝါရှင်တန်က သူ့ကို မဖြစ်မနေ ဖိတ်ခေါ်ရတာပါ။

(၅)ရက်ကြာခရီးရဲ့ ရလဒ်ဟာ နှစ်ဖက်စလုံးအတွက် အောင်မြင်မှုရတဲ့ အခြေအနေပဲ၊ အမြီးစားဖက် ခေါင်းစားဖက် အပေးအယူလုပ်တာပဲပေါ့။

ပထမ အမြတ်ရလိုက်တာကတော့ ထပ်စင်ရဲ့ ဂုဏ်သတင်းမြင့်တက်လာတာပါ။ နောက်ပြီး အီရတ်စစ်ပွဲအပေါ် တုံ့ပြန်မှုနဲ့ ပတ်သက်ပြီး ထိုင်း–အမေရိကန် ဆက်ဆံရေး အေးတိအေးစက် ဖြစ်နေရာကနေ ပြန်လည်လန်းဆန်းတာနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး လက်တွေ့လုပ်ဖို့ အချိန်ဆွဲနေတာတွေ ပြန်လည် အသက်ဝင်လာတာတွေပါ။

အနောက်ဆန့်ကျင်ရေးဖြစ်နေတဲ့ သူ့ပုံရိပ် မြင့်မားဖို့နဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး လှုပ်ရှားမှုမှာ ထိုင်း–အမေရိကန် ဆက်ဆံရေးရဲ့ မဟာဗျူဟာ အရေးပါမှုကို ထပ်လောင်းအတည်ပြုဖို့အတွက် ထပ်စင်အနေနဲ့ သမတဘုရှ်နဲ့တွေ့ဖို့ တကယ့်ကို လိုအပ်နေပါတယ်။

သတင်းထောက်တွေကို ပြောတဲ့အခါမှာ နိုင်ငံခြားရေးဝန်ကြီး ဆူရာခီယတ်ဆတ်သီရာသီဟာ သူ့ရဲ့အားရကျေနပ်မှုတွေကို ဖုံးကွယ်မထားနိုင်ဘူး။ ထပ်စင်နဲ့ ဘုရှ်တို့ဟာ နေ့လည်စာ စားနေတုန်းမှာတောင် အလုပ်အကြောင်းပြောကြတာ (၅၅)မိနစ်ကြာတယ်။ ၂၀၀၁ ခုနှစ်တုန်းက သူ့ရဲ့တရားဝင် အလည်အပတ်ခရီးမှာထက်ကို မိနစ်(၂၀)ပိုကြာတယ်ဆိုပြီး ထုတ်ဖော်ပြောဆိုခဲ့တာဖြစ်တယ်။ အကြမ်းဖက်မှု တိုက်ဖျက်ရေး စီမံချက်တွေ အားဖြည့်တာနဲ့ အမေရိကန်ရဲ့ မဟာဗျူဟာသစ်မှာ ရှေ့တန်းက နေရာယူမှုအတွက် မဟာဗျူဟာ အပေါင်းအဖော်အဖြစ် တက်တက်ကြွကြွ အမှုတော်ထမ်းရွက်ခြင်းတို့နဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံဟာ တကယ်ပဲ လိုလိုလားလားရှိတယ်၊ အတိတ်ကာလတုန်းကတော့ အမေရိကန်ရဲ့ ကမ်းလှမ်းချက်ကို ပယ်ချခဲ့တာဖြစ်တယ်။

အမေရိကန်ရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ အင်အားစုတွေကို ဆန့်ကျင်တိုက်ဖျက်ရာမှာလည်း ထိုင်းနိုင်ငံက အဆင်သင့်ဖြစ်နေတယ်ဆိုတာကို သက်သေပြဖို့အတွက် နာရာသီဝပ်မှာ ဂျမားအစ္စလာမ်မီးယားနဲ့ ပတ်သက်နေတဲ့ သံသယရှိသူတွေကို ဖမ်းဆီးခဲ့တယ်။ နောက်ထပ်လည်းပဲ လက်နက်ကုန်သည်လို့ သံသယရှိသူတဦးကို ဘန်ကောက်မှာ ရေဒီယို ဓာတ်သတ္တိကြွပစ္စည်း (၃၀) ကီလိုဂရမ်နဲ့အတူ ဖမ်းဆီးခဲ့ပြန်တယ်။

ဒါ့ပြင် ထိုင်းနိုင်ငံဟာ အမေရိကန်နဲ့ ကုန်သေတ္တာလုံခြုံမှု စီမံချက် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးခဲ့ပြန်ပါတယ်။ ဒါတွေဟာ စောစောကတည်းက လုပ်ရမဲ့ ခြေလှမ်းတွေပဲ။ ဒီလိုလုပ်တာဟာ အာဆီယံနိုင်ငံတွေထဲမှာ စင်္ကာပူက ပထမဆုံးပဲ။ ဒေသတွင်း ဖြတ်သန်းသွားလာနေတဲ့ ကုန်သေတ္တာတင်သင်္ဘောအများအပြားဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ပတ်သက်တဲ့ စစ်ဆေးမှုတွေအတွက် ဒီကျွန်းပေါ်ကို မချဉ်းဆိုက်ကပ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီကနေ အကျိုးအမြတ်တွေရခဲ့တယ်။

ဒါ့ပြင် အမေရိကန်နိုင်ငံသားတွေကို စစ်ရာဇဝတ်မှုတွေ၊ လူမျိုးတုံး သတ်ဖြတ်မှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး အပြစ်ပေးအရေးယူတဲ့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးမှာ တရားစီရင်ခြင်းက ကင်းလွတ်ဖို့အတွက် ထိုင်းနိုင်ငံဟာ အမေရိကန်နဲ့ သဘောထားအမြင်တွေ ဖလှယ်ခဲ့ပါသေးတယ်။ ဒီသဘောတူညီချက်ကို စေ့စပ်ဆွေးနွေးနေတာ အချိန်အတော်ကြာပြီဖြစ်တဲ့အကြောင်း ယခု ဝါရှင်တန်ခရီးစဉ်နဲ့ ပတ်သက်ခြင်းမရှိကြောင်းတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်ခါတလဲလဲ ပြောဆိုခဲ့ပါတယ်။

ဒီခရီးစဉ်ဟာ ၁၉၇၅ ခုနှစ်က ထိုင်းမြေပေါ်ကနေ အမေရိကန်စစ်သားတွေ ဆုတ်ခွာပြီးနောက်ပိုင်းမှာ ပြန်လည်ဝင်ရောက်လာဖို့အတွက် လမ်းပြတာ ဖြစ်နိုင်ပါတယ်လို့ အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ကရိုင်ဆက် ချွန်ဟာဗန် (Kraisak Choonhavan)က ပြောကြားခဲ့ပါတယ်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံမှာ အကန့်အသတ်ရှိပါတယ်။ ဒါကို ထည့်စဉ်းစားမယ်ဆိုရင် ထိုင်းနိုင်ငံမှာ အထူးသဖြင့် မူဆလင်တွေစိုးမိုးတဲ့ တောင်ပိုင်းပြည်နယ်တွေမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲတွေကို တိုးချဲ့တာဟာ ဖိလစ်ပိုင်မှာလိုပဲ ထိုင်းနယ်မြေပေါ်မှာ အမေရိကန်စစ်အကြံပေးတွေကိုသာမက အထူးတပ်ဖွဲ့တွေ တပ်လာစွဲတာတွေကိုလည်း ဖိတ်ခေါ်တာဖြစ်လိမ့်မယ်ဆိုပြီး ကရိုင်ဆက်နဲ့ လုံခြုံရေးကျွမ်းကျင်သူတွေက စိုးရိမ်ပူပန်ကြတယ်။

ဘုရှ်က တက္ကဆက်ပြည်နယ်က အုပ်ချုပ်ရေးမှူး၊ သူကလည်း တက္ကဆက်က ဒေါက်တာဘွဲ့ယူခဲ့တာဖြစ်လို့ ဘုရှ်နဲ့သူနဲ့က စိတ်တူကိုယ်တူပဲ၊ ပြောရဆိုရတာ အပေါက်အလမ်းတည့်တယ်လို့ စနေနေ့ ရေဒီယိုစကားဝိုင်းမှာ ထပ်စင်က သူ့ရဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီး ပြောင်ပြောင်ပဲ ပြောခဲ့တာဖြစ်တယ်။ ထပ်စင်ဟာ ကော်ဖောနီနဲ့ ကြိုဆိုတာ မခံခဲ့ရပေမဲ့လည်း ပူးတွဲကြေညာချက်တော့ ထုတ်လို့ရခဲ့တယ်။

''ကျနော်က ပူးတွဲကြေညာချက်ထုတ်ဖို့ တောင်းဆိုတော့ အမေရိကန်က အိုကေလို့ပြောတယ်''လို့ အရင်တုန်းက ဘယ်ခေါင်းဆောင်မှ ဒါမျိုးမလုပ်ခဲ့ဘူးသလို ဂုဏ်ယူစွာနဲ့ ပြောခဲ့တယ်။ သူ့ခရီးစဉ်ရဲ့ အောင်မြင်မှုတွေကိုလည်း ရေဒီယိုကနေ ခပ်ကာကာလေး ပြောနေတာပဲ။

သူ့ရဲ့ အမေရိကန်ခရီးစဉ်ဟာ ထိုင်းနိုင်ငံကို သစ္စာဖောက်တာပဲ။ အနာဂတ် ထိုင်းနိုင်ငံခြားရေးပေါ်လစီကို ဒုက္ခဖြစ်စေနိုင်တယ်လို့ နိုင်ငံခြားရေးရာ လေ့လာရေးဌာနက တက္ကသိုလ်ကထိကများက မကြာသေးခင်ကပဲ မှတ်ချက်ချလိုက်ကြတယ်။ ထပ်စင်ဟာ ရှေ့နောက်မညီဘူး၊ အမြဲတမ်းဘက်ပြောင်းတယ်။ ဟိုအရင်နှစ်တွေတုန်းက တရုတ်ပြည်ဘက်က ရပ်တယ်။ ဆားစ်ရောဂါဖြစ်ပြီးနောက်ပိုင်းမှာ အမေရိကန်ကို ပြေးဖက်လိုက်တယ်လို့ သူတို့က ပြောခဲ့တယ်။

ဒီအမြင်တွေဟာ အခြေအနေတွေကို မသိနားမလည်လို့ ပြောတာဖြစ်တယ်ဆိုပြီး ထပ်စင်က ငြင်းခဲ့တယ်။ ထိုင်းနိုင်ငံဟာ ဒေသတွင်းလုံခြုံရေးမှာ ချိန်ခွင်ညှာ ညှိပေးတဲ့ အခန်းကနေ လောလောဆယ်ဆယ် ကပြနေတယ်။ အဓိက ကမ္ဘာ့အင်အားကြီး နိုင်ငံတွေနဲ့ ဆက်ဆံလိုတယ်လို့ သူကပြောတယ်။ မြန်မာပြည်ကိစ္စနဲ့ပတ်သက်လို့ အမေရိကန်နဲ့ သဘောတူညီမှုတွေ ရခဲ့ပေမဲ့လဲ သူ့အနေနဲ့ ထိုင်းနိုင်ငံခြားရေးပေါ်လစီကို ပြောင်းလဲမှာမဟုတ်ကြောင်း ရေဒီယိုကနေပြောတာ သုံးကြိမ်ရှိပြီ။ နိုင်ငံရဲ့ဂုဏ်သိက္ခာနဲ့ အကျိုးစီးပွားကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာကို မသိတဲ့ ဒါမှမဟုတ် အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတနိုင်ငံအနေနဲ့ ဘာလုပ်သင့်သလဲ ဆိုတာကို မသိတဲ့ အရူးတယောက်မဟုတ်ဘူးလို့လဲ ပြောပြန်တယ်။

**မြန်မာပြည်ကိစ္စနဲ့ပတ်သက်လို့ အမေရိကန်နဲ့ သဘောတူညီမှုတွေ ရခဲ့ပေမယ့်လည်း သူ့အနေနဲ့ ထိုင်းနိုင်ငံခြားရေး ပေါ်လစီကို ပြောင်းလဲမှာမဟုတ်ကြောင်း ရေဒီယိုအသံလွှင့် ဌာနမှ သုံးကြိမ်တိုင် ပြောခဲ့တယ်။ နိုင်ငံတနိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ အကျိုးစီးပွားကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာကို မသိတဲ့ ဒါမှမဟုတ် အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံ တနိုင်ငံအနေနဲ့ ဘာလုပ်သင့်သလဲဆိုတာကို မသိတဲ့ အရူးတယောက် မဟုတ်ဘူးလို့လည်း ထပ်လောင်းပြောခဲ့ပြန်တယ်။**

သူ့ရဲ့ ပိုမိုကြီးမားတဲ့ အောင်မြင်မှုကတော့ အမေရိကန်ရဲ့ ရေရှည်လုံခြုံရေးနဲ့ စီးပွားရေးအကျိုးစီးပွားတွေအတွက် ထိုင်းနိုင်ငံကို ခြေချခွင့်ပြုခဲ့တာပဲ။ ထိုင်း–အမေရိကန် လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်ကတော့ ခရီးဝေးနေတုန်းပဲ။ နောက်ထပ်ဆွေးနွေးညှိနှိုင်းဖို့ လိုအပ်နေသေးတယ်။ နိုင်ငံတကာက ဘန်ကောက်ရဲ့ လူ့အခွင့်အရေးမှတ်တမ်းနဲ့ မီဒီယာ လွတ်လပ်မှုတွေအပေါ် အဆိုးမြင်နေတာကလွဲလို့ အားလုံးကို အကောင်းမြင်နေစဉ်မှာ ထပ်စင်ဟာ ဝါရှင်တန်ကို သွားခဲ့တာဖြစ်တယ်။ ဗမာပြည်နဲ့ သူ့ရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်လို့ အမေရိကန် ဥပဒေပြုအမတ်တွေက စကားလုံးကြမ်းကြမ်းတမ်းတမ်းနဲ့ ပြောဆိုနေတာတောင်မှ ဝါရှင်တန်ကတော့ ထပ်စင်ကို စိတ်အနှောင့်အယှက် မဖြစ်စေရဘဲ လိမ္မာပါးနပ်စွာနဲ့ဆက်ဆံခဲ့တယ်။ နောက်ဆုံးမှာတော့ ဝါရှင်တန်ကို ရောက်လာတာပါပဲ။

အမှတ်တမဲ့ကြည့်ရင်တော့ ထပ်စင် အာဏာရလာကတည်းက တစိုက်မတ်မတ် ကျင့်သုံးခဲ့တဲ့ မြန်မာပြည်အပေါ်ထားရှိတဲ့ အမြင်နဲ့ အမေရိကန်ရဲ့အမြင် ကွာဟနေတာတွေ စေ့စပ်လို့ ရသွားပုံပဲ။ နှစ်နိုင်ငံ ခေါင်းဆောင်တွေက မေလ(၃၀)ရက် အရေးအခင်းနဲ့ပတ်သက်လို့ အကြီးအကျယ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့အဖွဲ့သားတွေကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုခဲ့တယ်။ ရန်ကုန်အာဏာပိုင်တွေနဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစုတွေအကြား အဓိပ္ပာယ်ရှိတဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေ ချက်ချင်းလုပ်ဖို့ကိုလည်း တောင်းဆိုခဲ့တယ်။

ပြီးခဲ့တဲ့အပတ်က ကုလသမဂ္ဂအထူးသံရာဇာလီအစ္စမေးလ်ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ပေးဖို့ စစ်အုပ်စုခေါင်းဆောင်တွေကို တောင်းဆိုခဲ့တာ သူပဲဖြစ်တဲ့အကြောင်းကို ရေဒီယိုမှာ ဆက်တိုက်ပြောနေခဲ့တယ်။ ''မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ခေါ်ပြီး ဒီလိုလုပ်ဖို့ နိုင်ငံခြားရေးဝန်ကြီး ဆူရာခီယတ်ကို ကျနော်ပဲပြောခဲ့တာပဲ'' သူ အမေရိကန်ရောက်တဲ့အချိန်၊ ဘုရှ်နဲ့တွေ့ဖို့ စီစဉ်နေတဲ့နေ့မှာပဲ ရာဇာလီဟာ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ပြီးတဲ့အကြောင်း ရန်ကုန် သံရုံးကနေ ထိုင်းကိုယ်စားလှယ်ကို အကြောင်းကြားခဲ့တယ်ဆိုတာကိုလည်း ထပ်ပြီး ပြောခဲ့တယ်။

''မြန်မာအစိုးရက ကျနော့်ကို အရမ်းယုံတယ်။ သူတို့မှာရှိနေတဲ့ အကန့်အသတ်တွေကို နိုင်ငံတကာ အသိုင်းအဝိုင်းကသိအောင် ကျနော့်ကို ရှင်းပြစေချင်တယ်''လို့ သူက စစ်အုပ်စုကိုယ်စား ပြောတာဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့တယ်။ မြန်မာပြည်နဲ့ပတ်သက်တဲ့ သူ့ရဲ့ပေါ်လစီကို နည်းနည်းလေးမှ မပြောင်းကြောင်းကိုလည်း သူက ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်။

ထိုင်း–အမေရိကန် ပူးတွဲကြေညာချက်မှာပါတဲ့ စာသားတွေကို နှစ်နိုင်ငံခေါင်းဆောင်များအပေါ် အမြင်ကောင်းအောင် အသေအချာ ဂရုစိုက်ပြီး ပြင်ဆင်ရေးသားခဲ့တာဖြစ်တယ်။ အခုထိတော့ ဆက်ဆံရေးတင်းမာနေတုန်းပဲ။ ပူးပေါင်းဆောင်ရွက်မှု မရှိသေးဘူး။ ဒါပေမဲ့ အကောင်းဆုံးဆိုတဲ့ စာသားတွေတောင်မှ သူ့ရဲ့တကယ့်ရည်ရွယ်ချက်နဲ့ အကြံကို ဖုံးကွယ်မထားနိုင်ဘူး။ နှစ်နိုင်ငံစလုံးဟာ သူတို့ရဲ့အာမခံချက်တွေကို ဆက်ပြီး အကောင်အထည်ဖော်ရလိမ့်မယ်။ ဒါကို သိဖို့အချိန်ကတော့ သိပ်ကြာမှာမဟုတ်တော့ပါဘူး။

❖ ❖ ❖

# ဆားစ်ရောဂါ အဆုံးသတ်လုနီးပြီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် ပြောကြား

**ဇွန်၊ (၁၃)ရက်။ [သည်နေးရှင်း]**

သုံးလကြာ ကူးစက်ပြန့်ပွားပြီးနောက် ကမ္ဘာ့ဆားစ်ရောဂါဖြစ်ပွားမှု အဆုံးသတ်လုနီးပြီဖြစ်ကြောင်း၊ သို့သော် ရောဂါပိုးများ အလျင်အမြန် ပြန်လည်ဖြစ်ပွားလိမ့်မည် မဟုတ်ဆိုသည်ကိုမူ အာမ မခံကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

"ရောဂါဖြစ်ပွားမှုအခြေအနေတွေအရ ကြည့်မယ်ဆိုရင် အဆုံးသတ်တော့မယ်ဆိုတာ တွေ့နေရပါပြီ"ဟု WHO ၏ ဒေသဆိုင်ရာ အကြံပေးဖြစ်သူ ဟီတိုရှိ အိုရှီတာနီက ပြောကြားခဲ့သည်။

"ကျနော်တို့အနေနဲ့ ဆားစ်ရောဂါ ဘယ်လိုဖြစ်ပွားတယ်၊ ဒါမှမဟုတ် လူတွေဆီကို ဘယ်လိုကူးစက်ပြန့်ပွားတယ် ဆိုတာကိုတော့ အခုထိ သေသေချာချာ မသိသေးပါဘူး၊ ဒါကြောင့် ကာကွယ်စောင့်ရှောက်မှုတွေကိုတော့ မပေါ့ဆသင့်ဘူး"ဟု WHO ၏ ကူးစက်ရောဂါနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူ တာဝန်ခံ ဒေးဗစ်ဟေးမန်းက ပြောကြားခဲ့သည်။

WHO မှ ထုတ်ပြန်သော စာရင်းများအရ တကမ္ဘာလုံးတွင် ဆားစ်ရောဂါကူးစက်ခံရသူပေါင်း(၈၄၀၀)ကျော်ရှိပြီး သေဆုံးသူ (၇၅၀)ကျော် ရှိကြောင်း သိရှိရသည်။ ❖

# စစ်ပွဲအပြီး အီရတ်

**ဇွန်၊ (၁၅)ရက်။ [သည်နေးရှင်း]**

သောကြာနေ့က ဘဂ္ဂဒက်အကျဉ်းထောင်မှ ထွက်ပြေးရန် ကြိုးပမ်းခဲ့မှုအား အမေရိကန်စစ်သားများက ပစ်ခတ်ဖမ်းဆီးရာ အီရတ်အကျဉ်းသားတဦး သေဆုံးပြီး (၇)ဦးဒဏ်ရာရရှိကြောင်း အမေရိကန်တပ်မတော်က ပြောကြားခဲ့သည်။

မကြာသေးမီကလည်း ဆီးရီးယားနယ်စပ်အနီး သဲကန္တာရ လေ့ကျင့်ရေးစခန်းတွင် တိုက်ခိုက်ရေးသမား (၈၂)ဦးအား အမေရိကန်တပ်ဖွဲ့များက ပစ်သတ်ခဲ့သည်ဟု အနီးအနားရွာမှ မူဆလင်လူမျိုး အီမန်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

❖ ❖ ❖

# အရှေ့အလယ်ပိုင်းအရေး ရတက်မအေးဘွယ်



**ကိုဖီအာနန်**
**ကုလသမဂ္ဂ**
**အထွေထွေအတွင်းရေးမှူးချုပ်**

**ဇွန်၊ (၁၅)ရက်။ [သည်နေးရှင်း]**

တိုက်ခိုက်မှုများနှင့် ပြန်လှန်တိုက်ခိုက်မှုများအား ရပ်ဆိုင်းရန် ပန်ကြားမှုများ ပြုလုပ်ခဲ့သော်လည်း အစ္စရေးသည် ပါလက်စတိုင်း စစ်သွေးကြွများအား တိုက်ခိုက်သည့် စစ်ဆင်ရေးအား တိုးချဲ့လိုက်ပြီး စစ်ရေးခေါင်းဆောင်များသာမက နိုင်ငံရေးခေါင်းဆောင်များကိုပါ တိုက်ခိုက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

သောကြာနေ့က ဂါဇာမြို့ရှိ ဟားမတ်စ်ပစ်မှတ်များအား ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လူစုလူဝေးလိုက် သေဆုံးခဲ့သည်။ ဤတိုက်ခိုက်မှုအပြီး သုံးနာရီအကြာတွင် ဟားမတ်စ်အဖွဲ့ တည်ထောင်သူ ရှိတ်အာမက်ယတ်ဆင်၏ နေအိမ်အနီးရှိ အဆောက်အဦအား ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

လွန်ခဲ့သည့်အပတ်က ကျင်းပပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်က ငြိမ်းချမ်းရေးစီမံကိန်း စတင်ရေးဆွဲချိန်မှစတင်၍ ယခုအချိန်ထိ ပါလက်စတိုင်း(၃၆)ဦးနှင့် အစ္စရေး(၂၄)ဦး အသတ်ခံခဲ့ရပြီးဖြစ်သည်။

သောကြာနေ့က ထုတ်လွှင့်ခဲ့သည့် အင်တာဗျူးတခု၌ အကြမ်းဖက်မှုများ တိုးပွားလာနေမှုအပေါ် စိုးရိမ်ပူပန်နေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်ကပြောကြားရာတွင် "ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွေ ဖြန့်ကျက်ချထားမှုဟာ ၂၀၀၅ ခုနှစ်မှာ အကောင်အထည်ဖော်မယ့် ငြိမ်းချမ်းရေးနဲ့ ပါလက်စတိုင်းနိုင်ငံထူထောင်ရေးဆိုင်ရာ လမ်းပြမြေပုံလို့ခေါ်တဲ့ အစီအစဉ်ကို လုံလောက်စွာ စတင် အကောင်အထည်ဖော်ရေးအတွက် တခုတည်းသောလမ်းပဲဖြစ်ပါလိမ့်မယ်။ ဒါမှလည်း တိုက်ခိုက်နေတဲ့ နှစ်ဖွဲ့စလုံးကို အချိန်အတော်ကြာကြာ ခွဲထားလို့ရမယ်"ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဤအယူအဆအား အစ္စရေးတို့က ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

အစ္စလာမ်စစ်သွေးကြွအုပ်စု ဟားမတ်စ်နဲ့ တခြားစစ်သွေးကြွတွေအပေါ် အင်အားအသုံးပြုမှာ မဟုတ်ကြောင်း၊ ၎င်းတို့ကို လက်နက်ချရန်ဆွဲဆောင်ဖို့အချိန်လိုကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် Mahmoud Abbas က ပြောကြားလိုက်သည်။ ဤအရေးတွင် အီဂျစ်က ကြားဝင်ဖျန်ဖြေနေသည်။

လွန်ခဲ့သည့် (၃၂)လကြာ တိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်း (၁၀၀)ကျော်အား အစ္စရေးတို့က သတ်ဖြတ်ခဲ့သည်။ ၎င်းတို့အထဲတွင် ဟားမတ်စ် တိုက်ခိုက်ရေးအဖွဲ့မှ အများအပြားပါဝင်သည်။ ❖

# နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အီရတ်ပြည်သူများ၏ ပါဝင်ခွင့်ကို အမေရိကန်အစိုးရက ကန့်သတ်နေ

**ဇွန်၊ (၁၅)ရက်။ [သည်နေးရှင်း]**



ဒေသခံပြည်သူများအား အာဏာပိုမိုမပေးလျှင် အီရတ်အား သိမ်းပိုက်ထားသည့် မဟာမိတ်တပ်ဖွဲ့များကို ခုခံဆန့်ကျင်နေမှုများအား ချေမှုန်းရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းအားထုတ်ချက်များသည် အောင်မြင်လိမ့်မည် မဟုတ်ကြောင်း ထင်ရှားသည့် အီရတ်နိုင်ငံရေးသမားတဦးက ဝါရှင်တန်အား သတိပေးပြောကြားလိုက်သည်။

ဆက်ဒမ်ဟူစိန်အား ထောက်ခံသည့် ဘဂ္ဂဒက်၏ မြောက်ဘက်ဒေသများတွင် အမေရိကန်စစ်သားများသည် ဆက်လက်တိုက်ခိုက်နေရဆဲဖြစ်သည်။

၎င်းတို့၏ တိုင်းပြည်အရေးနှင့်ပတ်သက်၍ အီရတ်ပြည်သူများအား အချုပ်အခြာအာဏာ ပိုမိုပေးရန် ငြင်းဆိုခြင်းအားဖြင့် အမှားများ ပြုလုပ်နေသည်ဟု အီရတ်အမျိုးသားကွန်ဂရက်ခေါင်းဆောင် အာမက်ချာလာဘီက ဝါရှင်တန်ကိုသတိပေးခဲ့သည်။

အီရတ်တို့၏ ဩဇာလွှမ်းမိုးမှုအား ကန့်သတ်ရန် ဆုံးဖြတ်ချက်သည် အမေရိကန် ဦးဆောင်သည့် သိမ်းပိုက်ထားမှုအား ဆန့်ကျင်မှုများ ပိုမိုတိုးပွားလာစေမည်သာဖြစ်သည်ဟု ပြောကြားခဲ့ပြီး သိမ်းပိုက်ရေးအာဏာပိုင်အဖွဲ့အား အကြံပေးရန် ကောင်စီအဖွဲ့ဝင်များ ရွေးချယ်ခွင့်ကို ခွင့်မပြုခြင်း (သို့မဟုတ်) အီရတ်တို့အား လတ်တလော တာဝန်မပေးရန် ဆုံးဖြတ်ထားသည့် အိမ်ဖြူတော်၏ ဆုံးဖြတ်ချက်အား ဝေဖန်ခဲ့သည်။

"အီရတ်နိုင်ငံရေးဖြစ်စဉ်ကို ချက်ချင်းလမ်းပွင့်လာစေရမယ်"ဟု မစ္စတာချာလာဘီက ပြောကြားခဲ့သည်။

"အမေရိကန်အုပ်ချုပ်ရေးမှူး ပေါဘရင်မား ရွေးချယ်တဲ့ အကြံပေးအဖွဲ့ဟာ အီရတ်ပြည်သူတွေကိုယ်တိုင် ရွေးချယ်တဲ့ အကြံပေးအဖွဲ့ထက် ပိုပြီး ပြည်သူတွေကို ကိုယ်စားပြုမှာ မဟုတ်ပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်၏ သိမ်းပိုက်ရေးအယူအဆအား ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်းနှင့် အီရတ်တို့၏ အတိုင်းအဆကြီးမားသော စွမ်းအင်များအား ကာကွယ်စောင့်ရှောက်ရန် အင်အား(၂၅၀၀၀)ရှိသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ ထူထောင်ပေးရန် ဘုရှ်အုပ်ချုပ်ရေးယန္တရားအား တောင်းဆိုကြောင်း ချာလာဘီက ပြောကြားခဲ့သည်။

ပြီးခဲ့သည် ရက်သတ္တပတ်က ကျွန်းဆွယ်တိုက်ခိုက်မှုဟု အမည်ပေးထားသည့် စစ်ဆင်ရေးတွင် အီရတ်(၂၇)ဦး အသတ်ခံခဲ့ရကြောင်း သတင်းများအရ သိရသည်။

"ခုခံမှုများအားကိုင်တွယ်ဖြေရှင်းဖို့ အီရတ်မှာ အမေရိကန်တပ်အင်အား အလုံအလောက်ရှိပါတယ်၊ ဒါပေမယ့် စစ်ဆင်ရေး ဆက်လက်လုပ်နေစဉ်အတွင်းမှာတော့ ဘယ် အမေရိကန်စစ်သားတွေကိုမှ အိမ်ကို ပြန်ခေါ်မှာ မဟုတ်ပါဘူး"ဟု ဗိုလ်ချုပ်ကြီး မက်ကီယာနန်က အခိုင်အမာ ပြောဆိုခဲ့သည်။

"အမေရိကန်တပ်ဖွဲ့တွေအပေါ် တိုက်ခိုက်မှုတွေဟာ ဆက်ဒမ်ကို သစ္စာခံနေဆဲဖြစ်တဲ့ အင်အားစုတွေက ဒေသအတိုင်းအတာအရ စနစ်တကျ ပြင်ဆင်လုပ်ဆောင်နေပုံပေါ်တယ်၊ သူတို့နေရာကို မသိရဘူး" ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ ❖

# တပါတီအစိုးရအား အများပြည်သူ မနှစ်သက် မိသားစု ဆွေမျိုးကောင်းစားရေးဝါဒသာဖြစ်

**ဒါဟာ ... မိသားစု၊ ဆွေမျိုးကောင်းစားရေးဝါဒနဲ့ အဂတိလိုက်စားမှုတွေသာ များလာစေမှာပဲဟု အများစုက သူတို့၏ ထင်မြင်ချက်အား စစ်တမ်းကောက်ယူရာတွင် ပြောကြားခဲ့ ... ...။**

**ဇွန်၊ (၁၅)ရက်။ [သည်နေးရှင်း]**

"အစိုးရအဖွဲ့မှာ ပါတီတခုပဲ ပါရလိမ့်မယ်"ဆိုသည့် ဝန်ကြီးချုပ် ထပ်စင်ရှီနာဝါထရာ၏ မှတ်ချက်နှင့်ပတ်သက်၍ ဇွန်လ (၁၃)ရက်နှင့် (၁၄)ရက်နေ့က ဘန်ကောက်မြို့နေ ပြည်သူ (၁၂၀၀)အား စစ်တမ်းကောက်ယူကြည့်ရာ (၅၈.၃)%က ထိုင်းနိုင်ငံဟာ ဒီအတွက် အဆင်သင့်မဖြစ်သေးပါဘူး၊ ဒါဟာ ဒီမိုကရေစီ နည်းမကျပါဘူး၊ မိသားစုဆွေမျိုးကောင်းစားရေးဝါဒနဲ့ အဂတိ လိုက်စားမှုတွေကိုပဲ တိုးပွားလာစေမှာ ဖြစ်ပါတယ်ဟု အများစုက ပြောကြားခဲ့သည်။

စစ်တမ်းကောက်ယူချက်အရ တုံ့ပြန်သူ (၂၁)% က တပါတီအစိုးရဆိုရင် ပိုပြီးကောင်းကောင်းအုပ်ချုပ်နိုင်တယ်၊ ဒီအတွက် ထိုင်းနိုင်ငံဟာ အဆင်သင့်ဖြစ်နေပြီဟု ပြောကြားပြီး၊ (၉)%ကမူ ဒီအတွက် မသေချာကြောင်း၊ ထိုင်းနိုင်ငံရေးသည် မတည်ငြိမ်ကြောင်းနှင့် တဖြည်းဖြည်းချင်း ပြောင်းလဲသင့်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ မှတ်ချက်အပေါ် မည်ကဲ့သို့ နားလည်သလဲဟု မေးမြန်းကြည့်ရာတွင် (၃၉.၄)%က ထပ်စင်သည် အကြွင်းမဲ့အာဏာလိုချင်နေသည်ဟု ယုံကြည်ကြောင်း၊ (၁၇.၉)%က ၎င်းအနေဖြင့် အခြားပါတီများအား ထိုင်းရတ်ထိုင်းပါတီသို့ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကြောင်းနှင့် (၁၆.၁)%က နိုင်ငံရေးစနစ် ပြောင်းချင်ရုံသက်သက်ပဲဖြစ်ပါတယ်ဟု ပြောကြားခဲ့ကြသည်။

နိုင်ငံရေးနယ်ပယ်အပေါ် ထင်ဟပ်ချက်နှင့်ပတ်သက်ပြီး မေးမြန်းကြည့်ရာတွင် (၄၃)%က နိုင်ငံရေးမှာ ပြည်သူတွေ ပိုပြီးစိတ်ဝင်စားလာလိမ့်မယ်ဟုလည်းကောင်း၊ (၂၃.၂)%က ထိရောက်မှုရှိမှာ မဟုတ်ပါဘူးဟုလည်းကောင်း၊ (၁၉.၉)%က နိုင်ငံရေးကစားတာ သက်သက်ပဲဟုလည်းကောင်း၊ (၁၃.၇)%က အဂတိလိုက်စားမှုတွေ ပိုများလာစေမှာပဲဟုလည်းကောင်း ဆိုကြသည်။

နောက်ရွေးကောက်ပွဲမှာ ထိုင်းရတ်ထိုင်းပါတီအနေနဲ့ လွှတ်တော်ထဲမှာ အမတ်နေရာ (၃၀၀)ကျော်ရဖို့နဲ့ တပါတီ စိုးမိုးတဲ့ အစိုးရအဖွဲ့ဖြစ်ဖို့ မျှော်လင့်ပါတယ်၊ ဒါမှသာ အစိုးရဟာ ပိုမိုတည်ငြိမ်ပြီး စီးပွားရေးဘက်မှာ ယုံကြည်မှု ပိုတိုးလာမှာဖြစ်ပါတယ်ဟု ထိုင်းရတ်ထိုင်းပါတီ၏ ပြောရေးဆိုခွင့်ရှိသူ Suranant Vijjajiva က ပါတီတွင်း စာတမ်းဖတ်ပွဲတခုတွင် ပြောကြားခဲ့သည်။

ယခင် ဒီမိုကရက်ပါတီခေါင်းဆောင် ချွန်လိပိုင်အား ထိုင်းရတ်ထိုင်းပါတီနှင့် ပူးပေါင်းလိုစိတ် ရှိမရှိ မေးမြန်းကြည့်ရာတွင် အတိုက်အခံပါတီအနေနဲ့ ဆက်ပြီး ရပ်တည်လိုသလားဆိုတာကတော့ ပါတီရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်ဟု ၎င်းက ပြောကြားခဲ့သည်။ "တကယ်လို့ ဒီမိုကရက်တွေအနေနဲ့ အစိုးရအဖွဲ့ထဲမှာ ပါချင်တယ်ဆိုရင်တော့ တခြားပါတီတွေနဲ့ ပူးပေါင်းရလိမ့်မယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အခြေခံဥပဒေအရဆိုလျှင် ပါလီမန်အမတ်များသည် နိုင်ငံရေးပါတီတခု၏ အဖွဲ့ဝင်ဖြစ်ရမည်ဖြစ်ပြီး ပါတီတခုတွင် အနည်းဆုံး ရက်ပေါင်း(၉၀)ကြာ လုပ်ကိုင်ဖူးသူဖြစ်ရမည်ဆိုသည့်အတွက်ကြောင့် ထိုင်းရတ်ထိုင်းပါတီနှင့် ပူးပေါင်းလိုသော အခြားပါတီမှ ပါလီမန်အမတ်များသည် ယခုအချိန်မှစပြီး နောက်နှစ် စက်တင်ဘာလအထိ ဤကဲ့သို့ လုပ်ဆောင်ရမည်ဟု ဆူရာနန့်က ပြောကြားခဲ့သည်။ ❖



# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၂၉-၅-၂၀၀၃ ရက်နေ့က မုံရွာမြို့ ဆိုင်းဘုတ်တင်ပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်း



> ကျမတို့ရဲ့ အဖွဲ့တွေကို၊ ကျမတို့ကို ထောက်ခံတဲ့သူတွေကို ရမ်းကားလာတဲ့အထိဖြစ်လာတယ်။ ဒါပေမယ့် ကျမတို့ ဘယ်လိုမှမတုံ့ပြန်ပါဘူး။ ရဲစခန်းမှာပဲ အမှုဖွင့်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့က ဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေး ရှိသလား၊ မရှိသလားဆိုတာ သေသေချာချာ သိချင်လို့။ မရှိရင်လဲ သက်သေနဲ့ သေသေချာချာ သိရအောင်။

၁၉၄၇ ခုနှစ်က အထက်မြန်မာနိုင်ငံမှာ စည်းရုံးရေးခရီးသွားပြီးတဲ့နောက်မှာ ဖေဖေကနေပြီးတော့ မုံရွာကို ရောက်ခဲ့ပါတယ်။ အဲလို မုံရွာကို ရောက်တဲ့အတွက် စည်းရုံးရေးခရီးကလဲ နည်းနည်းပန်းလာတဲ့ အခါကျတော့ မုံရွာကိုရောက်တဲ့အခါမှာ မုံရွာက ဖဆပလအဖွဲ့ချုပ်ကနေပြီးတော့ သူတို့အနေနဲ့ နားနားနေနေနေထိုင်ဖို့အတွက် စီစဉ်လိုက်ပါတယ်။ စီစဉ်တဲ့အခါတော့ ဖေဖေက ဘယ်လိုပြောလဲဆိုတော့ မုံရွာက ကွယ် လိမ္မာတယ်လို့ ပြောတယ်တဲ့။ ကျမတို့ ပြောရမှာက မုံရွာက လိမ္မာတယ်လို့ ပြောမယ့်အစား မုံရွာက ခိုင်မာတယ်လို့ ကျမ ပြောချင်ပါတယ်။ (သြဘာသံများ)

ဘာဖြစ်လို့လဲဆိုတော့ မုံရွာက ၁၉၈၈ ခုနှစ်နဲ့ မထူးဘဲ၊ မထူးခြားနားဘဲ ခိုင်ခိုင်မာမာရပ်တည်နေတယ်။ ပိုပြီးတော့တောင်မှ ခိုင်မာတယ်ဆိုတာ ကျမတို့ မြင်ရပါတယ်။ (သြဘာသံများ)

ပိုပြီးခိုင်မာလာတဲ့အကြောင်းကို ကျမ စဉ်းစားလိုက်တော့ ဒါ ကျမထင်တာနော်။ ကျမတို့ ပြည်သူလူထုက မတရားတာကို မကြိုက်ဘူး။ အနိုင်ကျင့်တာကို မကြိုက်ဘူး။ (သြဘာသံများ)

ကျမတို့ကို၊ ကျမတို့အဖွဲ့ချုပ်ကို အခု ကျမ ဒီစည်းရုံးရေးပေါ့နော်၊ ကချင်ပြည်နယ်၊ အဓိကကတော့ ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်ပေါ့။ ချင်းပြည်နယ်အထိ ရောက်လာတော့ ကျမတို့ကလဲ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းမှာ ဝင်ပြီးတော့ တချို့မြို့နယ်တွေမှာ ကျမတို့ဝင်လိုက်မယ်ဆိုပြီးတော့ ဆုံးဖြတ်ပြီးတော့ ခရီးစဉ်ထဲမှာ ထည့်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီကချင်ပြည်နယ်ခရီးစဉ် စကတည်းကပဲ ကျမတို့ရဲ့လုပ်ငန်းတွေကို ဖျက်လိုဖျက်ဆီး၊ နိုင့်ထက်စီးနင်းနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က အမျိုးမျိုးလုပ်ခဲ့ပါတယ်။ အဲဒီတော့ ဒီဟာတွေကို ကျမတို့ အများကြီး သည်းညည်းခံခဲ့ပါတယ်။ ဆန္ဒပြတာတော့ တကယ်တော့ လူတိုင်းလူတိုင်းမှာ ဆန္ဒပြပိုင်ခွင့်ရှိရမယ်ဆိုတာ ကျမတို့ရဲ့ အယူအဆ၊ ကျမတို့ရဲ့ယုံကြည်ချက်ပဲ။ အာဏာပိုင်တွေအနေနဲ့ တကယ်ပဲ လူတိုင်းလူတိုင်းမှာ ဆန္ဒပြပိုင်ခွင့်ရှိရမယ်ဆိုတာ ယုံကြည်ရင် လူတိုင်းလူတိုင်းကို ဆန္ဒပြပိုင်ခွင့်ပေးရမယ်။ (မှန်ပါတယ်၊ မှန်ပါတယ်၊ သြဘာသံများ)

ဒါပေမယ့်လို့ အထူးအခွင့်အရေးအနေနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ကို ဆန္ဒပြပိုင်ခွင့်ပေးတာကိုတော့ ထားလိုက်ပါတော့၊ ကျမတို့ ဒါကို ဘာမှသိပ်ပြီးတော့ မပြောလိုပါဘူး။ ဒါပေမယ့် တကယ့်မှန်ကန်တဲ့ ဆန္ဒပြခြင်းတော့ မဟုတ်ပါဘူး။ တချို့ပြည်သူတွေ အတင်းအကြပ် မလိုက်မနေရဆိုပြီးတော့ ခေါ်လာပြီးတော့ ဆန္ဒပြခိုင်းတာတွေလဲရှိပါတယ်။ (သြဘာသံများ)

အဲဒါအပြင်မှာ ကျမတို့ကလဲ ဘာမှမတုံ့ပြန်ပါဘူး၊ ဘာမှမတုံ့ပြန်ဘူး။ ကျမတို့အနေနဲ့ အာဏာပိုင်တွေကို အသိပေးတယ်။ ဒီလိုပဲ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က တရားဥပဒေနဲ့ မညီတဲ့ကိစ္စတွေကို လုပ်နေပါတယ်ဆိုပေမယ့်လဲ အာဏာပိုင်တွေက အရေးမယူဘူး။ အရေးမယူတော့ အာဏာပိုင်တွေက သူတို့လက်မှာ ရှိတယ်ဆိုတဲ့ သဘောထားနဲ့၊ ကျမတို့ကလဲ ဘာမှ မတုံ့ပြန်ဘူးဆိုတာကို သိနေတော့ ဒီ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ကလဲ တစထက်တစ ပိုပြီးတော့ ဆိုးလာတယ်။ တစထက်တစ ပိုပြီးတော့ ဆိုးလာတယ်ဆိုတာက ကျမတို့ ဒီ မတ္တရာကို၊ စဥ့်ကူးကိုလာတဲ့အခါမှာ ကျည်တောက်ပေါက်ရွာမှာကျတော့ တုတ်တွေ၊ ဓားတွေ၊ လောက်လေးဂွတွေနဲ့ ကျမတို့ရဲ့ အဖွဲ့တွေကို၊ ကျမတို့ကို ထောက်ခံတဲ့သူတွေကို ရမ်းကားလာတဲ့အထိဖြစ်လာတယ်။ ဒါပေမယ့် ကျမတို့ ဘယ်လိုမှမတုံ့ပြန်ပါဘူး။ ရဲစခန်းမှာပဲ အမှုဖွင့်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့က ဒီနိုင်ငံမှာ ဥပဒေစိုးမိုးရေး ရှိသလား မရှိသလားဆိုတာ သေသေချာချာ သိချင်လို့။ မရှိရင်လဲ သက်သေနဲ့ သေသေချာချာ သိရအောင်။ (သြဘာသံများ)

ဒီတော့ နောက်တနေ့ကျတော့ မတ္တရာမှာကျတော့ ထပ်ပြီးတော့ တဆင့်တိုးပြီးတော့ ကျမတို့ကို နှောင့်ယှက်တဲ့အနေနဲ့ ကျမတို့အဖွဲ့ချုပ်ရုံးထဲမှာ၊ ကျမတို့ အဖွဲ့ချုပ်ရဲ့ ပရဝုဏ်အတွင်းထဲမှာ ကျမတို့လူငယ်ဖွဲ့စည်းရေးလုပ်နေချိန်မှာ ပရိသတ်၊ အဲဒီက အဖွဲ့ချုပ်က ခြံက တော်တော်ကျယ်ပါတယ်။ အခု ဒီကနေ ဟိုဘက် ခြံစည်းရိုးလောက်ရှိမယ်။ အဲဒီတော့ ပရိသတ်ကလဲ ခြံထဲမှာပဲ ရှိတယ်။ တချို့ကလဲခြံအပြင်မှာ၊ လမ်း ဟိုဘက်မှာရှိတယ်။ အဲဒီလိုအချိန်မှာ ဒီ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က ကားတွေနဲ့ အော်လံကြီးတွေနဲ့လာပြီးတော့ ဟို.... ကျမတို့ကို နှောင့်ယှက်ရန်စတဲ့သဘောနဲ့ လုပ်လာတယ်။ လုပ်လာတော့ ကျမတို့လဲ ဘာမှမလုပ်ပါဘူး။ ဒီလိုပဲ ကိုယ့်ဟာကိုယ် ဆက်လုပ်နေတုန်း၊ ဒီလောက်တောင်မှ အနိုင်ကျင့်တာကို ကြည့်မရတဲ့ သံဃာတော်တွေကနေပြီးတော့ ထော်လာဂျီနဲ့လာပြီးတော့ လောက်လေးဂွနဲ့ ပစ်တော့မှပဲ ဒီကားတွေ ထွက်သွားတယ်။ (သြဘာသံများ)

အဲဒီတော့ ကျမတို့မြင်တာကတော့ သံဃာတော်တွေကလဲ ဒီလို တဘက်သတ် အနိုင်ကျင့်နေတာကို ကြည့်မရတော့လို့ လုပ်တာပဲ။ (သြဘာသံများ)

ဒါ တရားမျှတမှု မရှိတာကို၊ တရားမျှတမှု မရှိတာကို လက်မခံနိုင်လို့ ဒီလိုလုပ်တာပဲ။ နောက်ပြီးတော့လဲ ကျမတို့ အဖွဲ့ချုပ်အပေါ်မှာ ကရုဏာသက်လို့ လုပ်တာပဲ။ တကယ် တဘက်သတ်ခံနေရတယ်ဆိုပြီးတော့၊ အဲဒီတော့ အခုကျမတို့ ဒီကို မုံရွာကို လာတဲ့အခါမှာလဲ ကျမတို့ကြားတာပေါ့လေ။ စစ်ကိုင်းတိုင်းမှာ ဘယ်လို၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့တွေကို ဘယ်လို စုဆောင်းနေတယ်။ ဘယ်လိုကားကြီးတွေ ဘယ်နှစ်စီးနဲ့ ဘယ်နှစ်ယောက် ခေါ်လာတယ် စသဖြင့် စသဖြင့်။ အဲ.... လမ်းမှာလဲတွေ့ပါတယ်။ ကားတွေရော၊ ဆန္ဒပြတဲ့လူတွေရော ကားတွေက တော်တော်ကို များတယ်။ တခြားလူတွေတော့ ကားပိတ်ထားတယ်လို့ ပြောတယ်။ ကားတွေ ဘာတွေ အခုတလော ငှားလို့မရဘူးဆို၊ အားလုံး။ (သြဘာသံများ)

ဒါပေမယ့် အဲဒီအဖွဲ့ကတော့ ကားတွေ တော်တော် များပါတယ်။ အဲဒီတော့ ကျမတို့ မုံရွာကိုဝင်လာတော့ ချောင်းဦးက အစပေါ့လေ၊ ကျမတို့ ချောင်းဦးက ပြည်သူလူထုကရော၊ ချောင်းဦးနဲ့ မုံရွာကြားထဲက ရွာတွေက ပြည်သူလူထုကရော တခဲနက် ကျမတို့ကို အားပေးထောက်ခံတာဟာ ဒီလို မတရားလုပ်တာ၊ အနိုင်ကျင့်တာကို မကြိုက်လို့ ထောက်ခံနေတာကိုလဲ အများကြီး ပါတယ်လို့ ကျမ ဒီလိုပဲ ယုံကြည်ပါတယ်။ ဒီတော့ ကျမတို့ မုံရွာကိုဝင်လာတော့ ချောင်းဦးက အစပေါ့လေ၊ ကျမတို့ ချောင်းဦးက ပြည်သူလူထုကရော၊ ချောင်းဦးနဲ့ မုံရွာကြားထဲက ရွာတွေက ပြည်သူလူထုကရော တခဲနက် ကျမတို့ကို အားပေးထောက်ခံတာဟာ ဒီလို မတရားလုပ်တာ၊ အနိုင်ကျင့်တာကို မကြိုက်လို့ ထောက်ခံနေတာကိုလဲ အများကြီးပါတယ်လို့ ကျမ ဒီလိုပဲ ယုံကြည်ပါတယ်။ (သြဘာသံများ)

ကျမ ဒါတွေကျတော့ ကျမ အင်မတန်မှ ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံအားဖြင့် ကျမတို့ ပြည်သူလူထုဟာ မတရားတဲ့ကိစ္စတွေ မကြိုက်ဘူး၊ အနိုင်ကျင့်တာကိုမနှစ်မြို့ဘူး။ ခံရတဲ့ဘက်ကိုမှ ကရုဏာသက်တယ်ဆိုတာ ဒါ အင်မတန်မှ ကောင်းပါတယ်။ အဲဒီတော့ ကျမတို့ ဒါဆိုရင် ဒီလို စိတ်ဓာတ်တွေကို အခြေခံပြီးတော့ ဒီမိုကရေစီနိုင်ငံကြီးတခုကို ထူထောင်ရမှာ။

အမှန်တရားသည် အင်အား၊ အင်အားသည် အမှန်တရား မဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ကျမတို့ရဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ဖို့ လိုပါတယ်။ ကျမတို့ ဒီမိုကရေစီ ထူထောင်မယ်ဆိုပြီးတော့ ပြောနေတာဟာ တရားဥပဒေစိုးမိုးရေး ရှိစေချင်လို့၊ တရားမျှတခြင်း ရှိစေချင်လို့၊ ဘယ်သူကမှ ဘယ်သူ့ကို တရားဥပဒေနဲ့ မကိုက်ညီဘဲနဲ့ အနိုင်ကျင့်တာတွေ၊ ဟို ဗိုလ်ကျတာတွေ မလုပ်နိုင်ဘူး။ အဲဒီတော့ အဲဒီလို အခြေအနေရှိဖို့အတွက် ကျမတို့ဟာ ပြည်သူလူထုကို အာမခံချက်ပေးနိုင်မယ့် စနစ်လိုတယ်။ စနစ်ဟာ အင်မတန်မှအရေးကြီးပါတယ်။ ကျမကို ရံဖန်ရံခါ မေးပါတယ်၊ စနစ်နဲ့ အဲ.... လူနဲ့ မူနဲ့ ဘယ်ဟာ ပိုပြီးတော့ အရေးကြီးလဲပေါ့နော်။ ကျမကမြင်ပါတယ်။ (၂)ခုစလုံး အရေးကြီးတယ်။ လူတွေက ဘယ်လောက် တော်တော်၊ မူပေါ့ စနစ်က၊ စနစ်က မကောင်းဘူးဆိုလို့ရှိရင် ဒီမကောင်းတဲ့ စနစ်ထဲမှာ တော်တဲ့လူတွေ၊ ကောင်းတဲ့လူတွေက နွံထဲမှာ နစ်သလို နစ်နေမယ်။ ရုန်းလို့ မရဘူးဖြစ်နေမယ်နော်။ (သြဘာသံများ)

ကျမတို့ တဘက်က ကြည့်လိုက်လို့ရှိရင်လဲ စနစ်က ဘယ်လောက်ကောင်းကောင်း လူတွေက မကောင်းဘူး၊ လူတွေက မတော်ဘူးဆိုလို့ရှိရင် နိုင်ငံတနိုင်ငံမှာ တိုးတက်မှုရှိနိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ အရေးကြီးတာက စနစ်က မှန်ဖို့ ကောင်းဖို့လဲ လိုတယ်။ လူတွေကတော်ဖို့ ကြိုးစားဖို့လဲ လိုတယ်။ အဲဒီတော့ ကျမတို့ရဲ့မြန်မာနိုင်ငံက ပြည်သူလူထုဟာ ဒီလို စနစ်ကောင်းရတဲ့အခါမှာ နိုင်ငံတိုးတက်ဖို့အတွက်၊ နိုင်ငံအေးချမ်းသာယာဖို့အတွက် လုပ်ပေးနိုင်တဲ့၊ အရည်အချင်းရှိတဲ့ ပြည်သူလူထုလားဆို၊ ကျမတို့ သုံးသပ်လိုက်လို့ရှိရင် ကျမတို့က ဒီအရည်အချင်းနဲ့ ပြည့်စုံတယ်လို့ ထင်တယ်။ ဘာဖြစ်လို့ ကျမ ဒီလိုထင်လဲဆိုတာ အကြောင်းက (၂)ကြောင်းပေါ့။

တကြောင်းကတော့ အရင်သမိုင်းအရပေါ့နော်။ ဟို.... လွတ်လပ်ရေးရပြီးစဉ်ကာလ ခေတ်တုန်းကဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ ကျမတို့ အရှေ့တောင်အာရှမှာဆိုလို့ရှိရင် အတိုးတက်ဆုံးနိုင်ငံဖြစ်တယ်။ ဒါ တချိန်တခါတုန်းက ကျမတို့ရဲ့နိုင်ငံက နိုင်ငံသူ နိုင်ငံသားတွေက ကျမတို့ဒေသမှာ ရှေ့ပြေးဖြစ်နိုင်လောက်အောင်ကို အရည်အချင်းရှိရင် စနစ်ကနေပြီးတော့ ကောင်းလို့ရှိရင် ဒီလိုအရည်အချင်းတွေ ထပ်ပြီးတော့ ပြန်မပေါ်လာစရာအကြောင်း ဘာမှမရှိဘူး။ နောက်တခုကလဲ အခုခေတ်မှာ ကျမတို့ မြန်မာနိုင်ငံက စီးပွားရေးအခြေအနေ မကောင်းတဲ့အခါကျတော့ နိုင်ငံရပ်ခြားကို သွားပြီးတော့ မိမိတို့မိသားစုတွေအတွက် ဟို.... ဘဝရပ်တည်နိုင်ဖို့အတွက် ပိုက်ဆံရှာရတယ်ပေါ့။ သွားပြီးတော့ အလုပ်လုပ်ရတယ်။ ပိုက်ဆံရှာတဲ့အလုပ် လုပ်ရတဲ့လူတွေ တော်တော်များများရှိတယ်၊ ကျမတို့ နိုင်ငံမှာ။ အဲဒီလို နိုင်ငံရပ်ခြားကို စွန့်စွန့်စားစား သွားပြီးတော့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်တဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ အောင်အောင်မြင်မြင်ရှိတယ်။ အများစုက တော်တော့်ကို အောင်မြင်တယ်။ ဟို.... သဘော်သားတွေဆိုလို့ရှိရင် မြန်မာသဘော်သားတွေဆိုလို့ရှိရင် တဘက်ကလည်း ဂုဏ်ယူရတယ်၊ တဘက်ကလည်း သနားရတယ်၊ ရင်နာရတယ်။ ဂုဏ်ယူရတယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ မြန်မာသဘော်သားတွေဟာ အလုပ်သိပ်လုပ်တာပဲဆိုပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေက သဘောကျတယ်။ မြန်မာသဘော်သားတွေဆိုလို့ ရှိ

တဖက်သို့ ❑



## ❑ တဖက်မှ

ရင် ငှားချင်တယ်။ သူတို့အတွက် သနားစရာ ကောင်းတယ်၊ ရင်နာစရာ ကောင်းတယ်ဆိုတာ မြန်မာသဘော်သားတွေက ဘယ်လောက်ခိုင်းခိုင်း ခိုင်းလို့လဲရတယ်။ လခနှိမ်ပေးလို့ရှိရင်လဲ ယူတယ်။ မြန်မာနိုင်ငံက သူ့ရဲ့နိုင်ငံသားတွေကို ပြန်ပြီးတော့ မကာကွယ်ဘူးဆိုပြီးတော့ လုပ်ငန်းရှင်တွေက မြန်မာသဘော်သားတွေကို အခွင့်အရေးယူတာမျိုးတွေရှိတယ်။ (သြဘာသံများ) အဲဒီတော့ ဒါ သဘော်သားတွေတင် မဟုတ်ဘူး။ တခြားနေရာတွေမှာလဲ ဒီလိုပဲ။

ဒီတော့ စနစ်ကမှန်လို့ရှိလို့ရှိရင် ကျမတို့ နိုင်ငံသူနိုင်ငံသားတွေ မတိုးတက်စရာအကြောင်းမရှိဘူးဆိုတာ ထင်ရှားပါတယ်။ (သြဘာသံများ)

ဒါ့ကြောင့် ကျမတို့ဟာ ဒီလို ပြည်သူလူထုကို အခွင့်အရေးအပြည့်အဝပေးမယ့် စနစ်တခုကို ထူထောင်ဖို့ကြိုးစားနေတာပါ။ ကျမတို့ဆိုတာ ပြည်သူလူထုကို ချမ်းသာအောင် လုပ်ပေးမယ့်စနစ်လို့ အဲဒီလို မပြောပါဘူး။ အခွင့်အရေး အပြည့်အဝပေးမယ့် စနစ်၊ အဲဒီအခွင့်အရေးကို မှန်မှန်ကန်ကန် သုံးလို့ရှိရင် ဇွဲ၊ ဝီရိယ၊ လုံ့လနဲ့ လုပ်မယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ ချမ်းသာနိုင်မယ်။ အေးချမ်းနိုင်မယ်။ စည်းလုံးမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျမတို့ နိုင်ငံဟာ ပြည်ထောင်စုပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့ထားတဲ့ ပြည်ထောင်စုဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အေးချမ်းမှုဟာ အင်မတန်မှအရေးကြီးပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်ကာလက စပြီးတော့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုတွေ အမျိုးမျိုးရှိခဲ့ပါတယ်။ အခုဆိုလို့ရှိရင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ ရှိပေမယ့် အပစ်အခတ်ရပ်စဲရေးဆိုတာ ငြိမ်းချမ်းရေး မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး သဘောတူညီချက်တွေတော့ မရှိသေးပါဘူး။ အဲဒီတော့ ငြိမ်းချမ်းရေး သဘောတူညီချက်တွေရှိဖို့ ကျမတို့ရဲ့ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းမှု အာမခံဖို့ဆိုတာ နိုင်ငံရေးနည်းလမ်းနဲ့ပဲ လုပ်လို့ ရပါတယ်။ နိုင်ငံရေးအရ တိုင်းရင်းသားများအားလုံးဟာ သဘောတူညီ၊ အများအတွက် ကောင်းကျိုးပေးမယ့် ပြည်ထောင်စုတခုကို ထူထောင်မယ်ဆိုပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တဲ့အခါမှ ကျမတို့နိုင်ငံဟာ တကယ်ပဲအေးချမ်းသွားပြီလို့ သတ်မှတ်နိုင်မှာပါ။ အဲလို အေးချမ်းသွားပြီဆိုရင် နိုင်ငံကလဲ အေးချမ်းမယ်၊ ပြည်သူလူထုကလဲ အခွင့်အရေးတွေကို အပြည့်အဝပေးရမယ်။ ကျမတို့ နိုင်ငံသူနိုင်ငံသားတွေ ကိုယ့်အစွမ်းအစနဲ့ ကိုယ့်ကိုယ်ကို ချမ်းသာအောင်၊ ကိုယ့်တိုင်းပြည်ကို ချမ်းသာအောင် လုပ်နိုင်တဲ့အခွင့်အရေးတွေ အများကြီးရမှာပါ။ ဒီတော့ ဒီမိုကရေစီဟာ အခွင့်အရေးပေးတဲ့ စနစ်၊ လုံခြုံမှုပေးတဲ့စနစ်၊ လွတ်လပ်မှုပေးတဲ့စနစ်၊ အဲဒီ ရထားတဲ့ လွတ်လပ်မှုနဲ့၊ လုံခြုံမှုနဲ့ အခွင့်အရေးတွေဘောင်အတွင်းမှာ ပြည်သူလူထုက ကိုယ့်နိုင်ငံတိုးတက်အောင် ကိုယ်ကြိုးစားရမယ်။ တိုးတက်အောင် ကြိုးစားချင်တဲ့စိတ်ဓာတ် ရှိရမယ်။ ကြိုးစားချင်တဲ့ အရည်အချင်းရှိရမယ်။ အဲဒီလို အရည်အချင်းတွေရှိအောင်လို့ နိုင်ငံတော်က အပြည့်အဝ ကူညီရမယ်။ ဆိုလိုတာက နိုင်ငံတော်က အဆင့်မြင့်တဲ့ ပညာရေးစနစ် လူတွေမှာ ရှိအောင် လုပ်ပေးရမယ်။ အဆင့်မြင့်တဲ့ ပညာရေးစနစ် မရှိဘဲနဲ့ ကျမတို့ရဲ့ ပြည်သူတွေဟာ တိုးတက်မှာ မဟုတ်ဘူး။ (ထောက်ခံသံများ)

ကျမနားလည်တယ်၊ ကျမတို့ ကျောင်းသားတွေက အခုပညာရေးစနစ်နဲ့ ပတ်သက်လို့ ကျေနပ်မှုမရှိဘူး။ (ထောက်ခံသံများ) ကျေနပ်မှုမရှိတော့ တဘက်ကနေ ကြည့်လို့ရှိရင်တော့ ဒါ ဝမ်းနည်းစရာ ကောင်းတာပေါ့။ ကျမတို့ရဲ့လူငယ်တွေဟာ ဒီပညာရေးစနစ်နဲ့ပတ်သက်လို့ ကျေနပ်မှု မရှိဘူး။ တဘက်ကနေကြည့်လို့ရှိရင်တော့ ဒါ ကောင်းတဲ့လက္ခဏာပဲ။ အဆင့်မရှိတဲ့စနစ်ကို အဆင့်မရှိဘူးလို့ သိတာဟာ အင်မတန်မှ ကောင်းပါတယ်။ (သြဘာသံများ) အဆင့်အတန်းမမီတဲ့ ပညာရေးစနစ်ကို သိပ်ပြီးတော့ အထင်ကြီးနေလို့ရှိရင် ကျမတို့ ဘယ်လိုလုပ် တိုးတက်မှာလဲ။ ဒါလေးနဲ့ ကျေနပ်နေမှာလား။ အဲဒီတော့ ကျမတို့လူငယ်တွေက မျက်စိပွင့် နားပွင့်မှုရှိတယ်။ တချို့လူငယ်တွေကတော့ ကိုယ့်အတွက် ကိုယ်ပဲ စဉ်းစားတယ်။ ကိုယ်အေးအေးချမ်းချမ်း နေချင်တယ်။ ဒီလို ဟို.... အခုခေတ် ခေတ်ပေါ်ပစ္စည်းတွေ သုံးချင်တယ်၊ စားချင်တယ်၊ သောက်ချင်တယ်၊ ပျော်ချင်တယ်၊ ပါးချင်တယ်။ ဒီလိုလူငယ်တွေတော့ ဒါတော့ ကျမတို့ နိုင်ငံတင် မဟုတ်ပါဘူး။ နိုင်ငံတိုင်းလိုလိုမှာ ရှိတယ်ပေါ့။ ဒါပေမယ့် ကျမတို့လူငယ်အတော်များများဟာ နိုင်ငံရေးစိတ်ဓာတ်ရှိတယ်ဆိုတာ ကျမတွေ့ရတယ်။ နိုင်ငံရေးစိတ်ဓာတ်ရှိတာလဲ ဘယ်သူမှ မသင်ထားဘဲနဲ့နော်၊ အခုခေတ်ဆိုလို့ရှိရင် နိုင်ငံရေးဆိုအားပေးမှာ မဟုတ်ဘူး။ ဟို ကျမတို့ လွတ်လပ်ရေးခေတ်တုန်းကဆိုရင် အဲ သခင်ပေါက်စ ထောင်(၆)လဆိုပြီးတော့ ခြောက်ကြတယ်။ ကျမတို့ခေတ်မှာတော့ နိုင်ငံရေးလုပ်လို့ ထောင်(၆)လဆိုတာ ရီတောင် ရီချင်သေးတယ်။ (သြဘာသံများ) ထောင်က (၆)လဆိုလို့ရှိရင်တော့ အနားသွားယူတယ်လို့ပဲ ထင်ရမှာပေါ့။ အဲတော့ ဒီလောက်တောင်မှ နိုင်ငံရေးကို အားမပေးတဲ့ခေတ်။ နိုင်ငံရေးမှာ လူကြီး၊ လူငယ်မရွေး စိတ်မဝင်စားအောင် လုပ်နေတဲ့ခေတ်ကြီးမှာ လူငယ်တွေဟာ နိုင်ငံရေးစိတ်ဓာတ်ရှိလာတယ်။ လူငယ်တွေက သူတို့ကိုယ်သူတို့ နိုင်ငံရေးစိတ်ဓာတ်ရှိမှန်းတောင် သိရဲ့လားတော့ မသိဘူး။ ဒါပေမယ့် နိုင်ငံရေးစိတ်ဓာတ်ရှိတယ်။ ကျမတို့ ဘာလို့ ရှိလဲ ပြောလဲဆိုတာဟာ ဒီအခြေအနေတွေမှာ ပြောင်းလဲရမယ်ဆိုတာ နားလည်တယ်။ ပြောင်းလဲမှုကို လိုလားတယ်။ နောက်ပြီးတော့လဲ မဖြစ်သင့်တာတွေ ဖြစ်နေတာ။ မတရားတဲ့ ကိစ္စတွေဖြစ်နေတာကို လုံးဝမကျေနပ်ဘူး။ အဲဒါကြောင့် ကျမပြောနေတာ။ (သြဘာသံများ)

စောစောက ကျမပြောသလိုပေါ့။ ကျမတို့ကို ပြည်သူလူထုကနေပြီးတော့ ကျမတို့ အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်၊ ကျမတို့အဖွဲ့ချုပ်ရဲ့ မူတွေကို သဘောကျလို့ ထောက်ခံတာဆိုရင်လဲ ကျမတို့ သဘောကျတာပဲ။ အဲလို ထောက်ခံမှုဆိုရင် ကျမတို့ကြိုဆိုတယ်။ ဝမ်းသာတယ်။ ဒါပေမယ့် ဒီမတရားမှုကို မကြိုက်လို့ ကျမတို့ကို ထောက်ခံတယ်ဆိုရင် ကျမ ပိုပြီးတော့ကြိုက်တယ်။(သြဘာသံများ)

မတရားမှုကိုမကြိုက်တဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ မိမိတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် ထိထိရောက်ရောက် လုပ်ပေးနိုင်တဲ့ နိုင်ငံသူနိုင်ငံသားတွေ။ တရားဥပဒေစိုးမိုးရေးဆိုတာဟာ လူတိုင်း လူတိုင်းကို ဥပဒေဘောင်အောက်မှာ တန်းတူညီတူ ကာကွယ်မှု ပေးထားပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေကို လုံခြုံမှုပေးတဲ့စနစ်ပဲ။

အခုနောက်ပိုင်းမှာ ကျမတို့ မိုးကုတ်၊ မန္တလေး၊ ချောင်းဦး၊ မုံရွာဒီဘက်ပိုင်းတွေ ရောက်လာတဲ့အခါကျတော့ ကျမကြည့်လိုက်တဲ့အခါကျတော့ ကျမတို့ရဲ့ ပြည်သူလူထုကို ဒီမိုကရေစီနဲ့မထိုက်တန်ဘူးလို့ ပြောတဲ့လူတွေက ပြည်သူလူထုနဲ့ ထိတွေ့မှု လုံးလုံး မရှိဘူး ထင်တယ်လို့ ကျမ ထင်တယ်။ (သြဘာသံများ) ကျမတို့ပြည်သူဟာ ဒီမိုကရေစီနဲ့ ထိုက်တန်တယ်ဆိုတာ ကျမတို့ ယုံကြည်တယ်။ ဒါပေမယ့် ကျမတို့ ဒီမိုကရေစီရဖို့ဆိုတာတော့ ကြိုးစားရမှာပဲ။ ဘာမှ အလကား မရဘူးနော်။ လွယ်လွယ်နဲ့တော့ မရဘူး။ လွယ်လွယ်နဲ့ ပေးချင်လို့ရှိရင် ပေးတာ ကြာလှပြီ၊ (၁၅)နှစ်လုံးလုံး။ (ရီသံများ) ဒီတော့ လွယ်လွယ်နဲ့မရတဲ့ကိစ္စမို့လို့ ကြိုးစားပမ်းစားနဲ့ လုပ်ရမယ်။ ကျမတို့အဖွဲ့ချုပ်က ပြည်သူလူထုကို ပေးထားတဲ့ကတိအတိုင်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ထွန်းကားဖို့အတွက်၊ တည်တံ့ခိုင်မာဖို့အတွက် ထပ်ပြီးတော့ ကျမတို့ ကြိုးစားမှာပဲ။ ရတဲ့အထိ လုပ်သွားမှာပဲ။ (သြဘာသံများ) အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ မေးစရာ အကြောင်းမရှိဘူး၊ အောင်မြင်မယ်။ ဒါပေမယ့်လဲ ဘယ်လောက် မြန်မြန် အောင်မြင်မယ်ဆိုတဲ့ မေးခွန်းက အရေးကြီးတယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီစနစ်ထွန်းကားဖို့ ကြာလေလေ တိုင်းပြည်နာလေလေပဲ။ စီးပွားရေးက တနေ့ထက်တနေ့ ကျနေတယ် ဆိုတာ ကျမတို့ ပြည်သူလူထုအားလုံး သိတယ်။ ကုန်ဈေးနှုန်းတွေက တက်တယ်၊ စီးပွားရေးက ကျတယ်။ ဒါဟာ အားလုံးသိတယ်။ ဒီလိုအခြေအနေမှာ တိုင်းပြည်တပြည်ဟာ ထပ်ပြီးတော့ ကြာကြာနေလို့ရှိရင် ပြည်သူလူထု အများကြီး ဒုက္ခရောက်မှာပဲ။ ဒီလောက်ဆိုတော့ ကျမတို့ အပြောင်းအလဲက အမြန်လိုတယ်ဆိုတာဟာ စီးပွားရေးနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့မရဘူး။ ဒီနိုင်ငံရဲ့ စီးပွားရေးစနစ် ညံ့ဖျင်းနေတာဟာ နိုင်ငံရေးစနစ် ညံ့ဖျင်းလို့ပဲဖြစ်တယ်။ (သြဘာသံများ) အဲဒီတော့ စီးပွားရေးသမားတွေဆိုတာလဲ မိမိတို့ရဲ့ ဥပဒေဘောင်အတွင်းမှာ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ လုံလုံခြုံခြုံလုပ်ပိုင်ခွင့်ရှိရမယ်။ အဲဒီလိုရှိတဲ့ စနစ်မှာမှ တိုင်းပြည်ဟာ စီးပွားရေးအရ တိုးတက်နိုင်မှာ။



ဒီတော့ ကျမတို့ ဒီမိုကရေစီ မြန်မြန်လိုချင်တယ်။ ဘယ်လောက် မြန်မြန်လိုချင်သလဲဆို၊ တချို့ကတော့ ပြောတာပေါ့နော်၊ အချိန်ယူရမယ်၊ ဘာအချိန်ယူချင်လဲ၊ (၁၅)နှစ်တာ တော်လောက်ပြီလို့ ကျမထင်တယ်။ (သြဘာသံများ)

ဒါပေမယ့် ကျမတို့က အမြန်ဆုံး ဒီမိုကရေစီရအောင်လို့ ကျမတို့ ကြိုးစားနေတယ်။ ဒီကြိုးစားတဲ့နေရာမှာ ပြည်သူလူထုရဲ့ ထောက်ခံမှုဟာ ကျမတို့အတွက် အရေးကြီးဆုံးပဲ။ ဒီမိုကရေစီရဖို့ကတော့ ကျမတို့ သိပ်ပြီးတော့ သံသယဖြစ်စရာအကြောင်း မရှိဘူး၊ ရကိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုရဲ့ဆန္ဒက အဲဒီဘက်မှာရှိတယ်။ ဒီကမ္ဘာရဲ့ သမိုင်းရေစီးကြောင်းက ဒီမိုကရေစီဘက်မှာ ရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂနဲ့တကွ ကမ္ဘာ့နိုင်ငံအများစုက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံတယ်၊ အားပေးကြတယ်။ ဒီတော့ ကျမတို့ဟာ ဒီမိုကရေစီ ရမှာ။ ရတဲ့အခါကျလို့ရှိရင် ဒီမိုကရေစီ တည်တံ့ခိုင်မြဲအောင်လုပ်ဖို့တော့ ကျမကနေပြီးတော့ မုံရွာမြို့သူ၊ မြို့သားများကို သတိပေးချင်တယ်။ ဘာဖြစ်လို့ ကျမ ဒီလိုပြောတာလဲဆိုတော့ မုံရွာမြို့သူ၊ မြို့သားများဟာ ကျမ စောစောကပြောသလို ခိုင်မာတယ်၊ အင်အားတောင့်တယ်၊ ကိုယ့်ရဲ့အင်အားကို မှန်မှန်ကန်ကန်သုံးဖို့ လိုတယ်။ ဒီအင်အားကို စည်းကမ်းတကျနဲ့ မှန်မှန်ကန်ကန် သုံးမယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ အမြန်ကြီးတိုးတက်လိမ့်မယ်။ ဒီမိုကရေစီစနစ်မှာ အမြန်ကြီးတိုးတက်လိမ့်မယ်။ ကြီးမားတဲ့အင်အားကို အလွဲသုံးစားလုပ်လို့ ရှိရင်တော့ အန္တရာယ်ရှိတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျမတို့ရဲ့ပြည်သူလူထုဟာ ဒီမိုကရေစီရတဲ့အခါကျလို့ရှိရင် ကိုယ့်တာဝန်တွေကိုလဲ သိစေချင်တယ်နော်။ ဒီမိုကရေစီဆိုတာ အခွင့်အရေးကြီးပဲ မဟုတ်ဘူး၊ တာဝန်လဲရှိတယ်။ ဒီမိုကရေစီစနစ်ရှင်သန်ဖို့ ဆိုတာဟာ အစဉ်အမြဲပဲ ကြိုးစားနေကြရတယ်။ ဟို.... ကျမတို့ နိုင်ငံသူနိုင်ငံသားတွေရဲ့ အားနည်းချက်တခုက ဘာလဲဆိုတော့ ကိစ္စတခုကို စပြီးလို့ ဆိုလို့ရှိရင်၊ ဒါမှမဟုတ် လုပ်ငန်းတခုကို စပြီး ဆိုလို့ရှိရင် ထိန်းသိမ်းတဲ့နေရာမှာ နည်း





ကျမတို့ကို ပြည်သူလူထုကနေပြီးတော့ ကျမတို့ အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်၊ ကျမတို့အဖွဲ့ချုပ်ရဲ့ မူတွေကို
သဘောကျလို့ ထောက်ခံတာဆိုရင်လဲ ကျမတို့ သဘောကျတာပဲ။
အဲလို ထောက်ခံမှုဆိုရင် ကျမတို့ကြိုဆိုတယ်။ ဝမ်းသာတယ်။
ဒါပေမယ့် ဒီမတရားမှုကို မကြိုက်လို့ ကျမတို့ကို ထောက်ခံတယ်ဆိုရင် ကျမ ပိုပြီးတော့ကြိုက်တယ်။

စာမျက်နှာ(၂၈)၊ကော်လံ(၃)သို့ ❑

# သတ္တမအကြိမ် မကဒတ [ကျောင်းသားတပ်မတော်] ညီလာခံ ကျင်းပပြီးစီး လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်၍ စစ်အာဏာရှင်စနစ်အဆုံးသတ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်




မကဒတ သတ္တမအကြိမ် ညီလာခံအပြီး ရွေးချယ်တင်မြှောက်လိုက်သော ခေါင်းဆောင်များ

ဇွန်၊(၇)ရက်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ သတ္တမအကြိမ်မြောက်ညီလာခံကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် မေလ (၂၃) ရက်နေ့မှ ဇွန်လ(၇)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

ညီလာခံသို့ မကဒတ တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းမှူးများ၊ ညီလာခံကိုယ်စားလှယ်များ၊ ဗဟိုဦးဆောင်ကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်များနှင့် လေ့လာသူများ စုစုပေါင်း (၅၆)ဦး တက်ရောက်ခဲ့ကြပြီး ညီလာခံမှနေ၍ ဗဟိုကော်မတီဝင် (၁၅)ဦး၊ အရန်ကော်မတီဝင် (၃)ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထိုညီလာခံကျင်းပနေစဉ်အတွင်း မေ (၃၀) အကြမ်းဖက်လုပ်ကြံမှုကြီး ဖြစ်ပွားခဲ့ခြင်းအတွက် နအဖစစ်အုပ်စု၏ ယုတ်မာပက်စက်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချသည့်အနေဖြင့် အရေးပေါ် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

ထိုညီလာခံတွင် လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်နိုင်ရေးမဟာဗျူဟာနှင့် စစ်အာဏာရှင်စနစ် အဆုံးသတ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားရန် ဆုံးဖြတ်ခဲ့ကြပြီး ခေါင်းဆောင်များအဖြစ် ဥက္ကဋ္ဌကိုသံခဲ၊ ဒုဥက္ကဋ္ဌကိုမျိုးဝင်း၊ အထွေထွေအတွင်းရေးမှူး ကိုကျော်ကိုကို၊ အတွင်းရေးမှူး (၁) ဆလိုင်းယောအောင်နှင့် အတွင်းရေးမှူး(၂)အဖြစ် ကိုဆန်နီတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ညီလာခံအပြီး ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာတွင် မကဒတအနေဖြင့် လက်နက်ကိုင်တိုက်ပွဲဝင်နေခြင်းကြောင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ ရပ်တန့်နေခဲ့သော်လည်း၊နိုင်ငံတကာရောက် မျိုးချစ်အင်အားစုများ၏ ကူညီမှုကြောင့် (၁၄)နှစ်တာခရီးတွင် အခြားကာလများနှင့်မတူ ထူးခြားမှုများ ပိုမိုရှိခဲ့ကြောင်း။ နအဖသည် အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဆန္ဒသဘောထား မရှိသည့်အပြင် အချုပ်အခြာအာဏာကို အစွမ်းကုန်ချုပ်ကိုင်ထားရန် ကျားကုတ်ကျားခဲ ကြိုးပမ်းနေကြောင်း၊ မြန်မာပြည်သူတရပ်လုံးမှာ ဘက်ပေါင်းစုံအကျပ်အတည်း ပိုမိုကြီးထွားလာသည်ကို တွေ့နေရသော်လည်း စစ်အုပ်စုသည် ခေါင်းမာနေဆဲဖြစ်သည့်အတွက် နိုင်ငံရေးအင်အားစုများအနေနှင့် လူထု အားကိုးယုံကြည်လောက်သည့်နိုင်ငံရေး၊ စစ်ရေးနှင့် စည်းရုံးရေးလုပ်ငန်းများ လက်တွေ့ကျကျ ပြင်ဆင်လုပ်ဆောင်ရန် တောင်းဆိုနေသည့် အခြေအနေသို့ ရောက်ရှိနေပြီဟု မကဒတက သုံးသပ်ရှုမြင်ကြောင်း။ နအဖသည် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုအကောင်အထည်ဖော်ရန် ပျက်ကွက်နေသည်သာမက အနိုင်ရပါတီများ၏ လွတ်လပ်စွာစည်းရုံးခွင့်များကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ပြီး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီလှုပ်ရှားသူများအား အကြမ်းဖက်ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း၊ ထိုတိုက်ခိုက်မှုသည် အာဏာရှင်စနစ်ကိုတိုက်ဖျက်ရန် တိုက်ပွဲဝင်နေကြသည့် နိုင်ငံတကာပြည်သူများကို စော်ကားလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

နိဂုံးပိုင်းတွင် မကဒတသည် DAB, NCUB တပ်ပေါင်းစုကြီးများ၏ နိုင်ငံရေးဆိုင်ရာမူဝါဒများအပေါ် အလေးအနက်ထားပြီး တပ်ပေါင်းစုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် တက်ကြွစွာပူးပေါင်းပါဝင်၍ အခြားသောတပ်ပေါင်းစုအဖွဲ့ဝင်များကိုလည်း စည်းရုံးတိုက်တွန်းသွားမည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအပါအဝင် အခြားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရဟန်းရှင်လူ ကျောင်းသားပြည်သူတရပ်လုံးတို့နှင့်ဟန်ချက်ညီညီ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ဖော်ပြထားသည်။

မကဒတဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ပေးအပ်ခြင်းခံရသည့် ကိုသံခဲက လက်ရှိနိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ၎င်း၏သဘောထားအမြင်ကို ပြောကြားခဲ့ရာတွင်လည်း....

ဒီကနေ့ဖြစ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီပါတီနှင့် ပြည်သူတွေကို နအဖက မိုက်မိုက်ရိုင်းရိုင်းလုပ်လိုက်တာဟာ အဲန်အယ်လ်ဒီတဖွဲ့တည်းနဲ့ သက်ဆိုင်တာမဟုတ်ဘူး။ ကျနော်တို့အားလုံးနဲ့ သက်ဆိုင်တယ်။ နိုင်ငံတကာနဲ့ ကျနော်တို့ကို ပုံဖော်ပြလိုက်တာဖြစ်တယ်။ ဒါဟာ အကြမ်းဖက်တိုက်ခိုက်မှုလို့ ကျနော်တို့ ရဲရဲကြီးသုံးသပ်ပါတယ်။ ဒီတော့ ဒီအကြမ်းဖက်တိုက်ခိုက်မှုတွေအားလုံးဟာ နအဖက စနစ်တကျလုပ်နေပါတယ်။ စနစ်တကျလုပ်နေတဲ့အချိန်မှာ ကျနော်တို့တတွေဟာ နအဖစစ်အာဏာရှင်ကို ဖျောင်းဖျလို့လဲမရပါဘူး၊ တောင်းဆိုလို့လဲမရပါဘူး။ ကျနော်တို့ တိုက်ပွဲဝင်ဖို့ နအဖက ပြဋ္ဌာန်းလိုက်တာဖြစ်တယ်။ ဒီပြဋ္ဌာန်းချက်ဟာ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲပေါင်းစပ်ရေးလို့ သတ္တမအကြိမ်ညီလာခံက ရဲရဲကြီးဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို မကဒတ က တက်ကြွလက်ကြွ ကျနော်တို့ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်” ဟု ပြောကြားသွားခဲ့သည်။ ❖

## ကျောင်းသားတပ်မတော်နှင့် ဒေါ်အောင်ဆန်းစုကြည်

အကြမ်းဖက်တိုက်ပွဲဝင်မှုကို အကောင်အထည်ဖော်နေတဲ့ ကျောင်းသားများနဲ့ အခြားသူများကို ကျမနဲ့ မဆိုင်ဘူးရယ်လို့ ဘယ်တုန်းကမှ မငြင်းခဲ့ဘူးဆိုတာ ကျမ အမြဲ ပြောခဲ့ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက်များဟာ ကျမတို့နဲ့ တထပ်တည်းဖြစ်ကြောင်း ကျမ သိပါတယ်။ သူတို့ဟာ ဒီမိုကရေစီကို လိုချင်တယ်။ အဲ့ဒါရဖို့ အကောင်းဆုံးနည်းလမ်းက လက်နက်ကိုင်လမ်းစဉ်ဖြစ်တယ်လို့ သူတို့ထင်မြင်ကြတယ်။ ကျမတို့လိုချင်တာကို တည်ဆောက်တဲ့ မှန်ကန်တဲ့နည်းလမ်းကို ကျမတို့ လက်ဝါးကြီးအုပ်ထားမယ်လို့ ကျမတို့ မပြောပါဘူး။ အလားတူပဲ ကျမတို့က သူတို့ရဲ့လုံခြုံမှုကို အာမ မခံနိုင်ဘူး။ အကြမ်းမဖက်လှုပ်ရှားမှုလမ်းကြောင်းမှာ ကျမတို့နောက်က လိုက်ပါ။ မင်းတို့အတွက် အကာအကွယ်ရပါလိမ့်မယ်။ ဒါမှမဟုတ် ငါတို့မှာ ဆုံးရှုံးမှုမရှိဘဲ အောင်မြင်ပါလိမ့်မယ်လို့ ကျမတို့ မပြောနိုင်ပါဘူး။ ဒါဟာ ကျမတို့ ဆောင်ကြဉ်းမပေးနိုင်တဲ့ ကတိစကားတွေပါ။ ....

ဒါပေမယ့် တချိန်မှာ ဂန္ဒီကြီးက တကယ်လို့ အကြမ်းဖက်မှုနဲ့ သူရဲဘောကြောင်မှုနှစ်ခုအနက် တခုခုကို ရွေးရမယ်ဆိုရင် အကြမ်းဖက်မှုကို ရွေးမယ်လို့ ပြောခဲ့တယ်။ ဒါကြောင့် အကြမ်းမဖက် နှလုံးရည်တိုက်ပွဲနည်းလမ်းရဲ့ မဟာရှေ့ဆောင်ပုဂ္ဂိုလ်ကြီးအဖြစ် ယူဆခံထားရတဲ့ မဟာတ္တမဂန္ဒီတောင်မှ မည်သည့်ခြွင်းချက်ကိုမှမထားဘဲ လုပ်ဆောင်ခဲ့သူ တယောက် မဟုတ်ပါဘူး။

**"The Voice of Hope", Alan Clement နှင့် တွေ့ဆုံမေးမြန်းခန်းတွင်**
**ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်**

# စစ်ရေးမဟာမိတ်အဖွဲ့ (၄)နှစ်မြောက် အထိမ်းအမှတ် ကြေညာချက်ထုတ်ပြန်

**ဇွန်၊ (၁၄)ရက်။**

ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ရှမ်းပြည်တော်လှန်ရေးကောင်စီ (RCSS) စသည့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ ပါဝင်သော စစ်မဟာမိတ်အဖွဲ့ကို ၁၉၉၉ ခု ဇွန်လ(၁၄)ရက်နေ့က ဖွဲ့စည်းခဲ့ရာ ယခု (၄)နှစ်မြောက်အထိမ်းအမှတ်အဖြစ် ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

ထိုကြေညာချက်တွင် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများနှင့် ၎င်းတို့အားဦးဆောင်သည့် ပါတီအဖွဲ့အစည်းများကို စစ်အာဏာရှင်အုပ်စုသည် အကြမ်းဖက်ဖိနှိပ်စစ်ပြုလျက်ရှိကြောင်း၊ ထိုသို့ အကြမ်းဖက်စစ်ပြုရာတွင် တရားမဲ့ သတ်ဖြတ်ခြင်း၊ ကျေးရွာများ၊ လူထုရိက္ခာပစ္စည်းများအား ဖျက်ဆီးခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ ငွေကြေးနှင့် ပစ္စည်းများ အဓမ္မတောင်းခံခြင်း၊ မုဒိမ်းကျင့်ခြင်း၊ မြေယာများ သိမ်းယူခြင်းတို့ကို အဆက်မပြတ် ပြုလုပ်လျက်ရှိကြောင်း၊ တိုင်းပြည်တွင် ဖြစ်ပွားနေသည့် နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းနှင့် ဖြေရှင်းရန် ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားအင်အားစုများက ပြင်းပြစွာတောင်းဆိုခဲ့ကြရုံမက နိုင်ငံတကာနှင့် ကုလသမဂ္ဂကလည်း တောင်းဆိုခဲ့ကြောင်း၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံသို့ (၁၀)ကြိမ်မြောက် လာရောက်ပြီး ကြိုးပမ်းခဲ့သော်လည်း စစ်အုပ်စုသည် တွေ့ဆုံဆွေးနွေးရေးကို ငြင်းပယ်ရုံမက အကြမ်းဖက်နည်းကိုပင် ၎င်းတို့ထုံးစံအတိုင်း တိုး၍သုံးလာကြောင်း၊ အဆိုပါအချက်မှာ “မေ–၃၀ ဒီပဲယင်း အကြမ်းဖက်လုပ်ကြံတိုက်ခိုက်မှု”က သက်သေခံနေကြောင်း ဖော်ပြထားသည်။

ထို့ပြင် မဟာလူမျိုးကြီးဝါဒကို လက်ကိုင်ထားသည့် နအဖအာဏာရှင်အုပ်စုသည် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာကြီးကို ခြိမ်းခြောက်လာနေပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိမှုနှင့် ပတ်သက်နေသည့် ကမ္ဘာ့အကြီးဆုံး အကြမ်းဖက်အဖွဲ့ကြီးဖြစ်သည်ကို ပြည်တွင်းပြည်ပနှစ်ရပ်လုံးက သတိပြုရမည် ဖြစ်ကြောင်း၊ ထို့ပြင် ထိုအကြမ်းဖက်အဖွဲ့ကြီး၏ တရားမဲ့ရပ်တည်နေမှုကိုလည်း ဆန့်ကျင်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး လက်နက်အားကိုး၍ တိုင်းရင်းသားလူမျိုးစုများ၊ ပြည်သူများအား ပိုမိုအကြမ်းဖက် စစ်ပြုလာနေသည့်အတွက် စစ်ရေးမဟာမိတ်အဖွဲ့က ထိုက်သင့်သည့် တုံ့ပြန်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ ❖

# မပေးဆပ်ဘဲ စစ်အစိုးရပြုတ်ကျနိုင်မည် မဟုတ် မန္တလေးတွင် လူထုလှုံ့ဆော်ရေးပိုစတာများ ပျံ့နှံ့

**ဇွန်၊ (၄)ရက်။**

အထက်မြန်မာနိုင်ငံ မန္တလေးမြို့တွင် လူထုအုံကြွရေးလှုံ့ဆော်စာများ ပျံ့နှံ့နေသဖြင့် စစ်ထောက်လှမ်းရေးများက စိုးရိမ်တကြီး လိုက်လံသိမ်းဆည်းနေရကြောင်း သိရသည်။

ဇွန်လ(၃၀)ရက်နေ့ည (၁၀)နာရီခွဲခန့်က မန္တလေး အနောက်တောင်မြို့နယ်ရှိ ဘုရားကြီးပတ်ဝန်းကျင်နှင့် ဈေးချိုအနီးအနား ပတ်ဝန်းကျင်တို့တွင် လူထုလှုံ့ဆော်ရေးပိုစတာများ ကပ်ထားသဖြင့် အမှတ် (၁၆) စစ်ထောက်လှမ်းရေးတပ်က စိုးရိမ်တကြီး လိုက်လံသိမ်းဆည်းခဲ့ကြရသည်ဟု သိရသည်။

လက်ရေးမူနှင့် တမျက်နှာခန့် ရေးသားထားသည့် အဆိုပါစာတွင် ယခုအခါ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး အပါအဝင် အဲန်အယ်လ်ဒီအဖွဲ့ဝင်များကို နအဖက လူမဆန်စွာ လုပ်ကြံဖို့ခဲ့ပြီး ဖမ်းဆီးခဲ့ခြင်းအပေါ် လုံးဝမကျေနပ်ကြောင်း၊ စစ်အုပ်စုအနေဖြင့် တကမ္ဘာလုံးက တောင်းဆိုနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးရေးကိုလည်း အမှန်တကယ်လုပ်ဆောင်ရန် ရည်ရွယ်ချက် မရှိကြောင်း၊ အဲန်အယ်လ်ဒီရုံးများကို ပိတ်ပစ်ခဲ့ပြီးနောက် ပါတီအဖွဲ့ဝင်များကို လိုက်လံဖမ်းဆီးကာ လူထုက တခဲနက် ထောက်ခံအားပေးခဲ့ကြသည့် ပါတီကိုပင် မတရားသင်း ကြေညာနိုင်ကြောင်း သတိပေး နှိုးဆော်ရေးသားထားသည်။

ထို့ပြင် ပြည်သူလူထုအနေဖြင့် မိမိတို့ကို ဖိနှိပ်နေသော စစ်အစိုးရသည် တိုင်းပြည်တွင် အုပ်ချုပ်ရန် မသင့်တော့ကြောင်း၊ (၁၀)နှစ်ကျော်ကြာလာခဲ့သည့်တိုင် တိုင်းပြည်တွင် မည်သည့်တိုးတက်မှုမျိုးမှ ဖြစ်ပေါ်မလာကြောင်း၊ ထို့ကြောင့် ရွေးစရာလမ်းမှာ တခုတည်းသာရှိတော့ကြောင်း၊ ထိုလမ်းမှာ ပြည်သူလူထုတရပ်လုံး ၈ လေးလုံးကာလတုန်းကလို လမ်းမပေါ်ထွက် ဆန္ဒပြရန် အချိန်တန်ပြီဖြစ်ကြောင်း၊ ဆိုးဝါးလှသည့် စစ်အစိုးရပြုတ်ကျရေးအတွက် မပေးဆပ်ဘဲ ရမည်မဟုတ်ကြောင်း လူထုလှုံ့ဆော်ရေး သတိပေးချက်ကို ပြည်သူတဦး အမည်ခံ၍ ရေးသားထားသည်ဟု သိရသည်။

စစ်တပ်အာဏာပိုင်များက မန္တလေးမြို့တွင် ၎င်းတို့၏တပ်ရင်းများမှ မိသားစုများနှင့် တပ်ဖွဲ့ဝင်များအားလုံးတို့အား အပြင်ထွက်ခွင့် မပေးသည့်အပြင် လူထုအုံကြွမှုများ ဖြစ်ပေါ်လာပါက နှိမ်နင်းဖို့ခွဲရေးအတွက် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ပြင်ဆင်နေကြောင်း သိရသည်။

မန္တလေးရှိ ပြည်သူလူထုသည် မေ(၃၀) တွင် ဖြစ်ပွားခဲ့သည့် မုံရွာ–ဒီပဲယင်းအရေးအခင်းနောက်ပိုင်း သတင်းဖျောက်ထားခြင်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အပါအဝင် မန္တလေးမြို့ခံ အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ အခြေအနေနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရသည်။ ❖

# နအဖကို ကြားဝင်မေတ္တာရပ်ခံပေးရန် နိုင်ငံတကာ ဗုဒ္ဓဘာသာအဖွဲ့က နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့သို့ လျှောက်ထားပန်ကြား

**ဇွန်၊ (၁၉)ရက်။**

မေ (၃၀) ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့မှုကို နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကြီးအနေဖြင့် နအဖစစ်အုပ်စုအား ကြားဝင်မေတ္တာရပ်ခံပေး လျှောက်ထားတောင်းပန်သည့်စာတစောင်ကို နိုင်ငံတကာ ဗုဒ္ဓဘာသာအဖွဲ့က ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ပန်ကြားလျှောက်ထားလွှာတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာပြည်သူ ပြည်သား၊ ဒကာ ဒကာမများအတွက် စိုးရိမ်ပူပန်မှုဖြစ်ရသလို ထိုဖြစ်ရပ်သည် တိုးတက်ပြန့်ပွားနေသည့် ဗုဒ္ဓဘာသာ သာသနာတော်၏ ရောင်ဝါကို ညှိုးမှိန်စေကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ကြီးအနေဖြင့် ယခုလို အခြေအနေမျိုးတွင် နအဖစစ်ဗိုလ်ချုပ်ကြီးများအား တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဩဝါဒများ မလွဲမသွေ မိန့်ကြားသင့်ပါကြောင်း လျှောက်ထားပန်ကြားထားသည်။ ပန်ကြားလွှာတွင် နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွှတ်ပေးရေး၊ နိုင်ငံရေးအကျပ်အတည်းများကို တွေ့ဆုံဆွေးနွေးသောနည်းဖြင့် ဖြေရှင်းပေးရေးတို့ကိုပါ ထည့်သွင်းမိန့်ကြားပေးရန် အဆိုပါအဖွဲ့ကြီးက လျှောက်ထားတောင်းဆိုထားသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံမည့်သူသည် နအဖသာလျှင်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းပြောဆို

**ဇွန်၊ (၁၆)ရက်။**

ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံရန် ကြံစည်နေသူများရှိနေသောကြောင့် အသက်အန္တရာယ် ကာကွယ်ပေးသည့်အနေဖြင့် ထိန်းသိမ်းထားရပါသည်ဟုဆိုသော နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်၏ ပြောဆိုချက်များမှာ လုံးဝအဓိပ္ပာယ်မရှိကြောင်းနှင့် အကယ်၍ လုပ်ကြံမည့်သူများ ရှိနေမည်ဆိုလျှင်လည်း ထိုသူများမှာ မေ(၃၀) ဒီပဲယင်း အရေးအခင်းဖန်တီးသူ စစ်အုပ်စုသာဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းကထုတ်ဖော်ပြောဆိုခဲ့သည်။

၎င်းက အကယ်၍ လုပ်ကြံသူများရှိပါက မည်သူတွေ၊ မည်သည့်အဖွဲ့က ကြံစည်နေသည်ကို သိလျှင် သိသလို နအဖက ကြေညာရမည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား လုံခြုံရေးအရ အကာအကွယ်ပေးထားခြင်းဟုဆိုသော်လည်း မည်သူနှင့်မျှ တွေ့ဆုံခွင့် မပေးခြင်းမှာ အဓိပ္ပာယ်မရှိကြောင်း၊ မစ္စတာရာဇာလီနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့ချိန်ကလည်း အလွန်ပင် တိုတောင်းပြီး နအဖ အစောင့်ရှိနေကြောင်း၊ ထိုသို့ပြုလုပ်ခြင်းမှာ လုပ်ကြံမှုမှကာကွယ်ရန် အစောင့်အရှောက်ပေးထားခြင်းမဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်ကို ပြင်ပနှင့် အဆက်အသွယ် ဖြတ်တောက်ထားခြင်းသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မစ္စတာရာဇာလီသည် မေ(၃၀) ဒီပဲယင်းအရေးအခင်းဖြစ်ပြီးနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံး တွေ့ဆုံခွင့်ရသည့် ပြင်ပမှ ပုဂ္ဂိုလ်ဖြစ်သည်။

ထို့ပြင် ဒေါက်တာစိန်ဝင်းက ဒီပဲယင်းအရေးအခင်းဖြစ်ချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်မှာ စိုးရိမ်ဖွယ်ကောင်းကြောင်း၊ ထို့ကြောင့် ဒီပဲယင်းအရေးအခင်းကို ဖန်တီးသူများသည်သာ လုပ်ကြံမည့်သူတွေဖြစ်နိုင်ကြောင်း၊ ထိုအရေးအခင်းကို ဖန်တီးသူမှာ စစ်အုပ်စုသာဖြစ်သောကြောင့် လုပ်ကြံမည့်သူများမှာ ၎င်းတို့ပင်ဖြစ်နိုင်ကြောင်း ဆက်လက်ပြောဆိုသွားခဲ့သည်။

"လုပ်ကြံတယ်ဆိုတာက ဘယ်သူ လုပ်ကြံသလဲဆိုတဲ့အပေါ်မှာ ပြောရမှာပေါ့။ အခုဟာက ဒီပဲယင်းအရေးအခင်းဆိုရင် ဒေါ်အောင်ဆန်းစုကြည် အသက်အန္တရာယ်နဲ့ နီးနီးလေးပဲ။ အဲဒီ ကားက မောင်းထွက်သွားနိုင်လို့သာလျှင် ကျနော်တို့ ရှေ့ရေးကို ဆက်ပြီး မတွေးဝံ့စရာဖြစ်တယ်။ အဲဒီတော့ ဒီပဲယင်းအရေးအခင်းကို ဖန်တီးတဲ့သူတွေကလည်း ဒီလုပ်ကြံတဲ့လူတွေဖြစ်နိုင်တာပေါ့၊ သဘောက။ ဒါပေမယ့်လို့ ဘယ်သူက ဒီပဲယင်းအရေးအခင်းကို ဖန်တီးလဲဆိုတာ၊ သူတို့ပဲ ဖန်တီးတာပဲ။ အဲဒီတော့ တကယ်လို့ လုပ်ကြံတဲ့လူဆိုရင် ဒီပဲယင်းအရေးအခင်းကို ဖန်တီးတဲ့လူတွေပဲလို့ ကျနော် ပြောလိုပါတယ်"ဟု ဒီမိုကရက်တစ်မြန်မာ့အသံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

အလားတူ နအဖနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်၊ ဇိုမီးအမျိုးသားကွန်ဂရက် ပါတီဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်က ၎င်း၏ပြောဆိုချက်များသည် မှန်ကန်မှုမရှိကြောင်း၊ နအဖသည် ဒီပဲယင်းအရေးအပေါ် ဖြေရှင်းချက်အမှန်များ ထုတ်ဖော်ရန် လိုအပ်ကြောင်း ပြည်သူလူထုမှာ အာဏာပိုင်များ၏ မမှန်မကန် ဖြေရှင်းချက်များအပေါ် တအံ့နွေးနွေးဖြစ်နေကြပြီး အခံရခက်နေကြကြောင်း၊ အခြေအနေမှာ မီးခဲပြာဖုံးအခြေအနေပင်ဖြစ်နေပြီး အလွန်ဆိုးဝါးသောအခြေအနေဖြစ်ကြောင်း ပြောကြားခဲ့သည်။

နအဖ နိုင်ငံခြားရေးဝန်ကြီး၏ စကားကို အမေရိကန်အစိုးရပြောရေးဆိုခွင့်ရှိသူ မစ္စတာရစ်ချတ်ဘောင်ချာကလည်း ရယ်သွမ်းသွေးရင်း "ကြားသားမိုးကြိုးဗျာ၊ ဒီမိုကရေစီခေါင်းဆောင်ကို ဘယ်သူမှ မခြိမ်းခြောက်ဘူး၊ စစ်အစိုးရကပဲ ခြိမ်းခြောက်နေတာပါ"ဟု ပျက်ရယ်ပြု ပြောဆိုလိုက်သည်။ ❖



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

# အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးအား ကလေးမြို့ထောင်၌ ဖမ်းဆီးထားကြောင်း နအဖ ထုတ်ဖော်ဝန်ခံ



ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**ဇွန်၊ (၈)ရက်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးသည် ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း သေဆုံးသွားသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း နအဖက တရားဝင်ငြင်းဆိုလိုက်သည်။

မေ(၃၀)တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းလုပ်ကြံမှုကြီးနောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦး၏ သတင်းအစအန ပျောက်ဆုံးနေခဲ့ရာ ဦးတင်ဦးသည် အခင်းဖြစ်ပွားစဉ်အတွင်း ရိုက်နှက်ခံရမှုကြောင့် သေဆုံးသွားပြီဆိုသည့် သတင်းများ ထွက်ပေါ်လာခဲ့သည်။

ထိုသို့ အဖွဲ့ချုပ်ခေါင်းဆောင် ဦးတင်ဦး၏ သတင်း ပျောက်ဆုံးနေခြင်းကြောင့် ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုများ သာမက ကမ္ဘာ့နိုင်ငံများအားလုံးနှင့် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးတွင် စိုးရိမ်ပူပန်မှုများ ကြီးထွားလာခဲ့ရာ ဖြစ်ရပ်မှန်အပေါ် ဖုံးကွယ်ရန် ကြိုးပမ်းနေသည့် နအဖသည် ထိုကိစ္စအပေါ် မလွှဲမရှောင်သာ ထုတ်ဖော် ဝန်ခံခဲ့ရသည်။

နအဖက ဦးတင်ဦးသည် စစ်ကိုင်းတိုင်း၊ ကလေးမြို့ အကျဉ်းထောင်တွင် ရှိနေပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း၊ မိသားစုမှ ပေးပို့သည့် ဆေးဝါးများကိုပင် ပေးပို့ခဲ့ကြောင်း နအဖနှင့် နီးစပ်သည့် သတင်းရပ်ကွက်၏ ပြောဆိုချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းက ဖော်ပြခဲ့သည်။

အသက်(၇၆)နှစ်အရွယ်ရှိ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးသည် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး တပ်မတော်သားများ၏ လေးစားချစ်ခင် အားကိုးမှုကို ရရှိခဲ့သူဖြစ်သည်။ ၁၉၅၁ ခုနှစ် မြန်မာပြည်သို့ တရုတ်ဖြူစစ်တပ်များ ကျူးကျော်ဝင်ရောက်စဉ် စွန့်စွန့်စားစား တိုက်ခိုက်မောင်းထုတ်ခဲ့သည့်အတွက် သူရဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံခဲ့ရသည့် အမျိုးသားသူရဲကောင်းတဦးလည်း ဖြစ်သည်။

နအဖက ဦးတင်ဦးနှင့်ပတ်သက်၍ ယခုလို တရားဝင် ထုတ်ဖော်ပြောဆိုမှု ပြုခဲ့သော်လည်း အခြား အဖွဲ့ချုပ်ပါတီဝင်များ၏ အခြေအနေကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ပြည်တွင်းမှ လာသော အခြားသတင်းများအရ အဖွဲ့ချုပ်ပါတီဝင် လူငယ်အများအပြားကို ခန္တီးအကျဉ်းထောင်၌ ဖမ်းဆီးထားပြီး စစ်ထောက်လှမ်းရေးများက နည်းမျိုးစုံဖြင့်စစ်ဆေး၍ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။ ❖

# အာဆီယံနိုင်ငံများ မူဝါဒကိုသွေဖည်၍ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လွှတ်ပေးရေးအတွက်တောင်းဆို

**ဇွန်၊ (၂၀)ရက်။**

အရှေ့တောင်အာရှအဖွဲ့ဝင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏အစည်းအဝေးနှင့် ARF အာဆီယံဒေသတွင်းလုံခြုံရေး အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးက ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရန်နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆွေးနွေးပွဲများပြုလုပ်ရန် နအဖစစ်အုပ်စုကို တညီတညွတ်တည်း တောင်းဆိုလိုက်ကြသည်။

ထိုဆုံးဖြတ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းအကြား နှစ်ပေါင်းများစွာ လိုက်နာခဲ့ကြသည့် အခြားနိုင်ငံ၏ ပြည်တွင်းရေးများတွင် စွက်ဖက်ဝေဖန်ပြောကြားခြင်းမရှိခဲ့သည့် အစဉ်အလာအား ပထမဆုံးဖောက်ဖျက်လိုက်ခြင်းဖြစ်ပြီး မြန်မာစစ်အုပ်စုအနေဖြင့် ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးထားသည့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးပြီး မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းများပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံများအားလုံးက တိုက်တွန်းတောင်းဆို လိုက်ကြသည်။

အာဆီယံအတွင်းရေးမှူးချုပ် အွန်ကန်ယွန်းက မြန်မာနိုင်ငံတွင် တင်းမာနေမှုများ လျော့ပါးရေးကို အာဆီယံနိုင်ငံများက မြင်လိုကြောင်း၊ အခြားအဖွဲ့ဝင်နိုင်ငံများကလည်း ဒီပဲယင်းအရေးအခင်းအပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးခဲ့ခြင်းသည် အာဆီယံအဖွဲ့၏ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားစေကြောင်း ဝေဖန်ပြောကြားခဲ့ကြသည်။ အာဆီယံနိုင်ငံများသည် နအဖစစ်အုပ်စုအပေါ် အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ကျင့်သုံးလာခဲ့ရာမှ ဒီပဲယင်းအရေးအခင်းဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုများ တိုးမြှင့်လာခဲ့သည့်နည်းတူ ၎င်းတို့ကလည်း ယခုလို အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးနောက်ဆုံးနေ့ဖြစ်သည့် ဇွန်(၁၉)ရက်နေ့သည် ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက်မွေးနေ့ဖြစ်သဖြင့် အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံများအားလုံးက ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် ထပ်မံတောင်းဆိုခဲ့ကြသည်။

အစည်းအဝေးတွင် ကိုရီးယား ကျွန်းဆွယ်အရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသော်လည်း မြန်မာ့အရေးကအစည်းအဝေးတခုလုံးကို ဖုံးလွှမ်းနေခဲ့သည်။ ❖




(၃၆) ကြိမ်မြောက် အာဆီယံဝန်ကြီးများအစည်းအဝေး

# စစ်အစိုးရ၏ ဒီပဲယင်း အကြမ်းဖက် လုပ်ကြံသည့် ရာဇဝတ်မှုကြီးအပေါ် နိုင်ငံတကာ၏ တုံ့ပြန်မှုများ



"မြန်မာအစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည် အမြန်ပြန်လွှတ်ပေးပြီး ပြန်လည်သင့်မြတ်ရေးဆိုင်ရာ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲတွေ ပြန်စရပါမယ်။ သူမကို ဖမ်းဆီးထားတာဟာ မြန်မာပြည်သူတွေရဲ့ဆန္ဒကို ဆန့်ကျင်ရာရောက်ပါတယ်"

**ကိုဖီအာနန်**

**(ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်)**

"ဒေါ်အောင်ဆန်းစုကြည်ရော၊ အဲန်အယ်လ်ဒီအဖွဲ့က တခြားခေါင်းဆောင်တွေရော ထိန်းသိမ်း၊ ဒါမှမဟုတ် အကျယ်ချုပ်ချထားရင် လုံးဝ ချက်ချင်းပြန်လည်လှုပ်ရှားခွင့်ပြုဖို့ ကျနော်တို့ ထပ်မံတောင်းဆိုပါတယ်"

**ပြောခွင့်ရပုဂ္ဂိုလ်**

**(ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန)**



"ပြည်သူလူထုအပေါ် လူ့အခွင့်အရေး ချိုးဖောက်နေတဲ့ နအဖနဲ့ ဗြိတိသျှစီးပွားရေးကုမ္ပဏီတွေ ဆက်ပြီး အလုပ်မလုပ်ဖို့ တိတိကျကျ ညွှန်ကြားထားတယ်"

**တိုနီဘလဲ**

**(ဗြိတိန်ဝန်ကြီးချုပ်)**

"ဆွီဒင်နိုင်ငံရေးဝန်ကြီးဌာနက နောက်ဆက်တွဲ ဖြစ်ထွန်းမှုတွေကို ဘန်ကောက်မှာရှိတဲ့ သံရုံးမှတဆင့် နီးနီးကပ်ကပ် စောင့်ကြည့်မှာဖြစ်တယ်"

**အယ်နာလင်း**

**(ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး)**



"နအဖ စစ်အုပ်စုရဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်ရမယ်၊ လက်နက်ရောင်းဝယ်တာ ကန့်သတ်ထိန်းချုပ်ရမယ်၊ နအဖ အဆင့်မြင့်ခေါင်းဆောင်တွေနဲ့ သံတမန်ဆက်ဆံရေး ဆိုင်းငံ့တာတွေ ဆက်လုပ်သင့်ရင်လုပ်ရမယ်"

**ဂျက်စ်ထရော**

**(ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး)**

"ဒီပဲယင်းအရေးအခင်းဟာ ပြည်တွင်းရေးဖြစ်လို့ ဝင်ရောက် မစွက်ဖက်လိုဘူး"

**ကိုကွမ်း**

**(တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြောခွင့်ရပုဂ္ဂိုလ်)**

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရွေးကောက်ပွဲမှာ မဲပေါင်း(၈၀)ရာနှုန်းကျော်နဲ့ အနိုင်ရခဲ့တဲ့အတွက် ပြည်သူလူထုက သူမကို ခြိမ်းခြောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ မြန်မာစစ်ဗိုလ်ချုပ်တွေကသာ ခြိမ်းခြောက်မှာဖြစ်ပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးဖို့ တောင်းဆိုသင့်တယ်"

**မစွက်အမားဂျစ်ကော**

**(အိန္ဒိယကွန်မြူနစ်ပါတီ)**

## အာဆီယံနိုင်ငံများ၏ တုံ့ပြန်မှု



"ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးဖို့ နအဖစစ်အုပ်စု နားလည်သင့်တယ်။ ဒီမိုကရေစီလမ်းကြောင်းကနေ နောက်ပြန်ဆုတ်သွားတာထက် ရှေ့ ခြေတလှမ်းတိုးဖို့ ဖိအားပေးရမယ်"

**ထပ်ဆင်ရှီနာဝပ်ထရာ**

**(ထိုင်းဝန်ကြီးချုပ်)**

"ကျနော်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မြန်ဆန်ဆန် ပြန်လွှတ်ပေးလိုက်မှာဖြစ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကိုလည်း ကျင်းပပေးလိုက်မှာပဲ"

**ဟွန်ဆန်**

**(ကမ္ဘောဒီးယားဝန်ကြီးချုပ်)**

"ဒီပဲယင်းပြဿနာကို အာဆီယံအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်ပြီး စုံစမ်းစစ်ဆေးရမယ်"

**ဟက်ဆန်ဝီယာရဒါ**

**(အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး)**



"နအဖအစိုးရက အာဆီယံရဲ့ သဘောထားကို အရေးတယူ စဉ်းစားလိမ့်မယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရမယ်"

**မဟာသီယာမိုဟာမက်**

**(မလေးရှားဝန်ကြီးချုပ်)**

"အာဆီယံ အဖွဲ့ထဲကိုဝင်နိုင်အောင် ထောက်ခံခဲ့တယ်၊ ဒါပေမဲ့ အခုတော့ မျက်နှာပျက်နေရပြီ။ ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားတဲ့ ကိစ္စဟာ မြန်မာနိုင်ငံကိုကူညီဖို့ အာဆီယံအဖွဲ့ရဲ့ ကြိုးပမ်းမှုအတွက် ဆုတ်ယုတ်မှုတရပ်ဖြစ်တယ်"

**ဂျာရာကူးမား**

**(စင်္ကာပူ နိုင်ငံခြားရေးဝန်ကြီး)**



"အခုအခါ နအဖအစိုးရဟာ လမ်းမှားပေါ်မှာ ရောက်နေတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ သေသေချာချာ မပြောနိုင်ဘူးဆိုရင် အာဆီယံဝန်ကြီးတွေအနေနဲ့ လူ့အခွင့်အရေး ကြေညာစာတမ်း ရေးဆွဲပြဋ္ဌာန်းပြီးတော့ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှု တခုခု လုပ်နိုင်ပါတယ်"

**ဘလက်စ်အိုပယ်**

**(ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး)**

"ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ပါတီဝင်တွေကို အမြန်ဆုံးပြန်လွှတ်ပေးပြီး နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးပြေလည်ဖို့ တွေ့ဆုံဆွေးနွေးပွဲတွေ အစောတလျင် ပြန်လည်စတင်ဖို့ တောင်အာဖရိကအစိုးရက မြန်မာအစိုးရကို တောင်းဆိုလိုက်ပါတယ်"

**တောင်အာဖရိက**



"မြန်မာစစ်အစိုးရဟာ နိုင်ငံတော် အချုပ်အခြာအာဏာကို အကာအကွယ်လုပ်ပြီး မြန်မာနိုင်ငံသားတွေရဲ့ အခြေခံရပိုင်ခွင့်တွေကို ချိုးဖောက်နေတဲ့ အစိုးရဖြစ်တယ်။ ဒါကြောင့် ဒီထက်ပိုပြီး တင်းတင်းမာမာ ကိုင်တွယ်အရေးယူသင့်တယ်"

**ကောလင်းပါဝယ်လ်**

**(အမေရိကန်နိုင်ငံခြားရေးဝန်ကြီး)**

"ဒေါ်အောင်ဆန်းစုကြည်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးပြန်လွှတ်ပေးပြီး နိုင်ငံရေးလှုပ်ရှားခွင့်တွေပေးဖို့ လိုအပ်တယ်ဆိုတာကို စစ်ဗိုလ်ချုပ်ကြီးများအနေနဲ့ နားလည်သဘောပေါက်ဖို့ လိုပါတယ်"

**ဘဲလ်ဂရေဟမ်**

**(ကနေဒါနိုင်ငံခြားရေးဝန်ကြီး)**



"ဂျပန်နိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည် အမြန်ပြန်လည်လွတ်လာတာကို မြင်တွေ့လိုတယ်၊ အခုအခြေအနေအတိုင်းသာ ဆက်သွားနေလို့ကတော့ မြန်မာနိုင်ငံကို ထောက်ပံ့နေတဲ့ ငွေကြေးအကူအညီကို ကန့်သတ်ရုပ်သိမ်းဖို့နဲ့၊ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ဂျပန်နိုင်ငံရဲ့မူဝါဒကို ပြန်လည်သုံးသပ်ရလိမ့်မယ်"

**ကိုအိဇုမိ**

**(ဂျပန်ဝန်ကြီးချုပ်)**



"ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဖို့နဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတွေ ပြုလုပ်ဖို့ ကတိတွေပေးနေရုံနဲ့ မပြီးပါဘူး။ နိုင်ငံတကာရဲ့ စံထားချက်တွေကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာနဲ့ ဆက်ဆံရေးဟာ ကောင်းမွန်လာမှာ ဖြစ်တယ်ဆိုတာကို မြန်မာအစိုးရအနေနဲ့ နားလည်သဘောပေါက်သင့်တယ်"

**အလက်ဇန်ဒါဒေါင်းနား**

**(ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး)**

"အဲဒီအာရှနိုင်ငံက အခြေအနေကို ဂျာမဏီနိုင်ငံက အသေအချာ စောင့်ကြည့်နေပါတယ်"

**ဝေါတာမယ်နာ**

**(ဂျာမဏီနိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြောခွင့်ရပုဂ္ဂိုလ်)**



"မြန်မာအစိုးရရဲ့လုပ်ရပ်ကြောင့် အာဆီယံအဖွဲ့ဝင်တွေ မျက်နှာပျက်နေရပြီ"

**မစ္စတာဟိုဆေးရာမို့စ်ဟော်တာ**

**(အရှေ့တီမော နိုင်ငံခြားရေးဝန်ကြီး၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်)**

# မြန်မာပြည်ဒီမိုကရေစီရေးကို တွန်းအားဖြစ်စေမည့် ဥပဒေမူကြမ်း အမေရိကန် လွှတ်တော်နှစ်ရပ်စလုံးမှ အတည်ပြု

**ဇွန်၊ (၁၂)ရက်။**

မြန်မာနိုင်ငံဒီမိုကရေစီအရေးတော်ပုံ၏ မီးရှူးတန်ဆောင်ဖြစ်သူ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အဖွဲ့ဝင်များအပေါ် နအဖစစ်အုပ်စုက အကြမ်းဖက် လုပ်ကြံသတ်ဖြတ်သည့် မေ(၃၀)ရက် ဒီပဲယင်းအရေးအခင်း ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း စစ်အစိုးရအပေါ် ထပ်မံ အရေးယူဒဏ်ခတ်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်အမတ်များက ပိုမိုထိရောက်သည့် ပိတ်ဆို့အရေးယူမှုဆိုင်ရာ ဥပဒေမူကြမ်း(H.R. 2330)တရပ်ကို ဇွန်လ(၄)ရက်နေ့က အောက်လွှတ်တော်၌ တင်သွင်းခဲ့သည်။

ထိုဥပဒေမူကြမ်းတွင် ပုဒ်မ(၈)ခု ပါဝင်ပြီး လက်ရှိ အာဏာရစစ်အစိုးရအား အရေးယူပိတ်ဆို့ရန်၊ မြန်မာ့ဒီမိုကရေစီ အင်အားစုများကို အားဖြည့်ကူညီပေးရန်နှင့် မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အသိအမှတ်ပြုရန်အပြင် အခြားရည်ရွယ်ချက်များလည်း ပါဝင်သည်။

အဆိုပါ အက်ဥပဒေကို "မြန်မာပြည် လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေး အက်ဥပဒေ–၂၀၀၃"ဟု ခေါ်ဆိုပြီး ထိုဥပဒေမူကြမ်းတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံသို့ တင်သွင်းခြင်းအား ပိတ်ပင်ခြင်းအပါအဝင် မြန်မာစစ်အစိုးရအား အထောက်အပံ့ပြုသည့် ကုန်သွယ်ရေးများအား ပိတ်ပင်တားမြစ်ခြင်း၊ အမေရိကန်ပြည်ထောင်စုအတွင်းရှိ မြန်မာအစိုးရပိုင် ပစ္စည်းဥစ္စာများကို ပိတ်ဆို့ထားခြင်း၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ပေးအပ်သည့် ကြွေးမြီများ၊ ငွေကြေးအထောက်အပံ့များနှင့် နည်းပညာထောက်ပံ့ကူညီမှုများအား ဆက်လက်ပေးနေမှုကို ဆန့်ကျင်တားမြစ်ခြင်း၊ နအဖနှင့် ကြံ့ဖွံ့အဖွဲ့၏ လက်ရှိခေါင်းဆောင်များနှင့် ခေါင်းဆောင်ဟောင်းများအပေါ် ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်မှုကို တိုးမြှင့်ခြင်း၊ နအဖစစ်အစိုးရအား ပြစ်တင်ရှုတ်ချခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း၊ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်သူများကို ထောက်ပံ့ကူညီခြင်းများ စသည်တို့ ပါဝင်သည်။

ထိုဥပဒေမူကြမ်းအား အထက်လွှတ်တော်မှ ဇွန်လ(၁၁)ရက်နေ့တွင် ကန့်ကွက်သူ (၁)မဲ၊ မဲမပေးသူ(၂)မဲနှင့်အတူ စုစုပေါင်း (၉၇)မဲ (၁)မဲဖြင့် အတည်ပြုခဲ့ပြီး ဇွန်လ(၁၂)ရက်နေ့တွင် အောက်လွှတ်တော်အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီမှလည်း ယင်းဥပဒေမူကြမ်းအား ပြင်ဆင်ချက်နှစ်ရပ်ဖြည့်စွက်၍ ကန့်ကွက်သူမရှိ တခဲနက်အတည်ပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ထုံးလုပ်နည်းအရ ဤဥပဒေမူကြမ်းကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံး ပါဝင်သည့် ကွန်ဂရက်လွှတ်တော်မှ အတည်ပြုပြီး သမတ က လက်မှတ်ရေးထိုးအတည်ပြုရမည်ဖြစ်သည်။ ကွန်ဂရက်လွှတ်တော်အစည်းအဝေးသည် ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်သည်မှ လွဲ၍ နှစ်စဉ် ဒီဇင်ဘာလ၏ ပထမ တနင်္လာနေ့တွင် ကျင်းပလေ့ရှိသည်။

❖

# ဒေါ်အောင်ဆန်းစုကြည် တိုက်ခိုက်ခံရခြင်းအတွက် နော်ဝေးဝန်ကြီးချုပ် ဒေါသထွက်

**ဇွန်၊ (၈)ရက်။**



နော်ဝေးဝန်ကြီးချုပ်
မစ္စတာ ရှိုမိုနာ ဗိုနာဗစ်

ဒေါ်အောင်ဆန်းစုကြည်အား အကြမ်းဖက်တိုက်ခိုက်၍ ဖမ်းဆီးထားခြင်းသည် လက်ခံနိုင်စရာမရှိကြောင်း နော်ဝေးဝန်ကြီးချုပ် ရှိုမိုနာဗိုနာဗစ်က ပြောကြားလိုက်သည်။

ဇွန်လ(၇)ရက်နေ့တွင် ပြုလုပ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံနှင့် မေးမြန်းခန်းတွင် မစ္စတာဗိုနာဗစ်က ယခုလို ပြောကြားလိုက်ခြင်းဖြစ်ပြီး မြန်မာပြည်အရေးအတွက် ကမ္ဘာ့နိုင်ငံများက မူဝါဒတရပ် ချမှတ်နိုင်ရန် ကြိုးစားနေကြောင်း ၎င်းက ဆိုသည်။

ဗိုနာဗစ်က "မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ အခြေအနေကို အထူးစိုးရိမ်မိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များအား ယခုလို ဖမ်းဆီးထားခြင်းသည် လက်ခံနိုင်စရာမရှိကြောင်း၊ မိမိအနေဖြင့် သူတို့အားလုံးကို အမြန်ဆုံး ပြန်လွှတ်ပေးရန် စစ်အုပ်စုကို တောင်းဆိုထားပြီးဖြစ်ကြောင်း၊ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ထိရောက်သည့် အရေးယူမှုများ ပြုလုပ်ရန် အခြားနိုင်ငံများနှင့် ညှိနှိုင်းနေပါကြောင်း" ပြောကြားခဲ့သည်။

ထိုမူဝါဒမှာ အနောက်နိုင်ငံများနှင့် အရှေ့နိုင်ငံများအကြား တူညီသည့် မူဝါဒတရပ် ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ ဂျပန်နိုင်ငံသို့ သွားရောက်၍ ညှိနှိုင်းမှုများ စတင်နေပြီဖြစ်ကြောင်း ပြောကြားသွားသည်။

မစ္စတာဗိုနာဗစ်သည် ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကျနော် တကယ့်ကို ဝမ်းနည်းမိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အာဂသူရဲကောင်းတယောက်ဖြစ်ပြီး မြန်မာပြည်သူတွေအတွက် သူမတူအောင် စွန့်လွှတ်အနစ်နာခံသူတဦးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်ခံရတာ ကြားရတော့ ကျနော့်စိတ်ထဲမှာ တုန်လှုပ်ဒေါသဖြစ်ရပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက မြန်မာပြည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအတွက် မြန်မာပြည်သူတရပ်လုံးနှင့် တသားတည်းရှိနေပြီး ဒီမိုကရေစီအောင်ပန်းဆွတ်မည့်နေ့ကို မျှော်လင့်နေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံမှတဆင့် မြန်မာပြည်သူများအတွက် သဝဏ်လွှာပါးလိုက်ပါကြောင်း ပြောကြားခဲ့သည်။

❖ ❖ ❖

# အမေရိကန်ဆိုင်ရာ မြန်မာသံအမတ်ကို နှင်ထုတ်ရန် အထက်လွှတ်တော်အမတ်များ တောင်းဆို



အမေရိကန် အထက်လွှတ်တော်အမတ်
မစ္စတာ မစ်ချ်မက်ကောနယ်

**ဇွန်၊ (၁၉)ရက်နေ့။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖက ဖမ်းဆီးထားခြင်းအား ကန့်ကွက်ကြောင်းပြသသည့်အနေဖြင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကို တိုင်းပြည်မှနှင်ထုတ်ရန် အမေရိကန် အထက်လွှတ်တော်အမတ် (၂)ဦးက တောင်းဆိုလိုက်သည်။

ယခုလို အရေးယူခြင်းအားဖြင့် နအဖစစ်အစိုးရအုပ်ချုပ်နေသည့် မြန်မာနိုင်ငံအား ကမ္ဘာ့အသိုင်းအဝန်းထံမှ ဝိုင်းပယ်ခြင်းခံရသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ယူဆကြောင်း အမေရိကန်အစိုးရ၏ သဘောထားကို ထုတ်ဖော်ပြသရာရောက်မည်ဟု ၎င်းတို့က ပြောဆိုခဲ့သည်။

အထက်လွှတ်တော်မအတ် မစ္စတာ မစ်ချ်မက်ကောနယ်က ဆက်လက် ပြောကြားရာတွင် ယခုလို အရေးယူမှုသည် အမေရိကန်ပြည်ထောင်စု၏ နောက်ထပ်အရေးယူဆောင်ရွက်နိုင်သည့်နည်းလမ်းတခုဟု ယူဆသည့်အတွက် ထိုကိစ္စဖြစ်မြောက်ရန် အမေရိကန်အစိုးရကို မိမိတိုက်တွန်းနေပါကြောင်း ပြောဆိုခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကာလီဖိုနီးယားပြည်နယ် လွှတ်တော်အမတ် မစ္စဒိုင်ရိုင်းဖိုင်းစတိုင်းကလည်း "ဆင်းရဲမွဲတေမှုတွေ မြန်မာနိုင်ငံဒေသတိုင်းမှာ တွေ့နိုင်ပါတယ်၊ ဒါ့ပြင် လူ့အခွင့်အရေး ချိုးဖောက်မှုတွေကလည်း နေရာအနှံ့ပါပဲ၊ နအဖအပေါ် ကမ္ဘာ့နိုင်ငံတွေက အခုထက်လေးနက်ပြင်းထန်တဲ့ဝေဖန်မှုတွေ ထုတ်ဖော်ပြသပြီး မြန်မာနိုင်ငံထဲမှာ ဖြစ်ပျက်နေတာတွေအားလုံး စစ်အစိုးရမှာ တာဝန်ရှိတယ်ဆိုတာ သိလာအောင် ပြောကြားလုပ်ဆောင်နိုင်ခြင်းမရှိသရွေ့ နအဖစစ်အစိုးရက ဘာမှထိထိရောက်ရောက်လုပ်ဆောင်မှာ မဟုတ်တာတော့ တော်တော်သေချာပါတယ်"ဟု ပြောကြားသွားခဲ့သည်။

❖

# အိုင်အယ်လ်အို ပြဋ္ဌာန်းချက် အမှတ်(၈၇) မြန်မာနိုင်ငံက မလိုက်နာသည့်အတွက် အရေးယူခံရမည်

**ဇွန်၊ (၁၄)ရက်။**

စစ်အစိုးရအနေနှင့် ILO ပြဋ္ဌာန်းချက်အမှတ်(၈၇)ဖြစ်သော လွတ်လပ်သည့်အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်အား ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်အား လက်မှတ်ရေးထိုးထားသော်လည်း လိုက်နာမှုမရှိသည့်အတွက် အထူးဆွေးနွေးခဲ့ကြသည်။ နအဖစစ်အစိုးရ၏ကိုယ်စားလှယ် သံအမတ်ဦးမြသန်းက လွတ်လပ်သည့်အဖွဲ့အစည်းများရှိသည်ဟုဆိုကာ စစ်အစိုးရဖွဲ့စည်းပေးထားသည့် သဘော်သားများအဖွဲ့ကို နမူနာတင်ပြပြောဆိုမှုအပေါ် တရုတ်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ၊ ဘယ်လ်ဂျီယံနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်၊ အမေရိကန်နိုင်ငံမှ အလုပ်သမား ကိုယ်စားလှယ်များနှင့် FTUB မှ ဦးမောင်မောင်တို့ ဆွေးနွေးခဲ့ကြသည်။

စစ်အစိုးရ အထူးအားထားနေသည့် တရုတ်နိုင်ငံမှ အစိုးရကိုယ်စားလှယ် မစ္စတာဒွန်ကိုယ်တိုင်ကလည်း မြန်မာစစ်အစိုးရအနေဖြင့် လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ခွင့်ဟူသည့် ILO ပြဋ္ဌာန်းချက်အမှတ်(၈၇)ကို လက်မှတ်ရေးထိုးထားသည့်အတိုင်း လေးစားလိုက်နာသင့်သည်ဟု ထောက်ပြ ပြောဆိုခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း အသင်းအဖွဲ့များ၊ သမဂ္ဂများ ဖွဲ့စည်းလှုပ်ရှားခဲ့မှုကြောင့် သတ်ဖြတ်ခံရခြင်း၊ နှစ်ရှည် ဖမ်းဆီးအကျဉ်းချခံရခြင်း စသည့်အမှုများအား သက်သေအထောက်အထားများဖြင့် စာမျက်နှာ (၃၃) မျက်နှာပါရှိသော စာတွဲအား FTUB မှ ILO သို့ တင်သွင်းခဲ့သည်။

ဆွေးနွေးချက်များအပြီး၌ မြန်မာနိုင်ငံသည် ILO ပြဋ္ဌာန်းချက်အမှတ်(၈၇)ဖြစ်သော လွတ်လပ်သည့်အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်အား ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်အား လိုက်နာကျင့်သုံးပါမည်ဟု သဘောတူ လက်မှတ်ရေးထိုးထားသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်လာခဲ့သည်။ ILO မှ စစ်အစိုးရအဆက်ဆက် သတိပေးပြောဆိုခဲ့သော်လည်း ယနေ့ထိ အနှစ်(၃၀)တိုင်အောင် ပြောင်းလဲခြင်းမရှိသေးကြောင်း အတိအလင်း တွေ့မြင်နေရသည်။ သို့ပါသောကြောင့် ဤချိုးဖောက်မှုနှင့်ပတ်သက်၍ ILO မှ ဆက်လက်အရေးယူ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

❖ ❖ ❖

# အီးယူ၊ ဗြိတိန်နှင့် ဖိလစ်ပိုင်တို့က ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆို

**ဇွန်၊ (၆)ရက်။**

စစ်အုပ်စုက အသေအချာကြိုတင်စီစဉ်ဆောင်ရွက်ခဲ့သော မုံရွာ–ဒီပဲယင်း လုပ်ကြံမှုကြီးအပြီး နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာစစ်အုပ်စုအပေါ် ဒေါသတကြီး တုံ့ပြန်မှုများ ပြုလုပ်လျက်ရှိရာ အီးယူ ခေါ် ဥရောပသမဂ္ဂက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် နအဖအား တောင်းဆိုလိုက်သည်။

အီးယူအနေဖြင့် နအဖအပေါ် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပြီး ဗီဇာပိတ်ပင်ထားသည့်စာရင်းတွင် ကြံ့ဖွံ့အဖွဲ့ဝင်များကိုပါ တိုးချဲ့ထည့်သွင်းလိုက်ကြောင်း အီးယူပြောခွင့်ရပုဂ္ဂိုလ် ခရစ္စပက်တန်ကပြောဆိုသည်။ ထို့ပြင် တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများကလည်း နအဖစစ်အုပ်စုအပေါ် ပိုမိုဖိအားပေးသင့်ကြောင်း ပြောကြားခဲ့သည်။ နအဖစစ်အုပ်စုသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှုကို မထီမဲ့မြင်လုပ်နေကြောင်း၊ ထို့ကြောင့် ၎င်းတို့အပေါ် နည်းမျိုးစုံ ဖိအားပေးသွားရမည်ဖြစ်ကြောင်း သတိပေး ပြောဆိုလိုက်သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဂျက်စထရောကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို ချက်ချင်း ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ပြီး နအဖသံအမတ် ဦးကျော်ဝင်းကို ခေါ်ယူ၍ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြဿနာများအပေါ် အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း သတိပေးပြောကြားခဲ့သည်။

အလားတူ ဖိလစ်ပိုင်အစိုးရက မနီလာမြို့တော်ရှိ မြန်မာသံအမတ်ကိုခေါ်ယူ၍ သတိပေးစကား ပြောဆိုခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက လာမည့် သီတင်းပတ်များအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံအစည်းအဝေးအပြီး ARF အစည်းအဝေးတွင် အဆိုပါကိစ္စကို ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ❖



# ရာဇဝင်ရေစီး အိမ်ဝေးသူများနဲ့ မိခင်နိုင်ငံတော်

**ဏမဘပုလ**

## ရာဇဝင်ရေစီး

ယနေ့ ကမ္ဘာကြီး ရောက်ရှိနေသည့် ရာစုသစ်ခေတ်ကြီးကို ပညာရှင် တော်တော်များများက နည်းပညာခေတ်ကြီးလို့ အမည်ပေးနေကြပါတယ်။ အထောက်အထားတွေ စုံလင်စွာနဲ့ ထောင့်စုံအောင် တင်ပြပြောဆိုနေတာကို တွေ့ရပါတယ်။ ဆက်သွယ်ရေးစနစ်၊ နည်းပညာများ တဟုန်ထိုး တိုးတက်လာပြီး ကမ္ဘာကြီးသည် ကျုံ့သွားပြီ၊ ကမ္ဘာကြီးရဲ့ အခြားတဖက်က အဖြစ်အပျက်တွေကို ဒီမှာဘက်ခြမ်းက ရုပ်သံလွှင့် မီဒီယာတွေကတဆင့် ချက်ချင်းသိနိုင်ပြီ၊ ကမ္ဘာကြီးက ဘယ်နေရာက ဘယ်သူနဲ့ ဘယ်အချိန်မှာ ဆက်သွယ်လိုပါသလဲ၊ အချိန်တိုအတွင်းမှာ အားလုံး အဆင်ပြေ ဆက်သွယ်နိုင်ပြီ ဖြစ်တယ်၊ အဲဒီလို နည်းပညာတွေ တိုးတက်နေတဲ့ ရာစုသစ်မှာ အမီလိုက်ဖွံ့ဖြိုးရေးဟာ အမျိုးသားနိုင်ငံတွေအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးတယ်လို့ ပညာရှင်များက ထောက်ပြနေကြပါတယ်။ တိုးတက်နေတဲ့ ခေတ်ကြီးမှာ အမီလိုက် မဖွံ့ဖြိုးနိုင်ခဲ့ရင် အနာဂတ်မှာ ရာဇဝင်ထဲ ကျန်ရစ်ခဲ့မည့် အမည်စာရင်းထဲ ပါသွားမယ်လို့ ကြောက်မက် စိုးရိမ်ဖွယ် ပြောဆိုနေကြတာကိုလည်း ကြားသိနေရပါတယ်။

အထက်ဖော်ပြပါဖြစ်စဉ်တွေဟာ ကမ္ဘာကြီးရဲ့ ရာဇဝင်ရေစီးလား။ ရာဇဝင်ရေစီး ဆိုလျှင် ကျနော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ အနာဂတ်လားရာကို မည်သို့ လက်ခံပုံဖော်ကြမည်လဲ။ လက်ရှိ ကျနော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေအနေ၊ အဆင့်နဲ့ လားရာကို မှန်မှန်ကန်ကန် ရှုမြင်နိုင်ဖို့ လိုပါမယ်။ ဘယ်က စ ကိုင်တွယ်မလဲ၊ ဘယ်လို ကိုင်တွယ်ဖြေရှင်းကြမလဲ။ နိုင်ငံတခု ကျန်းမာသန်စွမ်းနေမှ ကမ္ဘာကြီးရဲ့ရာဇဝင်ရေစီးမှာ မနစ်မမြုပ် ချီတက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတခု ကျန်းမာသန်စွမ်းဖို့ မှန်ကန်တဲ့ နိုင်ငံရေးစနစ် ကျင့်သုံးနိုင်ဖို့ လိုပါတယ်။ နိုင်ငံရေးစနစ်ကို နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အာဏာကသာ ပြဌာန်းနိုင်တာဖြစ်လို့ ကျနော်တို့ နိုင်ငံပြည်သူလူထုအတွက် လူထုအစိုးရ၊ လူထုအာဏာ တည်ဆောက်နိုင်ဖို့ လိုပါမယ်။ ဒါမှသာ ကျနော်တို့ မျှော်လင့်ထားတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

## အိမ်ဝေးသူများ

လူငယ်ဘာသာဘာဝ အိမ်လည်ကျူးတတ်တဲ့ သားတွေကို အမေက တနေ့မှာ “ဟဲ့…. နင်တို့မှ နင်တို့အိမ်ကို မချစ်ရင် ဘယ်သူလာချစ်မလဲ”တဲ့။ မှန်ပါတယ်။ ကျနော်တို့ရဲ့နေအိမ်၊ ဇာတိမြို့၊ နိုင်ငံကို ကျနော်တို့မှ မချစ်ရင် ဘယ်သူလာချစ်မလဲ။ ချစ်တာတော့ ဟုတ်ပါပြီ၊ ကျနော်တို့ ဘယ်လိုချစ်ကြမလဲ။ ချစ်တတ်ဖို့ လိုတယ်လို့ မြင်ပါတယ်။ ကျနော်တို့ရဲ့ အချစ်ဟာ ပုဂ္ဂလသဘောမဆောင်ဘဲ ဓမ္မဓိဌာန်သဘော ဆောင်ဖို့ လိုပါတယ်။ တဦးတယောက် ကောင်းကျိုးအတွက် မဟုတ်ဘဲ အများ ကောင်းကျိုးဖြစ်ဖို့ လိုပါတယ်။ သို့မှသာ အနာဂတ်က ကျနော်တို့ လူ့အဖွဲ့အစည်းကို လိုလိုလားလား လက်ခံမယ် မဟုတ်ပါလား။ ကျနော်တို့ နိုင်ငံသည်လည်း တည်မြဲနိုင်မယ် မဟုတ်လား။

လွတ်လပ်ရေးရပြီးချိန်မှစလို့ ကျနော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တလျှောက်မှာ အုပ်စိုးသူအစိုးရအဆက်ဆက်နဲ့ အုပ်စိုးခံပြည်သူလူထုကြီးရဲ့ ပဋိပက္ခဖြစ်စဉ်တွေကို တွေ့ရမှာဖြစ်ပါတယ်။ အရေးအခင်းနဲ့ အရေးတော်ပုံများစွာကိုလည်း ကြုံတွေ့ခဲ့ရပြီးပါပြီ။ ဖဆပလ၊ ဗိုလ်နေဝင်းရဲ့ မဆလမှသည် ယနေ့ စစ်အုပ်စု (နအဖ)အစိုးရအဆက်ဆက်ထိ ပဋိပက္ခတွေဟာ မပြေလည်နိုင်သေးတဲ့အပြင် ပိုလို့ပြင်းထန်လာတာကို တွေ့ရမှာပါ။ ဖဆပလ အစိုးရလက်ထက် လူထုအပေါ် ဖိနှိပ်မှု ပျော့ပျောင်းသယောင် ရှိပေမယ့် ဗိုလ်နေဝင်းရဲ့ မဆလမှ သူ့တပည့် စစ်အုပ်စု(နအဖ)အစိုးရတွေမှာတော့ ကမ္ဘာမှာ စံပြုရမယ့် အရက်စက်ဆုံး၊ အဖိနှိပ်ဆုံး လုပ်ရပ်တွေနဲ့ လူထုကို ပြားပြားဝပ်နေစေပါတော့တယ်။ နိုင်ငံရေးစနစ်တွေ လုံးဝ မှားယွင်းနေပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိတဲ့ အရာရာဟာ သုံညမှတ်အောက်ကနေ ခေါင်းမဖော်နိုင်ခဲ့တာဟာလည်း ကျနော်တို့နိုင်ငံရဲ့ လက်ရှိ အခြေအနေတွေက ဖော်ပြနေကြပါတယ်။ ဒီတော့ ခေါင်းငုံ့မခံနိုင်တဲ့ လူထုက အုံကြွတယ်၊ တိုက်ပွဲဝင်တယ်၊ အရေးအခင်းနဲ့ အရေးတော်ပုံများစွာနဲ့ အုံကြွတိုက်ပွဲဝင်ပါတယ်။ ရလဒ်တွေအဖြစ် ဗိုလ်နေဝင်းရဲ့ (မဆလ)အစိုးရပြုတ်ကျသည်အထိ ၈၈ အရေးတော်ပုံကြီးမှာ အောင်မြင်ခဲ့ပါတယ်။ လူထုအာဏာကို လူထုက ပြန်လည်ရရှိခါနီးမှာ စစ်အုပ်စုက လက်ဦးမှုရယူ အာဏာသိမ်းလိုက်တဲ့အတွက် ဒီမိုကရေစီဘက်တော်သားများခမျာ ကျဆုံးသူ ကျဆုံး၊ ထောင်ကျသူ ထောင်ကျ၊ နယ်စပ်ရောက်သူရောက်၊ တပါးနိုင်ငံတွေကို ပုံစံအမျိုးမျိုးနဲ့ ရောက်ရှိသွားသူက ရောက်ရှိသွားနဲ့၊ အများစုဟာ အိမ်ကိုချစ်ရက်နဲ့ အိမ်ဝေးသူများ ဖြစ်ခဲ့ရပါတော့တယ်။

တိုက်ပွဲဝင် ကျဆုံးခဲ့သူများကလွဲရင် အိမ်ဝေးနေကြသူအားလုံး ကိုယ့်အိမ် ကိုယ့်ရွာကို ပြန်လည်ချီတက်နေကြဆဲ ဖြစ်ပါတယ်။ ဘဝတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲ၊ လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲ အစရှိတဲ့ တိုက်ပွဲပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ချီတက်နေကြတာပါ။ အားလုံးရဲ့ ဘုံရည်မှန်းချက်က လူထုအစိုးရနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးဆီသို့ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ကျနော်တို့လို အိမ်၊ ဇာတိမြို့ရွာများနဲ့ ဝေးကွာနေကြသူများအပြင် အိမ်မခွာ၊ ဇာတိမြို့ရွာများကို မခွာဘဲ အဖိနှိပ်ခံဘဝက လွတ်မြောက်အောင် တိုက်ပွဲဝင်နေကြသူ ကျောင်းသား၊ ရဟန်း၊ ပြည်သူလူထုကြီးဟာလည်း အမိနိုင်ငံကို ချစ်တဲ့သူများ ဖြစ်ကြပါတယ်။

အိမ်ဝေးသူများထဲမှာ ၈၈ အရေးတော်ပုံကြီးက မွေးဖွားပေးလိုက်တဲ့ ကျောင်းသားတော်လှန်ရေးရဲဘော်တွေဟာ ရှေ့တန်းက ပါဝင်နေကြပါတယ်။ ကျောင်းသားအရွယ်တွေပဲ…. ကျောင်းတက်ချင်ကြတာပေ့ါ၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နည်းပညာတွေကို သူ့ထက်ငါ သင်ယူချင်ကြတာပေ့ါ။ ဒါပေမယ့် ဆန္ဒကို လက်တွေ့ဘဝက ခွင့်မပြုပါဘူး၊ စစ်အုပ်စုရဲ့ ပြဋ္ဌာန်းချက်က ခွင့်မပြုပါဘူး။ ကျောင်းတွေအခါခါပိတ်ပြီး ကျွန်စာထက်နိမ့်ကျတဲ့ ပညာရေးစနစ်ကို စစ်အုပ်စုက ကျင့်သုံးနေတာဖြစ်ပါတယ်။ ဒီတော့ ကျောင်းသားတွေ နိုင်ငံရေးလုပ်တယ်၊ လက်နက်ကိုင်တော်လှန်ရေး လုပ်ကြတယ်၊ တချို့က တကိုယ်ရေထွက်ပေါက်ရခဲ့ရင် တပါးနိုင်ငံထွက် ပညာတွေသင်တယ်၊ ဦးနှောက် ယိုစီးမှု၊ လုပ်အားယိုစီးမှု၊ ယဉ်ကျေးမှုကမ်းပါးပြိုခြင်းတွေ ဖြစ်ခဲ့ရတယ်။ ဒါဟာ စစ်အုပ်စုရဲ့တာဝန်တွေသာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ကို အကြွင်းမဲ့ ဖျက်သိမ်းနိုင်မှသာ တိုင်းပြည်ရဲ့ အနာဂတ်ကို လှပစွာ ပုံဖော်နိုင်မှာဖြစ်ပါတယ်။

## မိခင်နိုင်ငံတော်

စစ်အုပ်စုအစိုးရအဆက်ဆက်ကြောင့် ကျနော်တို့ မျိုးဆက်လူငယ်တွေအကြားမှာ မျိုးဆက်ကွာဟမှုတွေ ဖြစ်ပေါ်လာပါတယ်။ တပါးနိုင်ငံမှာ တကိုယ်တော် ထူးချွန်နေရသူတွေ ရှိလာပြီး တိုင်းပြည်ရဲ့ နယ်ပယ်စုံမှာ မျိုးဆက်ကွာဟလာပါတယ်။ အတိတ်သမိုင်းကို အသေအချာမသိတဲ့ လူငယ်တွေ များလာပါတယ်။ တချို့ဆို အကြောက်တရားနဲ့ ကြက်တူရွေး၊ သာလိကာအသိတွေ ဖြစ်ထွန်းလာခဲ့ပြီး ကြံ့ဖွတ်ဆိုတဲ့ လူငယ်တွေက စစ်အုပ်စုကြိုးဆွဲရာ သမိုင်းဝင်ရာဇဝတ်မှုတွေကို ကျူးလွန်နေကြတာကို ကြည့်ရင် ရှင်းနေပါတယ်။ အဲဒီလို မျိုးဆက်ကွာဟနေမှုကို ပြန်လည်ဆက်စပ်ပေးဖို့ တာဝန်ဟာ ကျနော်တို့ အားလုံးရဲ့ ပခုံးပေါ် ရှိပါတယ်။ ဒီနေရာမှာ လူကြီးလူငယ် ခွဲနေရမှာ မဟုတ်ပါဘူး။ အားလုံး ကျရာအခန်းက အစွမ်းကုန် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ငြင်းလို့ မရပါဘူး။ ငြင်းခဲ့ရင်လည်း တဦးတယောက်ရဲ့ အချောင်သမားဖြစ်စဉ်ဖြစ်ပြီး သမိုင်းဖြစ်စဉ် မဖြစ်နိုင်ပါဘူး။ အမီလိုက် ဖွံ့ဖြိုးရေး၊ လူထုအစိုးရ၊ လူထုအာဏာ၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့ စစ်အာဏာရှင်စနစ်တခုလုံးကို အမြစ်ပြတ် တော်လှန်ပြောင်းလဲရေးဟာ ကျနော်တို့နိုင်ငံရဲ့ လက်ရှိ သမိုင်းလိုအပ်ချက် ဖြစ်နေပါတယ်။

၂၀၀၃ မေလဆန်းမှာ ကျောင်းသားတပ်မတော် အမှတ်(၈)တပ်ရင်းက တပ်စိပ်မှူး ရဲဘော်ကျောင်းသားကလေးတယောက်ဟာ တိုက်ကင်းလှည့်ရင်း မြေမြှုပ်မိုင်းတလုံးကို နင်းမိလို့ သူ့ခြေထောက်တဘက်ကို ဖြတ်တောက်ပစ်လိုက်ရပါတယ်။ ခြေထောက်ဖြတ်ပြီးတော့ သူနေကောင်းရင် လွတ်မြောက်နယ်မြေက မိခင်တပ်ရင်းကို ပြန်မယ်၊ တပ်ရင်းကို ပြန်ပို့ပေးဖို့သာ တောင်းဆိုနေပါတယ်။ သူ့ခြေထောက် ဖြတ်တောက်နေတာကို တချက်ကလေးမျှ မျက်နှာမပျက်ခဲ့ဘူးလို့ ဆရာ၊ ဆရာမတွေက အံ့သြတကြီး ပြောဆိုကြပါတယ်။ လာရောက်ကြည့်ရှုအားပေးခဲ့တဲ့ ကျောင်းသားရဲဘော်ဟောင်းကြီးတွေ၊ မဟာမိတ်ရဲဘော်တွေက အစ သူ့စိတ်ဓာတ်ကို လေးစားကြောင်း နှုတ်က ဖွင့်ဟပြောဆိုချီးမွမ်းခဲ့ကြပါတယ်။ တချိန်တည်းမှာ အမေရိကန်၊ ဥရောပ၊ ဂျပန်အစရှိတဲ့ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေက ကျောင်းသားတွေဟာ ကွန်ပြူတာ၊ အင်တာနက်၊ စီဒီရွှမ်တွေနဲ့ အလုပ်ရှုပ်နေပါလိမ့်မယ်။ တချိန်တည်းမှာပဲ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေက သူ့အရွယ် လူငယ်တွေဟာ ကျောင်းနေဖို့ နေနေသာသာ အစာရေစာ ငတ်မွတ်ခေါင်းပါးပြီး သေဆုံးနေရတဲ့အဖြစ်တွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

## နီဂုံးတခု၏ နိဒါန်း

၂၀၀၃ မေလအတွင်းမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အထက်ဗမာပြည် စည်းရုံးရေးခရီးစဉ် ထွက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အဲန်အယ်လ်ဒီက ကျောင်းသားလူငယ်တွေ လိုက်ပါသွားကြပါတယ်။ လမ်းတလျှောက်မှာ စစ်အုပ်စု လက်သပ်မွေးထားတဲ့ ကြံ့ဖွတ်တွေက လက်သီး၊ လေးဂွ၊ ဝါးရင်းတုတ်၊ ဓားလွတ်များနဲ့ စနစ်တကျ ရမ်းကားနှောင့်ယှက်ခဲ့ပါတယ်။ ခရီးကြမ်းကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျောင်းသားများက သည်းခံစိတ်အပြည့်နဲ့ ခက်ခက်ခဲခဲ လိုရာရောက်အောင် သွားခဲ့ကြရပါတယ်။ မေလ (၃၀)ရက်နေ့မှာတော့ စစ်အုပ်စုရဲ့ စနစ်တကျ ခင်းကျင်းထားတဲ့ ဗျူဟာမြောက် ချေမှုန်းခြင်းကို ခံကြရပါတယ်။ စစ်တပ်၊ ကြံ့ဖွတ်၊ ထောင်အတွင်းက လူဆိုးလူမိုက်များကို စုဖွဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို မုံရွာနဲ့ ရေဦးအကြားမှာ ညကြီးမင်းကြီး ချေမှုန်းတာပါ။ လက်နက်မပါတဲ့ လူနည်းစု ဒီမိုကရေစီဘက်တော်သားတွေကို လက်နက်မျိုးစုံနဲ့ အင်အားသုံး တဖက်သတ် ချေမှုန်းတိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ သတင်းအမှောင်ချထားလို့ သတင်းတွေ အတိအကျ မရရှိနိုင်သေးပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးခေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားတယ်။ ကျောင်းသားအဖွဲ့ဝင်တွေ ကျဆုံး ဒဏ်ရာရကြတယ်။

ဘုန်းကြီးအပါအဝင် လူအတော်များများ ထိခိုက်ကျဆုံးခဲ့ရတယ်လို့ သတင်းတွေ ကြားသိရပါတယ်။ တဆက်တည်းမှာ စစ်အုပ်စုက တက္ကသိုလ်၊ ကောလိပ်ကျောင်းများအားလုံးကို ရက်အကန့်အသတ်မရှိ ပိတ်ပစ်လိုက်ပြီး အဲန်အယ်လ်ဒီရုံးတွေကိုလည်း အလုံဖြုတ်ချပြီး ချိတ်ပိတ်ထားလိုက်ကြပါတယ်။

နအဖ က သူ့ကိုယ်သူ တတိယလူ၊ ဒိုင်လူကြီး ကယ်တင်ရှင်လို ပြောကာ သတင်းစာရှင်းလင်းပွဲ လုပ်ပါတယ်။ (၄)ဦးသေပြီး (၅၀)ကျော် ဒဏ်ရာရတယ်လို့ လိမ်ညာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပြောပါတယ်။ သမိုင်းတလျှောက် လူထုနဲ့ ကျောင်းသားတွေပေါ်မှာ ဖိနှိပ်ရက်စက်မှု လက်သံပြောင်ခဲ့တဲ့ စစ်အုပ်စုရဲ့ လုပ်ရပ်တွေကြောင့် ထိခိုက်ကျဆုံးမှုဟာ များပြားနိုင်ကြောင်း လူထုက သိပါတယ်။ မေ(၃၀)အရေးအခင်းဟာ အဲန်အယ်လ်ဒီနဲ့ ကြံ့ဖွတ်တို့ရဲ့ ပဋိပက္ခ သက်သက် မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်လ်ဒီလူငယ် ကျောင်းသားတွေဟာ ပြည်သူလူထုကြီးကို ကိုယ်စားပြုပြီး၊ စစ်တပ်၊ ကြံ့ဖွတ်နဲ့ ထောင်ထဲက လူဆိုးလူမိုက် လက်ရွေးစင်အုပ်စုတွေကတော့ နအဖ စစ်အုပ်စုရဲ့ လက်သပ်မွေး ကွပ်ကဲ စီမံတိုက်ခိုက်ခဲ့တာဖြစ်လို့ ပဋိပက္ခဟာ ဖိနှိပ်သူ အာဏာရှင်နဲ့ အဖိနှိပ်ခံလူထုကြီးရဲ့ ပဋိပက္ခ ဖြစ်စဉ်ထဲက အရေးအခင်းတခုဖြစ်ပါတယ်။ အရေးအခင်းတခုရဲ့ ယာယီနိဂုံးနှင့်အတူ စစ်အာဏာရှင်ကို အပြီးသတ် တိုက်ပွဲဝင်မယ့် အရေးတော်ပုံကြီးရဲ့ နိဒါန်းတခု အစပျိုးလိုက်ပြန်ပါပြီ။ သွေးမြေကျပြီး အစပျိုးလိုက်ရတာပါ။ ကျနော်တို့အဖို့ ဒီမိုကရေစီရေး အတွက် ရွေးလမ်းဟာ တိုက်ပွဲဝင်ခြင်းမှတပါး အခြားမရှိတော့ပါ။

အရေးအခင်းနဲ့ အရေးတော်ပုံ ဖြစ်စဉ်များမှာ ကျဆုံး ဒဏ်ရာရရှိခဲ့ကြတဲ့ ဒီမိုကရေစီဘက်တော်သားများရဲ့ ဂုဏ်ရောင်ပြောင်တဲ့ စိတ်ဓာတ်ကို တိုက်ပွဲဝင် ဒေါနတောင်တန်းတွေပေါ်က ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ်။

❖

အရေးအခင်းတခုရဲ့ ယာယီနိဂုံးနှင့်အတူ စစ်အာဏာရှင်ကို အပြီးသတ် တိုက်ပွဲဝင်မယ့် အရေးတော်ပုံကြီးရဲ့ နိဒါန်းတခု အစပျိုးလိုက်ပြန်ပါပြီ။ သွေးမြေကျပြီး အစပျိုးလိုက်ရတာပါ။ ကျနော်တို့အဖို့ ဒီမိုကရေစီရေးအတွက် ရွေးလမ်းဟာ တိုက်ပွဲဝင်ခြင်းမှတပါး အခြားမရှိတော့ပါ။

# အာဆီယံအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ စေလွှတ်မည်



ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး
မစ္စတာဗလပ်စ်အိုပဲလ်

**ဇွန်၊ (၂၁)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်မြောက်လာပြီးနောက် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံး ဖြစ်ပေါ်လာရေး အကူအညီပေးရန်၊ အာဆီယံအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဗလပ်စ်အိုပဲလ်က ပြောကြားလိုက်သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တွန်းအားပေးသွားရန် ရည်ရွယ်ထားကြောင်း သိရပြီး နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကြောင့် မြန်မာနိုင်ငံ အပယ်ခံအထီးကျန်ဘဝ မရောက်ရန် ကြိုးစားလို၍ ဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ထိုကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အတိုက်အခံ နိုင်ငံရေးပါတီများကနဦး တွေ့ဆုံပြီးမှသာ စစ်အစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရေးအစီအစဉ်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပနေချိန်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အဆိုပြုခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာပြီးပြီးချင်း မြန်မာနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်ပြီး အောက်တိုဘာလတွင် ပြုလုပ်မည့် အာဆီယံထိပ်သီးညီလာခံမတိုင်မီ ဖြစ်သင့်ကြောင်း မစ္စတာအိုပဲလ်က ပြောကြားခဲ့သည်။ ဆက်လက်၍ မိမိအာဆီယံကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းတာဝန်သည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ်၏ တာဝန်များနှင့် ဒွေးရောယှက်တင်ဖြစ်မှာ မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ၎င်း၏လုပ်ငန်းများအပေါ် ထပ်လောင်းအားဖြည့်သွားရန်သာ ဖြစ်သည်ဟု ဆိုသည်။

❖

# စစ်အုပ်စုထိန်းသိမ်းမှုအောက်တွင် (၇)ကြိမ်မြောက် ဖြတ်သန်းခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက်မွေးနေ့ပွဲသို့ ကောလင်းပါဝယ်လ်က စကားလက်ဆောင် ပေးပို့

**ဇွန်၊ (၁၉)ရက်။**

ဇွန်လ(၁၉)ရက်နေ့တွင် ကျရောက်သော ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက်မွေးနေ့သို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကောလင်းပါဝယ်လ်က မွေးနေ့လက်ဆောင် နှုတ်ခွန်းဆက်စကား ပေးပို့ခဲ့သည်။ သို့သော် အဆိုပါ နှုတ်ခွန်းဆက်စကားကို မြန်မာပြည်ရှိ အမေရိကန်သံရုံးက နအဖအကျဉ်းထောင်အတွင်း ကျရောက်နေသည့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ရောက်ရှိအောင် ပို့ဆောင်ခွင့် မရခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ယခု (၅၈)နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့သည် ၁၉၈၉ ခုနှစ်မှစ၍ စစ်အာဏာရှင်များ၏ ဖမ်းဆီးထိန်းသိမ်းမှုအောက်တွင် ဖြတ်သန်းရသော သူမ၏ (၇)ကြိမ်မြောက် မွေးနေ့ပွဲဖြစ်သည်မှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာ ဖိလစ်ရီကာက ကြေညာချက်ထဲတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ကြေညာချက်တွင် ဖမ်းဆီးခံထားရသော ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား ပြန်လည်လွှတ်ပေးရန် ထပ်မံတောင်းဆိုထားပြီး မိမိတို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အလေးအမြတ်ပြုသလို သူမ၏ အနာဂတ်မွေးနေ့များသည် လွတ်လပ်သည့် မြန်မာနိုင်ငံတွင် ကြုံတွေ့နိုင်စေရန် မျှော်လင့်ကြောင်း ဆုမွန်တောင်းထားသည်။ ❖



အမေရိကန်နိုင်ငံခြားရေး
မစ္စတာကောလင်းပါဝယ်လ်

# ဂျပန်ဝန်ကြီးချုပ်၏ကိုယ်စားလှယ် မြန်မာပြည်သို့ သွားရောက် ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေး တောင်းဆိုမှု မအောင်မြင်

**ဇွန်၊ (၂၃)ရက်။**

မေ(၃၀) ဒီပဲယင်းအရေးအခင်း ဖြစ်ပွားပြီးနောက် ဖမ်းဆီးခြင်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန်နှင့် ထိုအရေးအခင်းဖြစ်ပွားပုံ ဖြစ်ရပ်မှန်အသေးစိတ်ကို ထုတ်ဖော်ပေးရေး တောင်းဆိုရန်အတွက် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တက်စူရိုယိုနိုသည် ဂျပန်ဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖြစ် ဇွန်လ(၂၃)ရက်နေ့က မြန်မာနိုင်ငံသို့ (၁)ရက်ကြာ သွားရောက်ခဲ့သည်။

မစ္စတာယိုနိုသည် ရန်ကုန်မြို့သို့ သွားရောက်စဉ် နအဖ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်တို့နှင့် (၁)နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ပါ ခေတ္တတွေ့ဆုံခဲ့သည်ဟု ဆိုသည်။ ထိုတွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ခင်ညွန့်က ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၀(က)နှင့် ဖမ်းဆီးထားသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်ဟု သိရသည်။ အလားတူ ပြည်ထဲရေးဝန်ကြီးကလည်း ပြောကြားခဲ့သည်ဟုဆိုသည်။

ထိုသို့ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန်၊ ယခုလို ထိန်းသိမ်းထားခြင်းအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းကို ဖြေရှင်းရန်၊ အဲန်အယ်လ်ဒီပါတီကို လွတ်လပ်စွာလှုပ်ရှားခွင့်ပြုရန် စသည်တို့ပါဝင်သည့် ဂျပန်ဝန်ကြီးချုပ် ကိုအိဇူမိ၏ ပေးစာတစောင်အား မစ္စတာယိုနိုက နအဖထံ ပေးအပ်ခဲ့သည်။

မစ္စတာယိုနိုက မြန်မာပြည်ခရီးစဉ်အပြီး သတင်းထောက်များအား ပြောကြားရာတွင် မိမိ၏ခရီးစဉ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်အစိုးရ၏သဘောထားကို ပြန်လည် သုံးသပ်ရန်မဟုတ်ဘဲ တန့်နေသည့် ပြဿနာများ ပြေလည်သွားစေရေးဖြစ်ကြောင်း၊ သို့ရာတွင် မျှော်လင့်ထားသလို မိမိတို့၏ ကြိုးပမ်းမှုသည် အောင်မြင်မှုမရရှိခဲ့ကြောင်း၊ ထိုကိစ္စအတွက် နအဖတို့ဘက်မှ လိုလိုလားလား ကြိုးပမ်းအားထုတ်မှု ကင်းမဲ့နေခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသွားသည်။

❖ ❖ ❖

# ဒေါ်အောင်ဆန်းစုကြည် ဒဏ်ရာမရဟု ပြောဆိုမှုအပေါ် မြန်မာလူထုက မယုံကြည်

ဇွန်၊ (၁၂)ရက်။

ကုလသမဂ္ဂ အထူးသံတမန် ရာဇာလီအစ္စမေးလ်က ဒေါ်အောင်ဆန်းစုကြည် ကျန်းကျန်းမာမာရှိနေပြီး မည်သည့်ဒဏ်ရာမှ မရရှိကြောင်း ပြောဆိုခဲ့သော်လည်း မြန်မာပြည်သူလူထုက ယုံကြည်မှုမရှိကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ ဦးအောင်မြင့်က ပြောဆိုခဲ့သည်။

ဦးအောင်မြင့်က မစ္စတာရာဇာလီ၏ ပြောဆိုချက်များအပေါ် ယုံကြည်မှု မည်မျှရှိသည်ဆိုသည်ကို ဂဏန်းသင်္ချာနှင့် ပြောဆို၍ မရကြောင်း၊ သို့သော် မိမိအနေဖြင့် ယုံကြည်မှု မရှိကြောင်းပြောဆိုခဲ့ပြီး မစ္စတာရာဇာလီသည် မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသူဖြစ်ကြောင်း၊ သူ့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့ရာတွင် နအဖနှင့် ကတိကဝတ်များ ပေးထားရလိမ့်မည်ဟုယူဆရကြောင်း၊ သံတမန်ဆိုသည်မှာ သံတမန်စကားကို ပြောဆိုမည်သာဖြစ်ကြောင်း၊ တွေ့ဆုံရာတွင် လိုက်နာဆောင်ရွက်ရမည့်အရာများ ရှိနေမည်ဟု ထင်မြင်ကြောင်း ပြောကြားသွားပြီး ပြည်သူများက ယခုလောက် ကြီးကြီးကျယ်ကျယ်ဖြစ်ခဲ့သည့် အရေးအခင်းတွင် နအဖ ပြောကြားသလောက်သာ ထိခိုက်မှုများ ရှိခဲ့သည်ဆိုခြင်းကို ယုံကြည်မှုမရှိကြကြောင်း ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ ❖



ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ထွက်ခွာလာသော
ကုလသမဂ္ဂ အထူးသံ မစ္စတာရာဇာလီအား
စင်္ကာပူလေဆိပ်တွင် သတင်းထောက်များ ဝိုင်းဝန်းမေးမြန်းနေစဉ်

# စစ်အစိုးရ၏ အကြမ်းဖက်မှုအပေါ် အမေရိကန်နှင့်ထိုင်း ပူးတွဲကြေညာချက် ထုတ်ပြန်



အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့်
ထိုင်းဝန်ကြီးချုပ် ထပ်စင်

**ဇွန်၊(၁၁)ရက်။**

စစ်အစိုးရ၏ မေလ (၃၀)ရက်နေ့ ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ထိုင်းနိုင်ငံတို့မှ အရေးပေါ်ထုတ်ပြန်ချက်တရပ်အနေဖြင့် သတင်းထုတ်ပြန်ရေးဝန်ကြီးရုံးက ဇွန်လ (၁၁)ရက်နေ့ နေ့စွဲဖြင့် ပူးတွဲကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား ချက်ချင်းလွှတ်ပေးရန်နှင့် လက်ဆုပ်လက်ကိုင် ပြနိုင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ချက်ချင်းပြုလုပ်ရန် စစ်အစိုးရအား တောင်းဆိုလိုက်ပြီး မြန်မာပြည်တွင် ဒီမိုကရေစီပေါ်ထွန်းရေးသည် အရှေ့တောင်အာရှ တိုးတက်စည်ပင်ရေးနှင့် တည်ငြိမ်ရေးအတွက် အရေးကြီးကြောင်းကိုလည်း နှစ်နိုင်ငံ ခေါင်းဆောင်များက အလေးအနက်ထား ဖော်ပြခဲ့ကြသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ အယ်ဒီဖစ်ရှာက မေ(၃၀)ဖြစ်ရပ်အပါအဝင် ခေါင်းဆောင်နှစ်ဦးတို့သည် မြန်မာပြည်၏ လက်ရှိအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေကြသည်ဟုဆိုသည်။ ဆွေးနွေးပွဲတွင် သမ္မတဘုရှ်က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အကူအညီပေးရန် ထိုင်းနိုင်ငံကိုတောင်းဆိုခဲ့ပြီး ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ ဖိအားများက မြန်မာ့အရေးတိုးတက်မှုများ ဖြစ်ပေါ်လာရန် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အမေရိကန်အစိုးရက မျှော်လင့်ထားကြောင်း ပြောဆိုခဲ့သည်ဟု အယ်ဒီဖစ်ရှာက ပြောကြားသည်။

ဤကြေညာချက်သည် ထိုင်းဝန်ကြီးချုပ် ထပ်စင်၏ ဇွန်လဆန်းပိုင်းက သွားရောက်ခဲ့သော (၅)ရက်ကြာ အမေရိကန်ခရီးစဉ်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ❖

# အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး ကျန်းကျန်းမာမာရှိကြောင်း ICRC ထုတ်ဖော်ပြောဆို



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ဒုဥက္ကဋ္ဌ ဦးတင်ဦး**

**ဇွန်၊ (၂၃)ရက်။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို မိမိတို့မှ ကျန်းကျန်းမာမာနှင့် တွေ့ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ICRC ၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာအယ်လ်ဆာဒိုမဲလက်က မိမိတို့သည် မေ(၃၀) ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးခံထားရသူများနှင့် တွေ့ဆုံရန် ထောင်များစွာသို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ရောက်ရှိစဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို ကျန်းကျန်းမာမာနှင့် မိမိတို့ တွေ့ရှိခဲ့ရကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ သို့ရာတွင် မစ္စတာမဲလက်က မည်သည့်ထောင်တွင် တွေ့ဆုံခွင့်ရခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

စောစောပိုင်းသတင်းများအရ ဦးတင်ဦးကို ကလေးထောင်တွင် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း သိရပြီး ဇွန်(၂၁)ရက်နေ့ကမှ မန္တလေးသို့ လေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ICRC အဖွဲ့သည် သီတင်းတပတ်မှ (၁၀)ရက်ခန့်ကြာနိုင်သည့်ကာလအတွင်း ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးခံထားရသူများနှင့် တွေ့ဆုံမည်ဖြစ်သော်လည်း ဖမ်းဆီးထားသူအရေအတွက်ကို မည်သို့ သတ်မှတ်အတည်ပြုထားသည်ကို ယနေ့အထိ အသေအချာ မသိရသေးပေ။ နိုင်ငံရေး ဝေဖန်သုံးသပ်နေသူများက ICRC အနေဖြင့် နအဖ၏ စီစဉ်ပေးမှုအောက်မှာသာ လုပ်ကိုင်ဆောင်ရွက်ရပါက အမှန်အတိုင်း တွေ့ရှိနိုင်မည်မဟုတ်ဟု ဆိုသည်။ မြန်မာအတိုက်အခံများက ဒီပဲယင်းအရေးအခင်းအတွင်း လူပေါင်း (၇၀)ခန့် သေဆုံးပြီး ပျောက်ဆုံးနေသူ၊ သို့မဟုတ် ဖမ်းဆီးခံထားရသူ (၂၀၀)ကျော်ရှိနိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

❖

# စိတ်ရှည်သည်းခံရမည့်အချိန်ကုန်ဆုံးပြီ၊ လူထုကိုယ်စားလှယ်များ၏တာဝန်ဖြစ်လာ

**ဇွန်၊ (၃)ရက်။**

ကရင်ပြည်နယ် ဘားအံမြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(MP)တဦးဖြစ်သူ ဒေါ်နန်းခင်ထွေးက ဒီပဲယင်းအရေးအခင်းဖြစ်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များကို နအဖက ဖမ်းဆီး၍ အဖွဲ့ချုပ်ရုံးများကို ပိတ်ပစ်လိုက်သည့်အပေါ် ပါတီဝင်များအနေဖြင့် ဆက်လက်ရန်းကန်တိုက်ပွဲဝင်ရန် ဒီဗွီဘီနှင့် မေးမြန်းခန်းတွင် ပြတ်ပြတ်သားသားပြောကြားခဲ့သည်။

“ခေါင်းဆောင်တွေ မရှိပေမယ့် ကျမတို့ MP တွေ ကျန်သေးတယ်လေ။ MPတွေက လူထုကိုယ်စားလှယ်ပဲ။ ကျမတို့ကတောင်မှ ပိုပြီးတော့လူထုနဲ့ နီးစပ်မှုရှိသေးတယ်လေ။ ကျမတို့က လူထုကိုယ်စားလှယ်အနေနဲ့တော့ အခုတော့ လုပ်ရတော့မှာပေါ့။

ကျမတို့ကို တာဝန်လွှဲလိုက်တယ်လို့ပဲ ကျမကတော့ သဘောထားတယ်။ ကျမတို့ဟာ ဟိုဒင်းကတော့ ဒါ နောက်ဆုံးအချိန်ပဲလို့ ထင်တယ်။ ကျမတို့ ဒါ ပြတ်ပြတ်သားသား လုပ်ရတော့မယ်။ ကျမတို့က အမြဲပဲ စားပွဲမှာတွေ့ဖို့ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးနဲ့ တွေ့ဆုံစကားပြောမယ်လို့ ကျမတို့က အမြဲ ဒီလိုပဲ စိတ်ရှည်ဖို့၊ သည်းခံဖို့ အမြဲပြောခဲ့တယ်။ သည်းခံနိုင်တဲ့ အတိုင်းအတာက အခုထိမှာတော့ ဆုံးသွားပြီလို့ ကျမထင်တယ်လေ။ အဲဒီတော့ ကျမတို့က သည်းခံတဲ့အတိုင်းအတာဆုံးသွားပြီဆိုတော့ ကျမတို့ ဘာလုပ်ရမလဲဆိုတာ ကျမတို့လဲ တခုခု ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ်။ ဆိုတော့ ကျမတို့က MP ဆိုတဲ့လူက ပိုပြီးတော့တောင် ပြတ်ပြတ်သားသား ရှိရဦးမယ်လေ။



ဒီလိုပဲ
ကြည့်နေကြမယ်ဆိုရင်တော့
ကျမတို့လဲ လူသားမဟုတ်တော့ဘူး

**ဒေါ်နန်းခင်ထွေးမြင့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊**
**မဲဆန္ဒနယ်အမှတ်(၃)**

ကျန်တဲ့MP တွေလဲ ကျမတို့နဲ့ အလားတူရှိကြမှာပါပဲ။ အကုန်လုံးက MP တယောက်ဖြစ်နေမှတော့ ဒါလောက်တော့ ခံစားချက်၊ နားလည်ချက်ရှိကြတာချည်းပဲ။ ကျမတို့ ဒါတောင်မှ အခုမှပဲ လူတွေက တခုခုကို ကျမတို့ ရေရှည်ကြီးဆွဲလာတဲ့ အလုပ်ကြီးတခုဟာ ပြတ်ပြတ်သားသား လုပ်ရတော့မယ်ဆိုတာ၊ အခုဟာ ကျမတို့မှာ အခုမှပဲ ပွဲပြီးမှာပေါ့နော်။ ဘာလို့လဲဆိုတော့ ကျမတို့လဲ အသိအရ လုပ်ရတော့မယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့လူတွေကို ဒီလောက်တောင်မှ ရက်ရက်စက်စက်လုပ်ထားတာပဲ။ တော်တော်လေး အောက်တန်းကျကျ ယုတ်ယုတ်မာမာ လုပ်ထားတာကို ကျမတို့က ဒီလိုပဲ ကြည့်နေကြမယ်ဆိုရင်တော့ ကျမတို့လဲ လူသား မဟုတ်တော့ဘူး။ ❖

# အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အကြောင်း မဟာဘဲ အမျိုးသားညီလာခံဓာတ်ပြားဟောင်းကြီး နအဖပြန်ဖွင့်

**ဇွန်၊ (၁၂)ရက်။**

အမေရိကန်အစိုးက စီးပွားရေးပိတ်ဆို့မှုများအပါအဝင် အခြားအရေးယူမှုများ ဆက်လက်လုပ်ဆောင်ရန် ပြင်ဆင်နေချိန်တွင် နအဖက ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

ထိုကြေညာချက်တွင် အမေရိကန်သမတနှင့် ထိုင်းဝန်ကြီးချုပ်တို့၏ အကြံပြုချက်များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း ဖော်ပြထားပြီး ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေးဆိုသည်များမှာ မြန်မာစစ်အစိုးရ၏ မူလရည်မှန်းချက်များ ဖြစ်ပါသည်ဟု ဆိုလိုက်သည်။

သို့ရာတွင် ကုလသမဂ္ဂမှ ကူညီဆောင်ရွက်နေသည့် သုံးပွင့်ဆိုင်ဆွေးနွေးရေး လုပ်ငန်းစဉ်အကြောင်းကို ဖော်ပြထားခြင်းမရှိဘဲ နိုင်ငံရေးပြောင်းလဲမှုများဖြစ်ပေါ်ရန် အမျိုးသားညီလာခံမှ တဆင့်သွားမှုဖြစ်မည်ဟု ဖော်ပြထားရာ ထိုဖော်ပြမှုမှာ ထူးခြားချက်တရပ်ဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ယူဆကြသည်။

နအဖက မိမိတို့အနေဖြင့် နိုင်ငံရေးပြဿနာများအားဖြေရှင်းနိုင်ရန် လူစုံတက်စုံပါဝင်သော အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်ကတည်းက စတင်ကျင်းပနေသည်မှာ ယခုအချိန်ထိဖြစ်ကြောင်း၊ ထိုသို့ ဆွေးနွေးရေးလမ်းကြောင်းဖွင့်ထားပါလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၅ ခုနှစ်တွင် ညီလာခံမှ တဖက်သတ်ထွက်ခွာသွားသည့်အတွက် ဆွေးနွေးပွဲများမှာ ကံမကောင်းအကြောင်းမလှ ဖြစ်နေရပါကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

နအဖ၏ ကြေညာချက်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေက နအဖသည် အမေရိကန်အစိုးရအပေါ် မခံချိမခံသာ အတော်ဖြစ်နေသော်လည်း အမေရိကန်နှင့် နိုင်ငံတကာ၏ အကြံပြုချက်များအား ကြိုဆိုပါတယ်ဟု ပြောကြားလေ့ရှိကြောင်း၊ ယခုလို နိုင်ငံရေးအကျပ်အတည်းနှင့် ကြုံတွေ့ရတိုင်း အပစ်အခတ်ရပ်စဲရေးများလုပ်ထားကြောင်း၊ အမျိုးသာညီလာခံ လုပ်နေပါကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေးကိုလည်း လုပ်ဆောင်နေကြောင်း စသည့်အချက်သုံးချက်ပါဝင်သည့် ဓာတ်ပြားဟောင်းကြီးကိုပင် ပြန်ပြန်ဖွင့်လှစ်တတ်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေး ပုသိမ်မှာဆန္ဒပြ

**ဇွန်၊ (၆)ရက်။**

ဇွန်လ(၅)ရက်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းမှ ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲတခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆန္ဒပြပွဲကို ပုသိမ်မြို့ အဖွဲ့ချုပ်စည်းရုံးရေးမှူး ဦးအေးဝင်းက ဦးဆောင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးဟု ရေးသားထားသည့် ပိုစတာများ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ဒေသခံတဦး၏ အဆိုအရ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန်၊ ချိတ်ပိတ်ထားသည့် အဲန်အယ်လ်ဒီ ရုံးခန်းများ ပြန်ဖွင့်ပေးရန်နှင့် စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုအတွင်း သေဆုံး၊ ဒဏ်ရာရသူများအပါအဝင် ပျောက်ဆုံးနေသူများအားလုံး၏ စာရင်းကို အတိအကျ ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒပြသူအင်အား(၅၀)ခန့်သည် ပုသိမ်မြို့တွင်းလမ်းမကြီးများဖြစ်ကြသည့် မြေနုလမ်း၊ ကုန်သည်လမ်း၊ ရွှေစေတီလမ်း၊ ကမ်းနားလမ်းနှင့် ဈေးချောင်းလမ်းမကြီးတို့တွင် လှည့်လည်ဆန္ဒပြခဲ့ကြစဉ် မြို့နေလူထုက လမ်းများတလျှောက် အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြသချိန် တနာရီခန့်တွင် ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မောင်မောင်ဦးနှင့်အဖွဲ့ ရောက်ရှိလာပြီး ဆန္ဒပြသည့် ခေါင်းဆောင် ဦးအေးဝင်းနှင့် အခြား (၆)ယောက်တို့ကို ဖမ်းဆီးသွားကြောင်း သိရသည်။



**ပုသိမ်မြို့နယ် အဖွဲ့ချုပ် စည်းရုံးရေးမှူး**
**ဦးအေးဝင်း**

အခြားသတင်းတပုဒ်အရ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် နောင်ပေရွာတွင် မေလ(၃၁)ရက်နေ့က ဆန္ဒပြပွဲတရပ်ဖြစ်ပွားခဲ့သည့်အတွက် အာဏာပိုင်တို့က ပစ်ခတ်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ဒဏ်ရာရရှိခြင်းမရှိ ရာဇာလီပြောဆိုချက် ကုလသမဂ္ဂအတည်ပြုမှုမရသေး

**ဇွန်၊ (၁၁)ရက်။**

မကြာခင်က မြန်မာနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာရာဇာလီက မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ အခြေအနေမှာ ရှင်လန်းတက်ကြွလျက်ရှိပြီး ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာဒဏ်ချက်များ ရရှိထားခြင်းမရှိကြောင်း ပြောဆိုခဲ့သည့်အပေါ် အာရ်အက်ဖ်အေ အသံလွှင့်ဌာနက အတည်ပြုချက်ရယူရန် နယူးယောက်မြို့ရှိကုလသမဂ္ဂရုံးချုပ်သို့ ဆက်သွယ်မေးမြန်းခဲ့သည်ဟု သိရသည်။

မစ္စတာရာဇာလီသည် ပြီးခဲ့သည့်ရက်များအတွင်း မြန်မာနိုင်ငံသို့သွားရောက်ခဲ့စဉ် ပြန်ခါနီး နာရီပိုင်းအလိုတွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် တနာရီအကြာ တွေ့ဆုံခွင့်ရခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်ပေါ်၌ သိသာထင်ရှားသည့် ဒဏ်ရာဒဏ်ချက်များ မတွေ့ရပါဟု ပြောဆိုခဲ့သည်။

မစ္စတာရာဇာလီ၏ ပြောဆိုချက်အပေါ် ကုလသမဂ္ဂရုံးချုပ်၏ အတည်ပြုချက်ရှိမရှိ သိနိုင်ရန် အာရ်အက်ဖ်အေက မေးမြန်းခဲ့ရာတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ဖြစ်ပွားမှုအသေးစိတ်အချက်အလက်များအား ကုလသမဂ္ဂရုံးချုပ်က မရရှိသေးကြောင်း။ သို့ရာတွင် ထိုဖြစ်ပွားမှုပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံ၌ အပြောင်းအလဲတရပ် ပြုလုပ်ရန်လိုအပ်သည်ကို ပြသရာရောက်သည်ဟု အတွင်းရေးမှူးချုပ်က ရှုမြင်ထားကြောင်း။ မြန်မာနိုင်ငံ၏ အရေးသည် တရားဥပဒေစိုးမိုးရေးအတွက်သာမဟုတ်ဘဲ အပြောင်းအလဲများ လိုလားနေသည့် မြန်မာပြည်သူများ၏ ရည်မှန်းချက်များအဖြစ် ယူဆပါကြောင်း။ မြန်မာ့နိုင်ငံရေး ရှေ့ဆက်အောင်မြင်မှုများ ရရှိလာရန် တွန်းအားပေးသွားရေးကိုလည်း ကိုဖီအာနန်က အလေးထားလျက်ရှိကြောင်း ၎င်း၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စဝ့ာကျီယန်က အာရ်အက်ဖ်အေသို့ ပြောကြားခဲ့သည်ဟု သိရသည်။

❖

# ၁၉၇၅ ခုနှစ် နှစ်ပတ်လည်လှုပ်ရှားမှု

## ကျောင်းသားဟောင်းတစ်ဦး

**၂၈ နှစ်မြောက် ကျောင်းသား၊ အလုပ်သမား လူထုလှုပ်ရှားမှုအရေးတော်ပုံအမှတ်တရ**

### လှုပ်ရှားမှု အကြိုကာလ

ဦးသန့်အရေးအခင်း ဖြစ်လို့ ကျောင်းရက်ရှည်ပိတ်ထားရာကနေ ၁၉၇၅ မေလလောက်မှာ ကျောင်းတွေပြန်ဖွင့်လိုက်ပါတယ်။ သူငယ်ချင်းတွေပြန်ဆုံကြလို့ တဖက်က ဝမ်းသာရပေမယ့် ကျောင်းကို ပြန်မရောက်လာနိုင်တဲ့သူတွေအတွက် စိတ်မကောင်း ဖြစ်ရပါတယ်။ အချင်းချင်း စုပြီးတော့လဲ ဦးသန့်အရေးအခင်းအကြောင်း ပြန် စကားလက်ဆုံပြောဖြစ်ကြပါတယ်။ အထူးသဖြင့် စစ်အစိုးရက အကြမ်းဖက်နှိမ်နင်းတဲ့ အကြောင်းတွေပြောဖြစ်ရင် စိတ်ထဲမှာ နာ



၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇) ရက် အရေးတော်ပုံဖြစ်ပွားစဉ်

ကျည်းမှုတွေ တဖွားဖွားဖြစ်လာရပါတယ်။

စစ်အစိုးရ တက်လာပြီးကတည်းက တိုင်းပြည်ဟာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှု စတဲ့ ဘက်ပေါင်းစုံမှာ ဆုတ်ယုတ်ကျဆင်းလာတာတွေကိုလဲ ပြောဖြစ်ကြပါတယ်။ စီးပွားရေးကျဆင်းပြီး ကုန်ဈေးနှုန်းတွေ တက်တဲ့ဒဏ်ကိုတော့ ကျနော်တို့ကျောင်းသားတွေ ခါးစီးခံခဲ့ကြရတာဖြစ်ပါတယ်။ လောလောဆယ်မှာလဲ စာသင်ဆောင်နဲ့ လူနေဆောင်တွေ မလုံလောက်မှု၊ ပညာသင်ကြားရေး အထောက်အကူပစ္စည်းတွေ မလုံလောက်မှု၊ ဖယ်ရီကား မလုံလောက်မှု၊ အစားအသောက် ပိုညံ့လာမှုနဲ့ အဆိုးဆုံးကတော့ ဘွဲ့ရပြီးရင် ဘ၀ အာမခံချက် ကင်းမဲ့မှု စတာတွေကို ခံစားနေကြရတာဖြစ်ပါတယ်။

ဒီမကျေနပ်မှုတွေဟာ ကျောင်းသားတွေကြားမှာ တဖြည်းဖြည်းနဲ့ ပျံ့နှံ့နေပါတယ်။ ဒီမကျေနပ်မှုတွေကို ထင်ဟပ်တဲ့ ပေါက်ကွဲမှုလေးတွေလဲ ပေါ်ပေါက်နေပါတယ်။ သမိုင်းကျောင်းဆောင်ဝင်းမှာ တည မီးပျက်သွားတော့ ကျောင်းသားတွေ အဆောင်အောက် ဆင်းလာပြီး ဆူကြ အော်ကြပါတယ်။ သမိုင်းကျောင်းဝင်းထဲ မောင်းလာတဲ့ ကားတွေကိုလဲ မီးပိတ်ခိုင်းပါတယ်။ နောင်မှာတော့ မီးမပျက်လဲ မိန်းဆွစ်ချပြီး ဆူတာတွေ လုပ်ကြပါတော့တယ်။

### မှန်းချက်နဲ့ နှမ်းထွက်

ကျောင်းသားတွေ အုံကြွပေါက်ကွဲတော့မယ်ဆိုတာ ရိပ်မိလာတဲ့ စစ်အစိုးရဟာ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ပါတော့တယ်။ အဲဒီအချိန်က ပညာရေးဝန်ကြီးဖြစ်တဲ့ ဒေါက်တာလှဟန်နဲ့ ဒုပညာရေးဝန်ကြီးဖြစ်တဲ့ ဒေါက်တာညီညီတို့ ဦးစီးတဲ့ မဆလထိပ်သီးတစုဟာ ကျောင်းတွေလှည့်ပြီး ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးမယ်ဆိုပြီး လုပ်လာပါတယ်။ အဲဒီလို တွေ့ဆုံတဲ့အခါမှာ ကျောင်းသားတွေရဲ့ တင်ပြချက်တွေကို နားထောင်မယ်၊ နောက်ပြီး သူတို့က ပြန်လည် ရှင်းလင်းဖြေကြားမယ်ဆိုတဲ့ သဘောပေါ့။ တကယ်က သူတို့မွေးထားတဲ့ လမ်းစဉ်လူငယ်တွေနဲ့ ကြိုတင် လက်ဝါးရိုက်ပြီး အပေါ်ယံကြောကိစ္စလေးတွေ အနည်းအပါး တက်ပြော၊ သူတို့ ပြန်ဖြေ စသည်ဖြင့် လုပ်ကြဖို့ ဖြစ်ပါတယ်။ ဒီနည်းနဲ့ ကျောင်းသားတွေရဲ့ မကျေနပ်ချက်တွေလဲ တစုံတရာ လျှော့သွားပြီး အထွေထွေပေါက်ကွဲမှုကြီးကို ရှောင်နိုင်လိမ့်မယ်လို့ တွက်ကြဟန်တူပါတယ်။

အဲဒီလို တွေ့ဆုံပွဲလုပ်ဖို့ ၁၉၇၅ ဇွန်လဆန်းရက် တရက်မှာ ဒေါက်တာလှဟန်နဲ့ ဒေါက်တာညီညီတို့ ဦးစီးအဖွဲ့ဟာ ရန်ကုန်စက်မှုတက္ကသိုလ်ကို ရောက်လာကြပါတယ်။ မာဇဒါဆီဒင်ကား (၃၂၃) အနက်ကလေးတွေနဲ့ပါ။ သူတို့ ဝန်ကြီးတွေအတွက်ပဲ ကန့်သတ်တင်သွင်းပြီး စီးကြတာဖြစ်တဲ့အတွက် ပြည်သူတွေက ဝန်ကြီးကားလို့ပဲ အခေါ်များကြပါတယ်။ ကျနော်တို့ သူငယ်ချင်းတစုကတော့ လုပ်ပွဲကြီးဖြစ်မှာဆိုပြီး စိတ်မဝင်စားတာနဲ့ ကျောင်းကန်တင်းထဲမှာ သွားထိုင်နေကြပါတယ်။

ဒါပေမယ့် မကြာခင်မှာပဲ ကျောင်းစည်းဝေးခန်းမဘက်က လက်ခုပ် လက်ဝါးတီး ဩဘာပေးသံတွေ တဝေါဝေါ ထွက်လာတာကို ကြားရပါတော့တယ်။ ဒါဆိုရင်တော့ တခုခုဖြစ်နေပြီဆိုပြီး ကျနော်တို့လဲ စည်းဝေးခန်းမဘက်ကို အမြန်ပြေးတက်သွားကြပါတယ်။ စည်းဝေးခန်းထဲမှာ ကျောင်းသားတွေ ပြည့်လျှံနေရုံမက အပြင်ဝရန်တာမှာပါ မိုးတိုးမတ်တပ်နဲ့ အုံဖွဲ့နေတာ တွေ့ရပါတယ်။

စင်မြင့်ပေါ်မှာ မဆလထိပ်သီးတွေနဲ့ ကျောင်းက ပါမောက္ခနဲ့တကွ ဆရာတချို့ ထိုင်နေကြပြီး မိုက်ခွက်ရှေ့မှာ ကျောင်းသားတယောက် စကားပြောနေတာ တွေ့ရပါတယ်။ ဒီလိုနဲ့ ကျောင်းသားကျောင်းသူတွေ တယောက်ပြီး တယောက် တက်စကားပြောကြပါတယ်။ မိမိတို့ခံစားနေရတာတွေကို ပွင့်ပွင့်လင်းလင်း ပြောကြတယ်။ အစားအသောက်ညံ့တာ၊ ကားမလုံလောက်တာ၊ ကုန်ဈေးနှုန်းကြီးတာတွေလဲ ပါပါတယ်။ အလုပ်သမားအရေးအခင်းနဲ့ ဦးသန့်အရေးအခင်းမှာ စစ်အစိုးရက ရက်ရက်စက်စက် နှိမ်နင်းတာ၊ သွေးမြေကျရတာကို မကျေနပ်ကြောင်း၊ သားသမီးချင်း မစာနာဘူးလားလို့ ကျောင်းသူတဦးက မေးပါတယ်။ ဖမ်းထားတဲ့ ကျောင်းသား၊ အလုပ်သမားတွေကို ပြန်လွှတ်ပေးဖို့လဲ အရေးဆိုပါတယ်။

တယောက်ကတော့ ၁၉၇၄ ရွေးကောက်ပွဲမှာ မဲလိမ်တာကို ဖွင့်ချတယ်။ "ခင်ဗျားတို့က မဲ ရာနှုန်းပြည့်နီးပါး ရတယ်သာ ပြောတယ်၊ ခင်ဗျားတို့ကို ထောက်ခံတဲ့လူတယောက်မှ ကျနော် မတွေ့ဖူးဘူး။ အခုဒီအစည်းအဝေးအခန်းထဲမှာ ရှိနေတဲ့သူတွေထဲက ထောက်ခံတဲ့လူပါရင် မတ်တပ်ရပ်ပြပါ"လို့ ကျောင်းသားတယောက်က ဖွင့်ပြောလိုက်တဲ့အခါမှာ နေရာမရလို့ မတ်တပ်ရပ် နားထောင်နေကြတဲ့ ကျောင်းသားတွေအားလုံး အလုအယက် ထိုင်လိုက်ကြပါတယ်။ ဇောချွေးပြန်နေကြတဲ့ မဆလထိပ်သီးများခမျာလဲ ထိုင်ရာက ထရမလိုလိုနဲ့ ခွတီးခွကျ ဖြစ်ကုန်တော့တယ်။ "ခင်ဗျားတို့ ကိုယ်တိုင်တောင် မထောက်ခံဘူး မဟုတ်လား"လို့ ကျောင်းသားတချို့က အော်ကြပါတယ်။

ကျောင်းသားတွေအနေနဲ့ ကျောင်းသားအခွင့်အရေးတွေ ကာကွယ်ဖို့၊ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေကို ပြန်လည်တောင်းဆိုနိုင်ဖို့အတွက် ကျောင်းသားထုကို အမှန်ကိုယ်စားပြုတဲ့အဖွဲ့အစည်းတရပ် အမြဲတမ်းရှိနေဖို့လိုကြောင်း၊ အရင် ကျောင်းသားသမဂ္ဂတွေ ရှိခဲ့ပေမယ့်၊ အခု မရှိတော့ကြောင်း၊ ပြန်လည်ဖွဲ့စည်းခွင့်ပေးဖို့ လိုကြောင်း၊ ကျောင်းသားသမဂ္ဂဆိုတဲ့ အမည်ကို မပေးနိုင်ဘူးဆိုလျှင်လည်း အခြားအမည်ဖြင့် ဖွဲ့ခွင့်ပေးဖို့ ကျောင်းသားတယောက်က တောင်းဆိုပါတယ်။ ဒီအခါ အောက်မှာရှိနေတဲ့ ကျောင်းသားတွေက "ဟော့.... ကျောင်းသားသမဂ္ဂဟာ ကျောင်းသားသမဂ္ဂပဲ ဖြစ်ရမယ်ကွ။ တခြား ဘာနာမည်မှ မလိုချင်ဘူး" လို့ အော်ကြပါတယ်။ အဲဒီကျောင်းသားကလဲ "ကဲ.... ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ၊ ကျောင်းသားသမဂ္ဂပဲတဲ့"လို့ ဆက်ပြောလိုက်ပါတယ်။

ဒီလိုနဲ့ (၃-၄)နာရီလောက် ကြာသွားတဲ့အခါမှာတော့ မဆလထိပ်သီးတွေက လေပြေထိုးပြီး ပွဲသိမ်းဖို့ ကြံစည်ပါတော့တယ်။ "အခု ကျောင်းသားတွေ တင်ပြတဲ့ အချက်တွေကို သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းပြီး ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်။ ပြောတာတွေလဲ များတဲ့အပြင် အကြောင်းအရာတွေက ထပ်နေပြီ။ နောက်ပြီး သူတို့အနေနဲ့ နေ့လည်ပိုင်း သမိုင်းကျောင်းဝင်းတွင်းမှာ ဆွေးနွေးပွဲလုပ်ဖို့ ရှိသေးတဲ့အတွက် အချိန်မရတော့လို့ ဒီဆွေးနွေးပွဲကို ရပ်ဆိုင်းဖို့" ပြောလာပါတယ်။ ဒါပေမယ့် ကျောင်းသားတွေက ပြောစရာတွေ ကျန်သေးတယ်ဆိုပြီး အော်ကြပါတယ်။ တချို့ကလဲ ထမင်းစားချိန် ရောက်ပြီဆိုတော့ ကြုံတုန်း အဆောင်ထမင်း၊ ဟင်းတွေ ဝင်စားသွားပါ။ ဒါမှ ကျနော်တို့ ဘယ်လိုခံစားနေရတယ်ဆိုတာ ခင်ဗျားတို့ လက်တွေ့ သိသွားရအောင်လို့ပါလို့ ပြောပါတယ်။ မဆလကြီးတွေကတော့ မျက်စိမျက်နှာပျက်နေကြပါတယ်။

နောက်ဆုံးမှာတော့ စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကြီးက ကျောင်းသားတွေကို ဝင်ထိန်းပါတယ်။ ကိုယ့်လိုလားချက်တွေလဲ တင်ပြပြီးပြီမို့ လူကြီးတွေကို အေးအေးဆေးဆေး ပြန်ခွင့်ပေးဖို့ ပြောလာပါတယ်။ ဆရာ့ကို ကျောင်းသားတွေအားလုံးက လေးစားချစ်ခင်ကြတဲ့အတွက် ဆရာ့စကားကို နားထောင်ပြီး ကျောင်းသားတွေ နဲနဲရှဲသွားပါတယ်။ ဆရာကပဲ ရှေ့က နေထွက်ပြီး မဆလကြီးတွေက နောက်က လိုက်ရပါတယ်။ တချို့ကျောင်းသားတွေက ထိပ်သီးကြီးတွေရဲ့ ကားဘောနက်ပေါ် တက်ထိုင်ကြတယ်။ ခင်ဗျားတို့ ကားတွေ မစီးဖူး၊ မထိဖူးလို့ပါဆိုပြီး ကားတွေကို လှုပ်ရမ်းကြနဲ့ ရုန်းရင်းဆန်ခတ် ဖြစ်နေပါတော့တယ်။ ဆရာဒေါက်တာအောင်ကြီး မနဲထိန်းပြီး မဆလကြီးတွေကို ကားပေါ် ရောက်အောင် တင်ပေးလိုက်ရပါတယ်။ သူတို့လဲ ကားပေါ်ရောက်တာနဲ့ ဒရောသောပါး အမြန်မောင်းထွက်သွားကြပါတယ်။

ကျနော်တို့လဲ သမိုင်းကျောင်းဝင်းထဲ ဆက်လိုက်ကြမယ်ဆိုပြီး ဘတ်စ်ကား ထွက်စီးကြပါတယ်။ သမိုင်းကျောင်းဝင်း အားကစားရုံထဲ ရောက်တော့ ကျောင်းသားတစုက ဆွေးနွေးပွဲအခမ်းအနားအတွက် ပြင်ဆင်ထားတဲ့ အသံချဲ့စက်၊ မိုက်ခွက် စတာတွေကို သိမ်းထားတာ တွေ့ရပါတယ်။



> နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကာလမှာ ကျောင်းသားသမဂ္ဂမှ မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသားခေါင်းဆောင်များဟာ ပြည်သူတွေနဲ့အတူ ရပ်တည်လက်တွဲပြီး ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ကြတယ် မဟုတ်ပါလား။ 'မြင်းခွာ တချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်'... ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းရဲ့ နယ်ချဲ့အပေါ် ရဲရင့်ပြတ်သားစွာ စိန်ခေါ် ကြုံးဝါးလိုက်သံ၊ ဒါ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ပင် မဟုတ်ပါလား။

တဖက်သို့ ○

○ တဖက်မှ

မဆလကြီးတွေတော့ ပေါ်မလာတော့ပါ။ အဲဒီမှာ ကျောင်းသားတွေက မိန့်ခွန်းတွေ ပြောကြပါတယ်။ နောက်ဆုံး ညနေ ထမင်းစားပြီးချိန် လူပြန်စုကြဖို့ ချိန်းပါတယ်။ ကျနော်တို့လဲ ကြို့ကုန်းကျောင်းဆောင်ရှိရာ ပြန်လာခဲ့ကြပါတယ်။

### တိုက်ပွဲစပြီ

ညနေထမင်းစားပြီးတာနဲ့ ကျနော်တို့လဲ သမိုင်းဝင်းကို အမြန်ထွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျနော်တို့ ရောက်သွားတော့ ကျောင်းသားတွေ မရှိတော့ပါဘူး။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို ချီတက်သွားကြပြီဆိုတဲ့အတွက် အဲဒီကို ဆက်လိုက်ကြပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမမှာတော့ သပိတ်စခန်း ဖွင့်ထားပြီးဖြစ်တာကို တွေ့ရပါတယ်။ ခွပ်ဒေါင်းအလံကို ချိတ်ဆွဲထားပါတယ်။ စင်မြင့်ပေါ်မှာ ကျောင်းသားတွေ ဝင်လိုက်ထွက်လိုက်နဲ့ အလုပ်တွေ ရှုပ်နေကြပါတယ်။ ကြေညာချက်တွေလဲ ဝေနေပါတယ်။ တိုက်ပွဲဦးစီးကော်မတီဖွဲ့ပြီးကြောင်းလဲ သိရပါတယ်။ ကျနော်တို့အားလုံးလဲ စိတ်တွေ လှုပ်ရှားနေကြသလို အားရတက်ကြွလဲ ဖြစ်နေကြပါတယ်။ အတော်လေး မိုးချုပ်တော့မှ ကျနော်တို့အဆောင်ကို ပြန်ခဲ့ကြတယ်။

နောက်ရက်တွေမှာတော့ မြို့ထဲ ဗန္ဓုလပန်းခြံ ချီတက်တဲ့အခါ ချီတက်၊ အခြားတက္ကသိုလ်ကျောင်းတွေဘက် ချီတက်တဲ့အခါ ချီတက် လုပ်ကြပါတယ်။ ဗန္ဓုလပန်းခြံမှာ နေဝင်းနဲ့ စန်းယုတို့ရဲ့ ရုပ်အလောင်းတွေကို မီးရှို့ကြတယ်။ စက်မှုတက္ကသိုလ်ကျောင်းဘက် ချီတက်လာကြပါတယ်။ ကျောင်းရှေ့မှာ ခဏရပ်ပြီး တရားဟော၊ ကြွေးကြော်သံတွေ အော်ပြီး လှည့်ပြန်သွားပါတယ်။ နေ့ခင်းထမင်းစားချိန်ဖြစ်တဲ့အတွက် ကျောင်းသားတွေ ထွက်မလိုက်ဖြစ်ကြပါ။ ဘွဲ့နှင်းသဘင်ကနေ အတူချီတက်လိုက်လာတဲ့ စက်မှုကျောင်းသားတချို့လဲ ကျန်နေရစ်ခဲ့ပါတယ်။

ဒါကို နောက်နေ့ထုတ် သတင်းစာတွေမှာ ရန်ကုန်တက္ကသိုလ်မှ ဆူပူလိုသူ ကျောင်းသားတစုက ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတွေကို လာရောက်စည်းရုံးတယ်။ ဒါကို စက်မှုကျောင်းသားတွေက လက်မခံဘဲ ငြင်းလိုက်ကြတယ်ဆိုပြီး ပါလာပါတယ်။ ဒါကို ကျနော်တို့ ကျောင်းသားတွေ အတော်မကျေမနပ်ဖြစ်ကြပါတယ်။ ဒါနဲ့ ကျောင်းသားတယောက်က အဲဒီသတင်းကို ဖြတ်ပြီး ကပ်တယ်။ အဲဒီဖြတ်ပိုင်းနဲ့အတူ ဒီမမှန်သတင်းကိစ္စ ဖြေရှင်းရေးအတွက် ညနေ စုရုံးကြဖို့ လှုံ့ဆော်တဲ့စာကိုပါ ကပ်ပါတယ်။ ဒီနေရာမှာ တခုပြောစရာရှိတာက သပိတ်တိုက်ပွဲ စတဲ့အချိန်ကစပြီး ဒီကြော်ငြာသင်ပုန်းတွေဟာ ကျောင်းသားတွေရဲ့ တိုက်ပွဲဝင်စာတွေ ကပ်တဲ့နေရာ ဖြစ်နေပါပြီ။ သပိတ်စခန်းကထုတ်တဲ့ ကြေညာချက်တွေ ကပ်တယ်။ ကျောင်းသားတဦးချင်းရဲ့ စာတွေ၊ ကဗျာတွေ ကပ်တယ်။ ကျောင်းသားထုရဲ့ ဒီမိုကရေစီနံရံကပ်စာစောင်တွေအဖြစ် အသွင်ပြောင်းနေပြီဖြစ်ပါတယ်။



ကျောင်းသားသမဂ္ဂ အဆောက်အဦကို ၁၉၆၂ ခုနှစ်က သူတို့ ဖုံးခွဲဖျက်ဆီးခဲ့စဉ်

> ကျောင်းသား တိုက်ပွဲတွေရှိနေတာ ကျောင်းသားသမဂ္ဂ ရှိနေလို့ပဲဆိုပြီး သမိုင်းဝင်ကျောင်းသားသမဂ္ဂ အဆောက်အဦကို ဖုံးခွဲဖျက်ဆီးခဲ့တယ်။ ဒါပေမယ့် ကျောင်းသားတိုက်ပွဲတွေ ပျောက်ကွယ်သွားပါသလား။ ကျောင်းသားထုရှိနေသမျှ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ဟာ ရှိနေမှာဖြစ်ပါတယ်။

### သတင်းစာတိုက်ကို ချီတက်ပြီ

ညနေပိုင်းမှာ ကြို့ကုန်း 'က'ဆောင် ('အေ'ဘလောက်)ဘေးမြက်ခင်းပြင်မှာ ချိန်းထားတဲ့အတိုင်း ကျောင်းသား နှစ်ဆယ်၊ သုံးဆယ်ခန့် စုမိကြပါတယ်။ အဲဒီမှာ ဒီမမှန်တဲ့ သတင်းကိစ္စကို ဘယ်လိုဖြေရှင်းကြမလဲ ဆိုတာ ဆွေးနွေးကြပါတယ်။ သတင်းစာတိုက်တွေဆီ ချီတက်ပြီး ဒီသတင်း မမှန်ကြောင်း ဖြေရှင်းချက် ထုတ်ပေးဖို့ အရေးဆိုကြမယ်လို့ ဆုံးဖြတ်ကြပါတယ်။ ကြွေးကြော်သံတွေ စုပြီးရေးကြတယ်။ "မမှန်သတင်း အလိုမရှိ" "သတင်းမှန်ထုတ်ရေး တို့အရေး" "အရေးတော်ပုံအောင်ရမည်" စသည်ဖြင့် ရွေးလိုက်ကြပါတယ်။ တိုက်ပွဲစဉ်ကြီးထဲမှာ ပေါ်ပေါက်လာတဲ့ တိုက်ပွဲငယ်တခုအတွက် ဦးတည်ပြီး ကြွေးကြော်သံတွေကို ရွေးတာဖြစ်ပါတယ်။ အဲဒီနောက် 'က' အဆောင်ကနေ 'င'အဆောင်ထိ အဆောင်ရှေ့လမ်းတလျှောက် ကြွေးကြော်သံတွေ အော်ပြီး ချီတက်သွားကြပါတယ်။ အဆောင်ပေါ် ဝရံတာတွေက ထွက်ကြည့်တဲ့ ကျောင်းသားတွေကိုလဲ အတူချီတက်ကြဖို့ အော်ခေါ်ကြပါတယ်။

အဆောင်ပေါ်က ကျောင်းသားတွေလဲ တဖြည်းဖြည်းဆင်းလာကြပါတယ်။ ဒီနောက် ကျနော်တို့ ရန်ကုန်–အင်းစိန် လမ်းမကြီးဘက် ထွက်ခဲ့ကြတယ်။ လမ်းပေါ်မှာ ဖြတ်လာတဲ့ ဘတ်စ်ကားတွေကို တားကြပါတယ်။ ကားပေါ်ကခရီးသည်တွေကို အကျိုးအကြောင်းရှင်းပြပြီး ဆင်းပေးကြဖို့မေတ္တာရပ်ခံပါတယ်။ ကားဆယ်စီးလောက် ရတဲ့အခါ ရန်ကုန်မြို့ဘက်ကိုဦးတည်ပြီး ကြွေးကြော်သံများ အော်ကာ မောင်းထွက်ခဲ့ကြပါတယ်။ ရန်ကုန်မြို့ထဲကို မဟာဗန္ဓုလလမ်းအတိုင်း ဝင်ခဲ့ကြတယ်။ တနေရာ အရောက်မှာတော့ စစ်သားတွေက လမ်းကို ပိတ်ဆို့ထားတာကို တွေ့ရပါတယ်။ သတင်းစာတိုက်အထိ သွားခွင့်မပေးနိုင်ကြောင်း၊ သတင်းစာတိုက်မှ တာဝန်ရှိသူများနဲ့ ဒီနေရာမှာပဲ တွေ့၊ ဆွေးနွေးကြပါလို့ ဆိုလာပါတယ်။ ဒီနေ့ပါတဲ့ သတင်းနဲ့ပတ်သက်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများက မဟုတ်မမှန်ကြောင်း လာရောက်ဖြေရှင်းသွားတယ်ဆိုတာကို နောက်နေ့ထုတ်သတင်းစာရဲ့ မျက်နှာဖုံးမှာ ၆ လိုင်းစာလုံးမဲနဲ့ ထည့်ပေးမယ်လို့ အာမခံကြပါတယ်။ ကျနော်တို့ ကျောင်းသားတွေလဲ ဒါကိုလက်ခံသဘောတူပြီး လှည့်ပြန်ခဲ့ကြတယ်။ အပြန်လမ်းတလျှောက်မှာ အရေးတော်ပုံ အောင်ပြီလို့ ကြွေးကြော်ခဲ့ကြတယ်။

နောက် ရန်ကုန်ဘွဲ့နှင်းသဘင်ဘက်သို့ ဦးတည်ခဲ့ကြပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမထဲသို့ ကြွေးကြော်သံတွေ အော်ဟစ်ပြီး ဝင်သွားတဲ့အခါ အထဲမှာရှိတဲ့ ကျောင်းသားတွေကလဲ လက်ခုပ်တီး ကြိုဆိုကြပါတယ်။ စစ်အစိုးရက ကျနော်တို့ကျောင်းသားတွေကို နည်းမျိုးစုံနဲ့ သွေးခွဲခဲ့ပေမယ့် ခန်းမထဲရှိ ခွပ်ဒေါင်းအလံကိုကြည့်ပြီး ဒီ သမဂ္ဂအလံတော်အောက်မှာ တို့ကျောင်းသားတွေ အားလုံး စုစည်းညီညွတ်နေကြပါလားလို့ တွေးမိပါတယ်။

နောက်တနေ့ထုတ် သတင်းစာမှာ ကျနော်တို့ကျောင်းသားများ လာရောက်ဖြေရှင်းသွားတဲ့အကြောင်းကို ထည့်ပေးပါတယ်။ ဒါပေမယ့် နောက်ကျောစာမျက်နှာမှာ တကော်လံကွက် သေးသေးလေးနဲ့ပဲ ဖော်ပြပေးတာပါ။ ကတိပေးထားသလိုတော့ မဟုတ်ပါဘူး။

### အင်းစိန်ထောင်ကို ဝိုင်းခြင်း

တရက်မှာတော့ (ဇွန်လ ၉ ရက်နေ့ ဟု ထင်) ကျနော်တို့ကျောင်းသားတွေ အင်းစိန်ထောင်သို့ ချီတက်ပြီး ဆန္ဒပြကြပါတယ်။





အဲဒီနေ့မှာ ရန်ကုန်တက္ကသိုလ်ဘက်က တက်လာကြမယ့် ကျောင်းသားတွေကို ကျနော်တို့ သူငယ်ချင်းတစုကတော့ ကျောင်းကနေပဲ စောင့်နေလိုက်ပါတယ်။ နံနက် (၁၀)နာရီ ပတ်ဝန်းကျင်လောက်မှာ အင်းစိန်လမ်းမတလျှောက် ချီတက်လာတဲ့ ကျောင်းသားတွေကို စမြင်ရပါတယ်။ မျက်စိတဆုံး ကျောင်းသားတန်းကြီးဟာ မကုန်နိုင်ပါ။ ကျနော်တို့လဲ ကျောင်းသားတန်းကြီးထဲ ဝင်ရောက်ပူးပေါင်းလိုက်ပါတယ်။ ကြွေးကြော်သံတွေကိုလဲ အားပါးတရ အော်ဟစ်ကြပါတော့တယ်။

"အဖမ်းခံအလုပ်သမား လွတ်မြောက်ရေး (တို့အရေး)၂ "

"အဖမ်းခံကျောင်းသား လွတ်မြောက်ရေး (တို့အရေး)၂ "

"ကျောင်းသားသမဂ္ဂ ပေါ်ပေါက်ရေး (တို့အရေး)၂ "

"အမေက မွေး ထောင်ကကျွေး ဟေ့.... အင်းစိန်ထောင်ကြီး (ထပ်ချ)၂ "

"နေဝင်း.... နေဝင်း.... အို့ အို့"

"စန်းယု.... စန်းယု.... အို့ အို့"

"အရေးတော်ပုံ (အောင်ရမည်)၂ "

အင်းစိန်ထောင်ကို ရောက်တဲ့အခါ ထောင်ကိုပတ်ပြီး ကြွေးကြော်သံများ အော်ကြပါတယ်။ အဲဒီအချိန်မှာတော့ အသံတွေက အမြင့်မားဆုံးဖြစ်ပြီး မိုးလုံးညံနေပါတော့တယ်။ တနေရာမှာတော့ ကြွေးကြော်သံတွေ အော်ဟစ်တာကို ခေတ္တရပ်ပြီး ထောင်ထဲကအသံကို နားစွင့်ကြည့်ကြပါတယ်။ အထဲကလဲ ပြန်ပြီးအော်တဲ့အသံကို သဲ့သဲ့ကြားရပါတယ်။ အကျဉ်းကျခံနေရတဲ့ ကျနော်တို့ ညီအကို အလုပ်သမား၊ ကျောင်းသားတွေရဲ့ အသံပါလားလို့ တွေးမိပြီး နားကျည်းခံပြင်းစိတ်တွေ တဖွားဖွားဖြစ်ပေါ်လာပါတယ်။ ခံပြင်းစိတ်တွေနဲ့ ကြွေးကြော်သံတွေကို ထပ်ပြီး အော်ဟစ်ကြပါတယ်။

ကြွေးကြော်သံတွေ အော်နေရင်းက ကျနော်ရဲ့စိတ်တွေဟာ အတိတ်ကာလသို့ ပျံ့လွင့်သွားပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကာလမှာ ကျောင်းသားသမဂ္ဂမှ မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသားခေါင်းဆောင်များဟာ ပြည်သူတွေနဲ့အတူ ရပ်တည်လက်တွဲပြီး ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ကြတယ် မဟုတ်ပါလား။ 'မြင်းခွာ တချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်'.... ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းရဲ့ နယ်ချဲ့အပေါ် ရဲရင့်ပြတ်သားစွာ စိန်ခေါ်ကြုံးဝါးလိုက်သံ၊ ဒါ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ပင် မဟုတ်ပါလား။ ထိုစိတ်ဓာတ်ကား ယခုကျနော်တို့ ကျောင်းသားတွေကိုယ်ထဲသို့လဲ စီးဆင်း စိမ့်ဝင်နေခဲ့ပြီဖြစ်သည်။ ဒါတင်မက ယခု ကျနော်တို့ ကြွေးကြော်နေတာတွေလဲ ထိုစဉ်က ကြွေးကြော်သံများကို တပတ်လည်လာခြင်းပင် မဟုတ်လော။ အဲဒီလို တွေးမိတဲ့အခါမှာ ကျနော့်တကိုယ်လုံး ကြက်သီးမွေးညှင်း ထသွားပါတော့တယ်။

အတိတ်သို့ ပျံ့လွင့်သွားတဲ့ ကျနော့်စိတ်တွေကို ပြန်လည်စုစည်းလိုက်တယ်။ ဒီနောက် ကြွေးကြော်သံများကို အားမာန်သစ်တွေနဲ့ ကြွေးကြော်လိုက်ပါတယ်။ ထောင်ကို တပတ် ပတ်ပြီးတဲ့အခါ အင်းစိန်လမ်းအတိုင်း ပြန်လှည့်လာကြပါတယ်။ ကျနော်တို့ကတော့ ဘွဲ့နှင်းသဘင်အထိ ပြန်မလိုက်တော့ဘဲ ကျောင်းမှာပဲ နေရစ်ခဲ့ပါတယ်။ ကျောင်းတွေကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပြီဆိုတာကို ကြားသိလိုက်ရပါတယ်။ ကျောင်းသားထုရဲ့ တိုက်ပွဲကို ဖြိုခွဲဖို့အတွက် စစ်အစိုးရဟာ ထုံးစံအတိုင်း ကျောင်းတွေကို ပိတ်လိုက်တာဖြစ်ပါတယ်။

### နိဂုံး

အဲဒီနေ့မှာပဲ သပိတ်စခန်းကို ရွှေတိဂုံစေတီသို့ ပြောင်းရွှေ့သွားပါတယ်။ ကျနော်တို့လဲ နောက်နေ့မနက်ကျမှပဲ လိုက်သွားတော့မယ်ဆိုပြီး အဆောင်မှာပဲ နားနေလိုက်ကြပါတယ်။ ဒါပေမယ့် မနက်လင်းအားကြီးမှာ စစ်အစိုးရ လုံထိန်းတွေက ရွှေတိဂုံဘုရားပေါ်တက်ပြီး ကျောင်းသားတွေကို ဖမ်းသွားပါတယ်။

စစ်အစိုးရဟာ ကျောင်းသားတွေက တရားတဲ့ အခွင့်အရေးတွေကို ငြိမ်းချမ်းစွာနဲ့ တောင်းဆိုဆန္ဒပြတာကို နည်းလမ်းတကျ မဖြေရှင်းဘဲ အကြမ်းဖက် ဖြိုခွဲခဲ့ပြန်ပါပြီ။ ဒီလို အကြမ်းဖက်ဖိနှိပ်လိုက်ရင် ငြိမ်ဝပ်သွားမယ်လို့ တလွဲထင်နေပါတယ်။ ကျောင်းသားတိုက်ပွဲတွေရှိနေတာ ကျောင်းသားသမဂ္ဂ ရှိနေလို့ပဲဆိုပြီး သမိုင်းဝင်ကျောင်းသားသမဂ္ဂ အဆောက်အဦကို ဖုံးခွဲဖျက်ဆီးခဲ့တယ်။ ဒါပေမယ့် ကျောင်းသားတိုက်ပွဲတွေ ပျောက်ကွယ်သွားပါသလား။ ကျောင်းသားထုရှိနေသမျှ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ဟာ ရှိနေမှာဖြစ်ပါတယ်။ မတရားဖိနှိပ်မှုတွေ ရှိနေသမျှ၊ တရားတဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေသမျှ ခွပ်ဒေါင်းစိတ်ဓာတ်က ငုံ့ခံနေမှာ မဟုတ်ပါ။ အခွင့်သာတိုင်း တုံ့ပြန် တိုက်ပွဲဝင်နေမှာဖြစ်ပါတယ်။ ဒါကို သမိုင်းက သက်သေပြခဲ့ပြီဖြစ်တဲ့အပြင် ဆက်ပြီးတော့လဲ ပြဦးမှာ ဖြစ်ပါတယ်။

သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ် အဓွန့်ရှည်ပါစေ။ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# နအဖက သတိဖြတ်ချေမှုန်းရန် ပြင်ဆင်နေကြောင်း အမျိုးသားကောင်စီက အရေးပေါ် သတင်းထုတ်ပြန်

**ဇွန်၊ (၁၄)ရက်။**

စစ်အုပ်စုက မေ(၃၀) ဒီပဲယင်း အကြမ်းဖက် တိုက်ခိုက်မှုကြီးကို ကျူးလွန်ခဲ့ပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် လူထုဆန္ဒပြ အုံကြွမှုကြီးများအား ဖြိုခွင်းရန် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက အရေးပေါ် သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် အကြမ်းဖက် အာဏာရှင်စစ်အုပ်စုသည် မေ(၃၀) ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုကြီးကို ကြိုတင်စီစဉ်ခဲ့ပြီး အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ်ဝင်များကို အမှုဖမ်းဆီးထားပြီး ကျူးကြောင်း ခိုင်လုံသည့် သတင်းထုတ်ပြန်မှု တစ်စုံတရာ ယနေ့အထိ လုံးဝ မပြုလုပ်သေးကြောင်း၊ ထိုသို့ တာဝန်မဲ့ ပြုမူနေသည့်အပြင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ မြို့နယ်ကျေးရွာများမှ မယက ဥက္ကဋ္ဌများကို ခေါ်ယူ၍ ဆန္ဒပြပွဲများဖြစ်လာပါက ပထမအဆင့် ရဲဖြင့် တားဆီးမည်၊ ဒုတိယအဆင့် စစ်တပ်ဖြင့် ဖြိုခွဲကာ မရသည့်အဆုံး ပစ်ခတ်ချေမှုန်းမည်ဟု ပြည်သူလူထုအား ပြောဆိုခိုင်းထားသည်ဟု ဖော်ပြထားသည်။

ထို့အပြင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဥက္ကဋ္ဌက တွံတေးမြို့စွန်ရှိ သာယာကုန်း၊ အိုးဖိုကျေးရွာများအပါအဝင် ရွှေဆံတော် ဘုရားဝန်းကျင်ရှိ လက်လုပ်လက်စား(၁၀၀) ခန့်ကို စုဆောင်း၍ ဇွန်(၈)ရက်နေ့တွင် ရန်ကုန်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ရန်ကုန်တွင် ၎င်းတို့အား စခန်းသွင်းလေ့ကျင့်၍ အဖွဲ့ချုပ်ကို ချေမှုန်းရန်နှင့် ဆန္ဒပြပွဲများ ဖြစ်ပေါ်လာပါက အဓိကရုဏ်းအသွင်ဖြစ်ပွားလာအောင် ဖန်တီးရန် သင်တန်းများပေးနေကြောင်း သိရသည်။ အလားတူသင်တန်းများကို အခြားမြို့နယ်များတွင်လည်း ပြုလုပ်နေကြောင်း ဖော်ပြထားသည်။

အကြမ်းဖက်စစ်အာဏာရှင်များသည် ပြည်သူလူထုကို ခြိမ်းခြောက်နေရုံမျှမက သတိဖြတ်ချေမှုန်းရန်ပြင်ဆင်မှုများပြုလုပ်နေသည်ကို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်သည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ❖

# ရန်ကုန်အခြေစိုက် အီးယူနိုင်ငံများမှ သံတမန်များသပိတ်မှောက်

**ဇွန်၊(၂၆)ရက်။**

နှစ်စဉ်ဝါဒဖြန့်ပွဲတခုအဖြစ်ပြုလုပ်နေသည့် ဖမ်းမိမူးယစ်ဆေးဝါးများ မီးရှို့သည့်ပွဲပွဲသို့ ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့ဝင် သံတမန်များက ဆန္ဒပြသည့်အနေဖြင့် တက်ရောက်ခြင်းမပြုခဲ့သည့်အတွက် နအဖစစ်အုပ်စုက မကျေမနပ်ဖြစ်နေကြောင်း သိရသည်။

နအဖက ဖမ်းဆီးထားသည့် မူးယစ်ဆေးဝါးများအား မီးရှို့၍ မြန်မာနိုင်ငံ အနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အဓိကထား လုပ်ဆောင်နေကြောင်း ဝါဒဖြန့်လေ့ရှိရာ ထိုအစီအစဉ်မှာ အမေရိကန်နိုင်ငံနှင့် အခြား နိုင်ငံများမှ မူးယစ်ဆေးဝါး နှိမ်နင်းရေးအတွက် ပေးမည့်အကူအညီများ ရရှိရန် ကြိုးပမ်းချက်တရပ်သာဖြစ်ကြောင်း အခြားနိုင်ငံများက နားလည်ကြပြီးဖြစ်သည်။

ဇွန်(၂၆)ရက်နေ့ကလည်း နအဖက ရန်ကုန်မြို့တွင် အဆိုပါ မီးရှို့ဖျက်ဆီးပွဲကို နိုင်ငံခြားသံတမန်များအားဖိတ်ကြားပြီး ပြုလုပ်ကျင်းပခဲ့သော်လည်း ထိုအခမ်းအနားသို့ ဥရောပသမဂ္ဂနိုင်ငံများမှ သံတမန်များက ဆန္ဒပြသည့်အနေဖြင့် တက်ရောက်ခြင်း မရှိခဲ့ကြကြောင်းသိရသည်။

ထိုသို့ ဥရောပသံတမန်များက ဆန္ဒပြ မတက်ရောက်သည့်အတွက် နအဖပြောခွင့်ရ ပုဂ္ဂိုလ်ဗိုလ်မှူးကြီးလှမင်းက "သူတို့နိုင်ငံတွေအတွက် မူးယစ်ဆေးနှိမ်နင်းရေး ပြုလုပ်ပေးနေတာကိုမထောက်ထားဘဲ သူတို့က ဆန္ဒပြကြကြောင်း၊ ယခုလို မူးယစ်ဆေးဝါး ထွက်ရှိမှုတွေဟာ မြန်မာနိုင်ငံအတွက်ကြီးလေးသည့် ပြဿနာတရပ်မဟုတ်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် လုပ်ပေးနေတာဖြစ်ကြောင်း အပြစ်တင်ပြောကြားသွားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ ဥရောပသံရုံးတရုံးမှ အရာရှိကြီးတဦးက မေ(၃၀)အကြမ်းဖက်မှုကြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်သည် မတရားဖမ်းဆီးခြင်းခံထားရရာ ယခုလိုအချိန်မျိုးတွင် စစ်အစိုးရ၏ ဝါဒဖြန့်သည့်အခမ်းအနားကို တက်ရောက်ရန်မသင့်တော်ဟု မိမိတို့ ယူဆကြကြောင်း၊ ဥရောပသံရုံးများညှိပြီး ဆန္ဒပြခြင်းမျိုးမဟုတ်ဘဲ ကိုယ့်သဘောနှင့်ကိုယ် မသွားကြခြင်းသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နှစ်စဉ်ပြုလုပ်နေသည့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဓာတ်ပုံပြပွဲနှင့် အားကစားပြိုင်ပွဲများအား လူငယ်များ စုဝေးမိပြီး ဆူပူမှုဖြစ်ပွားလာမည်ကိုစိုးရိမ်သဖြင့် နအဖက စောစောပိုင်းရက်များကတည်းက ဖျက်သိမ်းလိုက်ကြောင်းကိုလည်း အဆိုပါ သံတမန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ❖

# သံအမတ်ကိုပြန်ပေးဆွဲရန်ကြံစည်နေဟု မမှန်မကန်သတင်းလွှင့်

**ဇွန်၊ (၂၅)ရက်။**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နအဖ သံရုံးမှ သံအမတ်နှင့်ဝန်ထမ်းများအား ပြည်ပရှိအတိုက်အခံများက ပြန်ပေးဆွဲရန် စီစဉ်နေကြောင်း နအဖစစ်အစိုးရက ထိုင်းနိုင်ငံကို သတိပေးအကြောင်းကြားထားသဖြင့် ထိုင်းလုံခြုံရေးတပ်ဖွဲ့များက မြန်မာသံရုံးတဝိုက် လုံခြုံရေးများတင်းကြပ်စွာ ချထားကြောင်းသိရသည်။

ဒီပဲယင်းအရေးအခင်းတွင် နအဖ၏ လုပ်ရပ်များအပေါ်မကျေနပ်သည့်အတွက် ပြည်ပရှိအတိုက်အခံများက နအဖသံရုံးရှိ မြန်မာသံအမတ်နှင့် ဝန်ထမ်းများကို ပြန်ပေးဆွဲတောင်းဆိုမှုများပြုလုပ်ရန် စီစဉ်နေကြောင်း နအဖစစ်အုပ်စုက ထိုင်းအစိုးရသို့ အကြောင်းကြားထားသည့်အတွက် ယခုလို လုံခြုံရေးတိုးမြှင့်ချထားရခြင်းဖြစ်ကြောင်း ထိုင်းအထူးရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။ ထိုသို့ သတင်းထွက်ပေါ်လာခြင်းကြောင့် ထိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်ပရောက်အတိုက်အခံအင်အားစုများကို အနီးကပ်စောင့်ကြည့်ခဲ့သော်လည်း မြန်မာသံရုံးရှေ့ဆန္ဒပြပွဲများကို ငြိမ်းချမ်းစွာ ဆက်လက်ပြုလုပ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

ထိုသတင်းထွက်ပေါ်လာခြင်းမှာ နအဖစစ်အုပ်စုသည် ဒီပဲယင်းအရေးအခင်း နောက်ပိုင်း နိုင်ငံတကာဖိအားများ ပိုမိုပြင်းထန်လာသည့်အပေါ် အာရုံလွှဲနိုင်ရန် လုပ်ကြံသတင်းပေးပို့ခြင်းသာ ဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ဝေဖန်ပြောကြားခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်နှင့် ကေအိုင်အေတို့ အကြား သွေးခွဲရန် နအဖ ကြိုးစား

**ဇွန်၊ (၁၄)ရက်။ [မဇ္ဈိမ]**

ဇွန်လ(၁၂)ရက်နေ့က တရုတ်-မြန်မာ နယ်စပ် ကေအိုင်အိုထိန်းချုပ်ရာဒေသတခု ဖြစ်သည့် မိုးမောက်မြို့နယ် လိုင်ဇာကျေးရွာတွင် နအဖ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်ကျော်သိန်းနှင့် ကေအိုင်အို ဗဟိုကော်မတီတို့သည် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်ဟု သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်အပေါ် ကေအိုင်အေ၏ သဘောထားအမြင်ကို မေးမြန်းခဲ့ပြီး ဒီပဲယင်း-ရေဦးအရေးအခင်း ဖြစ်ပျက်ရခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်အား အပြစ်တင် ပြောဆိုသွားခဲ့သည်။ ကေအိုင်အိုထိန်းချုပ်ဒေသများသို့ အဲန်အယ်လ်ဒီ အမတ်များ၊ အဖွဲ့ဝင်များ ထွက်ပြေးလာခြင်း ရှိမရှိနှင့် အကယ်၍ ထွက်ပြေးလာလျှင် ၎င်းတို့ထံ ပြန်လွှဲအပ်ရန် ဆွေးနွေးပြောဆို သွားခဲ့သည်ဟု သိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ပါတီစည်းရုံးရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ လမ်းခရီးအခက်အခဲကြုံတွေ့ခဲ့ရစဉ် ကေအိုင်အိုအဖွဲ့က အကူအညီပေးခဲ့သည်။ ထို့အတွက် ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်မြို့နယ်၌ ဟောပြောသော မိန့်ခွန်းတွင် ကေအိုင်အို၏ ကူညီမှုကို အသိအမှတ်ပြု ထည့်သွင်းပြောကြားခဲ့ဖူးသည်။ ထိုကိစ္စအပေါ် နအဖက မကျေမနပ်ဖြစ်နေခဲ့ကြောင်းလည်း သိရသည်။ ❖

# ကြံ့ဖွံ့အဖွဲ့ဝင်တဦး နယ်စပ်သို့ထွက်ပြေးခိုလှုံလာ

**ဇွန်၊ (၂၅)ရက်။**

ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် အဖွဲ့ချုပ်ဝင်များနှင့် အားပေးထောက်ခံသူများအား စစ်ထောက်လှမ်းရေးများက လိုက်လံဖမ်းဆီးလျက်ရှိရာ ချင်းပြည်နယ် မတူပီမြို့နယ်တွင်လည်း ဖမ်းဆီးမှုများ ပြုလုပ်နေသည့်အတွက် အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ကို အားပေးထောက်ခံသူ ကြံ့ဖွံ့အဖွဲ့ဝင်တဦးလည်း နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်၊ မတူပီမြို့မှ အဖွဲ့ချုပ်အဖွဲ့ဝင်နှစ်ဦးနှင့် ကြံ့ဖွံ့အဖွဲ့ဝင်တဦးတို့သည် ဇွန်(၂၅)ရက်နေ့က အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ အိုက်ဇောမြို့သို့ ခိုလှုံရန် ရောက်ရှိလာခဲ့ရာ အတူပါလာသူ ကြံ့ဖွံ့အဖွဲ့ဝင်အား ယခုလိုထွက်ပြေးလာခြင်းနှင့် ပတ်သက်၍ ဒီဗွီဘီအသံလွှင့်ဌာနက ဆက်သွယ်မေးမြန်းခဲ့သည်။ ၎င်းက ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်နယ်သို့မလာရောက်ခင် နအဖ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ချင်းပြည်နယ်သို့ ကြိုတင်ရောက်ရှိလာပြီး ဝန်ထမ်းများနှင့် ကြံ့ခိုင်ရေးအဖွဲ့ဝင်များအားလုံး ဒေါ်စုလာလျှင် ဘယ်သူမှ သွားမကြည့်ရန်တားမြစ်ခဲ့ကြောင်း၊ သွားကြည့်ပါက အလုပ်ဖြုတ်ပစ်မည်၊ ဆွေမျိုးသားချင်းထဲတွင် ဝန်ထမ်းရှိပါကအကုန်လုံး အလုပ်ဖြုတ်မည်၊ အရေးယူမည်ဟု မှာကြားသွားခဲ့သည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည် ရောက်လာချိန်တွင် မိမိက သွားရောက်အားပေးခဲ့သဖြင့် စောင့်ကြည့်နေသည့် ထောက်လှမ်းရေးများက မိမိတို့အား လာမေးပြီး အခြားကြံ့ခိုင်ရေး စည်းရုံးရေးမှူးများကိုလည်း ခေါ်သွားကြောင်း၊ ၎င်းတို့သည် မိမိတို့အား သင်္ကာမကင်းဖြစ်နေရုံမျှမက မကျေမနပ်ဖြစ်နေကြကြောင်း၊ အခုလို ဖမ်းဆီးမှုများတွင် မိမိတို့အနေဖြင့်လည်း လုံခြုံမှုမရတော့သည့်အတွက် ရှောင်တိမ်းလာရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကြံ့ဖွံ့အဖွဲ့ဝင်သည် နအဖ၏ အစီအစဉ်ဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်ခဲ့ဖူးသူဖြစ်ကြောင်း ၎င်း၏ပြောဆိုချက်အရ သိရသည်။ ❖

# ကျန်းမာရေးဆိုးရွားနေသည့် ဦးဝင်းတင်နှင့် ဦးထွေးမြင့်တို့အား အင်းစိန်အကျဉ်းထောင်သို့ ပြန်ပို့ဆောင်

**ဇွန်၊ (၆)ရက်။**

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဖမ်းဆီးခံရမှုအပေါ် နိုင်ငံတကာက စိတ်ဆိုးမာန်ဆိုးဖြင့် တုံ့ပြန်နေချိန်တွင် ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော သတင်းစာဆရာကြီး ဦးဝင်းတင်နှင့် ဒီမိုကရေစီပါတီ ဒုဥက္ကဋ္ဌဦးထွေးမြင့်တို့အား ရန်ကုန်ဆေးရုံကြီး အချုပ်လူနာဆောင်မှ အင်းစိန်အကျဉ်းထောင်သို့ပြန်လည်ပို့ဆောင်လိုက်ကြောင်း သိရသည်။

မုံရွာ-ဒီပဲယင်းလုပ်ကြံမှုကြီး ဖြစ်ပွားအပြီး နောက်သုံးရက်အကြာ ဇွန်လ (၂) ရက်နေ့က ယခုလိုပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးစလုံး၏ ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးရွားနေဆဲ ဖြစ်သည်ဟု ဦးထွေးမြင့်၏သား ဦးစန်းမြင့်အေးက ဒီဗွီဘီသို့ ပြောကြားခဲ့သည်။

အခြားသတင်းများအရ ယခုအခါ အကျဉ်းထောင်အတွင်း စည်းကမ်းများ ပိုမိုတင်းကျပ်ထားပြီး အကျဉ်းသားများအပေါ် ဖိနှိပ်မှုများလည်း ထပ်မံတိုးမြှင့်လာကြောင်း သိရသည်။ ❖

# ဝန်ကြီးဘဝမပျော်မွေ့တော့ကြောင်း ဦးဝင်းအောင် ထုတ်ဖော်ပြောဆို

ဇွန်၊ (၁၉)ရက်။

နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က အာဆီယံအစည်းအဝေးအပြီး အထူးသတင်းစာရှင်းလင်းပွဲ တခုပြုလုပ်၍ မိမိတို့အစိုးရသည် အမျိုးသားရင်ကြားစေ့ရေး မပျက်ပြားသွားစေရန် ကြိုးပမ်းလုပ်ဆောင်နေပြီး အာဏာကို ရေရှည်ဆုပ်ကိုင်ထားလိုသည့် ဆန္ဒမရှိကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီစနစ် ပြောင်းလဲရေးကို အပြည့်အဝလိုလားပါကြောင်း၊ သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲတွင် ဦးဝင်းအောင်က မိမိတို့အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင်လည်း ရန်ငြိုးမရှိသည်ကို အာမခံရပါကြောင်း၊ ယခုလို ထိန်းသိမ်းထားခြင်းမှာ သူမအပေါ် ကျရောက်လာနိုင်သည့် အသက်အန္တရာယ်မှ ကာကွယ်ခြင်းသာဖြစ်ကြောင်း ဒေါ်စုအနေဖြင့် တခုခု ဖြစ်သွားပါက မိမိတို့အစိုးရကိုသာ အပြစ်တင်ကြမှာဖြစ်သည့်အတွက် ယခုလို ဆောင်ရွက်ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး တိုင်းပြည်တွင် အခြေအနေများပုံမှန် ပြန်ဖြစ်သွားပါက ပြန်လည်လွှတ်ပေးမည်ဖြစ်သည်ဟု ဆိုသည်။ ၎င်းက အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ၏တိုက်တွန်းချက်များအား မိမိတို့အစိုးရက အလေးထားပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

သတင်းရှင်းလင်းပွဲတွင် ဦးဝင်းအောင်က မိမိအနေဖြင့် အာဏာဟာ ပျော်ရွှင်စရာမကောင်းကြောင်း၊ မိမိသည် ဝန်ကြီးအဖြစ် ဘယ်တုန်းကမှ ပျော်ရွှင်မှုမရှိခဲ့ကြောင်း ထည့်သွင်းပြောဆိုသွားခဲ့သည်။ ❖

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ - (နိဂုံး)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။ စာရေးသူ**



ဘုရှ်ရော သူ့ ဒုသမတ ဒစ်ချေနီပါ ရေနံလုပ်ငန်းတွေနဲ့ လွန်စွာမှပတ်သက်ပြီး ဗြိတိသျှရေနံကုမ္ပဏီကြီးကို (သူတို့က ရီပတ်ဘလစ်ကင်ပါတီကို ဒေါ်လာသိန်းနဲ့ချီ လှူထားတာပါ) လိုတာတွေကို အလာစကာရှိ အာတစ်ဒေသ သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့နယ်မြေအတွင်း ရေနံတူးဖော်ခွင့်ပြုဖို့ ကတိပေးခဲ့ပါတယ်။ ဒီနယ်မြေအတွင်းမှာ နေထိုင်တဲ့ ဂွစ်ချင်လူမျိုးတွေဟာ တိုက်ရိုက်အခြိမ်းခြောက်ခံနေရပြီး သူတို့ကို မျိုးပြုန်းအောင်လုပ်နေတဲ့ အန္တရာယ်ကနေ အကာအကွယ်ပေးဖို့ ကုလသမဂ္ဂကို စာတင်ပါတယ်။

**သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု**

ကမ္ဘာလွှမ်းခြုံမှုဟာ ပြီးခဲ့တဲ့ ၆ နှစ်တာကာလအတွင်းမှာပဲ ကမ္ဘာ့ကုန်သွယ်မှုကို ၅၀% မြင့်တက်စေခဲ့ပါတယ်။ နို့ပေမယ့် ဒီ 'လွတ်လပ်စွာ' ကုန်သွယ်မှုဆိုတာမှာ သဘာဝပတ်ဝန်းကျင်ဆိုတဲ့ ဈေးနှုန်းကဒ်ပြားလေး ပါနေပါတယ်။ ကမ္ဘာအဝှမ်း ကုန်ပစ္စည်းတွေ အလုံးအရင်းနဲ့ သွားလာနေတာဟာ ကမ္ဘာ့ပူနွေးမှုကိုဖြစ်စေတဲ့ မှန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှတ်မှု အကြောင်းရင်းတခုဖြစ်ပြီး ဒါဟာ အလျင်အမြန်တိုးပွားလာနေပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေရဲ့ စိတ်ထဲမှာ ပိုပြီး မကျေမလည်ဖြစ်စေတဲ့အချက်ကတော့ ဒီကုန်သွယ်မှုဟာ အဓိပ္ပာယ်မဲ့တဲ့ ကုန်သွယ်မှု ဖြစ်နေတာပါပဲ။ ၁၉၉၈ ခုနှစ်မှာ ဗြိတိန်နိုင်ငံဟာ နိုင်ငံခြားကနေ ဝက်သားတန်ချိန် ၂၄၀,၀၀၀ နဲ့ သိုးသားတန်ချိန် ၁၂၅,၀၀၀ တင်သွင်းခဲ့ပြီး အဲဒီနှစ်ထဲမှာပဲ ပြည်ပကို ဝက်သားတန်ချိန် ၁၉၅,၀၀၀ နဲ့ သိုးသားတန်ချိန် ၁၀၂,၀၀၀ တင်ပို့ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ နွားနို့လီတာပေါင်း ၁၂၆ သန်း တင်သွင်းခဲ့ပြီး တချိန်ထဲမှာ လီတာသန်း ၂၇၀ တင်ပို့ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ကြက်သားဟာ ဟောင်ကောင်၊ ရုရှားနဲ့ တောင်အာဖရိကတို့အထိ မရောက်ပေမယ့် ထိုင်းနိုင်ငံနဲ့ ဘရာဇီးလ်တို့က ပြန်သွင်းတာလဲ ရှိနေပါတယ်။

ဒီလိုဖြစ်ရတဲ့ အကျိုးဆက်ကတော့ ဗြိတိန်နိုင်ငံမှာ ဝင်ထွက်နေတဲ့ လေကြောင်းကုန်သွယ်မှုဟာ ၁၀ နှစ်အတွင်း နှစ်ဆဖြစ်သွားပါတယ်။ ၂၀၁၀ ခုနှစ်ရောက်ရင် နောက်ထပ် နှစ်ဆဖြစ်ဦးမယ်လို့လဲ ဟောကိန်းထုတ်နေကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လယ်ယာထွက်ကုန်နဲ့ စက်ရုံထွက်ကုန်တွေ အနောက်တိုင်းဈေးကွက်ထဲ တိုးလာနိုင်ရင် အခြေအနေဟာ ပိုဆိုးလာပါဦးမယ်။ ရာသီဥတုပြောင်းလဲမှုကို တိုက်ပွဲဆင်ရာမှာ ကမ္ဘာအဝှမ်း ကုန်ပစ္စည်းချင်း လဲလှယ်တဲ့ ကုန်သွယ်ရေးတွေကို အဆုံးသတ်စေဖို့ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးသမားတွေက လှုံ့ဆော်နေကြပါတယ်။

(IMF)နဲ့ ကမ္ဘာ့ဘဏ်တို့ကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပြည်ပသို့ သစ်၊ သတ္တုစတဲ့ သဘာဝအရင်းအမြစ်တွေ တိုးပို့ခိုင်းနေတာဟာလဲ သဘာဝပတ်ဝန်းကျင်အပေါ် ကမ္ဘာလွှမ်းမိုးမှုရဲ့ မကောင်းကျိုးဆက်တွေ တိုးများလာစေပါတယ်။ ပိုဆိုးတာက ကမ္ဘာ့ဘဏ်ဟာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး မပြတ်ဝေဖန်ခံနေရတဲ့အကြားက ပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်တဲ့ လုပ်ငန်းတွေကို ဆက်လက်ထောက်ပံ့နေတာပါပဲ။ ၂၀၀၁ ခုနှစ်၊ ဇွန်လမှာဆိုရင် အများဝေဖန်ခံနေရတဲ့ ချဒ်နိုင်ငံနဲ့ ကင်မာရွန်းနိုင်ငံအကြားက ရေနံပိုက်လိုင်းတပ်ဆင်ရေးကို အတည်ပြုလိုက်ပါတယ်။ ဒီပိုက်လိုင်းဟာ ကင်မာရွန်းနိုင်ငံရဲ့ အပူပိုင်းဇုံ မိုးသစ်တောတွေအကြားက ဖြတ်သွားမှာဖြစ်ပြီး နှစ်နိုင်ငံလုံးရဲ့ လယ်ယာနဲ့ မြစ်ကြောင်းကိုအန္တရာယ်ပေးပါလိမ့်မယ်။

ဗပြ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လွတ်လပ်တဲ့ကုန်သွယ်မှု တနည်းအားဖြင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေရဲ့ အကျိုးစီးပွားကို ဦးစားပေးရမယ်လို့ (WTO)က အတိအလင်း ပြောပြီးဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အမေရိကန်က တင်ပြတဲ့ သန့်ရှင်းတဲ့ လေထုလိုအပ်မှု အက်ဥပဒေကို ပယ်ချခဲ့ပါတယ်။ အကြောင်းပြချက်က ဒါဟာ ဘရာဇီးလ်နဲ့ ဗင်နီဇွဲလားမှာရှိတဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှုပိုဖြစ်စေတဲ့ ရေနံချက်စက်ရုံတွေကို ထိခိုက်စေမှာ စိုးလို့ရယ်လို့ ဖြစ်ပါတယ်။ ဒီလိုနဲ့ အဲဒီအက်ဥပဒေကို လျှော့ပေးလိုက်ရပါတယ်။ (WTO) ရဲ့ အဆုံးအဖြတ်ကို သူ့အဖွဲ့ဝင်တွေဟာ လိုက်နာကြရပါတယ်။

၁၉၉၈ ခုနှစ်တုန်းကလဲ ဥရောပသမဂ္ဂရဲ့ လူလုပ်ဟိုမုန်းဓာတ်တွေ ဖြည့်ထားတဲ့ အမဲသားတွေ မတင်သွင်းရဆိုတဲ့ ပိတ်ပင်ချက်ကို ဖျက်သိမ်းစေခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီလိုအမဲသားတွေဟာ လူ့ကျန်းမာရေးကို ထိခိုက်စေကြောင်း သိပ္ပံနည်းအရ အထောက်အထား ကောင်းကောင်းပြလို့ရနေပါပြီ။ (WTO)က လွတ်လပ်တဲ့ ကုန်သွယ်မှု ကော်ပိုရေးရှင်းကြီးတွေရဲ့ အမြတ်အစွန်းကို ရှေ့တန်းတင်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်နဲ့ လူထုကျန်းမာရေး ထိန်းသိမ်းကာကွယ်ရေးတို့ကို ထိခိုက်တော့မှာပဲလို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးသမားတွေဟာ စိုးရိမ်ပူပန်နေကြပါတယ်။

❖ ❖ ❖

# ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရန် ရေငုံနှုတ်ပိတ်နေသည့်အိန္ဒိယ ဖွင့်ဟပြီ

**ဇွန်၊ (၁၉)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ရေငုံနှုတ်ပိတ်နေသည့် အိန္ဒိယအစိုးရကပါ တောင်းဆိုလိုက်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆင်းဟားက နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်ထံ အဆိုပါ တောင်းဆိုချက်နှင့် ပတ်သက်၍ ရေးသားထားရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရေးနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန် တိုက်တွန်းထားသည်ဟု ဆိုသည်။

ယခုတောင်းဆိုချက်နှင့်ပတ်သက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပနေသည့် အာဆီယံဒေသတွင်း လုံခြုံရေးအစည်းအဝေး အလွတ်သဘောဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုလိမ့်မည်ဟု ဆိုသည်။

အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်များ ချမှတ်



**အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယတ်ချ်ဝမ်တီ ဆင်းဟား**

ထားပြီးနောက်ပိုင်း မြန်မာ့ဒီမိုကရေစီရေးနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့ရာမှ နအဖကို ဆက်လက်ထောက်ခံသွားရေးနှင့် ဒီမိုကရေစီအရေးထောက်ခံရေးတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်း အကြိတ်အနယ်ဆွေးနွေးပြီးနောက်ပိုင်း ယခုလို ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်ပေးရေး တောင်းဆိုချက် ထွက်ရှိလာခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားသတင်းဌာနတခုက ဖော်ပြခဲ့သည်။

❖

# မြန်မာနိုင်ငံသားများအတွက် ဆရာဖြစ်သင်တန်းသို့ ဩစတြေးလျနိုင်ငံမှ စာအုပ်များ လှူဒါန်း



**ဩစတြေးလျမှ မြန်မာနိုင်ငံ ဆရာဖြစ်သင်တန်းသို့ လှူဒါန်းသော စာအုပ်စာတမ်းများ**

ဩစတြေးလျနိုင်ငံမှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် စေတနာရှင်များက မြန်မာနိုင်ငံသား ဆရာ၊ ဆရာမများအတွက် ဖွင့်လှစ်ထားသည့် ဆရာဖြစ်သင်တန်းသို့ စွယ်စုံကျမ်းများ၊ အဘိဓာန်များ အပါအဝင် ဘာသာရပ်ဆိုင်ရာစာအုပ်ပေါင်း အုပ်ရေ(၄၀၀၀)ကျော်ကို လှူဒါန်းပေးပို့ခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံရောက် မြန်မာကျောင်းဆရာတဦးဖြစ်သူ ဦးသိန်းနိုင်မှ တဆင့် ထိုင်းနိုင်ငံအခြေစိုက် "မြန်မာနိုင်ငံသားများအတွက် ဆရာဖြစ်သင်တန်း"သို့ ဩစတြေးလျနိုင်ငံမှ ပေးပို့လှူဒါန်းလိုက်သည့် စာအုပ်များတွင် စွယ်စုံကျမ်းများ၊ အဘိဓာန်စာအုပ်များအပါအဝင် အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ သမိုင်း၊ ပထဝီ စာအုပ်များနှင့် မြေပုံများ၊ ကျန်းမာရေး သင်ခန်းစာများ၊ အားကစားသင်ခန်းစာများနှင့် ယဉ်ကျေးမှု အနုပညာဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ၊ ကျောင်းသားများအတွက် စာရေးစာဖတ် လေ့ကျင့်ရေးစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ ပါဝင်ပြီး၊ အဆိုပါစာအုပ်များအား ဆရာဖြစ်သင်တန်းတွင် အထောက်အကူအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သင်တန်းတာဝန်ခံ ဒေါက်တာသိန်းလွင်က ဆိုသည်။

အဆိုပါဆရာဖြစ်သင်တန်းတွင် ဆရာဆရာမလောင်းများအား (၆)လ သင်တန်းများ ပို့ချလျက်ရှိပြီး နယ်စပ်ဒေသ ဒုက္ခသည်စခန်းများနှင့် မဲဆောက်ဒေသဝန်းကျင်ရှိ မြန်မာအလုပ်သမားများ၏ ကလေးငယ်များအတွက် ဖွင့်လှစ်ထားသောကျောင်းများမှ ဆရာ ဆရာမများအား ဝေဖန်ပိုင်းခြားစဉ်းစားဉာဏ်ထက်သန်ရေး၊ စာရေးနည်းနှင့် စာဖတ်နည်းများကို ပို့ချလျက်ရှိကြောင်း သိရသည်။ ❖

# အာဏာပိုင်များ တာဝန်ရှိမှု မိဘနှင့် ဆရာဆရာမများကို လွှဲချ ကျောင်းသားများ ဆူပူမှု မရှိရန် မိဘများ ခံဝန်ချက် ထိုးရ

**ဇွန်၊ (၁၁)ရက်။**

မြန်မာနိုင်ငံတဝှမ်းလုံးရှိ အခြေခံပညာကျောင်းများအားလုံး ကျောင်းဖွင့်ချိန်အတွင်း ဆူပူမှုဖြစ်ပေါ်မလာရန်အတွက် ကျောင်းသားမိဘများက တာဝန်ယူသည့်အနေဖြင့် မိမိတို့၏သားသမီးများ ကျောင်းအပ်ချိန်တွင် ခံဝန်ချက် လက်မှတ်များ ရေးထိုးပေးနေရကြောင်း သိရသည်။

ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းများတွင် ယခု ပညာသင်နှစ်အတွင်း ဆူပူမှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်နေရသည့်အတွက် အာဏာပိုင်များက ထိုသို့ အမိန့်ပေး ညွှန်ကြားထားခြင်းဖြစ်ရာ ကျောင်းသားမိဘများရော၊ ကျောင်းဆရာဆရာမများပါ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်နေကြရသော်လည်း ဆူပူမှုများ ဖြစ်ပွားလာခဲ့ပါက မိမိတို့တွင် တိုက်ရိုက်တာဝန်ရှိသည်ဟု မယူဆနိုင်ကြောင်း မိဘများရော၊ ကျောင်းဆရာဆရာမ များကပါ ဝေဖန်ပြောကြားနေကြသည်ဟု သိရသည်။

❖

**○ တဖက်မှ**

ကျောင်းသားလေး (၅)ဦးခန့် ပုံလဲကျသွားကြကြောင်း၊ ထိုသို့ရိုက်နှက်နေစဉ် ဒေါ်အောင်ဆန်းစုကြည်က ဘာမှပြန်မလုပ်ရန်ပြောပြီး 'ကမ္ဘာမကြေဘူး'သီချင်းကိုသာ သံပြိုင်ဆိုစေခဲ့ကြောင်း၊ ဝိုင်းရိုက်နှက်သူများသည် ဒေါ်စုစီးလာသည့်ကားမှ ကားမှန်များကို ရိုက်ခွဲပစ်ခဲ့ကြောင်း၊ ယာဉ်မောင်းက လမ်းဘေးထိုးချပြီး မောင်းထွက်သွားနိုင်ခဲ့ကြောင်း၊ ဒုဥက္ကဋ္ဌဦးတင်ဦးမှာလည်း အရိုက်ခံလိုက်ရပြီး ရဲသုံးဦးက အတင်းဆွဲခေါ်သွားသည်ကိုတွေ့ရကြောင်း၊ ကားကိုလည်း ချောက်ထဲသို့ တွန်းချပစ်ခဲ့ကြောင်း ပြောဆိုသည်။ ထိုတိုက်ခိုက်မှုတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု သိရသည်။

## နောက်မှ လိုက်လာသည့် မုံရွာလူထု၏ကြမ္မာ

ဆက်လက်၍ပြောဆိုရာတွင် ဒေါ်စုနှင့် မုံရွာမှ စထွက်စဉ် လမ်းရိုးအတိုင်း သွားခွင့်မပြုသည့်အတွက် ရှောင်လမ်းမှ ထွက်ခွာခဲ့ရကြောင်း၊ မုံရွာမှ လူငယ်တချို့က ဆိုင်ကယ်များဖြင့် လိုက်သွားကြရာ ဘုတလင် မရောက်မီ ဇီးတောရွာ၌ ရဲ(၁၀၀)ခန့်က နံပါတ်တုတ်များဖြင့် လိုက်လံရိုက်နှက်ကြသဖြင့် မုံရွာသို့ နောက်ပြန်လာခဲ့ကြရာ မုံရွာက ကျောင်းသားနှင့် သံဃာတော်များ ထပ်မံလိုက်လာကြကြောင်း၊ မုံရွာမှ (၇)မိုင်အကွာတွင်ရှိသည့် အလုံတပ်နယ်မြေအရောက်တွင် သေနတ်နှင့် ပစ်ခတ်ဖြိုခွင်းခဲ့သည့်အတွက် မုံရွာဥက္ကံတောရကျောင်းမှ (၁၈)နှစ်အရွယ် ကိုရင်တပါးနှင့် မုံရွာ နည်းပညာကောလိပ် GTC မှ ကျောင်းသား မင်းဇော်ဦး သေဆုံးသွားခဲ့ကြောင်း၊ အလောင်းကို ကျောင်းသားများက ပြန်လည်သယ်ဆောင်လာစဉ် စစ်ကားများက နောက်မှ လိုက်လာပြီး လုယူသွားကြကြောင်း သိရသည်။ ပစ်ခတ်မှုအတွင်း သေနတ်ထိမှန်ခဲ့သူ အခြားကျောင်းသားတဦးလည်း ထပ်မံသေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ထိုအရေးအခင်းအတွင်း ပြင်းထန်စွာဒဏ်ရာရရှိသူများမှာ ကိုသိန်းစိုး(ဓာတ်ပုံဆရာ)၊ ကိုတိုးလွင် (ခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိ)၊ ကိုတင်ထွန်းဦး၊ ကိုအောင်စိုးနှင့် မန္တလေးအနောက်တောင်မြို့နယ်မှ ဦးချစ်တင် (ခေါင်းတွင်ဒဏ်ရာရ)တို့ ဖြစ်သည်။

## လူသေအလောင်းများ ဖျောက်ဖျက်ပစ်ခြင်း

(အသေးစိတ်စုံစမ်းထားသူပြည်သူတဦး)

ယခုဖြစ်ပွားမှုသည် ကြံ့ဖွံ့အဖွဲ့က စီစဉ်ခဲ့ခြင်း မဟုတ်ဘဲ အာဏာပိုင်များက ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်စုနှင့်အဖွဲ့ချုပ်ဝင်များအား ဝင်ရောက်ရိုက်နှက်ကြသည့်



သက်န်းဝတ်များသည် မန္တလေးအကျဉ်းထောင်မှ ရာဇဝတ်သားများဖြစ်ပြီး ဒေါ်စုနှင့်အဖွဲ့ မုံရွာမရောက်ခင်ကတည်းက မုံရွာအမှတ်(၁) အထကသို့ ရောက်ရှိလာကာ ကြိုတင် ကတုံးရိတ်ထားခြင်းဖြစ်သည်။ ၎င်းတို့အား အာဏာပိုင်တို့က ယခုအရေးအခင်းပြီးလျှင် ထောင်က လွှတ်ပေးပြီး တယောက် ငွေသုံးသိန်းပေးမည်ဟု အာမခံကာ ခေါ်ယူခိုင်းစေခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ဒေါ်စုနှင့် အဖွဲ့ဝင်များ၊ ပြည်သူလူထုများအား ရိုက်နှက်သတ်ဖြတ်ကြစဉ် မူးယစ်ဆေးဝါးများ သုံးစွဲထားကြသည်ဟုဆိုသည်။ အခင်းဖြစ်ပွားပြီးနောက်ပိုင်း ၎င်းတို့ကို လက်စတုံး နှုတ်ပိတ်ပစ်လိုက်ကြောင်း သိရသည်။

စနေ့နေ့နံနက်ပိုင်း အရုဏ်မကူးမီ မုံရွာအခြေစိုက် အနောက်မြောက်တိုင်း စစ်ဌာနချုပ်ဝင်းအတွင်း သယ်ယူထားသည့် လူသေအလောင်း (၆၈)လောင်းအား အာဏာပိုင်တို့က မီးရှို့ဖျောက်ဖျက်ပစ်လိုက်သည်။

အခင်းဖြစ်ပွားစဉ်တလျှောက်လုံး နအဖတွင်း(၂) ဗိုလ်ချုပ်စိုးဝင်း မုံရွာမြို့တွင်ရှိနေပြီး တနင်္ဂနွေနေ့မှ ရဟတ်ယာဉ်ဖြင့် ပြန်ထွက်သွားသည့်အတွက် ဖြစ်ပေါ်ခဲ့သည့် လုပ်ကြံမှုကြီးအား အနီးကပ်အမိန့်ပေး ကိုင်တွယ်ခဲ့သည်ဟု ဆိုသည်။ ဗိုလ်ချုပ်စိုးဝင်းသည် ဒီပဲယင်းဇာတိဖြစ်ကြောင်းလည်း အခြားသတင်းများအရ သိရသည်။

## နောက်ပိုင်းရရှိသည့်သတင်းများ

(ယုံကြည်စိတ်ချရသော နအဖအတွင်းသတင်းများ)

အကြမ်းဖက်သတ်ဖြတ်မှုကြီးကို နအဖဥက္ကဋ္ဌဗိုလ်ချုပ်ကြီးသန်းရွှေက တိုက်ရိုက်အမိန့်ပေးစေခိုင်းခဲ့ခြင်းဖြစ်ပြီး ထိုလျှို့ဝှက်အမိန့်ကို နအဖတွင်း(၂) ဗိုလ်ချုပ်စိုးဝင်းနှင့် အခြားလူယုံများက အကောင်အထည်ဖော်ခြင်း ဖြစ်သည်ဟုဆိုသည်။

ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် နအဖ အဖွဲ့က လုပ်ဆောင်သလိုဖြစ်ရန် ထိုလုပ်ကြံမှုကြီးအတွင်း ဒေါ်အောင်ဆန်းစုကြည်ကို လက်သည်မပေါ်ဘဲ အသေသတ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။



## ထိခိုက်ဒဏ်ရာရမှုများ

မန္တလေးတိုင်းစည်း ဒေါ်ဝင်းမြမြသည် လက်နှစ်ဘက်စလုံး ကျိုးသွားသည့်အတွက် မုံရွာဆေးရုံသို့ ဗိုလ်ကြီးအောင်နိုင်ထွန်းဆိုသူက ခေါ်လာပြီး စတီးချောင်း ထည့်ပေးခဲ့ကြောင်း သိရသည်။ အခြား ဒဏ်ရာရရှိသူများမှာ ကိုတိုးလွင် (ရေဝတီတိုင်းလူငယ်)၊ ကိုသိန်းစိုး (ရန်ကုန်)၊ ဦးပေါခင် (မြင်းခြံ)၊ ဦးအောင်ခင် (မန္တလေး)၊ ဒေါက်တာဝင်းအောင်၊ ဦးလှမြင့်(အမရပူရမြို့နယ်စည်း)နှင့် ၎င်း၏သားဖြစ်သူ ကိုဇော်လေး၊ မခင်အေးမြင့် (မန္တလေး)၊ ဦးစောလှိုင် (အင်းတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်)နှင့် ဦးမြင့်ကြည် (ကသာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်)တို့ဖြစ်သည်။

## အသက်အန္တရာယ်ထိခိုက်လောက်အောင် ဒဏ်ရာရသူများ

ကိုတင်မောင်ဦး(ဓာတ်ပုံဆရာ–မန္တလေး)နှင့် မန္တလေးအနောက်မြောက်မြို့နယ်စည်းများဖြစ်ကြသည့် ဦးချစ်တင်၊ ဒေါ်ညွှန့်ညွှန့်တို့ဖြစ်သည်။ (သေဆုံးသွားဟု သိရ)

## အမျိုးသားညွန့်ပေါင်းအစိုးရ၏ ထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၏ သတင်းထုတ်ပြန်ချက်၌ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့မှ အရေးအခင်းအတွင်း ပျောက်ဆုံးနေသူ (၁၁၅)ဦးရှိပြီး မုံရွာ၊ ဘုတလင်နှင့် အခင်းဖြစ်ပွားရာဒေသမှ ရွာသားများအပါအဝင် ပျောက်ဆုံးသူ ဦးရေ(၂၀၀)ကျော်ရှိကြောင်း၊ အရေးအခင်းအတွင်း လူ(၇၀)ခန့် သေဆုံးနိုင်သည်ဟု ဖော်ပြထားသည်။

## နောက်ဆက်တွဲသတင်းများ "ကြံ့ခိုင်ရေး–ကြံ့ခိုင်ရေး အော်ရမယ်"

(ပုန်းရှောင်နေသော သူများထံမှ ရရှိသည့်သတင်းများ)

ထွက်ပြေးလာကြသည့် ဒေါ်တင်မြင့်၊ ဒေါ်တိုး၊ ဒေါ်ခင်မြဝင်း၊ မပို့ပို့နှင့် မကြည်ကြည်မြင့်တို့သည် ဒဏ်ရာကိုယ်စီဖြင့် ထွက်ပြေးလာကြရာ တောစပ်နေရာတွင် အရိုက်ခံထားရသည့် ဒဏ်ရာများကြောင့် တုတ်တုတ်မျှ မလှုပ်နိုင်တော့ဘဲ လဲကျနေသူ ဦးထွန်းဝင်းကို တွေ့ကြရသည်။ ဦးထွန်းဝင်းသည် ဈေးချိုတော်စည်းရုံးရေးကော်မတီဝင်တဦးဖြစ်ပြီး အခင်းဖြစ်ပွားရာမှ ထွက်ပြေးလာစဉ် တောတန်းအစပ် အရောက်လဲကျနေခြင်း ဖြစ်သည်။

ထိုအမျိုးသမီးတစုသည် ဦးထွန်းဝင်းသေဆုံးပြီဟု ယူဆသဖြင့် တွေ့ရာ အဝတ်စုတ်တို့ဖြင့် ဖုံးအုပ်ထားခဲ့ပြီး အကူအညီရှာဖွေရန် နီးစပ်ရာ ရွာထဲသို့ ဝင်ပြေးခဲ့ကြသည်။ အကြမ်းဖက်လုပ်ကြံခံရသူများသည် ၎င်းတို့၏ ပင်နီအင်္ကျီများကို အတင်းစုတ်ဖြဲခံထားကြရသည်။ ဝတ်ဆင်ထားသည့် ဆွဲကြိုးများ ပိုက်ဆံအိတ်၊ လက်ကိုင်အိတ်များကိုလည်း လူမိုက်များက အတင်းလုယူထားလိုက်ပြီး ရိုက်လည်းရိုက်၊ ပါးစပ်ကလည်း မကြားဝံ့ မနာသာ ဆဲဆိုပြီး ရိုက်နှက်ခဲ့ကြခြင်းဖြစ်သည်။ အမျိုးသမီးများကို ထိုင်ခိုင်းစေပြီး 'ကြံ့ခိုင်ရေး....ကြံ့ခိုင်ရေး'ဟု အတင်းအဓမ္မ အော်ခိုင်းခဲ့သဖြင့် ၎င်းတို့မှာ ကြောက်ကြောက်လန့်လန့်ဖြင့် အော်ခဲ့ရသေးသည်။ ထို့နောက် ထိုနေရာမှ ထွက်ပြေးလာစဉ် အရိုးများ ကျိုးနေသဖြင့် တောတန်းထဲတွင် လဲကျနေသည့် ဦးထွန်းဝင်းကို တွေ့ရခြင်းဖြစ်သည်။

## မသေကောင်း မပျောက်ကောင်း

အမျိုးသမီးများ ထွက်သွားပြီးနောက် ဦးထွန်းဝင်း လဲကျရာနေရာကို လူမိုက်များရောက်လာသည်။ ဖုံးထားသောအဝတ်များကိုလှန်ကြည့်ရာ ဦးထွန်းဝင်း မျက်လုံးပွင့်နေသည်ကိုမြင်၍ မသေမှန်း သိသွားကြသည်။ ၎င်းတို့က ဦးထွန်းဝင်းကို ဓာတ်ပုံရိုက် ဗွီဒီယိုမှတ်တမ်းများတင်ပြီး ပစ်ထားခဲ့ကာလှည့်ထွက်သွားကြသည်။ နောက်ပိုင်းတွင် ဦးထွန်းဝင်းကို အနီးအနားရှိ ရွာသားများက သွားရောက်ကယ်ယူ စောင့်ရှောက်ထားရသည်။ ဦးထွန်းဝင်းသည် ရွာတရွာတွင် ပုန်းအောင်းရင်း ဆေးကုသမှု ခံယူနေသည်။ မန္တလေးမြို့သို့ မပြန်ရဲသေးပေ။

အမျိုးသမီးအားလုံးလည်း ရွာသားများ ကူညီမှုဖြင့် လွတ်မြောက်ခဲ့သည်။ သို့သော် စစ်ထောက်လှမ်းရေးက ရှာဖွေဖမ်းဆီးနေသဖြင့် မန္တလေးသို့ မပြန်ရဲကြသေးဘဲ ရှောင်တိမ်းရင်း ဆေးကုသမှုခံနေကြသည်။

ထိုခရီးစဉ်တွင် ပါဝင်သွားသည့် အငှားယာဉ်မောင်းတဦးမှာ ကြံ့ဖွံ့လက်မှတ်ဆောင်ထားသဖြင့် ရိုက်နှက်မှုဒဏ်မှ ကင်း



ဝေးခဲ့သော်လည်း အခင်းဖြစ်ပွားမှုသည် အဖွဲ့ချုပ်အဖွဲ့ဝင်များက ရန်စ၍ ဖြစ်ပွားရခြင်းဖြစ်ကြောင်း ရေးသားထားသည့် စာတွင် လက်မှတ်ရေးထိုးခဲ့ရသည်။

## မီးမောင်းများထိုး၍ ရိုက်ခြင်း

(မျက်မြင်ကိုယ်တွေ့ကြုံခဲ့သူတဦး၏ ပြောဆိုချက်)

"မုံရွာက ထွက်လာတဲ့အခါ ဒေါ်စုရဲ့ ကားနောက်မှာ မန္တလေးအနောက်တောင်မြို့နယ်က ဦးလှမြင့်ရဲ့ကားက လိုက်ပြီး အဲ့ဒီနောက်မှာ တောင်မြို့နယ်က (အနောက်တောင်)အဖွဲ့က ကားတွေ တန်းစီပြီး သွားနေတာ မှတ်မိပါတယ်။ ဘုတလင်အထွက် တော်တော်လှမ်းလှမ်းရောက်တော့ ယာဉ်တန်းဟာ မူလထက် ပိုများလာတယ်။ အပြင်က ကားတွေ ရောထွေးလာတယ်။ သူတို့ကားတွေ ရောထွေးလာလို့ ယာဉ်တန်းဟာ အရှည်ကြီးဖြစ်နေတယ်။ ဒီလိုနဲ့ စိုင်ကျော်ရွာ မဝင်ခင်က စရိုက်တော့တာပဲ။ ယာဉ်တန်းနောက်ပိုင်းက ကားတွေကို အရင်ရိုက်တယ်။ စိုင်ကျော်ရွာ အဝင်ရောက်တော့ ယာဉ်တန်းရှေ့ပိုင်းကိုရိုက်တယ်။ နောက် ယာဉ်တန်းတခုလုံးကို ရှေ့နောက်ညှပ်ပြီး ပယ်ပယ်နယ်နယ် ရိုက်တော့တာပါပဲ။

ဒီမှာတင် တချို့ကားတွေ၊ ဆိုင်ကယ်တွေ အတင်းရုန်းပြီး၊ ကားလမ်းအတိုင်း ထိုးဖောက်ပြီး ပြေးကြရတယ်။ ရိုက်ရင် ရှင်းရှင်းလင်းလင်းမြင်နေရအောင် မီးမောင်းထိုးပေးထားတယ်။

မိန်းမသားတွေ တောင်းပန်နေတဲ့ကြားက အတင်းဆုတ်ဖြဲဆွဲချွတ်တယ်၊ ချွတ်ပေးပါမယ် တောင်းပန်လဲ မရဘူး၊ ပါတဲ့ ရွှေငွေလက်ဝတ်လက်စား ပိုက်ဆံအိတ်၊ တွေ့ရာအကုန်ယူတယ်၊ တချို့ ထမီပါ ချွတ်ယူတာခံရတယ်။ သေသူသေ၊ နာသူနာ၊ ပြေးသူပြေးနဲ့ ဝရုန်းသုန်းကား ဖြစ်နေပြီ။

## ရေတို့ မီးတို့ ပြန်ကြစို့

"အဲ့ဒီလိုစိတ်ရှိလက်ရှိ ရိုက်နှက်ပြီးတဲ့အခါ မိုးပေါ်ထောင်ပြီး မီးကျည်သေနတ်တချက် ပစ်ဖောက်တယ်။ ပြီးတော့ 'ရေတို့ မီးတို့ ပြန်ကြစို့'လို့ အော်သံကြီး ကြားတယ်။ ရိုက်တဲ့ လူမိုက် လူသတ်သမားတွေ ပြန်သွားပြီးတဲ့နောက် ရဲနဲ့ အမည်မသိအဖွဲ့တွေ ရောက်လာတယ်။ သူတို့တွေက သစ်ရွက် သစ်ခက်တွေချိုးပြီး လမ်းပေါ်က သွေးစ သွေးနတွေကို လိုက်ပြီး သုတ်သင်ရှင်းလင်းကြတယ်၊ အပျက်အစီးအစအနတွေကိုလဲ လက်စဖျောက်ကြတယ်။ ဒီကသွားတဲ့ ပျက်နေတဲ့ ကားတွေထဲက ဓာတ်ဆီတွေ လိုက်ထုတ်ပြီး၊ သူတို့ရဲ့ ကားတစီးပေါ်ကို လောင်းပြီး မီးရှို့ခဲ့တယ်။

အဲ့ဒီနောက် လူကြီးတွေ စီးလာတယ်လို့ ယူဆရတဲ့ ပါဂျဲရိုးကားများအပါအဝင် ကား (၈)စီးလောက် ရောက်လာတယ်၊ အဲ့ဒီလူတွေက ဖြစ်ပွားခဲ့ပုံကို အသေးစိတ်ကြည့်သွားတယ်။ ဦးအောင်စိုး၊ ဦးခင်မောင်သောင်း၊ ဦးထွန်းဝင်း (တောစပ်မှာ အရိုးကျိုးပြီး လဲနေသူ)တို့အားလုံး တောစပ်မှာ တညလုံး ပုန်းနေရတယ်၊ မနက်မိုးလင်းတော့ ချောက်ထဲကျနေတဲ့ သူ့ကားကို သွားတွန်းထုတ်နေတုန်း၊ ဦးအောင်စိုး အဖမ်းခံလိုက်ရတယ်၊ ကျန်တဲ့လူတွေကိုတော့ အနီးအနားရွာတွေက (၃)ရက်လောက် ဝှက်ထားပြီး ဆေးကုပေးတယ်၊ ဦးထွန်းဝင်း လက်ကျိုး မျက်ခုံးကွဲပြီး ချုပ်ရတယ်၊ ဦးခင်မောင်သောင်းက ခေါင်းထိပ်တည့်တည့်မှာ ကွဲပြီး ချုပ်ထားရတယ်၊ ခုထိ စစ်ထောက်လှမ်းရေးက ပိုက်စိပ်တိုက်ရှာနေလို့ ပြေးလွှားရှောင်တိမ်းနေရတုန်းပဲ။ လောလောဆယ် သိထားတဲ့ မန္တလေးက သေဆုံးသူတွေက.... အနောက်တောင်မြို့နယ်က မတိုးတိုးလွင်၊ ကိုတင်မောင်ဦး(ဓာတ်ပုံ)၊ အရှေ့တောင်မြို့နယ်စည်း ဦးမြင့်ဦး၊ အနောက်မြောက်မြို့နယ်က အမည်မသိ ကားဆရာတဦးတို့ ဖြစ်ပါတယ်။ ❖

# ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ချုံခိုတိုက်ခိုက်ရန် ကြိုတင်စီစဉ်ခဲ့ကြောင်း အထင်အရှားတွေ့ရ ကုလသမဂ္ဂဆောင်ရွက်ချက် တိုးတက်မှုမရှိပါက အမေရိကန်ပြည်ထောင်စုက ပြန်လည်စဉ်းစားရမည်

**ဇွန်၊ (၅)ရက်။**

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းသည် စနစ်တကျ ကြိုတင်ပြင်ဆင်၍ ချုံခို တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂက ဦးဆောင်ပြုလုပ်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အခြေအနေ တိုးတက်လာခြင်းမရှိပါက အမေရိကန် ပြည်ထောင်စုအနေဖြင့် တမျိုးတဖုံ စဉ်းစားသွားရန် လိုအပ်လာကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။



**အမေရိကန်သံအရာရှိများ သွားရောက်စစ်ဆေးခဲ့သည့် ဒီပဲယင်းအရေးအခင်းဖြစ်ပွားခဲ့ရာနေရာ**

ကြေညာချက်တွင် ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးမှ အရာရှိ(၂)ဦးသည် မေလ(၃၀)ရက်နေ့က အကြမ်းဖက်မှု ဖြစ်ပွားခဲ့သည့် ဒီပဲယင်းဒေသသို့ သွားရောက်ခဲ့ပြီး ဒေသခံလူပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ဒေသခံတို့၏ ပြောဆိုချက်များနှင့် ၎င်းတို့၏ မျက်မြင်တွေ့ရှိချက်များအရ အဆိုပါအကြမ်းဖက်မှုသည် နအဖနှင့် ပူးပေါင်းဆောင်ရွက်နေကြသူများက ကြိုတင်အကွက်ချ၍ ကြံစည် လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာအနီးတဝိုက်တွင် လက်စလက်န ဖျောက်ဖျက်ရန် ရှင်းလင်းမှုများ ပြုလုပ်ထားသော်လည်း ကြွင်းကျန်နေသည့် မော်တော်ယာဉ်အပိုင်းအစ အကျိုးအပြတ်များ၊ သွေးစွန်းနေသည့် အဝတ်စများ၊ မှန်ကွဲစများနှင့် တုတ်၊ လှံစသည့် အိမ်လုပ်လက်နက်များကို အမေရိကန်သံအရာရှိများက တွေ့ရှိခဲ့ကြသည်။ ထို့ပြင် ထို တိုက်ခိုက်မှုမှာ (၂)နာရီကျော်ကြာမြင့်ခဲ့ပြီး ဓား၊ လှံ၊ ချွန်ထက်သောလက်နက်များ ကိုင်ဆောင်ထားသူများက ယခုလို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် အကြီးအကျယ် တိုက်ခိုက်ခံခဲ့ကြရခြင်းဖြစ်ပြီး လူအများအပြား ပြင်းထန်စွာ ဒဏ်ရာရရှိနိုင်သည်ကို လွယ်လင့်တကူသိရှိရန် သက်သေခံနေကြောင်း ရန်ကုန်အခြေစိုက် အမေရိကန် သံအရာရှိများက တရားဝင်ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့ကြောင့် စစ်အစိုးရအနေဖြင့် ယခုအရေးအခင်းတွင် သေဆုံးသူများ၊ဒဏ်ရာရသူများ၊ ပျောက်ဆုံးနေသူများအား စာရင်းအတိအကျ အပြည့်အစုံ ထုတ်ပြန်ကြေညာပေးရန် ကျွန်ုပ်တို့က တောင်းဆိုကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန၏ ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များအား ဆက်လက်ဖမ်းဆီးထားခြင်းသည် မထီမဲ့မြင် စော်ကားခြင်းနှင့် လက်မခံနိုင်စရာဖြစ်ကြောင်း၊ ဖမ်းဆီးထားသူများအား ချက်ချင်းလွှတ်ပေးပြီး ဒဏ်ရာရသူများအား နိုင်ငံတကာ အထူးကုဆရာဝန်များ၏ ကုသမှုအပါအဝင် လိုအပ်သော ဆေးဝါးကုသမှုပေးခြင်းတို့ကို နအဖအနေဖြင့် ချက်ချင်းဆောင်ရွက်ပေးရန် ကျွန်ုပ်တို့က တောင်းဆိုကြောင်း ဖော်ပြသတိပေးထားသည်။

နအဖက ပိတ်ပစ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများအား နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြန်လည်ဖွင့်လှစ်ပေးသင့်ပြီး ပါတီလုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား တားဆီးပိတ်ပင်မှု ဘယ်အခါမှ မပြုလုပ်သင့်ကြောင်း ထောက်ပြခဲ့သည်။

ဆက်လက်၍ အဆိုပါကြေညာချက်တွင် ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးသည် ဇွန်လ(၆)ရက်နေ့တွင် မြန်မာနိုင်ငံသို့ သွားရောက်မည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်း၏ကြိုးပမ်းမှုများအား အပြည့်အဝထောက်ခံအားပေးကြောင်း၊ ရာဇာလီကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားအတိုက်အခံခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်ပြုရမည်ဖြစ်ကြောင်း သတိပေးရေးသားထားပြီး အကယ်၍ မစ္စတာရာဇာလီသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် မရလျှင် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းအတွက် ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များ ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းမှုရှိမရှိကို အမေရိကန်ပြည်ထောင်စုက ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။ ❖

# ကြိုတင်ကြံစည်ပြုလုပ်ခဲ့သည့် လုပ်ကြံမှုအတွက် နအဖအပေါ် လူထုဒေါသ ပိုမိုကြီးထွားလာ

**ဇွန်၊ (၇)ရက်။**

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များတွင် ထိုနေ့ နေ့လည်ပိုင်းက နအဖတာဝန်ရှိသူများက ၎င်းတို့ကျူးလွန်ခဲ့သည့် ကမ္ဘာတဝှမ်း တုန်ဟည်းခြောက်ခြားခဲ့ရသော လုပ်ကြံသတ်ဖြတ်မှုကြီးကို ဖုံးကွယ်ဖျောက်ဖျက်ရန် ကြိုးပမ်းသည့်အနေဖြင့် ထပ်ဆင့်ရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည်။

ထိုထပ်ဆင့်ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မယကနှင့် ရယကအဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ လူကြီးများ၊ မြို့မိမြို့ဖများ မတက်မနေရ တက်ရောက်ခဲ့ရပြီး ၎င်းတို့၏ လိမ်ညာဝါဒဖြန့်ချိမှုများကို စိတ်မသက်မသာဖြင့် နှစ်နာရီကြာသည်အထိ နားထောင်ခဲ့ကြရကြောင်း သိရသည်။

ရှင်းလင်းသူများမှာ အထက် အာဏာပိုင်များက ပေးပို့သည့်စာကိုသာ ဖတ်ပြရခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းးစုကြည်သည် ဥပဒေမဲ့လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြောင်း၊ ယခုအဖြစ်အပျက်သည် အစိုးရ၊ တပ်မတော်တို့နှင့် မသက်ဆိုင်ကြောင်း၊ အဓိက လက်သည်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်သည့် အင်အားစုများသာဖြစ်ကြောင်း ပြောကြားသွားရာ ယနေ့အထိ မုံရွာ–ဒီပဲယင်း လုပ်ကြံခံရမှု၌ သတင်းအစအန မရရှိဘဲ ပျောက်ဆုံးနေသူများအတွက် မန္တလေးမြို့ခံလူထုက အလွန်အမင်း ဒေါသဖြစ်နေကြကြောင်း သိရသည်။

ထိုနေ့ညနေပိုင်းကလည်း ဝန်ထမ်းအကြီးအကဲများအား သီးသန့်ရှင်းလင်းပွဲတခု ပြုလုပ်ခဲ့ပြီး အထက်ပါစာကိုပင် နှစ်နာရီကျော်ကြာအောင် ဖတ်ပြခဲ့ကြောင်း သိရသည်။ ❖

> “သူတို့အကြမ်းဖက်သလို ပြန်ပြီးအကြမ်းမဖက်ကြနဲ့ ကမ္ဘာမကြေဘူး သီချင်းကို ဆိုကြ”
>
> ဒေါ်အောင်ဆန်းစုကြည်

# ဒီပဲယင်းညရဲ့ သွေးစွန်းသံ

ဗန္ဓုလရဲ့ ဇာတိမြေမှာ
သွေးပင်လယ်ဝေခဲ့ရ
ဗမာ့သမိုင်း ရိုင်းခဲ့ပြီ။

ဆရာစံရဲ့သားသမီးကောင်း
ဗမာပြည်ရဲ့သားသမီးကောင်း
ခွပ်ဒေါင်းတို့ရဲ့သွေးစက်တွေ
မြေ မပြေအောင် ကျခဲ့ရ
ဗမာ့သမိုင်း ရိုင်းခဲ့ပြီ။

နိုင်ငံသမိုင်းကို
အရိုင်းစိုင်းဆုံးဖြစ်အောင်
မျက်နှာပြောင်ပြောင်နဲ့ ကျင့်ကြံ
တာတေလံအောင်ညစ်ပတ်
ဒေဝဒတ်ဉာဏ်နဲ့ အကွက်ဖော်
မတော်မလျော် အကြမ်းဖက်
ရက်ရက်စက်စက် သတ်ဖြတ်ပြီး
သွေးချောင်းစီးအောင် လုပ်ခဲ့တာ
မေးနေစရာ လိုသေးသလား။



နယ်ချဲ့တွေရဲ့အောက်
ကျွန်သဘောက်ဘဝကတောင်
ဒီလောက် ဖြောင်ကျကျရက်စက်မှု
အစုလိုက်အပြုံလိုက် လုပ်ကြံရေး
ခွေးကျင့်ခွေးကြံယုတ်မာပုံ
မကြုံခဲ့ဘူးလို့ပြောလို့ရ
စစ်ဘီလူးတွေလက်ထက်ကျမှ
ဒီအဖြစ်မျိုး
ရင်ကျိုးစရာတွေ ကြုံရရင်း
အမှောင်တွင်းက အမိနိုင်ငံ
ဒဏ်ရာ ထပ်ထပ်ဆင့်ခဲ့ပြီ။

လွတ်လပ်ရေးနှစ်(၅၀)ကျော်မှာ
နှစ်(၄၀)ကျော် မင်းမူ
ပြည်သူအပေါ် ဗိုလ်ကျ
စစ်အုပ်စုက ချမ်းသာ
ပြည်သူတကာ မွဲပြာကျ
သွေးစသွေးကွက်တွေနဲ့ ဒေါင်းနိုင်ငံ
ဒဏ်ရာဗလပွဖြစ်နေတာတောင်
စစ်ခေါင်းဆောင်တွေ အားမရသေး
လက်ရှောင်လိုစိတ် ဝေလာဝေး
အမျိုးသားရေးကို မငဲ့ကွက်
အာဏာရမ္မက် တထန်ထန်နဲ့
နိုင်ငံကို ကျွန်ဇာတ်သွင်း
မိုးမလင်းနိုင်တဲ့ သွေးခင်းဇာတ်
အဆက်မပြတ် ကနေကြတုန်းပါပဲလား။

စစ်အာဏာရှင်စနစ်အောက်က
လွတ်မြောက်နိုင်ရေးတိုက်ပွဲထဲ
အသက်နဲ့လဲပြီး ပြခဲ့ကြတဲ့
ကျဆုံးခဲ့ရတဲ့ အာဇာနည်တွေ
မရေတွက်နိုင်အောင် တိုးပွားရင်း
ဒီပဲယင်းညရဲ့ ရင်လှိုင်းသံ
နိုင်ငံသမိုင်းမှာ မှတ်တမ်းတင်လိုက်ပါ။

အဲဒီညက
သတိုးမဟာဗန္ဓုလ
မျက်ရည်မကျစဖူး ကျရှာတယ်။

အဲ့ဒီညမှာ
သုပဏ္ဏက ဆရာစံ
တက်သံပြင်းပြင်း ခေါက်ရှာတယ်။ ။

**ဝင်းတင့်ထွန်း**

## သံဃာ၊ ကျောင်းသားနှင့် အဖွဲ့ချုပ်ဝင်များအား နအဖက တနိုင်ငံလုံးအနှံ့ လိုက်လံဖမ်းဆီးနေကြပြန်ပြီ

**ဇွန်၊ (၅)ရက်။**

မေ(၃၀)လုပ်ကြံမှုကြီး ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း နအဖစစ်အုပ်စုက အဖွဲ့ချုပ်အဖွဲ့ဝင်များသာမက ကျောင်းသားများ၊ ဘုန်းတော်ကြီးများပါမချန် လိုက်လံဖမ်းဆီးမှုများ ပြုလုပ်နေရာ ဖမ်းဆီးခံရသူ အရေအတွက် အတိအကျ မသိရသေးသော်လည်း တနိုင်ငံလုံးအနှံ့ လိုက်လံဖမ်းဆီးနေကြောင်း သိရသည်။

ဇွန်လ(၃)ရက် အင်္ဂါနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံး တာဝန်ခံ ကိုသိန်းဦးနှင့် ကိုစိုးဝင်းတို့အား စစ်ထောက်လှမ်းရေးများက ဖမ်းဆီးသွားကြောင်း သိရပြီး ကချင်ပြည်နယ်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံ အားပေး ကူညီဆောင်ရွက်ပေးခဲ့သူများအား ဖမ်းဆီးမှုများရှိကြောင်း သိရသည်။

ရွှေဘိုမြို့သို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရောက်ရှိစဉ် ပန်းစည်းဆက်၍ ကြိုဆိုခဲ့သည့် မြို့ခံအမျိုးသမီးလေး(၂)ဦး ဖမ်းဆီးခြင်းခံခဲ့ရသလို မန္တလေးမြို့တွင်လည်း ယခုရက်ပိုင်းများအတွင်း စစ်ဆေးမှု ဖမ်းဆီးမှုများနှင့် အခြေအနေ ရှုပ်ထွေးတင်းမာနေကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား မြို့လုံးကျွတ် ကြိုဆိုထောက်ခံခဲ့သည့် မိုးကုတ်မြို့တွင်လည်း ဖမ်းဆီးမှုများပြုလုပ်နေရာ အဖွဲ့ချုပ်ခေါင်းဆောင်(၃)ဦးနှင့် မြို့နယ်ဆိုင်းဘုတ်တင်ပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ကျောင်းသားကိုအေးကိုတို့အား ဇွန်လ(၃)ရက် အင်္ဂါနေ့တွင် ဒေသခံစစ်ထောက်လှမ်းရေးအကြီးအကဲများ ကိုယ်တိုင် လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။

ထို့အတူ ကယားပြည်နယ်အတွင်းရှိ ဖောင်းတော်ပွင့်စေတီတွင် သီတင်းသုံးတော်မူနေသည့် ဆရာတော် ဦးဣန္ဒြာစရိယကိုလည်း နယ်မြေခံတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ထင်ကျော်နှင့် မယကဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဒေါ်အောင်ဆန်းစုကြည်ကို အားပေးထောက်ခံသည့်အတွက် ဖမ်းဆီးသွားကြောင်း သိရသည်။

အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ဥက္ကဋ္ဌ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)ကိုယ်စားလှယ် ဦးလှမောင်နှင့် ဒီမိုကရေစီပါတီ ပဲခူးအမှတ်(၁) မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးစိုးဝင်းတို့ နှစ်ဦးကိုလည်း စစ်ထောက်လှမ်းရေးက ဖမ်းဆီးသွားကြောင်း သိရသည်။ အဆိုပါ ပြည်သူ့ကိုယ်စားလှယ်နှစ်ဦးသည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ(၄)ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များအဖြစ် တာဝန်ယူခဲ့ကြသူများ ဖြစ်သည်။

❖

## တိုင်းပြည်အရေးအတွက် လက်ပိုက်ကြည့်မနေနိုင်သူ ဒေါက်တာစိန်ဝင်း၏ ဇနီး ဖမ်းဆီးခံရ

**ဇွန်လ၊ (၂၀)ရက်။**

မေ(၃၀) လုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးခံနေရသူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက် မွေးနေ့တွင် အမေရိကန်ရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာ့အရေး ထောက်ခံအားပေးသူ အမေရိကန်ပြည်သူများက ဝါရှင်တန်မြို့တော်ရှိ မြန်မာသံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြရာ ထိုဆန္ဒပြပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရဒေါက်တာစိန်ဝင်း၏ ဇနီး ဒေါ်စီစီသွယ် ဖမ်းဆီးခံရကြောင်း သိရသည်။

ထိုသို့ဆန္ဒပြသူများအနက် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံရိုက်နှိပ်ထားသည့် အနက်ရောင်တီရှပ်အင်္ကျီ ဝတ်ဆင်ထားသူ အမေရိကန်နိုင်ငံသား (၈)ဦးသည် မြန်မာသံရုံးရှေ့တွင် ရေးထိုးထားသည့် မြန်မာသံရုံးဆိုင်းဘုတ်ပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံပိုစတာများ လွှမ်းခြုံခဲ့ကြသည်။ ၎င်းတို့သည် 'အာဏာရှင်စနစ် ပြောင်းချိန်တန်ပြီ၊ အာဏာရှင်စနစ်နှင့်အတူ အာဏာရှင်များ ကျဆုံးပါစေ စသည့် နအဖ–မြန်မာစစ်အုပ်စုကို ရှုတ်ချသည့် နဖူးစာတမ်းများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံ ပိုစတာများ ကိုင်ဆောင် ဆန္ဒပြခဲ့ကြသည်။

ထိုသို့ဆန္ဒပြသနေစဉ် အမေရိကန် ရဲများ ရောက်ရှိလာပြီး သံရုံးကို ပိတ်ဆို့ဆန္ဒပြသူများအား ဖယ်ရှားရန် ပြောဆိုခဲ့သော်လည်း ဆန္ဒပြသူများက မဖယ်ရှားပေးသဖြင့် ၎င်းတို့အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြသည်။

ထိုအချိန်တွင် ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ဇနီး ဒေါ်စီစီသွယ်က ဖမ်းဆီးခံဆန္ဒပြသူ (၈)ဦးနှင့်အတူ ပူးပေါင်းလိုက်ပြီး ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောဆိုကာ ဖမ်းဆီးခြင်းခံခဲ့သည်။

ဒေါ်စီစီသွယ်က တိုင်းပြည်မှာ ပြည်သူများ အသတ်ခံနေရပြီး ခေါင်းဆောင်များလည်း အဖမ်းဆီးခံနေရကြောင်း၊ ဒီကြားထဲ တိုင်းပြည်အတွက် ဆက်လုပ်နေတာကြောင့် မိမိအနေဖြင့် ရပ်ကြည့်မနေနိုင်တော့ကြောင်း၊ မိမိမှာ အိမ်ထောင်ရှင်အမျိုးသမီးဖြစ်သည့်အတွက် ဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့ပါကြောင်း၊ သို့သော် မိမိအနေဖြင့် တိုင်းပြည်အတွက် ဘယ်နေရာမှာ ရောက်ရောက် ကြောက်ကြောက်နှင့် လုပ်ပေးသွားမည်ဟု ပြောဆိုသွားခဲ့သည်။

ရဲအဖွဲ့ဝင်များက မြန်မာသံရုံးရှေ့မှ သုံးကြိမ်တိုင်တိုင် ဖယ်ရှားပေးရန် သတိပေးပြောကြားခဲ့သော်လည်း ဖယ်ရှားခြင်းမပြုဘဲ ဖမ်းဆီးခြင်း ခံခဲ့ကြသည်ဟု သိရသည်။

❖



## ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

**○ နိဂုံးပိုင်း**

ဒီဗုဒ္ဓဘာသာ သံဃာတော်တွေဟာ ပြည်သူဘက်က ရပ်တည်ရင်း အာဏာရှင်တွေကို ဆန့်ကျင်ရင်း အကျဉ်းထောင်ထဲမှာ တောထဲမှာ ကျဆုံးပျံလွန်တော်မူခဲ့ရတဲ့ သံဃာတွေ ဖြစ်တယ်။ နောက်ပြီးတော့ အလုပ်ကြမ်းစခန်းမှာ ရှေ့တန်းစစ်မြေပြင် ပေါ်တာထမ်းရာမှာ ကျဆုံးပျံလွန်ခဲ့ကြတဲ့ အရှင်ကောင်း၊ အရှင်မြတ်တွေဟာ အမြောက်အမြားရှိသေးတယ်။ မှတ်တမ်းမတင်နိုင်တာ တကယ့်ကို ဝမ်းနည်းစရာပါပဲ။ ဒါတွေကို သေသေချာချာ လေ့လာနိုင်အောင် ရသမျှ မှတ်တမ်းထားတဲ့ စာအုပ်စာတန်းတွေ ဓာတ်ပုံမှတ်တမ်းတွေ၊ ဘီဘီစီ T.V ဩစတြေးလျ T.Vနဲ့ ဗွီဒီယိုတိပ်ခွေတွေကိုလဲ ပူးတွဲပေးပို့လိုက်တယ်။

**ဒီမိုကရေစီကြိုးပမ်းမှုကာလ ထင်ရှားသော ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းများ**

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကြိုးပမ်းမှုဟာ ၁၉၈၈ ခုနှစ်က ထင်ထင်ရှားရှား စတင်ခဲ့တာဆိုတော့ အဲဒီနှစ်အတောအတွင်းမှာ ပေါ်ပေါက်လာတဲ့ သံဃာ့အဖွဲ့အစည်းတွေကိုပဲ အောက်ပါအတိုင်း ဖော်ပြလိုတယ်။

(၁) ရဟန်းပျိုသမဂ္ဂ (ရန်ကုန်)
(၂) ရဟန်းပျိုသမဂ္ဂ (ရန်ကုန်တိုင်း)
(၃) အောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ၊
(၄) သံဃာ့သမဂ္ဂီ (မန္တလေး)
(၅) ဂဠုန်နီသံဃာ့အဖွဲ့ချုပ် (မန္တလေး)
(၆) ကျောင်းထိုင်ဘုန်းတော်ကြီးများသမဂ္ဂ (အထက်မြန်မာနိုင်ငံ)
(၇) ရဟန်းပျိုသမဂ္ဂ (မန္တလေး)
(၈) မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ (ထိုင်း–မြန်မာနယ်စပ် အခြေစိုက်)

ရဟန်းပျိုသမဂ္ဂ(ရန်ကုန်)ကို ၁၉၈၈ ခု လှုပ်ရှားမှုအတွင်းမှာဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာစာသင်တိုက်အသီးသီးမှ ကိုယ်စားလှယ် သံဃာခေါင်းဆောင်တွေ ပါဝင်ခဲ့တယ်။ ၁၉၈၈ ခု အစောပိုင်း ရန်ကုန်လှုပ်ရှားမှုတွေမှာ အဓိကကျတယ်။ အောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂကတော့ ရန်ကုန်မှာ အခြေစိုက်ပြီး စစ်တပ်က အာဏာသိမ်းပြီး တလအကြာမှာ ဖွဲ့စည်းခဲ့တယ်။ နောက်ပိုင်းလှုပ်ရှားမှုတွေမှာ အရေးပါတယ်။ သံဃာ့သမဂ္ဂီဟာ မန္တလေးမြို့မှာ အခြေစိုက်လှုပ်ရှားတယ်။ ၁၉၈၈ ခု ဒီမိုကရေစီအရေးတော်ပုံအတွင်း စတင်ဖွဲ့စည်းတယ်။ မန္တလေးနယ်မြေလှုပ်ရှားမှုမှာ အဓိကကျတယ်။ ဂဠုန်နီသံဃာ့အဖွဲ့ချုပ်ကလဲပဲ မန္တလေးမြို့မှာ အခြေစိုက်လှုပ်ရှားတယ်။ ၁၉၈၈ ခု ဒီမိုကရေစီအရေးတော်ပုံအတွင်းမှာ ဖွဲ့စည်းခဲ့တယ်။ ကျောင်းထိုင်ဘုန်းကြီးများသမဂ္ဂကလဲ အထက်မြန်မာနိုင်ငံမှာ အခြေစိုက်လှုပ်ရှားပြီး စစ်တပ်က အာဏာသိမ်းပြီးမှ ဖွဲ့စည်းတယ်၊ ဒါပေမဲ့ အရေးပါတယ်။ ရဟန်းပျိုသမဂ္ဂ (မန္တလေး)ကို ၁၉၉၀ ခုနှစ် နောက်ပိုင်းလှုပ်ရှားမှုတွေမှာ ဖွဲ့တယ်။ မန္တလေးအခြေစိုက်ပြီး ယနေ့တိုင် ရှင်သန်နေဆဲပဲဖြစ်တယ်။ "မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂ"ကို ၁၉၈၈ ခု စစ်တပ်က အာဏာသိမ်းပြီးနောက် ထိုင်း–မြန်မာနယ်စပ်၊ တရုတ်–မြန်မာနယ်စပ်၊ ဘင်္ဂလားဒေ့(ရှ်)–မြန်မာနယ်စပ်၊ အိန္ဒိယတို့မှာ အခြေစိုက်ထားတယ်။ နိုင်ငံတကာ၊ လွတ်မြောက်နယ်မြေ (မြန်မာနိုင်ငံတော်တွင်း)နဲ့ မြန်မာပြည်အတွင်းမှာ လှုပ်ရှားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်ကစပြီးတော့ ယနေ့ထိ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် အကြမ်းမဖက်ဘဲနဲ့ သီးခြားရော အများနဲ့ပါ ပူးပေါင်းပြီး လှုပ်ရှားဆောင်ရွက်နေတဲ့ သံဃာ့အဖွဲ့အစည်းဖြစ်တယ်။ ကျန်ရှိတဲ့ အခြားသံဃာ့အဖွဲ့အစည်းတွေကတော့ မြေအောက်သဘော သက်ရောက်သွားပြီး မထင်မရှားရှိနေကြတယ်။

ဖော်ပြပါအဖွဲ့အစည်းတွေက မြန်မာနိုင်ငံမှာ အထင်အရှားဖွဲ့စည်းကြိုးပမ်းလှုပ်ရှားခဲ့ကြတဲ့ သံဃာ့အဖွဲ့အစည်းတွေဖြစ်တယ်။ ၁၉၈၈ ခု ဒီမိုကရေစီအရေးတော်ပုံတုန်းက တနိုင်ငံလုံးနယ်မြေအားလုံး မြို့နယ်အားလုံးလိုလိုမှာ "ရဟန်းပျိုသမဂ္ဂ" ဖွဲ့စည်းပြီးတော့ လှုပ်ရှားကြိုးပမ်းခဲ့တာတွေလည်း ရှိပါသေးတယ်။ ဒါတွေဟာ တကယ်ပြောရရင် အမှန်တရားကို လျစ်လျူရှုချင်တယ်ဆိုမှပဲ မမြင်တွေ့ ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်။ ဒီစာကို တကယ့်သိစေချင်တဲ့ စေတနာနဲ့ ရေးတာဖြစ်ပြီး အာဃာတနဲ့ ပြန်လည်ချေပရေးတယ်လို့ မတွေးဖို့ မမြင်ဖို့ ကြိုပြီး မေတ္တာရပ်ခံလိုက်တယ်။

**နိဂုံး**

ဒီလောက်ဆိုရင်တော့ မြန်မာနိုင်ငံဒီမိုကရေစီကြိုးပမ်းမှုမှာ ဗုဒ္ဓဘာသာသံဃာတော်တွေအနေနဲ့ ဘယ်အတိုင်းအတာအထိ ဦးဆောင်မှုပေးနေရတယ်။ ဘယ်လောက်အထိ အနစ်နာခံကြတယ်။ ပြည်သူဘက်က ရပ်တည်နေကြတယ်ဆိုတာကို နည်းနည်းတော့ တီးခေါက်မိရှိသွားပြီလို့ မျှော်လင့်တယ်။ လေ့လာသင့်တဲ့ စာအုပ်စာတမ်းတွေ၊ ဓာတ်ပုံမှတ်တမ်းတွေ၊ ဗွီဒီယိုတိပ်ခွေတွေလည်း ပေးပို့လိုက်ပြီဆိုတော့ အတော့်ကို ရှင်းသွားလိမ့်မယ်လို့ ထင်တယ်။ အရှေ့တီမော(လ်)မှာ ခရစ်ယာန်ဘုန်းကြီးတွေ ဘယ်လောက်ထိ ပါဝင်ခဲ့တယ်။ အကျဉ်းကျခဲ့တယ်။ အသက်ဆုံးရှုံးခဲ့တယ်ဆိုတာတွေကို ပုဂ္ဂိုလ်ရေးအရ ပြောရင်တော့ မသိတာ အမှန်ပါပဲ။ ဒါပေမဲ့လို့ တီမော(လ်)ဟာ မိမိတို့ထက် အဆများစွာ အင်အားကြီးမားတဲ့ ပြိုင်ဘက်ကို နှစ်(၂၀)အတောအတွင်းမှာ အနိုင်ရလိုက်တယ်ဆိုတာကတော့ ချီးကျူးစရာပါပဲ။

မြန်မာနိုင်ငံမှာလည်း ဖြည်းဖြည်းချင်း ဒီမိုကရေစီဘက်ကို ရောက်လာအောင် မရပ်မနား ကြိုးပမ်းနေကြတယ်ဆိုတာ နိဂုံးချုပ်ပြောချင်တယ်။

ဒါယကာတော်နဲ့တကွ တီမော(လ်)ပြည်သူတွေကို နှုတ်ခွန်းဆက်သလိုက်တယ်။

မေတ္တာဖြင့် –

**(အရှင်ခေမာစာရ)**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ**
**ထိုင်း–မြန်မာ နယ်စပ်တနေရာ**

**ဝေါဟာရရှင်းလင်းချက်**

ဒါယကာတော်ဟူသောစကားသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက လူပုဂ္ဂိုလ်များအား ခေါ်ဝေါ်သုံးစွဲလေ့ရှိသော အသုံးအနှုန်း ပါဠိသက် မြန်မာဝေါဟာရဖြစ်သည်။ ❖

ဒီအပတ် ပြည်တွင်းသတင်း သုံးသပ်ချက်ကဏ္ဍမှာ မေလ(၆)ရက်နေ့က စတင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ်ခရီးစဉ်အတွင်း ကြံ့ဖွံ့အဖွဲ့တွေက လက်နက်ကိုင် ဆူပူဆန္ဒပြရန်စခဲ့တဲ့အဆင့်ကနေ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့အရောက်မှာ ကိုယ်ထိလက်ရောက် အကြမ်းဖက်တိုက်ခိုက်၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေအထိ တိုးမြှင့်လုပ်ဆောင်လာတဲ့ သတင်းတွေအပေါ် အခြေခံပြီး "မှတပါး အခြားရှိသေးသလား" ဆိုတဲ့ ခေါင်းစဉ်နဲ့ သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် မေလ(၆)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က ပြန်လွတ်ပြီးတဲ့နောက် နအဖဘက်က နိုင်ငံရေးသမိုင်း စာမျက်နှာအသစ်ကို ဖွင့်လိုက်ပါပြီဆိုပြီး ကြေညာခဲ့ပါတယ်။ ဒါ့အပြင် မကြာခင်ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံ

တော်ယာဉ်တန်းကို ကိုယ်ထိလက်ရောက် အကြမ်းဖက်တိုက်ခိုက်မှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့ ကားတွေကို အုတ်ခဲနဲ့ ထုတာတွေ၊ လေးဂွတွေနဲ့ ပစ်ခတ်တာတွေ ပြုလုပ်ခဲ့တဲ့အတွက် အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တဦး ဦးခေါင်းမှာ ဒဏ်ရာရရှိသွားခဲ့ရသလို အမျိုးသမီးငယ်တဦး လေးဂွ ထိမှန်ခံခဲ့ရပါတယ်။ ကျည်တောက်ပေါက်ကျေးရွာအရောက်မှာ ကြံ့ဖွံ့တွေ စီးနင်းလာတဲ့ ကားတွေက ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်းဘေးတဖက်တချက်မှ ရင်ဘောင်တန်း ယှဉ်မောင်းပြီး လမ်းဘေးက ကြိုဆိုနှုတ်ဆက်နေသူတွေကို လိုက်တိုက်ခဲ့တယ်လို့ဆိုပါတယ်။ မတ္တရာမြို့ကိုအရောက်မှာလည်း ကြံ့ဖွံ့တွေက အလားတူ ရန်စနှောင့်ယှက်မှုတွေ ပြုလုပ်တဲ့အတွက် မြို့ခံသံဃာတော်တွေက စိတ်ပူပြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို ပုသိမ်ကြီးနဲ့ မန္တလေး

တွေ ရဲရဲလှုပ်နေအောင် နေရာယူစောင့်ရှောက်ပေးနေတဲ့အတွက် အကြမ်းဖက်သမားတွေအဖို့ အခွင့်မသာဖြစ်ခဲ့ရပြန်ပါတယ်။ နာဠာဂီရိဆင်ဆိုးကို အရက်ကိုးမောင်းတိုက်ပြီး ဗုဒ္ဓဘုရားရှင်ကို အန္တရယ်ပြုဖို့ ဒေဝဒတ်က စီစဉ်ခဲ့တာ မအောင်မြင်ခဲ့သလို နအဖက ကြံ့ဖွံ့တွေကို အာဏာ၊ ငွေကြေးတွေနဲ့ ဖြားယောင်းသွေးဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို တိုက်ခိုက်ဖို့ စီစဉ်ခဲ့တာဟာလည်း သံဃာတော်တွေကြောင့် မအောင်မြင်တဲ့အပြင် စစ်ကိုင်းတံတားအလွန်မှာ အသင့်စောင့်နေတဲ့ ကြံ့ဖွံ့တွေက သံဃာတော်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို လက်အုပ်ချီ ကြိုဆိုခဲ့ကြတာကို မြင်တွေ့ကြားသိရတော့ နအဖဗိုလ်ချုပ်တွေ အကြီးအကျယ် ဒေါသဖြစ်ခဲ့ကြတယ်ဆိုတာဟာ မဆန်းလှပါဘူး။ ဒါကြောင့် ကြံ့ဖွံ့ထက် ပိုမိုရိုင်းစိုင်းရက်စက်တဲ့ ရာဇဝတ် အကျဉ်း

စစ်သားတွေအားလုံးကို အစဖျောက်၊ လက်စတုံးပစ်နိုင်ခဲ့စေဦးတော့ ဒီအမှုကြီးမှာ ပါဝင်ပတ်သက်နေတဲ့ မျက်မြင်သက်သေတွေနဲ့ တခြားအထောက်အထား အချက်အလက်

လုံးဝမရှိဘူးဆိုတဲ့အချက်တွေကို ဘယ်သူကမှ အယုံအကြည်မရှိပါဘူး။ အတည်မပြုနိုင်သေးပေမဲ့ မျက်မြင်သက်သေတွေရဲ့ ပြောဆိုချက်တွေအရ ဒီလူသတ်ပွဲကြီးမှာ လူ (၈၀)



**ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ စည်းရုံးရေးခရီးစဉ်အတွင်း ပြည်သူလူထုက ရောက်လေရာအရပ်တိုင်းတွင် အခက်အခဲ အတားအဆီးများကြားမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုအားပေးခဲ့သည်**

# မှတပါး အခြားရှိသေးသလား

တဝှမ်းကို ခရီးထွက်ပြီး ပါတီစည်းရုံးရေးခရီးစဉ်တွေကို မနားမနေ ကြိုးပမ်းလုပ်ဆောင်ခဲ့တာကို ကြိုဆိုကြောင်း ကြေညာခဲ့ပါတယ်။

ဒါပေမဲ့ နအဖဗိုလ်ချုပ်တွေရဲ့ ထုံးစံအတိုင်း အပြောတခြား အလုပ်တမျိုး ဖြစ်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်တဲ့ အချိန်ကစပြီး ထွက်ခဲ့တဲ့ စည်းရုံးရေးခရီးစဉ်တိုင်းမှာ ကြံ့ဖွံ့တွေ၊ မီးသတ်တွေ၊ လုံထိန်းရဲတွေနဲ့ စစ်ထောက်လှမ်းရေးတွေကိုသုံးပြီး အမျိုးမျိုးအနှောင့်အယှက်ပေးခဲ့တာကို ရှမ်းပြည်နယ်ခရီးစဉ်၊ ချင်းပြည်နယ်ခရီးစဉ်၊ ရခိုင်ပြည်နယ်ခရီးစဉ်နဲ့ အခု ကချင်ပြည်နယ်ခရီးစဉ်တွေအားလုံးမှာ ထင်ထင်ရှားရှား တွေ့ခဲ့ရပါတယ်။ ပထမခရီးစဉ်တွေတုန်းက မီးသတ်အဖွဲ့တွေ၊ ကြံ့ဖွံ့အဖွဲ့တွေက အသံချဲ့စက်တွေဖွင့်ပြီး အမျိုးမျိုးနှောင့်ယှက်ခဲ့ရာကနေ နောက်ပိုင်းမှာ တဖြည်းဖြည်း ကြမ်းတမ်းလာပါတယ်။ အဆိုးဆုံးကတော့ မေလ(၆)ရက်နေ့က စတင်ခဲ့တဲ့ ကချင်ပြည်နယ် ခရီးစဉ်အတွင်းမှာပဲဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့ ကချင်ပြည်နယ်အတွင်း မရောက်ခင် စစ်ကိုင်းတိုင်းအတွင်းမှာကတည်းက နအဖ စစ်ထောက်လှမ်းရေးနဲ့ ကြံ့ဖွံ့အဖွဲ့တွေက ရန်စခြိမ်းခြောက်မှုတွေကို စနစ်တကျ အဆင့်ဆင့်ပြုလုပ်ခဲ့ကြပြီး ကချင်ပြည်နယ်ကပြန်အထွက် မန္တလေးတိုင်းထဲအဝင်မှာတော့ အကြမ်းဖက်တိုက်ခိုက်တဲ့အဆင့်ကို အရှိန်မြှင့်ကျင့်သုံးလာခဲ့တာတွေ့ရပါတယ်။

မေလ(၂၆)ရက်နေ့ မိုးကုတ်မြို့ကနေ သပိတ်ကျင်းမြို့ကိုအသွား (၇)မိုင်လမ်းဆုံနဲ့ စဥ့်ကူးမြို့နယ် လက်ပံလှကျေးရွာတွေမှာ အသင့်စောင့်နေကြတဲ့ တုတ်၊ ဓား၊ လေးဂွ စတဲ့လက်နက်မျိုးစုံကိုင်ဆောင်ထားသူ ကြံ့ဖွံ့တွေက ဒေါ်အောင်ဆန်းစုကြည်တို့ မော်

အထိ အဆင့်ဆင့်လိုက်ပါ ပို့ဆောင်ပေးခဲ့မှုတွေပြုလုပ်ခဲ့ရပါတယ်။ လမ်းခရီးတလျှောက်မှာ ကြံ့ဖွံ့တွေက တားဆီးနှောင့်ယှက်တာတွေ ဆက်လက်လုပ်ဆောင်ခဲ့ကြပေမယ့် သံဃာတော်တွေကိုယ်တိုင် လုံခြုံရေးယူကာကွယ်စောင့်ရှောက်လိုက်ပါလာတဲ့အတွက် အနှောင့်အယှက်ပေးရတာ အခက်တွေ့လာပုံရပါတယ်။ ဒါကြောင့် နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အနေနဲ့ ဘာသာရေးကို ခုတုံးလုပ်ပြီး သံဃာတော်တွေကို အသုံးချနေတယ်လို့ ကျယ်ကျယ်လောင်လောင် စွပ်စွဲမှုတွေကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

မန္တလေးက စစ်ကိုင်းဘက်ကူးပြီး မုံရွာဘက်ကို ခရီးဆက်ပြန်တော့လည်း မန္တလေးနဲ့ စစ်ကိုင်းဘက်ရှိ သံဃာတော်တွေက လက်ဆင့်ကမ်း လုံခြုံရေးယူလိုက်ပါပို့ဆောင်ပေးကြပြန်တဲ့အပြင် လမ်းဘေးဝဲယာနဲ့ လူအုပ်တွေအတွင်းမှာလည်း သံဃာတော်

သားတွေနဲ့ စစ်တပ်ထဲက လက်ရွေးစင်လက်မရွံ့လူသတ်သမားတွေကို ရွေးထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မုံရွာက အပြန်မှာ အခုလို ချုံခိုအကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ဖို့ အသေအချာ စီစဉ်ခဲ့တာဖြစ်နိုင်ပါတယ်။

မေလ(၃၀)ရက်နေ့ည စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့အနီးမှာ ဖြစ်ပွားခဲ့တဲ့ အစုလိုက်အပြုံလိုက် လူသတ်မှုကြီးဟာ တမင်အကွက်ချ စီစဉ်လုပ်ဆောင်ထားတဲ့ စစ်ဆင်ရေးတခုဆိုတာ သိသာပါတယ်။ မန္တလေး အကျဉ်းထောင်ထဲက နှစ်ရှည်ထောင်ကျနေတဲ့ ရာဇဝတ်သားတွေကို လျှော့ရက်တွေပေးမယ်၊ ငွေကြေးအမြောက်အမြားပေးမယ်လို့ လိမ်ညာစည်းရုံး၊ တချို့ကို ခေါင်းတုံးရိတ်၊ သင်္ကန်းတွေဝတ်ပေး၊ တချို့ကိုတော့ ကြံ့ဖွံ့ယူနီဖောင်းတွေဝတ်ခိုင်းပြီး ဒီသွေးချောင်းစီးတဲ့ လူသတ်မှုကြီးကို ကျူးလွန်စေခဲ့တာ ဖြစ်ပါတယ်။ နအဖက ဒီရာဇဝတ်သားတွေနဲ့

> ညမှောင်မှောင်မှာ ကားလမ်းကို ပိတ်ဆို့ထားပြီး တိတ်တဆိတ် အသင့်နေရာယူစောင့်နေကြတဲ့ နအဖ ကားတွေက ရှေ့မီးကြီးတွေနဲ့ လျှပ်တပြက်ဝိုင်းထိုးထားချိန်မှာ ရုတ်တရက် မှင်သက်မိသွားတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို လမ်းဘေးမှာ တပ်ဖျောက်ထားတဲ့ အကြမ်းဖက်သမား ရာပေါင်းများစွာက ညာသံပေးအော်ဟစ်ပြီး တဟုန်ထိုး ပြေးဝင် ထိုးခုတ်တိုက်ခိုက် သတ်ဖြတ်ကြပုံတွေ(**Surprised Ambush**)ဟာ စစ်ပညာကို ဗျူဟာမြောက် (**Tactically**) နားလည်တတ်ကျွမ်းသူတွေက စနစ်တကျ စီစဉ်လုပ်ဆောင်ခဲ့တာ ဖြစ်တယ်ဆိုတဲ့အချက်ကို ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

အားလုံးကို ဖျက်ဆီးပစ်နိုင်မှာ မဟုတ်တာတော့ သေချာပါတယ်။ ဒီရာဇဝတ်မှုကြီးကို ကျူးလွန်ဖို့အတွက် ဘယ်လောက်အထိ အသေးစိတ် စနစ်တကျ ပြင်ဆင်ထားခဲ့သလဲဆိုတာကို အခုဖြစ်ပွားခဲ့တဲ့ ရာဇဝတ်မှုကြီးမှာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ညမှောင်မှောင်မှာ ကားလမ်းကို ပိတ်ဆို့ထားပြီး တိတ်တဆိတ် အသင့်နေရာယူစောင့်နေကြတဲ့ နအဖကားတွေက ရှေ့မီးကြီးတွေနဲ့ လျှပ်တပြက်ဝိုင်းထိုးထားချိန်မှာ ရုတ်တရက် မှင်သက်မိသွားတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို လမ်းဘေးမှာ တပ်ဖျောက်ထားတဲ့ အကြမ်းဖက်သမား ရာပေါင်းများစွာက ညာသံပေး အော်ဟစ်ပြီး တဟုန်ထိုးပြေးဝင် ထိုးခုတ်တိုက်ခိုက်သတ်ဖြတ်ကြပုံတွေ (Surprised Ambush)ဟာ စစ်ပညာကို ဗျူဟာမြောက် (Tactically) နားလည်တတ်ကျွမ်းသူတွေက စနစ်တကျ စီစဉ်လုပ်ဆောင်ခဲ့တာ ဖြစ်တယ်ဆိုတဲ့အချက်ကို ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို ပြည်သူလူထုနဲ့ ကျောင်းသားသံဃာတွေက အင်အားဖြည့်စစ်ကူမပေးနိုင်အောင်လည်း ဘုတလင်မြို့အလွန် ဇီးတောရွာ၊ မုံရွာမြို့အထွက် နမခ စစ်ဌာနချုပ် ရုံးစိုက်ရာ အလုံတပ်နယ်နဲ့ ခလရ (၃၆)အကြားတွေမှာ လုံထိန်းရဲတပ်ဖွဲ့တွေနဲ့ စစ်တပ်တွေက ဖြတ်တောက် ပိတ်ဆို့ ချေမှုန်းရေးတွေ (Cut off)ကို စနစ်တကျ လုပ်ထားတာ တွေ့ရပါတယ်။

နအဖဘက်က ဗိုလ်မှူးချုပ်သန်းထွန်းရဲ့ အပြောအရ ဒီဖြစ်စဉ်ကြီးတခုလုံးမှာ လူ (၄)ဦး သေဆုံး၊ (၅၀) ဒဏ်ရာရခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို သူမရဲ့ လုံခြုံရေးအတွက် ရန်ကုန်ရှိ ဧည့်ဂေဟာတခုမှာ ထိန်းသိမ်းထားကြောင်း ပြောဆိုခဲ့မှုတွေနဲ့ နအဖ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်းက သံတမန်တွေကို ပြောဆိုခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် ထိခိုက်ဒဏ်ရာရရှိမှု

ကနေ (၁၀၀)ကျော်အထိ သေဆုံးခဲ့ပြီး (၂၀၀)ကျော် ဒဏ်ရာရရှိခဲ့တယ်လို့ ယူဆနေကြပါတယ်။ လူအများအပြားလည်း ဖမ်းဆီးခံခဲ့ရတယ်လို့ ယူဆရပါတယ်။ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးရဲ့ သတင်းကို နအဖက တလုံးတပါဒမှ ထုတ်ဖော်ပြောဆိုခြင်းမပြုသေးတဲ့အတွက် ပြည်သူလူထုတရပ်လုံးက စိုးရိမ်နေကြပါတယ်။ စစ်အစိုးရက အဖွဲ့ချုပ်ခေါင်းဆောင်အဆင့်ဆင့်ကို သိမ်းကျုံးဖမ်းဆီးနေပြီး တပြည်လုံးမှာရှိတဲ့ အဖွဲ့ချုပ်ရုံးတွေကို ချိတ်ပိတ်နေတဲ့အတွက်လည်း စစ်အစိုးရလုပ်ရပ်ဟာ အပြောတမျိုး အလုပ်တမျိုးဖြစ်နေလို့ အားလုံးက ပိုမို သံသယရှိနေကြပါတယ်။

တကယ်ဆိုရင် ဒီလုပ်ကြံမှုကြီးကို ဒေါ်အောင်ဆန်းစုကြည်တို့ ကချင်ပြည်နယ် ခရီးစဉ်မစတင်မီကတည်းက ကြိုတင်ဆုံးဖြတ်ပြင်ဆင်ထားခဲ့တာ ဖြစ်မယ်လို့ ယူဆရပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အပေါင်းပါတစု ဧပြီလအတွင်း အထက်အညာဒေသတခွင်နဲ့ ရှမ်းပြည်တောင်ပိုင်း ခရီးစဉ်တွေကို သွားရောက်ခဲ့စဉ်ကတည်းက စီစဉ်ခဲ့တာဖြစ်နိုင်ပါတယ်။ နောက်တခါ မေလ(၂၄)ရက်နေ့ကတည်းက ရန်ကုန်စစ်ရုံးချုပ်ကနေ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တွေနဲ့ တပ်မဌာနချုပ်တွေကို တပြည်လုံး အရေးပေါ်အခြေအနေအဖြစ် ကြေညာအမိန့်ပေးပြီး တပ်လှန့်ထားတဲ့အတွက် ဒီအချက်ဟာလည်း ဒေါ်အောင်ဆန်းစုကြည်တို့ကို ချေမှုန်းဖို့ ပြင်ဆင်နေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်တွင်းစည်းရုံးရေးခရီးစဉ်တွေကို ကြိုဆိုထောက်ခံ အားပေးပါတယ်လို့ နအဖက ဧပြီလ(၁၅)ရက်နေ့မှာ ကြိုတင်ကြေညာခဲ့တာတွေ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ် ခရီးစဉ်ကို တားမြစ်ပိတ်ပင်တာ မလုပ်ခဲ့ပေမဲ့ လုံခြုံမှုနဲ့ တည်ငြိမ်မှုကို မပျက်ပြား မထိခိုက်စေရအောင် လူစုလူဝေးနဲ့ ဆိုင်းဘုတ်တွေ ထောင်ပြီး မကြိုဆိုကြဖို့ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်သန်းထွန်းက မေလ(၁၂)ရက်နေ့မှာ ကြိုတင် ပြောဆိုထားတာတွေဟာလည်း အကြောင်းမဲ့ မဟုတ်နိုင်ဘူးလို့ ယူဆရပါတယ်။ နောက်ပြီး ဒေါ်



တဘက်သို့ ★

**★ တဘက်မှ**

အောင်ဆန်းစုကြည်တို့ကို စစ်ကိုင်းတိုင်းကောလင်း၊ ကသာလောက်ကစပြီး ကချင်ပြည်နယ်ခရီးစဉ်တလျှောက်လုံးမှာ ကြံ့ဖွံ့တွေက နည်းအမျိုးမျိုးနဲ့ ရန်စပြီး ‘ဆွ’ပေးခဲ့တဲ့လုပ်ရပ် (Provocation)တွေဟာလည်း အကြမ်းဖက်ချေမှုန်းရေးအတွက် အရင်းခံအကြောင်းတရား (Motivation) ကို ဖန်တီးနိုင်ဖို့ ကြိုးပမ်းခဲ့တာ ဖြစ်နိုင်ပါတယ်။

ဒီစစ်ဆင်ရေးကြီးကို အနီးကပ် ကွပ်ကဲခဲ့သူကတော့ နမခတိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်ဖြစ်တယ်လို့ ပြောဆိုနေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ သူ့စစ်တိုင်း နယ်မြေအတွင်း ဝင်ရောက်လာတဲ့ အချိန်ကစလို့ မုံရွာမှာရှိတဲ့ နမခ စစ်ဌာနချုပ်မှာ ထိုင်ပြီး ကိုယ်တိုင်ကွပ်ကဲ ညွှန်ကြားနေခဲ့တယ်လို့ မုံရွာကလာတဲ့ သတင်းတွေက ဆိုပါတယ်။ တခြား အတည်မပြုနိုင်သေးတဲ့ သတင်းတွေကတော့ ဒီစစ်ဆင်ရေးကို စတင်ဖို့ မီးစိမ်းပြခဲ့သူဟာ ကြံ့ဖွံ့အဖွဲ့ နယကကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်ပြီး၊ အသေးစိတ်တာဝန်ခံ ဆောင်ရွက်သူကတော့ နအဖ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းဖြစ်တယ်လို့ ဆိုပါတယ်။ စိုးဝင်းဟာ နဝတခေတ်က နမခတိုင်းမှူးဖြစ်ခဲ့ပြီး ဒီပဲယင်းဇာတိဖြစ်တယ်လို့ ဆိုပါတယ်။ စိုးဝင်းဟာ တွင်း(၂)မဖြစ်ခင်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အပေါ်မှာ တင်းမာတဲ့သဘောထားရှိသူလို့ သတင်းထွက်နေသူလည်း ဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးကြီးရဲ့နောက်ကွယ်မှာ နအဖ ပါဝင်တယ်လို့ ပြည်တွင်းပြည်ပက မစွပ်စွဲနိုင်အောင် လျှို့ဝှက်လုပ်ကိုင်နိုင်ဖို့အတွက် စိုးဝင်းဟာ သူ့ကိုယ်ရေးအရာရှိကိုတောင် အသိမပေးဘဲ လူယုံတော်တစုဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးတင်လှိုင်၊ ရဲချုပ်ခင်ရီ၊ နမခ တိုင်းမှူးစိုးနိုင်၊ ကြံ့ဖွံ့အသင်း ဗဟိုအလုပ်အမှုဆောင် ဆောက်လုပ်ရေးဝန်ကြီး စောထွန်းတို့နဲ့ လျှို့ဝှက်လုပ်ဆောင်ခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဗိုလ်သန်းရွှေဟာ ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်း ကျူးလွန်ခဲ့တဲ့ "7 July"လို ကြီးကျယ်ထင်ရှားတဲ့ လူသတ်မှုကြီးကို ကျူးလွန်ဖို့ ဆုံးဖြတ်ခဲ့ရတာ အကြောင်းရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တနိုင်ငံလုံးက အဆက်မပြတ် တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေး၊ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်ဖော်ပေးရေး စတဲ့ တောင်းဆိုချက်တွေကို လိုက်လျော အလျှော့ပေးဖို့ လုံးဝ စဉ်းစားမထားလို့ ဖြစ်ပါတယ်။ ဗိုလ်သန်းရွှေနဲ့အပေါင်းပါတွေက တွေ့ဆုံဆွေးနွေးရေးကို သူတို့အတွက် ထောင်ချောက်(သတ်ကွင်း)လို့ ရှုမြင်ထားပါတယ်။ ဒီထောင်ချောက်ထဲ ဝင်တိုးမိရင် ထွက်ပေါက်လုံးဝမရှိဘဲ အဆုံးသတ် ချေမှုန်းခံရဖို့သာ ရှိတယ်လို့ ယူဆထားကြပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပကို အချိုသပ် အချိန်ဆွဲထားဖို့အတွက်သာ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ အစီအစဉ်ရှိပါတယ်လို့ လိမ်ညာပြောဆိုပြနေရတာဖြစ်ပါတယ်။ အခုလို ပြည်တွင်းပြည်ပကို လိမ်ညာပြောဆိုလာခဲ့တာ နှစ်တွေကြာလာတဲ့အပေါ်မှာ နအဖစစ်ဗိုလ်ချုပ်တွေကို ပြည်သူလူထုနဲ့ နိုင်ငံတကာကပါ အယုံအကြည်မရှိ ဖြစ်လာသလို၊ နအဖ စစ်အာဏာရှင်ပေါက်စ ဗိုလ်ချုပ်ကလေးတွေနဲ့ ကြံ့ဖွံ့ အချောင်သမားတစုကလည်း စိတ်မချဖြစ်လာပုံ ရပါတယ်။ ပြည်သူလူထုကလည်း (၁၀)စုနှစ်တခုကျော် ရက်ရက်စက်စက် ဖိနှိပ်ပြနေတာကိုတောင် တစက်မှ နောက်တွန့်မသွားဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့



> အာဏာကို လက်မလွှတ်ရရေးအတွက် ဖောင်ဖျက်ပြီး နောက်ဆုံးအချိန်အထိ ရင်ဆိုင်တိုက်ခိုက်သွားဖို့ စစ်ကြေညာလိုက်ပြီဖြစ်တဲ့ ဗိုလ်သန်းရွှေနဲ့ အပေါင်းပါတွေကို ချေမှုန်းတိုက်ခိုက်အနိုင်ယူဖို့အရေးမှာ တပ်မတော်နဲ့ ကြံ့ဖွံ့တွေထဲက ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့၊ မျိုးချစ်စိတ်ရှိတဲ့ အင်အားစုတွေကိုလည်း တတ်နိုင်သမျှ စည်းရုံးသိမ်းသွင်းနိုင်ဖို့ လိုအပ်နေပါပြီ။

အဖွဲ့ချုပ်အပေါ်မှာ တိုးပြီးထောက်ခံအားပေးလာတာတွေကို တွေ့မြင်နေရတာကလည်း အာဏာရှင်တွေနဲ့ အပေါင်းပါတွေကို သွေးလေခြောက်ခြားအောင် ပြုလုပ်နေသလို ဖြစ်နေပါတယ်။ ဒီတကြိမ် မစ္စတာရာဇာလီ ရန်ကုန်ကို လာရောက်ခဲ့ရင်လည်း တိကျတဲ့ အဖြေတခုကို တောင်းဆိုတော့မှာ သေချာသလောက်ရှိနေတာကြောင့် ဗိုလ်သန်းရွှေအနေနဲ့ သူနဲ့ သူ့အပေါင်းပါတစုရဲ့ သဘောထားကို အဖွဲ့ချုပ်ကိုရော၊ ပြည်သူလူထုကိုရော၊ နိုင်ငံတကာကိုရော၊ လက်ကိုင်တုတ်ကြံ့ဖွံ့အဖွဲ့နဲ့ တပ်မတော်ကိုပါ လုပ်ရပ်နဲ့ ရှင်းရှင်းလင်းလင်းဖော်ပြလိုက်တာလို့ ယူဆပါတယ်။ တနည်းအားဖြင့် ဗိုလ်သန်းရွှေနဲ့ အပေါင်းပါတွေက တွေ့ဆုံဆွေးနွေးရေးကို လုံးဝလုပ်ဖို့ ရည်ရွယ်ချက်မရှိကြောင်းနဲ့ ပြည်တွင်းပြည်ပရဲ့ ဖိအားပေးတောင်းဆိုမှုတွေ အားလုံးကို စိန်ခေါ် စစ်ကြေညာလိုက်တာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ်နဲ့ ပြည်သူလူထုအဖို့လည်း **“မှတပါး အခြားရှိသေးသလား”**ဆိုတာ သေသေချာချာ စဉ်းစားဆုံးဖြတ်ရမယ့်အချိန်ကို ရောက်ရှိလာပြီလို့ ယူဆပါတယ်။ အားလုံးထိပ်တိုက်ရင်ဆိုင်ပြီး ပြုတ်ပြုတ်ပြုန်းကုန်မှာကို တဘက်သတ် စိုးရိမ်နေလို့တော့ လက်တွေ့မကျတော့ပါဘူး။ တွေ့ဆုံဆွေးနွေးရေးတံခါးကို တဘက်က အကျယ်ဆုံးဖွင့်ထားပြီး တဘက်က ပြည်တွင်းပြည်ပ ဖိအားတွေနဲ့ အစွမ်းကုန် ထိပ်တိုက်ရင်ဆိုင်ကြဖို့ နည်းလမ်းတခုတည်းသာ ရှိတော့တယ်လို့ ယူဆပါတယ်။ ဗိုလ်သန်းရွှေအနေနဲ့ ဗိုလ်နေဝင်းလုပ်ခဲ့သလို တပ်မတော်နဲ့ ကြံ့ဖွံ့အဖွဲ့ကို ဒီလုပ်ကြံမှုကြီးမှာ ကြံရာပါဖြစ်အောင် “သူခိုးသေဖော်ညှိ” စနစ်တကျ စီစဉ်လုပ်ဆောင်ခဲ့ပြီဖြစ်ပေမယ့် ဒီလုပ်ကြံမှုကြီး နောက်ကွယ်မှာ တပ်မတော်တခုလုံး၊ ကြံ့ဖွံ့တဖွဲ့လုံး ပါဝင်ပတ်သက်နေတာ မဟုတ်လို့ ပြည်သူလူထုအနေနဲ့ တပ်မတော်နဲ့ ကြံ့ဖွံ့အားလုံးကို တန်ပြန်စစ်ကြေညာပြီး သိမ်းကျုံးတိုက်ခိုက်လို့တော့ မရနိုင်ပါဘူး။ ဒါကြောင့် အာဏာကို လက်မလွှတ်ရရေးအတွက် ဖောင်ဖျက်ပြီး နောက်ဆုံးအချိန်အထိ ရင်ဆိုင်တိုက်ခိုက်သွားဖို့ စစ်ကြေညာလိုက်ပြီဖြစ်တဲ့ ဗိုလ်သန်းရွှေနဲ့ အပေါင်းပါတွေကို ချေမှုန်းတိုက်ခိုက် အနိုင်ယူဖို့အရေးမှာ တပ်မတော်နဲ့ ကြံ့ဖွံ့တွေထဲက ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့၊ မျိုးချစ်စိတ်ရှိတဲ့ အင်အားစုတွေကိုလည်း တတ်နိုင်သမျှ စည်းရုံးသိမ်းသွင်းနိုင်ဖို့ လိုအပ်နေပါပြီ။ ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာအသင်းအဖွဲ့တွေ၊ နိုင်ငံတွေအနေနဲ့လည်း စစ်အုပ်စုကို အပြောနဲ့သာမဟုတ်ဘဲ လက်တွေ့ ထိထိရောက်ရောက် အရေးယူမှုတွေ ပြုလုပ်လာအောင် တိုက်တွန်း တောင်းဆိုမှုတွေကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်ဖို့ လိုအပ်နေပါပြီ။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေအနေနဲ့လည်း ဒီပွဲက ငါတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဗမာအချင်းချင်း ချတဲ့ပွဲပဲ၊ ကြက်လည်း မောစေ၊ ယာလည်းညက်စေ ဆိုသလို ထိုင်ကြည့်နေကြမယ်ဆိုရင် မကြာခင် ကိုယ့်အလှည့် ရောက်လာပါလိမ့်မယ်။ ပြည်သူလူထုအနေနဲ့လည်း နအဖရဲ့ ဦးနှိမ်ပစ်ခတ်မှု (Suppression)လောက်နဲ့ နောက်တွန့်မသွားဘဲ ဒီတချီ သူပြုတ်ကိုယ်ပြုတ် ရေကုန်မီးကုန် ရင်ဆိုင်တိုက်ခိုက် အနိုင်ယူသင့်နေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

❖ ❖ ❖



ဤဆောင်းပါးကို
မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့်
ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု)မှ
ထုတ်ဝေသော
အပတ်စဉ် ပြည်တွင်းသတင်း
သုံးသပ်ချက် အမှတ်စဉ်(၉၆)မှ
ခွင့်ပြုချက်အရ ကူးယူဖော်ပြပါသည်

မိုးမခ

# ကေအဲန်ယူခေါင်းဆောင် ဗိုလ်ချုပ်ရွှေဆိုင်း ကွယ်လွန်ပြီ



**ဇွန်၊ (၅)ရက်။**

ကရင့်တော်လှန်ရေးကို နှစ်ပေါင်း(၅၀) ကျော် ထမ်းဆောင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)၏ ခေါင်းဆောင်တဦးဖြစ်သူ ဗိုလ်ချုပ်ရွှေဆိုင်းသည် ၂၀၀၃ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်သည်။

> မြှားပူးထဲမှာ မြှားအပြည့်မရှိဘဲနဲ့ ရန်သူနဲ့ ဆွေးနွေးရင် ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။
>
> **ဗိုလ်ချုပ်ရွှေဆိုင်း**

ဗိုလ်ချုပ်ရွှေဆိုင်း၏ ဈာပန ဝတ်ပြုဆုတောင်းပွဲကို ထိုင်း–မြန်မာနယ်စပ် တနေရာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး သေဘောဘိုးသုဿန်တွင် ဇွန်လ(၅)ရက်နေ့၌ ရုပ်ကလာပ်အား ဂူသွင်းသင်္ဂြိုလ်ခဲ့ကြောင်း သိရသည်။ ဗိုလ်ချုပ် ရွှေဆိုင်း၏ နောက်ဆုံးခရီးသို့ ပြည်ပရောက် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ တိုက်ပွဲဝင်ရဲဘော်ရဲဘက်များ၊ အခြားဖိတ်ကြားထားသည့်ဧည့်သည်များ လိုက်ပါပို့ဆောင်ခဲ့သည်။

ဗိုလ်ချုပ်ရွှေဆိုင်းနှင့် နော်လားပွယ်တို့မှ သားသမီး (၅)ဦး ထွန်းကားခဲ့သည်။

ဗိုလ်ချုပ်ရွှေဆိုင်းကို ၁၉၂၇ ခုနှစ် ဇွန်(၁၆)ရက်နေ့တွင် အဖ စောတောဘူးနှင့် အမိ နော်မီဘူးတို့မှ ကရင်ပြည်နယ် ဖာပွန်ခရိုင်တွင်းရှိ ထိုးဖိုးပါဒဲကျေးရွာ၌ ဖွားမြင်ခဲ့သည်။ မွေးချင်း (၆)ဦးအနက် စတုတ္ထမြောက်သားဖြစ်သည်။

ဗိုလ်ချုပ်ရွှေဆိုင်းသည် ၁၉၄၆ ခုနှစ်တွင် ဗမာပြည်ရဲတပ်ဖွဲ့သို့ တပ်သားအဆင့်ဖြင့် ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဗမာပြည် လွတ်လပ်ရေး ရရှိပြီးနောက် ဖာပွန်မြို့ ယူအမ်ပီတပ်ရင်း (၅)တွင် တာဝန်ထမ်းဆောင်နေရာမှ အောက်တိုဘာလတွင် ကေအဲန်ဒီအို တပ်ရင်းတရင်းသို့ ကူးပြောင်းခဲ့သည်။

ထိုမှအဆင့်ဆင့် ကရင့်တော်လှန်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်နှောင်းပိုင်းမှစ၍ ၁၉၈၅ ခုနှစ်အထိ ကေအဲန်ယူ တပ်မဟာ(၆)မှူးအဖြစ် (၃၆) နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ် (၁၁)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်တွင် ကေအဲန်ယူ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)၏ စတုတ္ထအကြိမ်ကွန်ဂရက်တွင် မဒတ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခံခဲ့ရသည်။

ဗိုလ်ချုပ်ရွှေဆိုင်းသည် ကရင့်အမျိုးသားအရေးနှင့် ကရင့်တော်လှန်ရေးအတွက် ကွယ်လွန်ချိန်ထိ ဘဝတလျှောက်လုံး ထမ်းဆောင်ခဲ့သူတဦးဖြစ်သည်။ ကရင့်တော်လှန်ရေး၏ ခက်ခဲကြမ်းတမ်းသောကာလများတွင် တော်လှန်ရေးအား မှန်မှန်ကန်ကန် ဦးဆောင်လမ်းညွှန်ခဲ့သော ခေါင်းဆောင်များထဲတွင် တဦးအပါအဝင်ဖြစ်သည်။ ❖

# ဒီပဲယင်း အာဇာနည်များအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ဆွမ်းကပ်



မေ(၃၀) ဒီပဲယင်းအရေးအခင်းအတွင်း ကျဆုံးသူသွားသော
ဒီမိုကရေစီတိုက်ပွဲဝင်အာဇာနည်များအား ရည်စူး၍
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ မဲဆောက်မြို့
တောရကျောင်းတွင် ဇွန်လ(၅)ရက်နေ့၌ သက်ပျောက်ဆွမ်းကပ်လှူဒါန်းခဲ့သည်။

# သူရဲကောင်းတဦးရဲ့ ရွှေအိုရောင်ဆည်းဆာ

**ဂဲထွန်း**



လူတယောက်ရဲ့ တန်ဖိုးကို သူ ဖြတ်သန်းတဲ့ခေတ်ရဲ့ သမိုင်းတာဝန်ကို ဘယ်လောက် ထမ်းဆောင်နိုင်သလဲဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ။

**ဖန်းမော်တင်အောင်**

"ကျနော် ရဲဘော်စိုးလွင်ပါ"

ချိုမြတဲ့အပြုံးနဲ့ နွေးထွေးစွာ နှုတ်ဆက်လာတဲ့ သူ့ကို စတွေ့ဖူးတာက မွန်ပြည်သစ်ပါတီနယ်မြေ ကရိန်ကန်ကျေးရွာမှာ လွန်ခဲ့တဲ့ (၁၁)နှစ်ကျော် ၁၉၉၂ ခုနှစ်က ဖြစ်ပါတယ်။ သိမ်မွေ့တဲ့ ဆက်ဆံရေး၊ ညင်သာတဲ့ ပြောဆိုဟန်တွေကြောင့် ထူးခြားတဲ့ စည်းရုံးရေး အရည်အသွေးတွေ ပိုင်ဆိုင်သူတဦး ရယ်လို့ ယူဆမိပါတယ်။ စကားပြောကြည့်မိတဲ့အခါမှာတော့ အင်မတန် အတွေ့အကြုံ များခဲ့ပြီး တော်လှန်ရေးတရပ်လုံးမှာ ဘဝကို မြှုပ်နှံထားခဲ့သူတဦးဖြစ်ကြောင်း သိလာရတာမို့ အတုယူ အားကိုးအားထားပြုထိုက်တဲ့ စံပြပုဂ္ဂိုလ်တွေထဲက တဦးပါပေလားရယ်လို့ ကြည်ညိုမိရပါတယ်။

အခုလ ဇွန်(၂၁)ရက်နေ့ဟာ ရဲဘော်စိုးလွင်ရဲ့ (၈၃)နှစ်မြောက်မွေးနေ့ဖြစ်ပါတယ်။ ရင်ကဖြစ်တဲ့ သားသမီး၊ မြေးမြစ်များသာမက တော်လှန်ရေးက ပေါက်ဖွားလာတဲ့ မျိုးဆက်သစ်များကပါ ရဲဘော်စိုးလွင်ရဲ့မွေးနေ့ပွဲမှာ တက်တက်ကြွကြွပါဝင်ပြီး ပျော်ပျော်ရွှင်ရွှင်ကျင်းပခဲ့ပါတယ်။ 'ရဲဘော်စိုးလွင်'လို့ ခေါ်ရင် ပိုပြီးနှစ်ခြိုက်တတ်တဲ့ ရဲဘော်စိုးလွင်ဟာလဲ သူ့မွေးနေ့ကိုပိုမိုတောက်ပတဲ့အပြုံးနဲ့ ဖြတ်ကျော်ခဲ့ပါတယ်။ သူ့အပြုံးမှာ သူ့အတွက် မဟုတ်တော့သည့်တိုင် အနာဂတ်မျိုးဆက်သစ်များအတွက် မျှော်လင့်ချက်အသစ်များနဲ့ ပွင့်ဖူးဝေဆာနေမှုကို ပြနေတယ်ဆိုတာ နည်းနည်းမှ သံသယမရှိပါဘူး။

လူထုစာရေးဆရာကြီး ဖန်းမော်တင်အောင်က လူတယောက်ရဲ့တန်ဖိုးကို သူ ဖြတ်သန်းတဲ့ခေတ်ရဲ့ သမိုင်းတာဝန်ကို ဘယ်လောက်ထမ်းဆောင်နိုင်သလဲဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲလို့ သူ့သား ဇဟိန်းအောင်ကို ပြောဖူးတယ်လို့ ကျနော်တို့ မှတ်သားဖူးပါတယ်။ အခုလဲ ရဲဘော်စိုးလွင်ရဲ့ တန်ဖိုးကို ဆရာကြီး ဖန်းမော်တင်အောင်ရဲ့ ပေတံနဲ့ တိုင်းကြည့်တာမျိုးကို သူ့ရဲ့ (၈၃) နှစ်မြောက် မွေးနေ့လိုကာလမျိုးမှာ လုပ်သင့်တယ်လို့ ကျနော်ထင်ပါတယ်။ ဒါမှသာ (၈၃)နှစ်အရွယ် လူသားတဦးဆီက အင်မတန် ကောင်းမြတ်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ အထူးသဖြင့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်နဲ့ ကိုယ်ကျိုးစွန့်ပြီး ပြည်သူလူထုအပေါ် အလုပ်အကျွေးပြုမှုတွေကို မျိုးဆက်သစ်လူငယ်တွေက အတုယူနိုင်ကြမယ် မဟုတ်လား။ လူ့ဘောင်သစ်ကို ပိုမိုတောက်ပ ထိန်လင်းစေမယ် မဟုတ်လား။

ရဲဘော်စိုးလွင်ကို ဦးထွန်းစိန်၊ ဒေါ်သိန်းတင်တို့က ၁၉၂၀ ဇွန် (၂၁)ရက်နေ့ ပဲခူးမှာ မွေးဖွားခဲ့တယ်။ ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်း (RGHS)မှာ ကျောင်းအိပ်ကျောင်းစား နေလာခဲ့တယ်။ သူတို့ကျောင်းက ၁၃၀၀ ပြည့် အရေးတော်ပုံကြီးမှာ မြို့မကျောင်းနဲ့ ပူးပေါင်းလှုပ်ရှားခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း အတွင်းဝန်ရုံးကြီးကို လေးဘက်လေးတန် ဝိုင်းဝန်းပိတ်ဆို့ဆန္ဒပြကြတဲ့ ကျောင်းသားထုအတွင်းမှာ ဆယ်ကျော်သက်အရွယ် ရဲဘော်စိုးလွင်ဟာ ကျဆုံးသွားတဲ့ အာဇာနည် ဗိုလ်အောင်ကျော်တို့နဲ့အတူ တိုက်ပွဲဝင်ခဲ့တယ်။ ဒီအရေးတော်ပုံနဲ့ ပတ်သက်ပြီး ရဲဘော်စိုးလွင်က "အဲဒီ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးက ကျနော်တို့ကို ခုလိုမျိုး နှစ်ပေါင်း (၅၀) ကြာညောင်းသည်အထိ တော်လှန်ရေးသမားကြီးတယောက်ဖြစ်လာအောင် မျိုးစေ့ချပေးသလိုဖြစ်ခဲ့ပါတယ်"လို့ ထုတ်ဖော်ပြောပြပါတယ်။ ရန်ကုန်ဟိုက်စကူးက (၁၀)တန်းအောင်ပြီး စစ်ကိုင်းခေတ် မန္တလေး အင်တာမီဒီရိတ် ကောလိပ်မှာ ပညာသင်ပါတယ်။ မန္တလေးကောလိပ်မှာ သမတ ဒေါက်တာမောင်မောင်၊ ဗြိတိသျှစစ်သံမှူးဟောင်း ဗိုလ်မှူးကြီးအေးမောင်၊ ဗမာပြည်ကွန်မြူနစ်ပါတီက ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်မှူးကြီး ဇရွှေတို့နဲ့ ကျောင်းနေဖက်တွေပါ။

"အုပ်စိုးသူ လူတန်းစားက ကျနော်တို့ကို ဖိနှိပ်တဲ့နေရာမှာ လက်နက်အားကိုးပြီး အကြမ်းဖက် ဖိနှိပ်တယ်၊ လက်နက်အားကိုး နှိမ်နင်းတာကို လက်နက်နဲ့ တန်ပြန်တော်လှန်တာ တရားတယ်လို့ ယူဆတယ်။ အုပ်စိုးသူ လူတန်းစားက လက်နက်ကိုင်ထားတာနဲ့အမျှ ကျနော်တို့က လက်နက်ကိုင်ထားရလိမ့်မယ်။ လက်နက်ကို စွန့်လို့မရဘူး၊ လက်နက်ချလို့ မရဘူး၊ ဒီမိုကရေစီနဲ့ လဲလို့မရဘူး၊ ကျနော်တို့ သဘောထားက လက်နက်ကိုင်တပ်တွေ ရှိသင့်တယ်၊ ထိန်းသိမ်းထားသင့်တယ်။ တတ်နိုင်ရင် **ပြည်သူတွေကို လက်နက်တပ်ဆင်ပေးရမယ်၊** ခင်ဗျားတို့ စဉ်းစားကြည့်လေ **NLD** ရွေးကောက်ပွဲနိုင်တာ ဘယ်လောက် ကြာပြီလဲ၊ ဘယ်နှစ်နှစ်ရှိပြီလဲ"

စစ်ဖြစ်လာပြီး ဂျပန်ဝင်လာတဲ့နောက်ပိုင်း ဖွဲ့စည်းလာတဲ့ အရှေ့အာရှလူငယ်များအသင်းမှာ အာရှလူငယ်ကာယဗလတာဝန်ခံအဖြစ် တာဝန်ယူပါတယ်။ မြေအောက် ကွန်မြူနစ်ပါတီနဲ့ လျှို့ဝှက်အဆက်အသွယ်ရပြီး ပါတီသင်တန်းတွေ တက်ခဲ့ပါတယ်။ ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်းတက်ဖို့ ကျန်းမာရေးဆေးစစ်အောင်မြင်ပြီး စာမေးပွဲဖြေရမယ့်အချိန်မှာ ကွန်မြူနစ်ပါတီ မြေအောက်သင်တန်းတက်ရမယ့်အချိန်နဲ့ တိုက်ဆိုင်နေလို့ ဗိုလ်သင်တန်း မတက်နိုင်တော့တာ ဖြစ်ပါတယ်။ ဂျပန်တော်လှန်ရေးကာလမှာ ဗိုလ်မှူးအောင်ဦးစီးတဲ့ တိုင်း (၇)မှာ တာဝန်ယူခဲ့ပါတယ်။ ဂျပန်တော်လှန်ရေးအပြီး ကန္ဒီစာချုပ်အရ ဗမာ့တပ်မတော်ကို ပြန်ဖွဲ့တော့ ဗိုလ်ဇေယျဦးစီးတဲ့ ပျဉ်းမနား ဘားမားရိုင်ဖယ်တပ်ရင်း (၅)မှာ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းပါတယ်။ ၁၉၄၈ ပြည်တွင်းစစ်ဖြစ်ပွားလာပြီး ဗိုလ်ဇေယျဦးစီးတဲ့ BRA ခေါ် တော်လှန်တဲ့ ဗမာ့တပ်မတော်က ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူပြီး တောခိုရာမှာ တက်ကြွစွာ ပါဝင်ခဲ့သူဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့တပ်မတော် တပ်မကြီး(၁)ကို ဖွဲ့စည်းရာမှာ တပ်မဟာ(၂) တပ်မဟာ နိုင်ငံရေးမှူးအဖြစ် တာဝန်ယူရပါတယ်။ မကြာခင်မှာပဲ ဒုဗိုလ်မှူးကြီးရာထူးနဲ့ တပ်မဟာ (၈)၊ တပ်မဟာမှူးတာဝန်နဲ့ ထားဝယ်မှာ တာဝန်ယူရပါတယ်။ ၁၉၅၄ ခုနှစ်မှာ မြိတ်ကို တာဝန်ယူရပါတယ်။ ၁၉၇၅ ခုနှစ် သခင်ဇသိန်းတင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ အရန်ဗဟိုကော်မတီဖြစ်လာခဲ့ပြီး၊ ၁၉၈၅ ခုနှစ် တတိယအကြိမ် ပါတီကွန်ဂရက်က ရဲဘော်စိုးလွင်ကို ဗဟိုကော်မတီအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ မြိတ်–ထားဝယ် ညီညွတ်ရေးတပ်ဦးဖွဲ့ရာမှာ ဒုဥက္ကဋ္ဌတာဝန်နဲ့ ယခုထိ တာဝန်ယူနေဆဲ ဖြစ်ပါတယ်။

ဒါဟာ ရဲဘော်စိုးလွင်ရဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကစပြီး သန္ဓေတည်ခဲ့တဲ့ (၆၅) နှစ်ကြာ လူထုကို တောက်လျှောက် အလုပ်အကျွေးပြုခဲ့မှု ဝိုးတဝါးပုံကြမ်းသာ ဖြစ်ပါတယ်။ တော်လှန်ရေးခရီးတလျှောက် ဘယ်လောက် ခက်ခဲကြမ်းတမ်းမယ်ဆိုတာ ကြုံဖူးသူများသာမက တွေးဖူးရင်တောင် သိနိုင်ကြမှာဖြစ်ပါတယ်။

အတွေ့အကြုံ အသက်အရွယ်ဖြတ်သန်းမှုနဲ့ ကိုယ်ကျိုးစွန့်လွှတ်မှုတွေမှာ နှိုင်းယှဉ်ချက်အရ မိဘနဲ့ သားသမီးပမာရှိကြတဲ့ ရဲဘော်စိုးလွင်နဲ့ ကျနော်တို့ဟာ တော်လှန်ရေးကာလတကွေ့မှာ အတူတကွတာဝန်ယူခဲ့ရတဲ့ အချိန်ကာလတချို့လဲ ရှိခဲ့ပါတယ်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ (၁၂–၁၄)မှာ ကျင်းပတဲ့ 'သူမဲ့ကလိုးသဘောတူညီချက်'ကို မွေးထုတ်ပေးလိုက်တဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးနှီးနှောဖလှယ်ပွဲကို ရဲဘော်စိုးလွင်ဟာ MDUF ရဲ့ ကိုယ်စားလှယ်အနေနဲ့တက်လာတယ်။ အဲဒီအချိန်က အသက် (၇၈)နှစ်ရှိပေမယ့် ကျန်းမာတက်ကြွနေဆဲဖြစ်တဲ့ ရဲဘော်စိုးလွင်ဟာ တော်လှန်ရေးအောင်ပွဲရဲ့ အဓိကဝင်ရိုးကို မီးမောင်းထိုးပြနေတာကို ကျနော်တို့ ယနေ့တိုင် မှတ်မှတ်ထင်ထင် ရှိနေဆဲပါ။ သူက "အုပ်စိုးသူ လူတန်းစားက ကျနော်တို့ကို ဖိနှိပ်တဲ့နေရာမှာ လက်နက်အားကိုးပြီး အကြမ်းဖက်ဖိနှိပ်တယ်၊ လက်နက်အားကိုး နှိမ်နင်းတာကို လက်နက်နဲ့ တန်ပြန်တော်လှန်တာ တရားတယ်လို့ ယူဆတယ်။ အုပ်စိုးသူလူတန်းစားက လက်နက်ကိုင်ထားတာနဲ့အမျှ ကျနော်တို့က လက်နက်ကိုင်ထားရလိမ့်မယ်။ လက်နက်ကို စွန့်လို့မရဘူး၊ လက်နက်ချလို့ မရဘူး၊ ဒီမိုကရေစီနဲ့ လဲလို့မရဘူး၊ ကျနော်တို့ သဘောထားက လက်နက်ကိုင်တပ်တွေရှိသင့်တယ်၊ ထိန်းသိမ်းထားသင့်တယ်။ တတ်နိုင်ရင် ပြည်သူတွေကို လက်နက်တပ်ဆင်ပေးရမယ်၊ ခင်ဗျားတို့ စဉ်းစားကြည့်လေ NLD ရွေးကောက်ပွဲနိုင်တာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်နှစ်နှစ်ရှိပြီလဲ"လို့ လွန်ခဲ့တဲ့ (၅)နှစ်ထဲက သတိပေးခဲ့တယ်။ သူ့ပြောပြချက်မှန်ကန်ကြောင်း ယနေ့ ဒီပဲယင်းအရေးအခင်းက အထင်အရှား သက်သေခံနေတယ်။

ရဲဘော်စိုးလွင်ဟာ ပတ်ဝန်းကျင်မှာရှိတဲ့သူတွေကို မေတ္တာဓာတ်ပြန့်စေနိုင်သူတဦးပါ။ ၁၉၉၈ ခုနှစ်လောက်က NLD-LA ရုံးတရုံးမှာ နှစ်လလောက်ဆေးကုရင်း လာနေဖူးတယ်။ အားလုံးကို သူချစ်တယ်၊ အားလုံးကသူ့ကိုချစ်တယ်။ အထူးသဖြင့် မခင်မာကြည် (NLD-LAအတွင်းရေးမှူးကိုမြင့်သိန်း၏ဇနီး) နဲ့ သူတို့ဆက်ဆံရေးက ဖအေနဲ့သမီးဆက်ဆံရေးပဲ။ မြင်သူအားလုံးက ကြည်နူးရတယ်။ အခုထက်တိုင် သူတို့ကြားထဲမှာ နွေးထွေးတဲ့ ဆက်ဆံရေးတွေက ရှင်သန်နေဆဲဖြစ်ပါတယ်။ ရဲဘော်စိုးလွင်ဟာ သူ့ပတ်ဝန်းကျင်ကလူတွေကို မေတ္တာဓာတ်နဲ့ ကြည်လင်သန့်ရှင်းစေသူတဦး ဖြစ်ပါတယ်။

နောက်ထူးခြားချက်တခုကတော့ လေ့လာမှုကောင်းတာပါပဲ။ အသက် (၇၀)ကျော် (၈၀)အထိ အဘိဓာန်တအုပ်နဲ့ မှတ်စုထုတ်ပြီး လေ့လာနေဆဲပါ။ ဒါဟာလဲ မျိုးဆက်သစ်များ အတုယူစရာ အချက်ဖြစ်ပါတယ်။

အခုတော့ ရဲဘော်စိုးလွင်ဟာ သူ့ဘဝရဲ့ ရွှေအိုရောင်ဆည်းဆာချိန်ကို အေးငြိမ်းစွာ ဖြတ်သန်းနေပြီဖြစ်ပါတယ်။ ပုတီးစိပ်ရင်း၊ တရားထိုင်ရင်းနဲ့ တခါတလေ သူ့ဘဝပုံရိပ်တွေကို ပြန်ပြောင်းတွေးမိကောင်းတွေးမိတဲ့အခါမှာ ဘဝတလျှောက်လုံး ပြည်သူလူထုကို အလုပ်အကျွေးပြုခဲ့ရတယ်ဆိုတဲ့ ပီတိနဲ့ ကိုယ့်ကိုယ်ကို ကျေနပ်နေလိမ့်မယ်လို့ ကျနော်ယုံကြည်ပါတယ်။ တော်လှန်ရေး ရဲဘော်ရဲဘက်များအပြင်၊ မိဘသဖွယ်သာမက တော်လှန်ရေးခေါင်းဆောင်ကြီးတယောက်အဖြစ် ကြည်ညိုရင်းစွဲနဲ့ စောင့်ရှောက်ပြုစုနေတဲ့ ရွှေသားမက် ကျောင်းအုပ်ဆရာကြီး ခိုင်ဦးမောင်နဲ့ ရဲဘော်ကြီးရဲ့ ဇနီးသည်ဒေါ်ညွန့်သင်အပါအဝင် သားသမီး၊ မြေးမြစ်များရဲ့ နွေးထွေးလှတဲ့မေတ္တာရိပ်မှာ ရဲဘော်ကြီးစိုးလွင်တယောက် တနေ့နေ့တချိန်ချိန်မှာတော့ မြန်မာပြည်သူလူထုလွတ်မြောက်ရမယ်ဆိုတဲ့ ပီတိကိုစားရင်း ....။ ❖

# ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု၏ ဖြစ်ရပ်မှန်သတင်း ပြည်တွင်းမှာပျံ့နှံ့လာပြီ
# အိုးဝေတပ်ဦးက တောင်းဆိုချက်များနှင့်တကွ ပြည်သူသို့ အစီရင်ခံ စာဖြန့်ဝေ

**ဇွန်၊ (၂၀)ရက်။**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီး ဖြစ်ပွားခဲ့သည်မှာ ရက်သတ္တပတ်သုံးပတ်နီးပါး ကြာမြင့်လာပြီဖြစ်သော်လည်း နအဖစစ်အုပ်စုက ခိုင်လုံသော သတင်းထုတ်ပြန်မှုနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများ မရှိသည့်အတွက် မြန်မာနိုင်ငံအနှံ့ မြို့ရွာဒေသအသီးသီးတွင် မကျေနပ်မှုများ တစထက်တစ ကြီးမားလာနေရာ ထိုမကျေနပ်မှုများအား နည်းအမျိုးမျိုးဖြင့် ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်လာနေကြသည်။

သွေးစွန်းသည့်လုပ်ကြံမှုကြီးကို တရားမျှတမှု လိုလားသူတိုင်းက နည်းအမျိုးမျိုးနှင့် ဖော်ထုတ်လျက်ရှိရာ ဇွန်လ(၁၉)ရက်နေ့က ရန်ကုန် မြောက်ဥက္ကလာပမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်များတွင် တောင်းဆိုချက်များပါဝင်သည့် ဒီပဲယင်းလုပ်ကြံမှုကြီး အစီရင်ခံစာများ ဖြန့်ဝေသွားခဲ့သည်။ ဖြန့်ဝေခဲ့သည့် အဖွဲ့အစည်းမှာ အိုးဝေလူငယ်တပ်ဦးဟု အမည်ခံထားပြီး ၎င်းတို့၏ တောင်းဆိုချက်(၅)ချက်ကိုပါ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ အိုးဝေတပ်ဦးမှ ဖြန့်ဝေခဲ့သည့်စာကို မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

> ဒီပဲယင်း လူသတ်ပွဲ
> ပြည်သူသို့ အစီရင်ခံစာ
> (အိုးဝေတပ်ဦး)
>
> **“တောင်းဆိုချက်”**
>
> ၁။ ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား အမြန်ဆုံး လွှတ်ပေးရန်၊
> ၂။ လွတ်လပ်သော စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဖြစ်စဉ်များကို စုံစမ်းအဖြေထုတ်ခွင့်ပြုရန်၊
> ၃။ သေကြေစာရင်းနှင့် ဒဏ်ရာရသူများစာရင်း အမြန်ဆုံး ထုတ်ပြန်ကြေညာရန်၊
> ၄။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ဗဟိုအလုပ်အမှုဆောင်များအား အကျယ်ချုပ်မှ အမြန်ဆုံး လွှတ်ပေးရန်၊
> ၅။ အဖွဲ့ချုပ်ဗဟိုနှင့် မြို့နယ်ရုံးများ ပိတ်ထားခြင်းကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်၊
>
> **(အိုးဝေတပ်ဦး)**

### “ယုတ်မာလိုက်ကြပုံ”

၁၉၈၈ ခု ဩဂုတ်လ ပြည်သူ့အရေးတော်ပုံကြီး၏နောက်ပိုင်း အကြီးမားဆုံး ရက်စက်ကြမ်းကြုတ်သည့် လူသတ်ပွဲကြီးမှာ ၂၀၀၃ ခု မေလ (၃၀)ရက် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကျည်ရွာအနီးမှ ယုတ်မာပက်စက်သည့် လုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်သည်။

ယင်းလုပ်ကြံသတ်ဖြတ်ပွဲတွင် နအဖကိုယ်တိုင် စီမံကွပ်ကဲလျက်၊ ၎င်း၏ လက်ကိုင်တုတ် ကြံ့ဖွံ့ကို အသုံးချကာ၊ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ယာဉ်တန်းကို ဝင်ရောက်တိုက်ခိုက် လုပ်ကြံခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဘုတလင်မြို့မှ ဒီပဲယင်းမြို့သို့ ညနေ (၅) နာရီတွင် ထွက်ခွာလာခဲ့ရာ လမ်းတလျှောက် ကျေးရွာများမှ ပြည်သူများ၏ ကြိုဆိုနှုတ်ဆက်ခြင်းကို တုံ့ပြန်နှုတ်ဆက်ရသဖြင့် ဒီပဲယင်းမြို့နယ် ကျည်ရွာသို့ ည(၇း၃၀)ခန့်တွင်မှ ရောက်ရှိသည်။

ကျည်ရွာမှ ကြိုဆိုနှုတ်ဆက်သည့် ပြည်သူများကို (၁၀)မိနစ်ခန့် နှုတ်ဆက်စကားပြောလျက် ခရီးဆက်ခဲ့သည်။ ထွက်ခွာစကိုက်(၁၀၀)ခန့်အရောက်တွင် ဘုန်းကြီးတပါးနှင့် လူ(၃)ဦးက တားလျက် တရားဟောရန် တောင်းဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်က အချိန်လင့်ပြီဖြစ်၍ ခရီးဆက်ခွင့်ပြုပါရန် တောင်းပန်သော်လည်း ““ဒို့လူတွေလာအောင် စောင့်ပါဦး””ဟု ပြောကာ တားဆီးထားရာမှ ဖယ်မပေးပါ။

သို့နှင့် (၅)မိနစ်နီးပါးအကြာတွင် ဘုတလင်ဘက်မှလိုက်လာသော ဒိုင်နာကားအစီး (၂၀)ခန့် ရောက်လာလျက် ကားပေါ်မှ တုတ်၊ ဓား၊ သံချွန်များ ကိုင်ဆောင်ထားသည့်လူများနှင့် သင်္ကန်းဝတ်များ ဆင်းလာကြသည်။ (သင်္ကန်းဝတ်များ၏ လက်မောင်းတွင် အဝတ်ဖြူစများ ပတ်ထားသည်။)

ထိုလူများက ကျည်ရွာမှ ကြိုဆိုနှုတ်ဆက်သူ ပြည်သူများကို ဝင်ရောက်ရိုက်နှက်သဖြင့် အလဲလဲအပြိုပြိုဖြင့် ထွက်ပြေးကြရသည်။ အုပ်စုတစုက ရွာသားများနောက်သို့ လိုက်ရိုက်စဉ် ကျန်လူများက ဒေါ်အောင်ဆန်းစုကြည်၏ ကားအပါအဝင် ကား(၈)စီးပေါ်မှ အဖွဲ့ဝင်များကို ဝင်ရောက်ရိုက်နှက်သည်။ ရိုက်နှက်ရာတွင် ဦးခေါင်းကိုသာ အဓိကထားရိုက်နှက်သဖြင့် နေရာတွင်ပင် သေဆုံးကြသူ များပြားသည်။

ဒဏ်ရာပြင်းထန်သဖြင့် အော်ဟစ်ညည်းတွားသူများကို ““မသေချင်ရင် မအော်နဲ့၊ သေချင်ယောင်ဆောင်နေ၊ ဒို့ကို အသေရိုက်ခိုင်းလိုက်တာ””ဟု ပြောသံ ကြားရသည်။

အဖွဲ့ဝင်အမျိုးသမီးများကိုမူ ရှန့်ရှင်းစွာ ဆိုဆဲလျက် အဖွဲ့ချုပ်ဝတ်စုံများကို ဆွဲချွတ်ကြသည်။ အမျိုးသမီးများမှာ ကိုယ်လုံးတီးဖြစ်ကြလျက် ရိုက်နှက်ခံကြရသည်။ ဝတ်လာသည့် လက်ဝတ်ရတနာနှင့် ပိုက်ဆံအိတ်များကို လုယက်ယူငင်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ကားကို ဝိုင်း၍ရိုက်နှက်ရာ ပါလာသည့် လူငယ်များက ““ဒို့အမေကို ကာကွယ်ကြ””ဟု အော်ဟစ်လျက် ဒေါ်အောင်ဆန်းစုကြည်၏ ကားကို ဝန်းရံကာကွယ်ကြရာ ကာကွယ်သည့် လူငယ်များကို ဝိုင်း၍ရိုက်နှက်သဖြင့် ထိုနေရာတွင်ပင် အသက်ဆုံးရှုံးရသူဦးရေ များသည်။

ထိုအချိန်တွင် ဒုဥက္ကဋ္ဌ ဦးတင်ဦး၏ ကားက ဒေါ်အောင်ဆန်းစုကြည်၏ ကားရှေ့သို့ ကျော်တက်လျက် မောင်းထွက်ရာ ဦးတင်ဦးကားနောက်မှ ဒေါ်အောင်ဆန်းစုကြည်၏ကား မောင်းထွက်သည်။ ထိုကားနောက်မှ လူငယ်လုံခြုံရေးကားနှင့် ဒေါ်ဝင်းမြမြ (မန္တလေး)တို့၏ ကားများ ဆက်တိုက်မောင်းထွက်သည်။

ကျန်သည့်ကားများမှာ ထွက်ခွာနိုင်ချိန်မရဘဲ သတ်ကွင်းထဲမှာပင် စိမ်ပြေနပြေ ဆက်လက်အရိုက်ခံကြရသည်။

(၈)နာရီခန့်မှ စတင်ရိုက်ရာ (၁၀) နာရီအထိ ပိုက်စိပ်တိုက်၍ ရိုက်သည်။ လှုပ်သည်နှင့် ရိုက်သည်။ အော်ဟစ်ညည်းညူမိ၍ ရိုက်သည်။ မသေသေအောင် ရိုက်ကြခြင်းဖြစ်လျက် ထိုသတ်ကွင်းထဲမှာပင် အမျိုးသမီးအချို့ အဓမ္မကျင့်ခံကြရသည်။

ဤကဲ့သို့သော အကြမ်းဖက်ယုတ်မာမှုကြီးကို နအဖ၏ လက်ကိုင်တုတ် ကြံ့ဖွံ့အဖွဲ့မှ လက်မရွံ့များက ကိုယ်တိုင်ဆောင်ရွက်လျက် နအဖ တာဝန်ရှိသူများက ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း ရှင်းနေပေသည်။

### “ဒေါ်အောင်ဆန်းစုကြည်၏ ကံကြမ္မာ”

ရှေ့သို့ မောင်းထွက်လာခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ကားတွင် လူငယ်(၂၀)ခန့် တွယ်ချိတ်လျက် အကာအကွယ်ပေးရင်း လွတ်မြောက်လာခဲ့သော်လည်း ရှေ့ကိုက်(၆၀၀)ခန့်အကွာ၌ နောက်ထပ်သတ်ကွင်းတခုနှင့် ရင်ဆိုင်ရပြန်သည်။

ကားလမ်းပေါ်တွင် သွပ်ဆူးကြိုး ခုံတန်းများချလျက် ဗိုလ်မှူးတဦး ဦးစီးသည့် စစ်တပ်နှင့် ရဲများက ယာဉ်တန်းကို ပိတ်ဆို့တားဆီးထားသည်။ လမ်းဘေးဝဲယာ သစ်ပင်နှစ်ပင်ပေါ်မှ အားကောင်းသော မီးမောင်း(၂)ခု ထိုးထားသည်။ လမ်းဘေးဝဲယာမှာ တုတ်၊ ဝါးချွန်ကိုင် လက်မရွံ့များ အုံကျင်းဖွဲ့၍ စောင့်နေသည်။

ဦးတင်ဦးက ကားပေါ်မှဆင်းလျက် စစ်တပ်တာဝန်ရှိသူနှင့် တွေ့ဆုံရာ ဦးတင်ဦးနှင့် ကားပေါ် ပါလာသူများကို စစ်တပ်မှ ဖမ်းဆီးလျက် အနီးရှိ ဆည်မြောင်းဝင်းထဲသို့ ဆွဲခေါ်သွားကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ကား ဝင်အလာတွင် အသင့်စောင့်ဆိုင်းနေကြသော လက်မရွံ့ ကြံ့ဖွံ့များက ထွက်လာပြီး ရိုက်နှက်ကြရာ ယာဉ်မောင်းက အရှိန်မြှင့်မောင်းထွက်သည်။

““ကားနှင့်တိုက်””ဟု အမိန့်ပေးသံ ကြားလိုက်ရပြီး ဒိုင်နာကားနှစ်စီးက အရှိန်ပြင်းပြင်းဖြင့် မျက်နှာချင်းဆိုင်မှ မောင်းဝင်လာသည်။ ယာဉ်မောင်း၏ ကျွမ်းကျင်မှုကြောင့် မျက်နှာချင်းဆိုင် ဒိုင်နာကား (၂)စီးကို ရှောင်ကွင်းနိုင်ပြီး သွပ်ဆူးကြိုးအကာနားအရောက် ““သေနတ်နဲ့ ပစ်””ဟု အမိန့်ပေးသံထွက်လာပြီး သေနတ်နှင့်ပစ်ရာ ဒေါ်အောင်ဆန်းစုကြည်၏ ကားကို မမှန်ဘဲ နောက်မှပါလာသော ဒေါ်ဝင်းမြမြ၏ ကားဘီးကို မှန်လျက် ကားက ထိန်းမနိုင်တော့ဘဲ လမ်းဘေးသစ်ပင်နှင့် ဝင်တိုက်မိရာ ကားပေါ်ပါလာသူ (၄)ဦးသေဆုံးပြီး ဒေါ်ဝင်းမြမြ လက်နှစ်ဘက်လုံး လက်ဖျံမှ ကျိုးသည်။

ဒေါ်အောင်ဆန်းစုကြည်၏ကားက သွပ်ဆူးကြိုးအကာများကို ဝင်တိုက်လျက် ဖောက်ထွက် လွတ်မြောက်နိုင်ခဲ့သည်။ ကားကို ဆက်လက်မောင်းနှင်ခဲ့ရာ ဒီပဲယင်းမြို့တွင် နားမနေတော့ဘဲ ရေဦးအထိ ဆက်လက်မောင်းနှင် လွတ်မြောက်ခဲ့သည်။

လွတ်မြောက်ခဲ့သည်ဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ လည်ပင်းရင်းဝဲယာတွင် မှန်ကွဲစ စူးသည့်ဒဏ်ရာနှင့် ဘယ်ဘက်လက်မောင်းကို တုတ်တချက် ပြင်းထန်စွာ အရိုက်ခံခဲ့ရသည်။ ရေဦးအဝင်တွင်မှ ရပ်နားလျက် ရရှိဒဏ်ရာများကို ကြည့်ရှုနိုင်ခဲ့သည်။

ဤလူသတ်ပွဲကြီးတွင် အဖွဲ့ချုပ်အဖွဲ့ဝင် (၇၀)ကျော်ခန့် အသက်ဆုံးရှုံးကြရလျက် အမြောက်အမြား ဒဏ်ရာရခဲ့ကြသည်။

ဤလူသတ်ပွဲကို မည်သူဦးစီးသလဲ၊ လက်မရွံ့တွေက ဘယ်သူတွေလဲ ဆိုသည်ကို ပြည်သူများ အမှန်သိစေနိုင်ရန် တင်ပြလိုက်ရပါသည်။

**(အိုးဝေတပ်ဦး)**

### ❑ ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်းမှ

နည်း အားနည်းတယ်။ ဥပမာအားဖြင့် လမ်းတွေပေါ့။ လမ်းတွေဖောက်ပြီးတော့ ဒါပေမယ့် လမ်းတွေထိန်းသိမ်းခြင်းမရှိလို့ ကျန်တဲ့လမ်းတွေက ပေါက်ပြဲ ချိုင့်တွေဖြစ်နေ်။ (ဩဘာသံများ) ဒါကတော့ အများသုံးတဲ့ လမ်းဆိုတော့ ဘယ်သူမှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောမျိုးမို့လို့လားတော့ မသိဘူး။ အဲလိုဆိုရင် မကောင်းဘူး။ ကျမ ထပ်တလဲလဲ ပြောပါတယ်။ အများပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းထက် တန်ဖိုးထားရမယ်၊ လေးစားရမယ်။ အဲဒီလို အများပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းထက် တန်ဖိုးထားနိုင်တဲ့စိတ်ရှိမှ ကျမတို့ တကယ်တိုးတက်တဲ့ ဒီမိုကရေစီစနစ်ဖြစ်မယ်။ နောက်ပြီးတော့ ကျမတို့ ကိုယ်ပိုင်အိမ်ယာတွေဆိုရင်လဲ ကျမတို့ မြန်မာလူမျိုးတော်တော်များများဟာ အိမ် ပထမ စဆောက်တုန်းက အိမ်က လှပသန့်ရှင်းနေပြီးတော့ နောက်တော့ ထိန်းသိမ်းမှုနေရာမှာ သိပ်မလုပ်ချင်ဘူး။ ပိုက်ဆံအကုန်ခံပြီးတော့ အိမ်ကို မထိန်းသိမ်းချင်ဘူး။ ပြင်တာဆိုတာ မလုပ်ချင်ဘူး။ ပျက်တာကို ဆက်နေနေတယ်။ အဲတော့ အိမ်တအိမ်ဟာ (၄–၅–၆)နှစ် ကြာတဲ့အခါကျတော့ အခြေအနေက သိပ်မလှတော့ဘူး။ တဖြည်းဖြည်း ပျက်စီးယိုယွင်းလာတယ်။ တကယ်ဆိုလို့ရှိရင် အိမ်တွေဟာ ဆက်ပြီးတော့ ထိန်းသိမ်းထားမယ်ဆိုလို့ ရှိရင် နှစ်ရာချီပြီးတော့ခံတယ်။ သူတို့ ဥရောပမှာဆိုလို့ရှိရင် ဥရောပနိုင်ငံတွေမှာ သူတို့လူမျိုးအသီးသီးပေါ့နော်၊ သူတို့တွေဟာ အဲလို ထိန်းသိမ်းမှုနေရာမှာတော့ တော်တယ်။ ဟိုး.... ရာ နှစ် ရာထောင်နဲ့ ချီပြီးတော့ အဲ.... ရပ်တည်ရှိနေတဲ့ အဆောက်အအုံတွေတောင် သူတို့ ကောင်းကောင်း ထိန်းသိမ်းထားနိုင်တယ်။ အဲဒါက သူတို့ရဲ့ ဓလေ့၊ ထုံးစံ၊ ယဉ်ကျေးမှုအရ ထိန်းသိမ်းမှုနေရာမှာ တော်တယ်။ အဲဒီတော့ ကျမတို့ ဒီမိုကရေစီဆိုကျလို့ရှိရင်လဲ ဒီမိုကရေစီရပြီးရုံနဲ့ မပြီးသေးဘူး။ ဒီမိုကရေစီကို ထိန်းသိမ်းရမယ်။ ထိန်းသိမ်းဖို့အတွက် ကျမတို့ ရင်းနှီးရမယ်။ ဘာရင်းနှီးရမလဲဆိုရင်တော့ စိတ်ဓာတ် အင်အားရင်းနှီးရမယ်၊ လုပ်အားရင်းနှီးရမယ်။ စိတ်ဓာတ်အင်အားဆိုတာ ဒီမိုကရေစီအခွင့်အရေးတွေကို အလွဲသုံးစားမလုပ်ရဘူး၊ အခွင့်အရေးတွေကို၊ လွတ်လပ်ခွင့်တွေကို မှန်မှန်ကန်ကန်သုံးရမယ်။ နောက်ပြီးတော့ ဒီမိုကရေစီကို ထိပါးစေမယ့်ကိစ္စတွေကို ကျမတို့ကာကွယ်ရမယ်။ နောက် လုပ်အားပေါ့။ လုပ်အားဆိုတာ ရတဲ့ အခွင့်အရေးကို တိုင်းပြည်ချမ်းသာဖို့အတွက် တိုးတက်ဖို့အတွက် သုံးရမယ်။ အဲ ကျမတို့ အဲလိုစိတ်ဓာတ်အင်အားနဲ့၊ လုပ်အားနဲ့ ထိန်းသိမ်းသွားပြီးတော့ ခိုင်မာသွားမှ ဒီစနစ်တရပ် ခိုင်မာသွားမှ ကျမတို့ နောင်လာနောက်သားတွေအတွက် ကျမတို့ မျိုးဆက်သစ်တွေ တဆက်ပြီးတဆက် ကျမတို့ဟာ စိတ်ချရပြီလို့ ပြောနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ကျမတို့ရဲ့ လူသားအင်အား စိတ်ဓာတ်ခိုင်မာတဲ့ မုံရွာမြို့သူမြို့သားများဟာ ဒီမိုကရေစီ အမြန်ဆုံးရပါစေလို့ ဆုတောင်းပါတယ်။

❖



# တပ်မတော်မဟုတ်တော့သော စစ်တပ် စစ်တပ်မဟုတ်တော့သော တပ်မတော်

**ယခင်လမှအဆက်**

ဒီပြောင်းလဲမှုတွေရဲ့ အဓိပ္ပာယ်ကတော့ တပ်မတော်ဟာ ဟိုတုန်းကလို တိုင်းပြည်နဲ့ ပြည်သူအတွက် စစ်သည်တွေက အသက်စွန့်ဖို့မဟုတ်တော့ဘဲ စစ်အာဏာရှင်တစုတဖွဲ့ အကျိုးအတွက် စစ်တပ်ရဲ့ လက်ချက်နဲ့ ပြည်သူတွေ အသက်ထွက်ရတဲ့ခေတ်ကို ပြောင်းသွားပြီဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ တိုင်းပြည်အတွက် အသက်စွန့်ဖို့ စစ်ထဲဝင်ရေးမဟုတ်တော့ဘဲ စစ်အာဏာရှင် စစ်အုပ်စုအကျိုးအတွက် ခိုင်းသမျှလုပ်အောင် မက်လုံးပေး တည်ဆောက်ထားတဲ့ စစ်တပ်ထဲဝင်ရေး ဖြစ်သွားပါတယ်။ ဒါ့ကြောင့်လဲ မဆလစစ်အစိုးရလက်ထက်မှာ တောတွင်းက လက်နက်ကိုင် အတိုက်အခံအဖွဲ့တွေက စစ်တပ်ကို "ကြေးစားတပ်"လို့ စတင်သတ်မှတ် ခေါ်ဝေါ်လာကြတယ်။



တပ်မတော်ဟာ ဟိုတုန်းကလို တိုင်းပြည်နဲ့ ပြည်သူ့အတွက် စစ်သည်တွေက အသက်စွန့်ဖို့ မဟုတ်တော့ဘဲ စစ်အာဏာရှင် တစုတဖွဲ့အကျိုးအတွက် စစ်တပ်ရဲ့ လက်ချက်နဲ့ ပြည်သူတွေ အသက်ထွက်ရတဲ့ ခေတ်ကိုပြောင်းသွားပြီဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။

မဆလစစ်အစိုးရခေတ်မှာ အသစ်ထပ်ထွက်လာတဲ့ "ရဲဘော်မသေ၊ သေသော်ငရဲမလား" စစ်ချီသီချင်း အမှတ်(၁,၂,၃) ဆိုတာတွေဟာ မက်လုံးပေးထူထောင်ထားတဲ့ ကြေးစားတပ်သဘာဝကို ပြောင်အတိအလင်းဖော်ပြနေတယ်။ စစ်တပ်ထဲနဲ့ ပြည်သူလူထုထဲမှာ ဒီသီချင်းတွေကို "ရဲဘော်မသေ၊ သေသော်ငရဲမလား"လို့ပဲ အများအားဖြင့် သိထားကြတယ်။ စစ်အာဏာရှင်တွေ အမိန့်ပေးတဲ့အတိုင်း ပြည်သူလူထုကို သတ်ဖြတ်နှိပ်စက်၊ မုဒိမ်းကျင့်၊ လုယက်တာတွေလုပ်သာလုပ်၊ ဘာမှမဖြစ်စေရဘူး၊ ငရဲမကြီးဘူးဆိုပြီး ရုပ်ဝတ္ထုမက်လုံးတင်မကလူမှုရေးနဲ့ ဘာသာရေးဘက်ကပါ မက်လုံးပေးပြီးဆွယ်တဲ့ ကြေးစားတပ်စိတ်ဓာတ်ကို ဖော်ပြတဲ့ စစ်ချီသီချင်းဖြစ်ပါတယ်။

ဒီလိုစစ်ချီသီချင်း ပြောင်းလဲမှုတွေဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကို လက်ရှိစစ်တပ်က ပယ်ဖျက်လိုက်ပြီဆိုတဲ့ အဓိပ္ပာယ်ကိုလည်း တဖက်က သက်သေပြနေပါတယ်။

စစ်ချီသီချင်းစာသားသစ်တွေနဲ့ မက်လုံးပေးစိတ်ဓာတ်သွင်းတာလုပ်ပေမဲ့ "သစ္စာ(၄)ချက်"ထဲက နောက်ဆုံးအချက်ဖြစ်တဲ့ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့၏တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုပါ၏"ဆိုတဲ့အချက်ကိုတော့ မပြင်ဘဲထားထားတယ်။ အဲဒီအထဲမှာ "ငါ၏တပ်မတော်အတွက်"ဆိုတာကို အဓိကထားတာဖြစ်လို့ မပြင်တော့တာဖြစ်ပါတယ်။ ဒါဟာ စစ်အာဏာရှင်ကြီးများ၊ စစ်အုပ်စုထိပ်သီးများအတွက်လို့ အဓိပ္ပာယ်ရောက်တာကြောင့် သီချင်းတွေကို စာသားပြင်သလိုမျိုး "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား"ဆိုတဲ့ စကားရပ်ကို မပြင်တော့ဘဲ ဒီအတိုင်းဘဲ ထားလိုက်တာ ဖြစ်ပါတယ်။

၁၉၅၈ ခုကနေ ၁၉၆၀ ခု ကြားကာလကတော့ တပ်မတော်ဟာ စစ်တပ်(ဝါ) ကြေးစားတပ်အဖြစ်ကို ပြောင်းလဲဖို့ ဇာတ်တိုက်လေ့ကျင့်တဲ့ကာလဖြစ်ပြီး ၁၉၆၂ မတ်လကျမှ လုံးဝအပြီးအပိုင် ပြောင်းလိုက်တာဖြစ်တယ်။ ၁၉၆၂ ခုက စပေါ်လာတဲ့ ဒီမက်လုံးလေးက ကြေးစားတပ်ဟာ ၁၉၈၈ ခုနောက်ပိုင်းမှာ နောက်ပုံစံတမျိုးပြောင်းလာပြန်တယ်။ ရာဇပလ္လင်မြဲနိုင်သမျှမြဲအောင် အင်အားအကြီးအကျယ် တိုးချဲ့တဲ့အခါမှာ စစ်သားအတင်းဆွဲ၊ အတင်းကောက်တဲ့ အဓမ္မစစ်မှုထမ်းတပ် ဖြစ်လာတယ်။ ဒီလိုနဲ့ အရင်ကရှိခဲ့တဲ့ တပ်မတော် အက်ဥပဒေ၊ နည်းဥပဒေတွေကို ဆန့်ကျင်ဖောက်ဖျက်ပြီး အသက် ၁၆ နှစ်မပြည့်တဲ့ ကလေးတွေ၊ အရပ် ၅ ပေ ၂ လက်မမီ၊ ကိုယ်အလေးချိန် ပေါင် ၁၀၀ မပြည့်၊ ရင်အုပ်အကျယ် ၃၄ လက်မထက်လျော့တဲ့ စိတ်ဆန္ဒလုံးဝမပါတဲ့ အရပ်သားတလျှောကြီးကို စစ်ယူနီဖောင်းဝတ်၊ သေနတ်ထမ်းခိုင်းတာတွေ ဖြစ်လာတယ်။ တပ်မတော်မဟုတ်တော့လို့ တပ်မတော်အက်ဥပဒေတွေ မလိုက်နာတာ အဆန်းမဟုတ်ပါဘူး။

တကယ်ကတော့ ဗမာပြည်မှာ တမျိုးသားလုံး စစ်မှုထမ်းဥပဒေကိုလဲ ပြဋ္ဌာန်းထားတာ မရှိသေးပါဘူး။ ၁၉၆၂ ခုမတိုင်မီ ဦးနုပထစအစိုးရလက်ထက်မှာ ဒီလိုဥပဒေမျိုး ပြဋ္ဌာန်းဖို့ ကြိုးပမ်းခဲ့တာကို စစ်အုပ်စု အလောင်းအလျာတွေကဟန့်တားခဲ့လို့ ဥပဒေဖြစ်လာမခဲ့ပါဘူး။ နေဝင်းစစ်အစိုးရလက်ထက် ၁၉၆၉ ခု တပ်မှူးညီလာခံမှာတော့ အဲဒီတုန်းက စစ်အစိုးရက လုပ်စားနေတဲ့ "ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်နိုင်ငံ" မျက်နှာဖုံးနဲ့အညီ တမျိုးသားလုံး စစ်မှုမထမ်းမနေရ ဥပဒေထုတ်ဖို့ စဉ်းစားကြသေးတယ်။ ဒါပေမဲ့ စစ်အုပ်စုရဲ့ အထူးအခွင့်အရေးတွေ ထိခိုက်ဆုံးရှုံးမှာကို စိုးရိမ်လို့ နောက်ဆုံးမှာ တော့ဒီကိစ္စကို ချောင်ထိုးထားလိုက်တော့တယ်။

ဒါ့ကြောင့် ဒီကနေ့ကမ္ဘာမှာ ခေတ်မီတဲ့ နိုင်ငံတွေအားလုံးလိုလိုက ကျင့်သုံးနေတဲ့ အမျိုးသားစစ်မှုထမ်း ဥပဒေမျိုး ဗမာပြည်မှာ မရှိသေးတဲ့ စစ်အင်အားတိုးချဲ့ချင်တဲ့ အခါကျတော့ ခိုးကြောင်ခိုးဝှက်နဲ့ တွေ့ကရာလူကို အဓမ္မစစ်သားကောက်တဲ့ အလုပ်ကိုပဲ ဗမာစစ်တပ်က လုပ်ရတော့တယ်။ တမျိုးသားလုံး စစ်မှုထမ်း၊ ဥပဒေရှိတဲ့ ကမ္ဘာ့နိုင်ငံတချို့တလေမှာလဲ စစ်အာဏာရှင်စနစ်တွေ၊ စစ်အုပ်စုတွေရှိပေမဲ့ နအဖစစ်အုပ်စုကတော့ အဲသလောက် ခေါင်းရှုပ်မခံနိုင်ဘဲ အဓမ္မစစ်မှုထမ်းစနစ်နဲ့ စစ်အာဏာရှင်စနစ်ကို ကျားကန်ဖို့လောက်သာ လုပ်တတ်ပုံရပါတယ်။

တောင်အာဖရိကနိုင်ငံမှာ တချိန်က ကျင့်သုံးခဲ့တဲ့ "APARTHEID ခေါ် အသားအရောင်ခွဲခြားရေးစနစ်"မှာ လူဖြူတွေဟာ အမြင့်ဆုံး အထူးအခွင့်အရေးတွေရပြီး လူမည်းတွေကတော့ အောက်ဆုံးတန်းက အခွင့်အရေးမဲ့တွေ ဖြစ်တယ်။ ဒီနှစ်လွှာကြားမှာတော့ ကပြားတွေနဲ့ ကုလားတွေက လူမည်းတွေထက် အခွင့် အရေးနဲနဲပိုရခဲ့တယ်။ အခု ဗမာပြည်မှာလဲ အဲဒီလိုမျိုး အဝတ်အရောင်ခွဲခြားရေးစနစ်ကို ကျင့်သုံးနေရာမှာ ယူနီဖောင်းအစိမ်းရောင်အဝတ်တွေက ထိပ်ဆုံးမှာ အထူးအခွင့်အရေးတွေ ခံစားရပြီး ရိုးရိုးအရပ်ဝတ် သာမန်ပြည်သူတွေကတော့ အောက်ဆုံးတန်းက အခွင့်အရေးမဲ့တွေ ဖြစ်ပါတယ်။ ဒီနှစ်ခုကြားမှာက ရဲ၊ ထောင်ဝါဒါနဲ့ ကြံ့ဖွံ့ဆိုတဲ့ တခြားယူနီဖောင်းဝတ်တွေ၊ မီးသတ်၊ ကြက်ခြေနီဆိုတဲ့ ယူနီဖောင်းဝတ်မျိုးတွေက ရိုးရိုးအရပ်ဝတ်တွေထက် နဲနဲပိုပြီး အခွင့်အရေးရကြပေမယ့် ယူနီဖောင်းအစိမ်းဝတ်တွေရတဲ့ အခွင့်အရေးနဲ့တော့ အလှမ်းကွာလှပါတယ်။

ဗမာပြည်စစ်အစိုးရ စစ်အုပ်စုအဆက်ဆက်ဟာ တမျိုးသားလုံးစစ်မှုထမ်းဥပဒေထုတ်လိုက်ရင် ခုနပြောတဲ့ "အဝတ်အရောင် ခွဲခြားရေးစနစ်" ထိခိုက်ပျက်စီးမှာ စိုးနေတယ်။

နအဖခေတ်မှာ အခုလို အဓမ္မစစ်မှုထမ်းတပ်ဖြစ်လာပေမဲ့ အရင်မဆလခေတ်ကလို မက်လုံးပေး၊ ကြေးစားတပ် လက္ခဏာတွေကလဲ ကြီးကြီးမားမား ရှိနေဆဲဖြစ်ပါတယ်။ အထူးသဖြင့် အရာရှိပိုင်းမှာ "ကြေးစားတပ်" လက္ခဏာတွေ အဓိကလွှမ်းမိုးပြီး အခြားအဆင့်များမှာတော့ "အဓမ္မစစ်မှုထမ်းတပ်" လက္ခဏာက အဓိကဖြစ်တယ်။ ဒါပေမဲ့ အရာရှိပိုင်းမှာရော အခြားအဆင့်များမှာရော လက္ခဏာနှစ်မျိုးလုံးရော ပေါင်းနေတာတွေလည်းရှိပါတယ်။

စစ်တပ်ထဲမှာ ရာထူးတိုးဖို့နေရာ အပြောင်းအရွှေ့လုပ်ရဖို့ သို့မဟုတ် မလုပ်ရဖို့ သင်တန်းတွေတက်ခွင့်ရဖို့ သို့မဟုတ် ကင်းလွတ်ခွင့်ရဖို့၊ ရိုးရိုးခွင့်၊ ဆေးခွင့်ရဖို့၊ ရိုးရိုးပင်စင်/ဆေးပင်စင်ရဖို့၊ ကရုဏာကြေးရဖို့စတဲ့ ကိစ္စအားလုံးမှာ ငွေထိုးမှရတဲ့ 

## ဂါမဏိ

အခြေအနေဖြစ်တယ်၊ (DSA, OTS) တက်ရဖို့ရော၊ သင်တန်းကာလမှာ အောင်မှတ်ရဖို့ရော ငွေထိုးရတယ်။ စစ်ဦးစီးတက္ကသိုလ်မှာ အမှတ်ကောင်းရဖို့ မှတ်ချက်ကောင်းဖို့လဲ ငွေထိုးရတယ်။ အဆုံးစွန်ပြောရရင် ရာရှင်ပြည့်ပြည့်ဝဝရဖို့နဲ့ ထောက် (၂၃) ပစ္စည်းတွေထုတ်ရဖို့ပါ။ ငွေထိုးရတဲ့ အခြေအနေဖြစ်နေပါပြီ။

ဒီလိုကြေးစားတပ်စရိုက်နဲ့ အဓမ္မစစ်မှုထမ်းတပ် လက္ခဏာ ပေါင်းစပ်လိုက်တဲ့ အခါမှာတော့ ဖက်ဆစ်တပိုင်း စစ်တပ်ဖြစ်လာတယ်။ အရင်တုန်းက ချန်ကေရှိတ်တမျိုးပါပဲ။ ရာနှုန်းပြည့် ဖက်ဆစ်တပ် ဖြစ်မသွားတာကတော့ စစ်အုပ်စုထိပ်သီးတွေဟာ စစ်တပ်ကို အပြည့်အဝ ဖက်ဆစ်အတွေးအခေါ်တွေ ရိုက်သွင်းပြီး တသွေး-တသံ-တမိန့် မလုပ်နိုင်လို့ဖြစ်တယ်။ တနည်းအားဖြင့် ပြောရရင်တော့ ဟစ်တလာ၊ မူဆိုလိုနီတို့လောက် အရည်အချင်းမရှိဘူးလို့ ပြောရပါလိမ့်မယ်။တဖက်ကလဲ ပြည်သူလူထုရဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး ဩဇာဂယက်ကို အပြည့်အဝ မလွန်ဆန်နိုင်တာလဲ ပါတယ်။

ဒါ့ကြောင့်လဲ ဗမာပြည်အတွက် ကံကောင်းတာက မဆလ၊ နဝတ၊ နအဖစစ်တပ်ဟာ တပ်မတော်မဟုတ်တော့ပေမဲ့ တပ်ထဲမှာ အာဏာရှင်စနစ်တခုလုံးကိုရော အာဏာရှင်တွေရဲ့ လက်ကိုင်ဒုတ်ဖြစ်နေရတဲ့ စစ်တပ်အနေထားကိုရော၊ မကြိုက်ကြသူတွေ ဒုနဲ့ဒေးရှိနေတာဖြစ်တယ်၊ အဲဒီအတွက် (၈၈၈၈)ရှစ်လေးလုံး အရေးတော်ပုံတုန်းက တချို့က ပြည်သူ့ဘက်ပါလာတာတွေ အုံနဲ့ကျင်းနဲ့ပါဖို့ ကြံစည်ကြတာတွေဖြစ်ခဲ့ပြီး ၉၀ ခု ရွေးကောက်ပွဲမှာလဲ မင်္ဂလာဒုံ၊ မှော်ဘီ၊ မိတ္ထီလာစတဲ့ ပင်မတပ်နယ်တွေမှာ အဲန်အယ်လ်ဒီ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လဲ လက်ရှိစစ်တပ်ဟာ ဒီထက်တော့ ပိုလုပ်နိုင်တဲ့ အခြေအနေမရှိပါ။ ဖိလစ်ပိုင်၊ ရူမေးနီးယား၊ အင်ဒိုနီးရှား၊ ယူဂိုစလားဗီးယားတို့လို့ ဗမာပြည်မှာမဖြစ်ခဲ့ပါ။ ၁၉၉၁ ခုတုံးက ဆိုဗီယက်ပြည်ထောင်စုရဲ့ တပ်နီတော်လိုတောင် မဖြစ်ခဲ့ပါဘူး။ ရှစ်လေးလုံး (၈၈၈၈)အရေးတော်ပုံဟာ ဗမာပြည်သမိုင်းမှာ အပြင်းထန်ဆုံး လူထုအုံကြွမှုဖြစ်ခဲ့ပေမဲ့ ဗမာပြည်စစ်တပ်ထဲက "ဖီဒယ်လ်ရားမို့စ်" တယောက်မှ ပေါ်မလာခဲ့ပါဘူး။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူ့ဘက်ပါချင်တဲ့ စစ်သည်တွေဟာ မစုစည်းနိုင်ကြဘူး။ စုစည်းပေးနိုင်မဲ့ တပ်မှူးလဲမရှိ ဖြစ်နေတယ်။

၁၉၈၈ခုနဲ့ ၁၉၉၀ မှာ ဗမာ "ဖီဒယ်လ်ရားမို့စ်" မပေါ်လာခဲ့ပေမဲ့ တပ်မတော်ဟာ အာဏာရှင်လက်ပါးစေ တလက်ကိုင် စစ်တပ်ဘဝကို လျှောကျပျက်စီးသွားတာ နှစ် ၄၀ကျော်ကြာလာခဲ့ပြီဖြစ်လို့ မျှော်လင့်ချက်လုံးလုံး မရှိတော့ဘူးလို့လဲ ကံသေကံမ မပြောနိုင်ပါဘူး။

ဖိလစ်ပိုင်မှာ ရားမို့စ်ပေါ်လာခဲ့တာဟာ ပြည်သူလူထုရဲ့ စွမ်းအား၊ အကွီနိုရဲ့ စိတ်ဓာတ်နဲ့ လုပ်ရည်ကိုင်ရည်၊ မားကိုစ့်ရဲ့အမှားကွက်တွေ အားလုံးပေါင်းဆုံသွားတဲ့အခါမှာ ပေါ်လာခဲ့တာဖြစ်ပါတယ်။ အဲသလိုဘဲ ဗမာပြည်မှာလဲ ပြည်သူလူထုရဲ့ စွမ်းအားအရှိန်အဟုန် ကြီးမားပြင်းထန်နေတဲ့ ကာလမျိုးမှာ အတိုက်အခံခေါင်းဆောင်ပိုင်းရဲ့ ရဲဝံ့မှန်ကန်တဲ့ခြေလှမ်းက စစ်အာဏာရှင်တွေရဲ့ ပျော့ကွက်ကို နင်းမိလိုက်ချိန်ကျရင် စစ်အုပ်စုလက်ကိုင်ဒုတ်၊ စစ်တပ်ဟာ ပြည်သူ့အကျိုးကို ရှေ့ရှုတဲ့တပ်မတော်အဖြစ် စတင်ပြောင်းလဲပေါ်ထွက်လာနိုင်ပါတယ်။

စစ်တပ်ဟာ တပ်မတော်အဖြစ်သို့ လုံးလုံးလျားလျား ပြောင်းလဲဖို့အတွက်ကတော့ ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို အကြွင်းမဲ့နာခံပြီး နိုင်ငံရေးကိစ္စတွေမှာ ဝင်မပါဘဲ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူအကျိုးပြုလုပ်ငန်းရပ်တွေ သက်သက်ကိုသာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲသလိုဖြစ်သရွေ့တော့ စစ်တပ်ဟာ လက်တဆုပ်စာအာဏာရှင်တွေရဲ့လက်ကိုင်တုတ်ဖြစ်မြဲဖြစ်နေပြီး ဗမာပြည်ရဲ့ အနာဂတ်ကတော့ မှုံမှိုင်းနေမှာပဲ ဖြစ်ပါတယ်။ ❖

## လူထုကိုဆန့်ကျင်နေသည့်စစ်တပ်မှ ထွက်ပြေးမှုများ ပိုမိုများပြားလာ တပ်ပြေးတဦးဖမ်းမိပါက ဆုငွေ(၅၀၀၀)ပေးမည်ဟုအမိန့်ထုတ်နေရ

**မေ၊ (၃၁)ရက်။**

လူထုကိုဆန့်ကျင်၊ ရက်စက်မှုအပေါင်းသရဖူဆောင်း ထိပ်တန်းဗိုလ်ချုပ်ကြီးများ၏ အကျိုးစီးပွားအတွက် လစာငွေမဝရေစာလေးနှင့် အသက်ပေးကာကွယ်နေရမှုန်း ရိပ်စားမိလာသဖြင့် နအဖစစ်တပ်အတွင်း ဇွတ်အတင်း သွတ်သွင်းခြင်းခံထားရသူ အောက်ခြေစစ်သားလေးများ တပ်မှထွက်ပြေးမှုများ အဆက်မပြတ်ဖြစ်ပွားနေရာ တနှစ်ထက်တနှစ် ပိုမိုများပြားလာသဖြင့် တပ်ပြေးတဦး ဖမ်းမိပါက ဆုငွေ(၅၀၀၀)ပေးမည်ဖြစ်ကြောင်း ရန်ကုန်စစ်ရုံးချုပ်က အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

မကြာမီက ထုတ်ပြန်ခဲ့သည့် တပ်ပြေး နှစ်ချုပ်အစီရင်ခံစာတွင် ၂၀၀၂ ခုနှစ်အတွင်း တပ်မှ ထွက်ပြေးသူဦးရေ(၃၁၉၀၀)ကျော်ရှိခဲ့ပြီး ထိုအထဲမှ(၁၀၀၀)ကျော်ကို ယခုအချိန်အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း ဖော်ပြထားသည်။ တပ်ပြေးများအား ရဲတပ်ဖွဲ့က(၂၀၀၀၀)ထိ ဖမ်းဆီးမိခဲ့ရာ မီးရထားရဲတပ်ဖွဲ့က အများဆုံးဖမ်းဆီးမိခဲ့ပြီး စစ်တပ်အနေဖြင့် (၁၀၀၀၀)ခန့်သာ ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

တပ်ပြေးတဦး ဖမ်းမိပါက တဦးလျှင် ဆုငွေ(၅၀၀၀)ကျပ် ထုတ်ပေးသွားမည်ဟု ရန်ကုန်စစ်ရုံးချုပ်က အမိန့်ထုတ်ထားကြောင်း စစ်ဘက်သတင်းများအရ သိရသည်။ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ဖမ်းဆီးခြင်းခံနေရသည့် ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက်မွေးနေ့ပွဲ ကမ္ဘာတဝှမ်းလုံးတွင် ကျင်းပခဲ့ကြ

**ဇွန်၊ (၁၉)ရက်။**

ဖမ်းဆီးခံနေရသော ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက်မွေးနေ့နှင့် လွတ်မြောက်ရေးဆုတောင်းပွဲကို ဇွန်လ(၁၉)ရက် နံနက်ပိုင်းက ထိုင်းမြန်မာနယ်စပ်တနေရာ၌ ကျင်းပခဲ့ရာ ထိုအခမ်းအနားသို့ မြန်မာဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်နေကြသူများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၊ အဝေးရောက်မြန်မာပြည်သူများ၊ ကျောင်းသူကျောင်းသားလေးများ၊ နိုင်ငံခြားဧည့်သည်တော်များအပါအဝင် စုစုပေါင်း လူထုအင်အား(၅၀၀)ခန့် တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားတွင် ဦးစွာ မြန်မာပြည် လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ကြိုးပမ်းရင်း ကျဆုံးသွားသူများနှင့် မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် လတ်တလော အဖမ်းဆီးခံထားရသော ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အာဇာနည်များအား အလေးပြုကြပြီး ၎င်းတို့အားလုံး ပြန်လည်လွတ်မြောက်လာရေးအတွက် ဖယောင်းတိုင်မီးများထွန်း၍ ဆုတောင်းခဲ့ကြသည်။ ထို့နောက် အခမ်းအနားသဘာပတိ ဒေါက်တာစင်သီယာမောင်က ဆုတောင်းပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား အဖွင့်စကားပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ ဝေဠုဝန်ကျောင်း ဆရာတော်က မြန်မာတိုင်းရင်းသားပြည်သူအားလုံးနှင့် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ရေး၊ မြန်မာပြည် လွတ်မြောက်ရေး ရည်မှန်းချက်များ အောင်ပွဲခံနိုင်ရန် ဒီမိုကရေစီရရှိရေးကြိုးပမ်းမှု အောင်မြင်ပါစေကြောင်း ဆုတောင်းပေးခဲ့သည်။ ဆုတောင်းပွဲ တက်ရောက်လာသူများဖြစ်ကြသော ဒေါ်မြင့်မြင့်ဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ)၊ နော်ချိုချိုသာထက်(ကရင်အမျိုးသမီးအစည်းအရုံး)၊ ဦးသန်းထွဋ်(ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ)တို့က မွေးနေ့ဆုတောင်းစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ဆုတောင်းပွဲ အခမ်းအနားကို နံနက် (၁၀း၂၀)နာရီတွင် ရုပ်သိမ်းလိုက်သည်။ ဆုတောင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေးစာတမ်းများကို ခန်းလုံးပြည့်ချိတ်ဆွဲထားပြီး ဒေါ်အောင်ဆန်းစုကြည်၏ ဘဝပုံရိပ်များနှင့် နိုင်ငံရေးလှုပ်ရှားမှု ပုံရိပ်များအား ဓာတ်ပုံများ ခင်းကျင်း၍ ပြသထားသည်။

အလားတူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက် မွေးနေ့အခမ်းအနားများကို ကမ္ဘာအနှံ့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၊ ဒီမိုကရေစီရေး ထောက်ခံအားပေးကြသူ ကမ္ဘာပြည်သူများအားလုံးတို့က ကမ္ဘာ့မြို့ကြီးများတွင် ကျင်းပပြုလုပ်ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းမှ အမြန်ဆုံး ပြန်လွှတ်ပေးရန် ဆုတောင်းခဲ့ကြကြောင်း သိရသည်။ ❖




ဖယောင်းတိုင်မီးများထွန်း၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးခံရသူများ အမြန်ဆုံးလွတ်မြောက်ရေး ဆုတောင်းနေစဥ်

## နယ်စပ်စစ်ဆေးမှုများ ပိုမိုများပြားနေ

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လတ်တလော အခြေအနေများနှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် စိုးရိမ်မှု တိုးပွားနေသကဲ့သို့ မြန်မာပြည်တွင်းတွင်လည်း စိုးရိမ်မှုများ တိုးပွားနေသည်ဟု သိရှိရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီဝင်အများအပြားကို လိုက်လံဖမ်းဆီးထောင်ချနေကြရာ အချို့မှာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ နယ်စပ်ထွက်ရာ လမ်းကြောင်းများကိုလည်း ယခင်ကထက် တင်းတင်းကျပ်ကျပ်စစ်ဆေးလျက်ရှိသည်။ ယခင်က မန္တလေး–မူဆယ်လမ်းပေါ်ရှိ (၁၀၅)မိုင်စခန်း၌သာ လူနှင့် ကုန်စည်များကို စစ်ဆေးခဲ့သော်လည်း ယခုအခါ အနည်းဆုံး (၅)နေရာတွင် စစ်ဆေးနေသောကြောင့် ကူးသန်းရောင်းဝယ်ရေးမှာ ယခုအခါ ပိုမိုဆိုးရွားနေကြောင်း သိရှိရသည်။ ❖

## အဲန်အယ်လ်ဒီအား ထောက်ခံသူ တပ်မတော်သားများနှင့် ဆန့်ကျင်သူ ကြေးစားစစ်သားများအကြား ပစ်ခတ်မှုဖြစ်ပွား

**ဇွန်၊ (၂၂)ရက်။ [Kaladan]**

မေ(၃၀) လုပ်ကြံမှုကြီးဖြစ်ပွားခဲ့ပြီးနောက် နေရာဒေသအသီးသီးတွင် နောက်ဆက်တွဲ ရိုက်ခတ်မှုများဖြစ်ပေါ်နေရာ နအဖတပ်အတွင်းတွင်လည်း အလားတူ ပြဿနာများ ပေါ်ပေါက်လျက်ရှိကြောင်း စစ်တွေမြို့မှလာသည့် သတင်းများအရ သိရသည်။

အဆိုပါသတင်းအရ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမှတ် (၂၃၂) တပ်ရင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသူ တပ်မတော်သားများနှင့် ဆန့်ကျင်သူ ကြေးစားစစ်သားများအကြား ဇွန်လ (၁၂) ရက်နေ့က ပစ်ခတ်မှုတရပ်ဖြစ်ပွားကြောင်း သိရှိရသည်။

ယင်းပစ်ခတ်မှုသည် နအဖစစ်သားများအကြား လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေနှင့်ပတ်သက်၍ စကားပြောဆို ငြင်းခုံကြရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ အဖွဲ့ချုပ်ကို ထောက်ခံသော စစ်သားများက လက်ရှိ စစ်အစိုးရသည် ၁၉၈၈ မှစ၍ ညံ့ဖျင်းသော စီမံအုပ်ချုပ်မှုများဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံများအဆင့်သို့ တွန်းပို့ခဲ့ကြောင်း၊ ထို့ကြောင့် ဖိနှိပ်သော အထက်အရာရှိများအောက်တွင် မိမိတို့၏ လစာပင် ပုံမှန်ရရှိခြင်းမရှိကြောင်း၊ မေ(၃၀) ဒီပဲယင်းအရေးအခင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအပေါ် မတရားလုပ်ခြင်းဖြစ်ကြောင်း၊ စစ်တပ်နှင့် နီးစပ်သော သတင်းများအရ မေ(၃၀) ဒီပဲယင်းအရေးအခင်းသည် နအဖ၏ အစီအစဉ်ရှိရှိဖြင့် လုပ်ကြံခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတရပ်ဖြစ်သည်ဟု ဆိုသည်။ အဖွဲ့ချုပ်ကို ဆန့်ကျင်သော ကြေးစားစစ်သားများကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အနောက်နိုင်ငံများ၊ အထူးသဖြင့် အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့၏ နောက်ခံ အထောက်အပံ့ယူထားသောပါတီဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က အနောက်တိုင်းသားတယောက်နှင့်လက်ထပ်ခဲ့ပြီး အနောက်နိုင်ငံများတွင်သာ အချိန်တော်တော်ကြာကြာ နေခဲ့သူဖြစ်ကြောင်း၊ အဖွဲ့ချုပ်သာ အာဏာရရှိပါက မြန်မာနိုင်ငံသည် အနောက်တိုင်းဇာတ်သွင်းခြင်းခံရမည်ဖြစ်ကြောင်း၊ အနောက်နိုင်ငံများက ကျောထောက်နောက်ခံပြုထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထက် လက်ရှိ နအဖအစိုးရကသာ ပိုမိုကောင်းမွန်ကြောင်း ပြောဆိုကြသည်။

ထိုသို့ ငြင်းခုံကြရာမှ ခိုက်ရန်ဖြစ်ပွားကြကာ ၎င်းတို့ချင်း သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။ ပစ်ခတ်မှုမှာ နာရီဝက်ခန့်ကြာပြီး ကျည်ဆံ အတောင့်(၁၀၀)ကျော် ပစ်ခတ်ကြသည်ဟု ဆိုသည်။

ထိုအချိန်တွင် အမှတ် (၂၀)တပ်ရင်းနှင့် စစ်တွေအမြောက်တပ်များ ရောက်ရှိလာပြီး အင်အားသုံး ဖြေရှင်းခဲ့သည့်အတွက် ပစ်ခတ်မှု ပြီးဆုံးသွားသည်။ ထိုပစ်ခတ်မှုကြောင့် စစ်သား(၃)ဦး အပြင်းအထန် ဒဏ်ရာ ရရှိပြီး စစ်တွေစစ်ဆေးရုံသို့ ချက်ချင်းပို့ဆောင်လိုက်ကြောင်း သတင်းရရှိသည်။

တပ်တွင်းသတင်းများအရ အဖွဲ့ချုပ်ကို ထောက်ခံသူ အခြား စစ်သည်(၆)ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။ ❖

## နအဖ ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

၁၁–၆–၀၃ ရက်နေ့တွင် နအဖ ခမရ (၇၀၃) ထွန်းထွန်းဝင်းဦးစီးသော စစ်ကြောင်း (၂)အဖွဲ့သည် ဝါးမီးကလားနှင့် ထီးဖာရယ်ကျေးရွာရှိ ရွာသားများကို ကေအဲန်ယူနှင့် ဆက်သွယ်သည်ဟု စွပ်စွဲပြီး ကျပ်ငွေ (၁၅)သိန်း အဓမ္မတောင်းယူကြောင်း သိရသည်။ အကယ်၍ ငွေမပေးနိုင်ပါက အိမ်များကို မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောကြားသွားသည်။

၁၂–၆–၀၃ ရက်နေ့တွင် နအဖ ခမရ (၇၀၃) စစ်ကြောင်း (၁)နှင့် စစ်ကြောင်း (၂)တို့သည် ၎င်းတို့ ဖြတ်သန်းသွားလာသော ကျေးရွာများရှိ ပြည်သူလူထုများထံမှ အိမ်မွေးတိရစ္ဆာန်များနှင့် စားနပ်ရိက္ခာများ အတင်းအဓမ္မလုယူသွားကြောင်း သိရှိရသည်။ ၎င်းတို့မှာ တဝီးခိုးကျေးရွာမှ ဝက် (၁)ကောင်နှင့် ကြက် (၂၉)ကောင်၊ ဖားကီးကွီးကျေးရွာမှ ဝက်(၅)ကောင်၊ ထီးပယ်ကျေးရွာ ဖားဒါးထံမှ ပန်းကန် အချပ်(၃၀) နှင့် ဆန်(၄)တင်း၊ နော်လယ်ခိုထံမှ ကြက် (၃၇)ကောင်၊ နော်မူချက်ထံမှ ကြက် (၆) ကောင်နှင့် ဆန်(၄)ပြည်၊ နော်ကူးထံမှ ကြက် (၁)ကောင်နှင့် ဆား(၂)ပိဿာ၊ နော်ထိုလိုထံမှ ကြက်(၁)ကောင် တို့ဖြစ်သည်။❖

## ဒီမိုကရေစီရေးလှုပ်ရှားသူများအား နှိပ်ကွပ်မှု ရပ်တန့်ရန် A.I က တောင်းဆို

**ဇွန်၊ (၁၃)ရက်။**

လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)က နအဖစစ်အစိုးရအနေဖြင့် ဒီမိုကရေစီရေးလှုပ်ရှားသူများအား ဖမ်းဆီးနှိပ်ကွပ်နေခြင်းကို ရပ်တန့်ရန်နှင့် ဖမ်းဆီးထားသူများအား ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

A.I က ကြေညာချက်တစောင် ထုတ်ပြန်ရာတွင် "နအဖသည် ငြိမ်းချမ်းစွာ ဒီမိုကရေစီရေး တောင်းဆိုသူများကို ထိန်းသိမ်းထားခြင်းမှ လွှတ်ပေးရမည်။ ပျောက်ဆုံးနေသူ အနည်းဆုံး(၁၀၀)တို့၏ ကံကြမ္မာနှင့် ၎င်းတို့ မည်သည့်နေရာတွင် ရှိသည်ကို ဖော်ပြရမည်"ဟု ဖော်ပြခဲ့သည်။

A.I က ကချင်ပြည်နယ် မန္တလေးတိုင်း၊ ရန်ကုန်တိုင်းများရှိ အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၊ အမတ်များ ဖမ်းဆီးခံနေရသည်ဟု သတင်းအစီရင်ခံစာများ ရရှိထားကြောင်း၊ ၎င်းတို့အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်၊ မည်သည့်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်ကို မသိရဟု ဆိုသည်။

ပျောက်ဆုံးနေသူများတွင် အဲန်အယ်လ်ဒီ ဒုဥက္ကဌ ဦးတင်ဦးပါဝင်ပြီး၊ ၎င်းသည် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကို အဓိကတာဝန်ယူထားသူဖြစ်သောကြောင့် ဒေါ်စု၏ ပြည်တွင်းခရီးစဉ်မှန်သမျှ အတူလိုက်ပါရသူဖြစ်သည်။ ဦးတင်ဦးသည် ကလေးထောင်၊ မန္တလေးထောင်များတွင် ရောက်နေပြီဟု သတင်းများ ထွက်ပေါ်နေသော်လည်း A.I က အတည်ပြုရန် ခက်ခဲနေသည်။

A.I အနေဖြင့် မေ(၃၀)အရေးအခင်း ဖြစ်ပျက်မှုများအား ဖြစ်ရပ်မှန် ပေါ်ပေါက်လာရန် စုံစမ်းစစ်ဆေးရေးအတွက် တောင်းဆိုလိုက်သည်။ အဲန်အယ်လ်ဒီအဖွဲ့ဝင်များအား တိုက်ခိုက်မှုနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှု အပြည့်အဝပြုလုပ်ရန်မှာ အာဏာပိုင်များ၏ တာဝန်ဖြစ်သည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ❖

ပြည်တွင်းသတင်းများနှင့်
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးသော NLD-LA, PDC, NDD
အဖွဲ့အစည်းများအား
မိုးကြိုးသတင်းစဉ်မှ
ကျေးဇူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံလွတ်လပ်သည့်
သတင်းအေဂျင်စီ

BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချီသည်။

**အယ်ဒီတာ**
**ခင်လွန်း**

## ဆေးကျောင်းသားတဦး ပြင်ပဆောင်၌ သေဆုံးနေသည်ကို အချိန်နှောင်းမှသိရ ဆေးကျောင်းသူ/သားများ လုံခြုံမှုမရှိဖြစ်နေသော်လည်း တာဝန်ယူမည့်သူမရှိ

**ဇွန်၊ (၂၂)ရက်။**

ဆေးတက္ကသိုလ်ကျောင်းသားများအား ကျောင်းပိုင်အဆောက်အဦများပေါ်တွင် မထားဘဲ အပြင်ဆောင်များတွင်သာ နေခွင့်ပြုထားသဖြင့် ကျောင်းသားများ၏ လုံခြုံရေးအပါအဝင် အခြားလူမှုရေးပြဿနာများ ဖြစ်ပွားနေကြောင်း သိရသည်။

ဇွန်လ(၁၈)ရက်နေ့ညက ရန်ကုန်တိုင်း မြောက်ဥက္ကလာပ ဆေးတက္ကသိုလ်(၂)အနီးရှိ အပြင်ဆောင်တွင် ဆေးကျောင်းသားတဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရဖွယ် အနေအထားနှင့် သေဆုံးနေသည့်အတွက် ဆေးကျောင်းသား/သူများအပါအဝင် ဆရာဆရာမများ မကျေမနပ်ဖြစ်နေကြပြီး အမှုမှန်ကို အမြန်ဆုံးဖော်ထုတ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါနေ့က မြောက်ဥက္ကလာပ(ဃ)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ တိုက်အမှတ်(၁၉/၆) မြေညီထပ်အခန်းမှ အပုပ်နံ့များ ထွက်နေသဖြင့် သော့ပိတ်ထားသောအခန်းတွင်းတွင် ပက်လက်အနေအထားဖြင့် သေဆုံးနေသူ ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ် အပိုင်း(က)၊ ကျောင်းသားအမှတ်စဉ် (၁၆၃)၊ မောင်သန့်စင်ထွန်း (မြန်အောင်မြို့) ကို တွေ့ရှိခဲ့ရသည်။

သေဆုံးသူသည် ရိုးသား၍ စာကြိုးစားသူတယောက်ဖြစ်ပြီး မိဘများကလည်း ကြွယ်ဝကြသဖြင့် မိမိကိုယ်ကို သတ်သေရလောက်သည့် အကြောင်းရှိသူမဟုတ်ကြောင်း၊ ၎င်းသေဆုံးရခြင်းမှာ အတွင်းလူတဦးဦး၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရခြင်း ဖြစ်နိုင်ကြောင်း ကျောင်းသားများက ယူဆနေကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကျောင်းသားများ အနေဖြင့် ကျောင်းဆောင်များတွင် စုစုစည်းစည်းနှင့် နေထိုင်ခွင့်မရရှိကြဘဲ အပြင်ဆောင်များ၌သာ နေထိုင်ကြရခြင်းကြောင့် ဤကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်ဟု ယူဆကြသည်။

ထိုအမှုဖြစ်ပေါ်လာပြီးနောက်ပိုင်း ဆေးတက္ကသိုလ်(၂)ကျောင်းသားများက ကျောင်းဆောင်များတွင် ကျောင်းသားများ စုစုစည်းစည်းနေထိုင်ခွင့်ပြုရန် သက်ဆိုင်ရာသို့ တင်ပြထားပြီး မောင်သန့်စင်ထွန်း သေဆုံးခဲ့သည့်အပေါ် အမှုမှန်ကို အမြန်ဆုံး ဖော်ထုတ်ပေးရန် တောင်းဆိုထားသည်။

ထို့အတူ သီရိကန်သာအိမ်ရာ (အပြင်ဆောင်)များတွင် ငှားရမ်းနေထိုင်ကြရသူ ဆေးတက္ကသိုလ်ကျောင်းသူများမှာလည်း ပတ်ဝန်းကျင်ရှိလူရမ်းကားအချို့၏ နှောင့်ယှက်စော်ကားမှုနှင့် အဆောင်များအတွင်း လက်ဝတ်လက်စားများအပါအဝင် အခြားပစ္စည်းပျောက်ဆုံးမှုများ မကြာခဏ ကြုံတွေ့နေရသည့်အတွက် ဆေးတက္ကသိုလ် (၂) အတွက် ဆောက်လုပ်ထားသည့် သီတာဆောင်တွင် မိမိတို့အားနေထိုင်ခွင့်ပြုရန် မြန်မာအမျိုးသမီးရေးရာကော်မတီ ဒုဥက္ကဋ္ဌ ဒေါ်ခင်ဝင်းရွှေထံသို့ မေတ္တာရပ်ခံစာ ပေးပို့ထားကြောင်း သိရသည်။

❖ ❖ ❖

## ပြန်ပို့ခံ မြန်မာအလုပ်သမားများ မြဝတီတွင် အခမဲ့လုပ်အားပေးအဖြစ် ထပ်ဆင့်ခိုင်းစေခံနေရ

**ဇွန်၊ (၁)ရက်။**



ထိုင်းရဲများ၏ ဖမ်းဆီးခြင်းခံရပြီး မြန်မာနိုင်ငံ မြဝတီဘက်ကမ်းသို့ ပြန်ပို့ခံရသော အလုပ်သမားများအား ဒေသခံအာဏာပိုင်များက ငွေမပါလျှင် လမ်းဖောက်လုပ်ရေး အခမဲ့လုပ်သားများအဖြစ် ထပ်ဆင့် ပြန်လည်ဖမ်းဆီးနေကြကြောင်း သိရသည်။

မေလဆန်းမှ စတင်၍ ထိုင်းအစိုးရမှ တရားမဝင် မြန်မာအလုပ်သမားများအား ဖမ်းဆီးပြီး မဲဆောက်မှတဆင့် မြဝတီဘက်ကမ်းသို့ ပြန်ပို့နေရာ ပြန်ပို့ခံရသည့် ထိုအလုပ်သမားများအား နယ်စပ်စစ်ဆေးကြီးကြပ်ရေး (နစက) အာဏာပိုင်များက ပြန်လည်ဖမ်းဆီးပြီး တဦးချင်း၏ မှတ်ပုံတင်၊ နေရပ်လိပ်စာများကို စစ်ဆေးကာ မှတ်ပုံတင် မရှိသူများအား ငွေကျပ်(၅၀၀၀၀)စီ ပေးလျှင် လွှတ်ပေးမည်ဟု အကြပ်ကိုင်တောင်းဆိုနေသည်ဟု သိရသည်။

ငွေမပေးနိုင်သူများအား တရားမဝင် ပြည်ပထွက်ခွာသွားလာမှုဖြင့် ဆက်လက်ဖမ်းဆီးကာ အာရှလမ်းမစီမံကိန်း တစိတ်တပိုင်းဖြစ်သော မြဝတီ–ဘားအံ ကားလမ်း အပိုင်းတွင် နေထွက်မှနေဝင် ကျောက်ထု၊ ကျောက်သယ်၊ မြေဖို့၊ မြေသယ်လုပ်ငန်းများကို အဓမ္မလုပ်အားခိုင်းစေခံနေကြောင်း သိရသည်။ ❖

## ကေအဲန်ယူနှင့် နအဖ စစ်တပ် တိုက်ပွဲသတင်းများ

ဧပြီလ(၁၀)ရက်နေ့ နံနက် (၀၈၄၀) နာရီအချိန်တွင် တောင်ငူခရိုင် ကျီစိုးခီး – စလဲလာနယ်တဝိုက်တွင် ခလရ(၃၉/၉၂) နှင့် ကေအဲန်ယူ ပြောက်ကျားတပ်တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၅)ဦး သေဆုံးပြီး (၇)ဦး ဒဏ်ရာရရှိသွားသည်။

၂၀၀၃ ခုနှစ် မေလ(၅)ရက်နေ့ သထုံခရိုင် ဆာဒေါ့ကူးဆေးနယ်အနီး၌ ကေအဲန်ယူနှင့် နအဖတပ်တို့ တိုက်ပွဲဖြစ်ပွားရာ နအဖ ဘက်မှ (၄)ဦး သေဆုံးပြီး (၅)ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ(၉)ရက်နေ့ (၁၄၀၀)အချိန်တွင် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်အတွင်း၌ ကေအဲန်ယူတပ်နှင့် နအဖ တပ်တို့ တိုက်ပွဲဖြစ်ပွားရာ နအဖ ဘက်မှ (၂)ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ ခုနှစ် မေလအတွင်း၌ ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ်အတွင်း၌ ကေအဲန်ယူတပ်ရင်း(၇)နှင့် နအဖ တပ်တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၁)ဦးကျဆုံးပြီး (၂)ဦး ဒဏ်ရာရခဲ့သည်။ ထိုနေ့တွင်ပင် ကေအဲန်ယူစစ်ကြောင်း(၂)နှင့် ခေးရှုစစ်ကြောင်းတို့ပူးပေါင်းပြီး နအဖတပ်အား တိုက်ခိုက်ရာ နအဖ ဘက်မှ (၃)ဦး ကျဆုံးပြီး (၁၄)ဦး ဒဏ်ရာရရှိခဲ့သည်။ နအဖထံမှ အမ်–၁၆ (၁)လက်၊ ၎င်းကျည်(၁)ကဒ် သိမ်းဆည်းရမိခဲ့သည်။

၂၀၀၃ ခုနှစ် မေလ(၁၅)ရက်နေ့တွင် သထုံခရိုင် စောဆေးဒေးနယ်တွင် ကေအဲန်ယူ ပြောက်ကျားတပ်နှင့် နအဖတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၃)ဦး သေဆုံးသည်။

၂၀၀၃ ခုနှစ် ဇွန်လ(၄)ရက်နေ့ (၀၉း၀၀) နာရီ၌ တောင်ငူခရိုင် ခလယ်မူခီးရွာအနီး ကေအဲန်ယူ ပြောက်ကျားတပ်နှင့် နအဖ ခလရ(၉၈)တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၂)ဦး သေဆုံးပြီး (၅)ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၄)ရက်နေ့တွင် ဒူးပလာယာခရိုင် လေးလော်ခေါတရီ တောင်ကုန်း၌ ကေအဲန်ယူတပ်ရင်း (၁၇)နှင့် နအဖ ခမရ(၅၈၈) စစ်ကြောင်း(၂) စစ်ကြောင်းမှူး မင်းတင်မောင်ရီ ဦးစီးသော တပ်တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ တဦးသေဆုံးပြီး (၂)ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၅)ရက်တွင် ဒူးပလာယာခရိုင် ပဲခလဲနယ်၌ ကေအဲန်ယူ တပ်ရင်း (၁၈)နှင့် နအဖ ခမရ (၂၈၃)တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၈)ဦး သေဆုံးပြီး (၁)ဦးဒဏ်ရာရရှိသည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၅)ရက်နေ့တွင် ကေအဲန်ယူအထူးတပ်ရင်း (၁၀၃)နှင့် နအဖ ခလရ (၆၂) စစ်ကြောင်း(၂)တို့ နော်ထီလာခီးတွင် တိုက်ပွဲဖြစ်ပွားရာ နအဖ ဘက်မှ ဗိုလ်တယောက် ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၆)ရက်နေ့တွင် ကေအဲန်ယူတပ်ရင်း (၁၇) တပ်ခွဲ(၁)မှ နအဖ ခမရ (၅၈၆)စစ်ကြောင်း (၁၊ ၂) တပ်ရင်းမှူး ညိုမြိုင်း ဦးစီးအဖွဲ့အား ဒူးပေါ်နယ်နားတွင် ချောင်းမြောင်းပစ်ခတ်ရာ နအဖတပ်ရင်းမှူး (၁)ဦး၊ တပ်ကြပ်ကြီး (၂)ဦးနှင့် တပ်ကြပ် (၂)ဦး သေဆုံးသည်။ ဒုရင်းမှူး (၁)ဦးနှင့် တပ်သား (၄)ဦး ဒဏ်ရာရရှိသည်။ ကေအဲန်ယူမှ ဂျီ–၃ (၂)လက်၊ ကျည်ကဒ် (၇)ချပ်၊ ကျည် (၁၇၀)တောင့်၊ အာရ်ပီဂျီ–၇ (၁)လက်၊ ကျည် (၈)လုံး၊ ကျောပိုးအိတ် (၄)လုံးနှင့် တပ်ရင်းမှူးညိုမြိုင်း၏ အလောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၆)ရက်နေ့တွင် ဒူးပလာယာခရိုင် ထီးလန်စီးတရဲနယ်၌ ကေအဲန်ယူတပ်ရင်း(၁၆)နှင့် နအဖ ခမရ(၃၄၄) စစ်ကြောင်း(၂) စစ်ကြောင်းမှူး မင်းချိုမောင် ဦးစီးသောအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နအဖဘက်မှ (၁)ဦးသေဆုံးပြီး (၁)ဦး ဒဏ်ရာရရှိသည်။

၂၀၀၃ ခုနှစ် ဇွန်လ(၁၇)ရက်နေ့တွင် ဒူးပလာယာခရိုင် မယ်ကုဖယာကို့နယ်၌ ကေအဲန်ယူတပ်ရင်း(၁၆)နှင့် နအဖ ခမရ (၅၈၆) စစ်ကြောင်း(၂) စစ်ကြောင်းမှူး ညီညီလွင် ဦးစီးသောအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နအဖ ဘက်မှ (၁)ဦးသေဆုံးပြီး (၁)ဦး ဒဏ်ရာရရှိခဲ့သည်။ ❖

မိုးကြိုး သတင်းစဉ်

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

## မန္တလေးအကျဉ်းထောင်မှ ရာဇဝတ်သား (၃၂)ဦးအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးချပြီးနောက် နှုတ်ပိတ်လိုက်သည်ဟု ယူဆရ

**ဇွန်၊ (၄)ရက်။**

မုံရွာ–ဒီပဲယင်းအရေးအခင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များအား အကြမ်းဖက် ရိုက်နှက်ရာတွင် အသုံးချခဲ့သည်ဟု ယူဆရသော မန္တလေးအကျဉ်းထောင်မှ ရာဇဝတ်သား (၃၂)ဦးတို့သည် တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားပြီဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ထိုရာဇဝတ်သားများသည် နှစ်ရှည်ထောင်ကျနေသူများ၊ သေဒဏ်အပြစ်ပေးထားခြင်းခံနေရသူများဟု သိရှိရပြီး ၎င်းတို့အား အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ပါက ထောင်က လွှတ်ပေးပြီး ကျပ်ငွေ(၃)သိန်းပေးမည်ဟု ဖြားယောင်း ပြောဆိုကာ အသုံးချခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမှလာသည့် စောစောပိုင်းသတင်းများအရ သိရသည်။

အဆိုပါရာဇဝတ်သားများကို မန္တလေးအကျဉ်းထောင်မှ မေ(၂၅)ရက်နေ့ကတည်းက မုံရွာအခြေစိုက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တပ်ရင်းက လာရောက်ထုတ်ယူသွားခြင်းဖြစ်သည်။

၄–၆–၀၃ နေ့စွဲဖြင့် နမခစစ်ဌာနချုပ်က အကျဉ်းဦးစီးဌာနသို့ ထိုအကျဉ်းသားများအားလုံးမှာ တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားပြီဖြစ်ကြောင်း အကြောင်းကြားခဲ့သည်ဟု သိရသည်။

နမခ နယ်မြေအတွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားမှုမရှိဘဲ ထိုရာဇဝတ်သားများ သေဆုံးခဲ့ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို အကြမ်းဖက် ရိုက်နှက်တိုက်ခိုက်မှုများ၌ အသုံးချခဲ့ပြီးနောက် နှုတ်ပိတ်သည့်အနေဖြင့် စစ်အာဏာပိုင်များက သတ်ဖြတ်အစဖျောက်လိုက်ခြင်း ဖြစ်နိုင်သည်ဟု ယူဆရကြောင်း စစ်ဘက်မှလာသည့် သတင်းများအရ သိရသည်။ ❖

## ပညာသားပါသည့် ပညာရေးဝန်ကြီး၏ လာဘ်စားမှု

လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ အမှတ် (၅) အခြေခံမူလတန်းကျောင်း ယိုယွင်းပျက်စီးနေသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ချပေးသည့်ငွေကို ပညာရေးဝန်ကြီးက ပညာသားပါပါနှင့် ကြားဖြတ် ခိုးယူလိုက်သည်။

ထိုကျောင်းပြုပြင်ရေးအတွက် ကန်ထရိုက်တဦးက သိန်း(၁၇၀)ဖြင့် အပြတ်ဆောက်လုပ်ပေးပါမည်ဟု ကမ်းလှမ်းခဲ့သည်ကို ဝန်ကြီးဦးသန်းအောင်က ငြင်းပယ်ခဲ့ပြီး ငါးဆူတောင်ကျေးရွာ ကြံ့ဖွံ့စည်းရုံးရေးမှူး ရယကဥက္ကဋ္ဌ ဦးမြင့်ဆွေကို သိန်း(၃၇၀) ချပေးခဲ့သည်။

ဦးမြင့်ဆွေက ထိုကျေးရွာအနီးရှိ ဦးသန်းအောင်ပိုင် မြေဧက(၁၀၀) ကျယ်ဝန်းသည့် ခြံကြီးထဲတွင် သိန်း(၁၅၀)တန် ခေတ်မီတိုက်တလုံးကို ဆောက်လုပ်ပေးခဲ့ပြီး ကျန်ငွေများကို ၎င်း၏အိတ်ထဲ အချို့တဝက်ထည့်ကာ လက်ကျန်ငွေဖြင့် ကျောင်းကို ပြုပြင်ပေးခဲ့သည်ဟု သိရသည်။ ❖

○ ရှေ့ဖုံးမှ



ခိုင်းထားပြီး ကားနောက်ခန်းတွင် ပါလာသည့်လူများကို ဆင်းခိုင်းကာ ရိုက်ပွဲဖြစ်နေသည့် အဆိုပါလူအုပ်ထဲသို့ ဝင်ရိုက်ခိုင်းခဲ့ကြောင်း၊ ကားပေါ်တွင် ၎င်းနှင့်အတူ ယာဉ်မောင်းကိုညို၊ ဗိုလ်ကြီးဆိုသူတို့ သုံးဦးသာ ကျန်ခဲ့ကြောင်း၊ ရိုက်နှက်နေသည်မှာ အညိုးတကြီးဖြစ်ကြောင်း ကိုကျော်လွင်က ၎င်း၏ မျက်မြင်ကိုယ်တွေ့ကို ပြောပြခဲ့သည်။

ဆက်လက်ပြောပြခဲ့ရာတွင် အရိုက်ခံရသူများမှာ လဲသူလဲ၊ ပြေးသူပြေး၊ အော်သူအော်နှင့် သွေးရူးသွေးတန်း ဖြစ်နေကြကြောင်း၊ လဲနေသူတချို့ကို မ,ထုတ်လာကာ ၎င်းတို့ ကားနားတွင် ပုံထားကြောင်း၊ ထိုအချိန်တွင် ကားခေါင်းထဲတွင် လိုက်ပါလာသည့် ဗိုလ်ကြီးဆိုသူသည် ဖုန်းတလုံးနှင့် ''ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့''နှင့် စကားပြောနေသည်ကို တွေ့ရသည်ဟု ဆိုသည်။ ထို့နောက် အဆိုပါဗိုလ်ကြီးဆိုသူသည် ကားဘေးတွင် ပုံထားသည့်လူသေအလောင်းများအား ကားပေါ်သို့ တင်ခိုင်းခဲ့ပြီး ရိုက်နှက်နေကြသည့် လူအုပ်ထဲသို့ ခြောက်လုံးပြူးနှင့် သုံးလေးချက် လှမ်းပစ်လိုက်သေး

> ကျနော်တို့အင်အားက နည်းနည်းလေးပါ။ နည်းနည်းလေးဆိုပေမယ့် အင်အား နည်းနည်း၊ များများ ကျနော်တို့မှာ ဘာလက်နက်မှ မပါပါဘူး၊ ကျနော်တို့ခေါင်းဆောင်တွေကလည်း တဘက်က ရန်မူပြုမူနေရင်တောင်မှ ပြန်လည်ခုခံဖို့၊ ပြန်လည်တုံ့ပြန်ဖို့ လုံးဝခွင့်မပြုထားပါဘူး။ နောက်ဆုံး စကားကုန်မှာထားတာကတော့ သူတို့ရိုက်တာတောင်မှ ကြိတ်မှိတ်ပြီး ခံပေးရမယ်လို့ ကျနော်တို့ခေါင်းဆောင်တွေကမှာထားတယ်။

ကြောင်း ကိုကျော်လွင်က ပြောပြခဲ့သည်။

ကိုကျော်လွင်သည် လူသေများ အပါအဝင် သွေးသံတရဲရဲ ဖြစ်နေသူ (၁၇)ဦးအား ကားနောက်ခန်းပေါ်သို့ ကိုယ်တိုင် ထမ်းတင်ခဲ့ရပြီး ကားကို နောက်ပြန်လှည့်မောင်းနှင်ခိုင်းကြောင်း၊ ကားပေါ်တွင် ပါလာသည့် သင်္ကန်းဝတ်များရော၊ လူများပါ ပြန်ပါမလာကြောင်း၊ ထိုနေရာသို့ ချောဆွဲခံထားရသည့် အခြားဆယ်ဘီးကား (၁၀)စီးလည်း လာနေတာတွေ့ရကြောင်း၊ အလုံရွာအရောက်တွင် ဗိုလ်ကြီးဆိုသူက ကားကို ရပ်ခိုင်းပြီး ကားနောက်ခန်းထဲမှ အလောင်းများကို လမ်းဘေးတွင် ပုံခိုင်းကာ ကားကို နမခ ဝင်းထဲ ပြန်မောင်းခိုင်းခဲ့သည်ဟု ဆိုသည်။

နမခ ဝင်းထဲအရောက်တွင် စားပွဲသောက်ပွဲများ အသင့်ပြင်ထားကြောင်း၊ အရက်လည်းပါကြောင်း၊ ပြီးလျှင် လူတယောက်ကို ငွေသုံးသောင်းစီပေးကြောင်း၊ ၎င်းတို့စားသောက်နေစဉ် ဗိုလ်ကြီးဆိုသူသည် အခြားလူတယောက်နှင့် ကားယူ၍ မောင်းထွက်သွားကြောင်း၊ 'ခဏပဲ၊ မပူပါနဲ့' ဟု မှာသွားသော်လည်း မေလ(၃၁)ရက်နေ့ညမှ ကားပြန်ရောက်လာသည့်အတွက် ဇွန် (၁)ရက်နေ့ရောက်မှ ကားကို ရေဆေးကာ ဆွမ်းကပ်ခဲ့ရကြောင်း၊ အလုံလမ်းဘေးတွင် ချထားသည့် အလောင်း(၁၇)လောင်းကို ဘာလုပ်သည်ဆိုသည်ကို မိမိမသိပါကြောင်း၊ ပြောသံကြားရသည်မှာ အလောင်းများကို မီးရှို့လိုက်သည်ဟု ကြားရကြောင်း ကိုကျော်လွင်က ၎င်း မျက်မြင်တွေ့ရှိသည့် အခြေအနေကို ပြောကြားသွားခဲ့သည်။

**ကံကောင်း၍ လွတ်မြောက်ခဲ့သူ (ကိုဇော်ဇော်အောင် အဖွဲ့ချုပ် လူငယ်စည်းရုံးရေးတာဝန်ခံ၊ မန္တလေးတိုင်း)**

ကိုဇော်ဇော်အောင်သည် လုပ်ကြံမှုကြီးကို ကိုယ်တွေ့ကြုံခဲ့ရသူဖြစ်ပြီး ကံကောင်းထောက်မစွာ ထွက်ပြေးလွတ်မြောက်လာသူများအနက် ပြင်ပနှင့် ပထမဆုံး ဆက်သွယ်ပြောကြားနိုင်ခဲ့သူဖြစ်သည်။

မေ(၃၀) သောကြာနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များသည် မုံရွာမြို့မှ ဘုတလင်မြို့သို့ နေ့ (၁၂)နာရီအချိန်ခန့်တွင် စတင်ထွက်ခွာလာခဲ့ရာ လုံခြုံရေးတာဝန်ယူထားသော ကိုဇော်ဇော်အောင်တို့ လူငယ်များ၏ မော်တော်ယာဉ်တန်းပါ အတူလိုက်ပါလာခဲ့သည်။ ထိုသို့ထွက်ခွာလာစဉ် အဖွဲ့ချုပ်ယာဉ်များမဟုတ်သည့် လူများအပြည့်တင်လာသောကားများကို တွေ့ရှိခဲ့ကြသည်။ ဘုတလင်မှ ည(၅)နာရီခန့်တွင် ဒီပဲယင်းမြို့သို့ ခရီးဆက်ခဲ့ကြရာ ည (၈) နာရီခန့်တွင် ဒီပဲယင်းမြို့နယ် ကျည်ရွာတွင် ဒေါ်အောင်ဆန်းစုကြည်လာမည်ကို ကြိုသိနေကြသည့် ပြည်သူလူထု (၅၀၀၀)ခန့်က ထွက်၍ ကြိုဆိုနေကြသဖြင့် ဒေါ်စုက ၎င်းတို့အား ဆယ်မိနစ်ခန့် နှုတ်ဆက်စကား ပြောဆိုခဲ့သည်။ ကိုဇော်ဇော်အောင်က ထိုနေရာတွင် ပိုစတာများ ထောင်ထားခြင်း၊ အော်ဟစ်ဆန္ဒပြခြင်းများမရှိဟု ဆိုသည်။ ထိုနေရာမှ ဆက်လက်ထွက်ခွာလာပြီး ကိုက်နှစ်ရာခန့်အရောက်တွင် သင်္ကန်းဝတ်နှစ်ဦးနှင့် လူသုံးဦးတို့က ဒေါ်အောင်ဆန်းစုကြည် စီးနင်းလိုက်ပါလာသည့်ကားကို လမ်းလယ်ခေါင်မှ ပိတ်တားလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်အား ၎င်းတို့လူစုကို ငါးမိနစ်ခန့် နှုတ်ဆက်စကားပြောပေးပါ၊ တရားဟောပေးပါဟု ပြောဆိုခဲ့သည်ဟု ဆိုသည်။ ဒေါ်စုက အချိန်မရ နောက်ကျနေသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်ခဲ့သော်လည်း သင်္ကန်းဝတ်များက အဓမ္မတောင်းဆိုနေခဲ့သည်။ ထိုနေရာသည် ကျည်ရွာလူထုကို ဒေါ်စု စကားပြောခဲ့သည့်နေရာနှင့် မလှမ်းမကမ်းပင်ဖြစ်သည်။ ရွာလူထုပင် ထွက်ခွာသွားခြင်းမရှိသေးသည်ကို ခပ်လှမ်းလှမ်းမှ မြင်နေရကြောင်း ကိုဇော်ဇော်အောင်က ပြောပြခဲ့သည်။ သင်္ကန်းဝတ်များအနေဖြင့် ကျည်ရွာသားများအား ဒေါ်စုက နှုတ်ခွန်းဆက်စကားပြောကြားစဉ် လာမည်ဆိုပါကလာနိုင်ပါလျက် နှောင့်နှေးကြန့်ကြာအောင် တမင်လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ဒေါ်စုက ခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှာပင် နောက်မှလိုက်လာသည့်ကားများ ရောက်ရှိလာပြီး မပြန်သေးသည့် ကျည်ရွာလူထုအား ကားမီးများနှင့် ထိုးထားလိုက်သည်။ ကားများပေါ်မှ လိုက်ပါလာသည့်လူများကလည်း ရုတ်တရက် ခုန်ဆင်းလာကြပြီး ဘာမပြောညာမပြော တွေ့ရာဝင်ရိုက်တော့သည်။ ထိုသို့ ဝင်ရိုက်သူများတွင် ညာဘက်၌ လက်ပတ်အဖြူပတ်ထားသည့် သင်္ကန်းဝတ်များပါ ပါဝင်ကြောင်း တွေ့ရသည်။ မထင်မှတ်သည့် အဖြစ်အပျက်ကြောင့် ကျည်ရွာသားများမှာ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားကြတော့သည်။ ပြေးလွှားသူများနောက်သို့ ပြေးလိုက်သူများက လိုက်ပြီး ကျန်သူများက အဖွဲ့ချုပ် ယာဉ်တန်းရှိရာသို့ ရောက်လာသူက ရောက်လာကာ ဆက်လက်ရိုက်နှက်ကြပြန်သည်။ ကိုဇော်ဇော်အောင်က ထိုသို့ပြုလုပ်ခဲ့ခြင်းမှာ ရွာသားများနှင့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များအား သီးခြားဆီ ခွဲထုတ်လိုက်ခြင်းဖြစ်ကြောင်း ပြောပြသည်။

ကိုဇော်ဇော်အောင်က ဆက်လက်ပြောကြားရာတွင်....

''ကျနော်တို့အင်အားက နည်းနည်းလေးပါ၊ နည်းနည်းလေးဆိုပေမယ့် အင်အား နည်းနည်း များများ ကျနော်တို့မှာ ဘာလက်နက်မှ မပါပါဘူး။ ကျနော်တို့ ခေါင်းဆောင်တွေကလည်း တဘက်က ရန်မူပြုမူနေရင်တောင်မှ ပြန်လည်ခုခံဖို့၊ ပြန်လည်တုံ့ပြန်ဖို့ လုံးဝခွင့်မပြုထားပါဘူး။ နောက်ဆုံး စကားကုန်မှာထားတာကတော့ သူတို့ရိုက်တာတောင်မှ ကြိတ်မှိတ်ပြီး ခံပေးရမယ်လို့ ကျနော်တို့ခေါင်းဆောင်တွေက မှာထားတယ်''ဟု ပြောပြခဲ့သည်။

အဖွဲ့ချုပ်ခေါင်းဆောင်များက ထိုသို့မှာကြားထားသည့်အတွက် အဖွဲ့ဝင်များအားလုံးသည် တစုံတရာ ပြန်လည်မတုံ့ပြန်သဖြင့် အကြမ်းဖက်သူများသည် ပိုမိုအတင့်ရဲလာပြီး မညှာမတာရိုက်နှက်ခဲ့ပုံကို ကိုဇော်ဇော်အောင်က ....

''အသေအကြေ မညှာမတာရိုက်တာ၊

စာမျက်နှာ(၂၀)၊ ကော်လံ(၁)သို့ ○



မကွေးတိုင်းအတွင်းရှိ ကျောင်းတကျောင်းမှ ကျောင်းသူကျောင်းသားများနှင့်အတူ

## ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ကျဉ်းထောင်တွင် ပုဒ်မ ၁၀ (က)ဖြင့် ဖမ်းဆီးထား

**ဇွန်၊ (၂၀)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖ က လုပ်ကြံသူများရန်မှ ကာကွယ်သည့်အနေဖြင့် ထိန်းသိမ်းထားခြင်းမဟုတ်ဘဲ '၁၉၇၅ ခုနှစ် နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးသူများရန်မှ ကာကွယ်သည့်ဥပဒေ ပုဒ်မ ၁၀(က)'ဖြင့် ဖမ်းဆီးအကျဉ်းချထားခြင်းသာဖြစ်ကြောင်း သိရသည်။

ဗြိတိသျှနိုင်ငံခြားရေးရုံး ဝန်ကြီးမိုက်အိုဘရိုင်ယန်က ဒေါ်အောင်ဆန်းစုကြည်ကို လွန်ခဲ့သည့် (၂)ပတ်နီးပါး ဖမ်းဆီးခဲ့စဉ်က ဝတ်ဆင်ထားသည့်အဝတ်များနှင့် အင်းစိန်ထောင်ရှိ အခန်း(၂)ခန်းပါ အဆောင်တခုထဲတွင် ဖမ်းဆီးထားကြောင်း၊ သူမသည် မိသားစုနှင့် ရှေ့နေများနှင့်ပါ တွေ့ခွင့်မရသည့်အပြင် အယူခံဝင်ခွင့်ပါ မရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ (၅၈)နှစ်မြောက် မွေးနေ့တွင် သူမနှင့် စကားပြောခွင့်ရရန် ကြိုးစားရာမှ မိမိအနေဖြင့် သိရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ယခုလို ပုံစံမျိုး ဖမ်းဆီးအကျဉ်းချထားခြင်းမှာ လုံးဝလက်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲဝင်နေသူ အမျိုးသမီးကို ပုဒ်မ-၁၀(က)ဖြင့် ဖမ်းဆီးအကျဉ်းချထားခြင်းသည် စစ်အစိုးရ၏ လုံခြုံရေးအတွက် ထိန်းသိမ်းရပါသည်ဟု ပြောကြားခဲ့သောစကားနှင့် ဆန့်ကျင်နေသောကြောင့် လုံးဝလိမ်ညာနေသည်မှာ ထင်ရှားသွားပြီ ဖြစ်သည်ဟု ၎င်းကဆိုသည်။ ထို့ကြောင့် စစ်အစိုးရ၏ လူ့အခွင့်ရေး ချိုးဖောက်မှုများကို နိုင်ငံတကာမှ ကြည့်ရှုမနေသင့်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးထားသော NLD အဖွဲ့ဝင်အားလုံးကို ချက်ချင်းလွှတ်ပေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တောင်းဆိုခဲ့ကြောင်း ဇွန်လ(၂၀)ရက်နေ့တွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး မိုက်အိုဘရိုင်ယန်က ပြောကြားသွားသည်။

ထပ်မံရရှိသောသတင်းများအရ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အကျဉ်းထောင် အမျိုးသမီးဆောင်နှင့် ကြိုးတိုက်အကြားရှိ (၁၅)ပေပတ်လည် အခန်းသုံးခန်းပါ သီးသန့်ဆောင်တွင် ထားကြောင်းသိရပြီး ထိုအဆောင်သည် ၁၉၈၇ ခုနှစ်ကတည်းက ဒေါ်စုအတွက် ရည်ရွယ်၍ သီးသန့်ဆောက်လုပ်ထားသည့် အဆောင်ဖြစ်ကြောင်း သိရသည်။

အမေရိကန် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဒေါ်နာခရိန်ရာကလည်း မေ(၃၀)ရက် ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ထိန်းသိမ်းခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် အကြိမ်ကြိမ်ငြင်းဆိုခဲ့သည့် မြန်မာစစ်အစိုးရအား အမေရိကန်ပြည်ထောင်စုအနေနှင့် စိတ်မရှည်နိုင်တော့ကြောင်း၊ ထို့ကြောင့် ယခင်ကထက် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု၊ ဖိအားပေးမှုများ ပိုမိုလုပ်ဆောင်သွားရန် အဆင်သင့်ရှိကြောင်း ဘီဘီစီ တွေ့ဆုံခန်းတွင် ပြောကြားသွားခဲ့သည်။ ❖




ဒေါ်အောင်ဆန်းစုကြည်အား ပုဒ်မ ၁၀(က)ဖြင့် ထိန်းသိမ်းထားသော နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် အင်းစိန်အကျဉ်းထောင်တွင်း နေရာ